www.burmeseclassic.com

# သောင်းဝေဦး

## ဂုံ့စွန့်စားတကယ့်ကွန်မန်ဒိုများ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၃၁၀၀၉၃၀၄၁၂
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၃၁၀၁၀၂၀၄၁၂
**ပထမအကြိမ်** - ၂၀၁၂ ခုနှစ်၊ ဇွန်လ။
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၁၈၀၀ ကျပ်
**မျက်နှာဖုံးအပြင်အဆင်** - မြရတနာColour Separation
**အတွင်းဖလင်** - A.Z
**ကွန်ပျူတာစာစီ** - Future World
**တအုပ်ချုပ်** - မြရတနာအဖွဲ့သားများ

**ထုတ်ဝေသူ**

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

| | |
|---|---|
| သောင်းဝေဦး | ၃၅၅.၄ |
| ရဲဝံ့စွန့်စား တကယ့်ကွန်မန်ဒိုများ။ သောင်းဝေဦး။ ရန်ကုန်၊ မြရတနာစာပေ၊ ၂၀၁၂။ | |
| ၂၉၉ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ။ | |
| (၁) ရဲဝံ့စွန့်စားတကယ့်ကွန်မန်ဒိုများ | |

## နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ပွဲစည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# သောင်းဝေဦး

# ရဲဝံ့စွန့်စား တကယ့်ကွန်မန်ဒိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ရဲဝံ့စွန့်စား တကယ့်ကွန်မန်ဒိုများ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လေးတတိတိုက်ပွဲ | ၁၅ |
| ၂။ | (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီး၏ PDP ချေမှုန်းရေးတိုက်ပွဲ | ၄၅ |
| ၃။ | (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် ကျွန်တော်ပါဝင်သောရွှေရေးတိုက်ပွဲ | ၈၅ |
| ၄။ | ကေအင်ယူတပ်မဟာ (၂) ဗားရောစခန်းသိမ်းတိုက်ပွဲ | ၁၃၉ |
| ၅။ | မိုင်းယောင်းတုန်းက ကွန်မန်ဒို | ၂၁၁ |
| ၆။ | တိုက်ဝါတိုက်ပွဲ | ၂၄၃ |


BURMESE CLASSIC .com

# သူရဲကောင်းဟူသည်

ကာယသတ္တိသည် မိုက်မဲခြင်းဖြစ်၍ ဉာဏသတ္တိနှင့် တွဲဖက်မှသာ သူရဲကောင်း ဖြစ်နိုင်၏။

ဉာဏသတ္တိသက်သက်သည်လည်း လိမ်ညာရန် ဖြစ်၍ ကာယသတ္တိနှင့် တွဲဖက်မှသာ သူရဲကောင်း ဖြစ် နိုင်၏။

စဉ့်ကိုင်ဆရာတော်(ရာဇဝင်ချုပ်)

မြရတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

# ကွန်မန်ဒိုဟူသည်

ကွန်မန်ဒို Commando ဟူသည် သမရိုးကျ စစ်နည်း ဗျူဟာအမြင်အရ လုံးဝ မဖြစ်နိုင်ဟူသော တာဝန်မျိုးကို မိမိတို့ကိုယ်ပိုင် သမရိုးကျမဟုတ်သော နည်းလမ်းများဖြင့် အောင်မြင်အောင် တိုက်ခိုက်နိုင်ခြင်းသည်ပင်လျှင် ကွန်မန်ဒိုအစစ် ဖြစ်တော့သည်။

မြရတနာစာပေ



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

THEY , WHO DARE WIN.

DAVID STIRLING

# စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ

မြရတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## စာရေးသူ၏အမှာ

ကျွန်တော်သည် လွန်ခဲ့သည့် ၂ နှစ်ကျော်က "ဟေ့ - ဒို့ကွန်မန်ဒို" အမည်ရှိ ကွန်မန်ဒိုစစ်ဆင်ရေး စာအုပ်ငယ်တစ်အုပ် ရေးသားထုတ်ဝေခဲ့သည်။ ကံအကျိုးပေးကြောင့်လားမသိ။ စာအုပ်သည် ပြိုက်ခနဲ ကုန် သွား၏။ ထို့ကြောင့် နောက်တစ်အုပ်ရေးရန် စိတ်ကူးရှိခဲ့ပါသည်။ သို့ရာတွင် မရေးနိုင်ခဲ့ပါ။ "ထင်ရှားကျော်ကြား ဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ" အမည်ရှိ **Fighting General Series** ကို အဆက်မပြတ် ရေးနေရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကွန်မန်ဒိုဘက်ကို မလှည့်နိုင်ခဲ့ပါ။

ဗိုလ်ချုပ်ကြီးများ Series အတွက် ၁၀ အုပ်ပြည့်အောင် ရေးမည်ဟု သန္နိဋ္ဌာန်ချထားခဲ့မိသဖြင့် ၁၀ အုပ်ပြည့်အောင် ကြိုးစားရေးသားနေခဲ့ရကာ ယခု ၂၀၁၁ ခုနှစ် နှစ်ကုန်၌ ၁၀ အုပ်ပြည့်သွားခဲ့ပါပြီ။ ထို့ကြောင့် ခေတ္တရပ်ထားခဲ့ရသည့် ကွန်မန်ဒို ဒုတိယအုပ်ကလေးကို ပြန်စဖြစ်ပါတော့သည်။ ပထမကွန်မန်ဒိုစာအုပ်နှင့် ပတ်သက်၍ စာဖတ်သူတော်တော်များများထံမှ ဝေဖန် အကြံပြုချက်များ ရောက်လာကြသည်။ စစ်ဦးစီးတက္ကသိုလ်တွင် နည်းပြအရာရှိ သုံးလေးနှစ်လုပ်ခဲ့ဖူးသည့် ကျွန်တော်နှင့် ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်း ဒုတိယဗိုလ်မှူးကြီး တင်အောင်နိုင် (အငြိမ်းစား)က အောက်ပါအတိုင်း ပြောလာသည်။

"ဟော့ ... သူငယ်ချင်း မင်း ကွန်မန်ဒိုစာအုပ်ကလေးက မဆိုးပါဘူး။ ဖတ်လို့ကောင်းပါတယ်။ နိုင်ငံခြားကွန်မန်ဒိုတွေစာရင် ပြည်တွင်းကွန်မန်ဒိုတွေက ပိုဖတ်ကောင်းတယ်ကွ။ နောက်တစ်ခါရေးရင် ပြည်တွင်းကွန်မန်ဒိုတွေချည်းပဲ သပ်သပ် ရေးစမ်းပါ"





အလားတူပင် လှိုင်ဝှက်ဆန်းကြယ်မဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာမောင်နှင်းဆွေကလည်း လူချင်းတွေ့သည့်အခါ ပထမကွန်မန်ဒိုစာအုပ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောပြန်သည်။

"ကိုသောင်းဝေ ... ကိုယ့်ညီရဲ့ ကွန်မန်ဒိုစာအုပ်ကလေး မဆိုးဘူးကွ။ ဖတ်လို့ကောင်းတယ်။ ပြည်တွင်းတိုက်ပွဲကလေးတွေက ပိုကောင်းတယ်။ နောက်တစ်ခါရေးရင် ပြည်တွင်းတိုက်ပွဲလေးတွေချည်းပဲ ရေးနိုင်ရင် ပိုကောင်းမယ်ထင်တယ်။ ပြည်ပတိုက်ပွဲတွေက ဟိုလူရေး ဒီလူရေးနဲ့ ဖတ်ဖူးနေကြတာ ပရိသတ်မဖတ်ဘူးသေးတဲ့ ပြည်တွင်းတိုက်ပွဲလေးတွေကို ကြိုးစားရေးစမ်းပါ"

ကျွန်တော်နှင့် အလွန်ရင်းနှီးသူ ၂ ဦးမှ အထက်ပါအတိုင်း ဆိုလာသည်။ သို့ဖြစ်၍ ကျွန်တော် လက်လှမ်းတစ်မီ ပြည်တွင်းကွန်မန်ဒိုတိုက်ပွဲများအား လိုက်လံစုဆောင်းပြီး စာအုပ်ငယ်တစ်အုပ် ရလောက်သည့်အခြေ အနေသို့ ရောက်ရှိလာသဖြင့် ဤ "ရဲဝံ့စွန့်စား တကယ့်ကွန်မန်ဒိုများ" အမည်ရ ပြည်တွင်းကွန်မန်ဒိုတိုက်ပွဲများကို စာရှုသူများထံ တင်ဆက်လိုက်ပါသည်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား။

ဤစာအုပ်ကလေးသည်လည်း ပထမကွန်မန်ဒို စာအုပ်ကဲ့သို့ပင် စာရှုသူများကို ထိုက်သင့်သော ဝီရ ရသပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ယူဆမိပါကြောင်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ
**သောင်းဝေဦး**

နေရာ – ရန်ကုန်မြို့
ရက်စွဲ – ၂၀၁၂ ခု၊ ဖေဖော်ဝါရီလ (၁၂) ရက်



BURMESE CLASSIC .com

## လေးကတိုက်ပွဲ

နိဒါန်း

ကျွန်တော်သည် ၁၉၉၁ ခုနှစ်၊ နှစ်လယ်မှ ၁၉၉၂ ခုနှစ် နှစ်စအထိ ရှစ်လခန့် တောင်ငူရှိ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ဂျီဝမ်း(ခေါ်)စစ်ဦးစီးမှူး (ပထမတန်း) တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ တာဝန်အရ အရှေ့ဘက်စစ်တောင်းမြစ်ရိုးတစ်လျှောက်မှသည် အနောက်ဘက် ပဲခူးရိုးမသို့ ရောက်အောင်သွား၍ မြင်အောင်ကြည့်၊ သိအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြုံးစားခဲ့ပါသည်။ အထူးသဖြင့် ထင်ရှားကျော်ကြား လူသိများလှသည့် ပဲခူးရိုးမကြီးကို ရင်းနှီးအောင် အခေါက်ခေါက်အခါခါ နည်းမျိုးစုံဖြင့် သွားရောက်၍ မြေအခြေအနေကို လေ့လာမှတ်သားခဲ့ပါသည်။

ယခု စာတွေရေးတော့ ထိုအတွေ့အကြုံများကို အခြေခံပြီး "ထင်ရှားကျော်ကြား ပဲခူးရိုးမတိုက်ပွဲများ" အမည်ရစာအုပ်ကို ရေးခဲ့၏။ ထိုစာအုပ်၌ ဗိုလ်ဇေယျကျဆုံးပုံ၊ သခင်သန်းထွန်းကျဆုံးပုံ၊ ရဲဘော်အောင်ကြီးကျဆုံးပုံ၊ နောက်ဆုံး၌ ဖင်–ချစ်တို့နှစ်ဦးကျဆုံးပုံများကို ရေးသားဖော်ပြခဲ့ပါသည်။ ထိုစာအုပ်၌ ကျွန်တော် ရေးရန် အရေးကြီးသော ဖင်–ချစ်တို့နှင့် ပတ်သက်သည့်တိုက်ပွဲလေး တစ်ပုဒ် ကျန်သွားသည်။ ထိုတိုက်ပွဲကား ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့ မနက်တွင် ဖင်–ချစ်တို့၏ ဗဟိုဌာနချုပ်လေးကာတိစခန်းအား တပ်မ (၇၇) ကွန်မန်ဒိုစစ်ကြောင်းမှ "**လျှပ်စီးစစ်ဆင်ရေး**" ဖြင့် ဝင်ရောက်တိုက်ခိုက်သည့် "**လေးကာတိတိုက်ပွဲ**"ပင် ဖြစ်သည်။ ဤစစ်ဆင်ရေးမှာ တပ်မ (၇၇) မှ တိုက်ရိုက်ဦးစီးခဲ့သော တပ်မ ကွန်မန်ဒို၏ အရေးပါသော တိုက်ပွဲပင် ဖြစ်သည်။





ဤဖြစ်စဉ်ကို ကွန်မန်ဒိုတိုက်ပွဲတစ်ခုအနေဖြင့် တင်ပြလိုပါသည်။

**ဖြစ်စဉ်အကြောင်းအရာအဖွင့်**

အချိန်က ၁၉၇၃ ခုနှစ် မိုးကာလအစပိုင်း။ နေရာက မြန်မာနိုင်ငံအလယ်ပိုင်း ပဲခူးရိုးမကြီး။

**ရန်သူ**

ရိုးမရှိဗကပဥက္ကဋ္ဌ သခင်ဇင်သည် အာဟာရပြတ်ကာ ကျန်းမာရေးဆိုးဝါးနေသည်။ အထူးသဖြင့် သခင်ဇင်သည် ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလ ရန်ကုန်မြို့တွင် နေထိုင်ခဲ့စဉ်က ယိုယွင်းပျက်စီးနေသော သွားများကို အသစ်တစ်ဖန် ပြုပြင်ခဲ့သည်။ သွားတုများကို တပ်ဆင်ထားခဲ့ရသည်။ သွားတုများကြောင့်သာ စားနိုင်ဝါးနိုင်နေခဲ့ခြင်း ဖြစ်ပေသည်။

သို့သော်လည်း ကြာကြာဝါးသော စားသောသွားများသည် ယခုအခါ ပို၍ ပို၍ ယိုင်နဲ့လာခဲ့သည်။ ထိုအခြေအနေတွင် သခင်ဇင်သည် တပ်မတော်၏



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးများအတွင်း၌ ပြေးရင်းလွှားရင်း သွားတုအံကပ်မှာ ပြုတ်ကျကျန်ခဲ့တော့သည်။ ထို့ကြောင့် သခင်ဖင်တွင် သွားတစ်ချောင်းမျှမရှိတော့ချေ။ စားမရ ဝါးမရ ဖြစ်နေတော့သည်။ အရည်ကိုသာ မျိုချနေရတော့သည်။

ထို့ပြင် ဥက္ကဋ္ဌသခင်ဖင်၏ ကျန်းမာရေးအခြေအနေမှာလည်း ကြာလေ ဆိုးလေဖြစ်လာနေသည်။

ထို့ကြောင့် ဗကပထန်းတပင်မြို့နယ် တာဝန်ခံ အောင်ငွေ (ခ) ရဲဘော်ရဲအောင် (ကိုကိုးကျွန်းမှ ထွက်ပြေးခဲ့သူ) သည် ဖြူးမြို့မှ သွားစိုက်ဆရာကိုသန်းဝင်းကို ဆက်သွယ်ကာ အထူးအစီအစဉ်ဖြင့် ဥက္ကဋ္ဌသခင်ဖင် ထံသို့ စေလွှတ်ပေးခဲ့လေသည်။

ထိုစဉ်က သခင်ချစ်နှင့် ဗဟိုဌာနချုပ်သည် ကျောက်တံခါးမြို့နယ် ဆားပြင်ရွာ၏နောက်ကျော မြရာပင်ကြော "လေးကတီ"မြောင်တွင် စခန်းချလျက်ရှိကြသည်။ ထိုနေရာကား "လေးကတီစခန်း"ဟု တွင်ပေသည်။

မြရာပင်ကြော၌ မိုးသည် ဖွဲ့ဖြိုင်ရွာချနေလေပြီ။

သွားစိုက်ဆရာသည် သခင်ဖင်အား သွားတုများ တပ်ဆင်ပေးခဲ့ပြီးနောက် ဗကပ အောင်ဖေယျတပ်သို့





ရောက်ခဲ့ရသည်။ ယင်းအား ဗဟိုဌာနချုပ်၏ လျှို့ဝှက်ရေးအရ ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အောင်ဖေယျ၏ နိုင်ငံရေးမှူး ဗိုလ်သိန်းထွန်း၊ တပ်မှူးရဲဘော်မြဟန်၊ မောင်ခိုင် (ရဲဘော်ငွေး၏သားကြီး)နှင့် မကျင်သောင်း စသူ စသူတို့သည် သွားစိုက်ဆရာအား တောတွင်း၌ တိတ်တဆိတ်ခေါ်ယူပြီး မိမိတို့၏ သွားများကို အလှပြုပြင်ပေးစေခဲ့ကြသည်။ လှပသော ရွှေသွားများကို စိုက်စေခဲ့သည်။

ထို့နောက်တွင် ရဲဘော်အချို့သည် လျှို့ဝှက်ရေးနှင့် လုံခြုံရေးအတွက်ဟုဆိုကာ သွားစိုက်ဆရာအား လုပ်ကြံသတ်ဖြတ်ပစ်ရန်ပင် စီစဉ်ခဲ့ကြလေသည်။

သို့သော်လည်း သွားစိုက်ဆရာအား လျှို့ဝှက်လုပ်ကြံသတ်ဖြတ်ရေးသည် အထမမြောက်ခဲ့ချေ။

ထိုအချိန်၌ ဗကပဗဟိုဌာနချုပ်တွင်လည်းကောင်း၊ အောင်ဖေယျတပ်တွင်လည်းကောင်း၊ အစားအစာများမှာ ပြတ်နေပြီဖြစ်သည်။ အခက်အခဲများလည်း ပို၍ ပို၍ တွေ့ကြုံနေရပြီဖြစ်သည်။ ရင်ဆိုင်နေကြရသည်။

ထို့ကြောင့် သွားစိုက်ဆရာအား တောတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးခဲ့သော ရဲဘော်များသည်လည်း တစ်ဦးပြီး တစ်ဦးပင် အလင်းသို့ ဝင်ရောက်ခဲ့ကြသည်။ နောက်ဆုံးတွင် သွားစိုက်ဆရာကိုသန်းဝင်းသည်လည်း ဇူလိုင်လ ဒုတိယပတ်အတွင်းတွင် ထန်းတစ်ပင်မှတစ်ဆင့် ဖြူးမြို့သို့ လှို့ဝှက်ကာ ပြန်လည်ရောက်ရှိခဲ့လေသည်။

မိမိ

၁၉၆၈ ခုနှစ် ဗကပဥက္ကဋ္ဌ သခင်သန်းထွန်းလုပ်ကြံခံရ၍ ကွယ်လွန်သွားပြီးနောက် ဥက္ကဋ္ဌနေရာကို သခင်ဇင်က ဆက်ခံခဲ့သည်။ အတွင်းရေးမှူးက သခင်ချစ်ဖြစ်သည်။ ဇင်–ချစ်တို့ (၂)ဦးသည် ဗကပဥက္ကဋ္ဌနှင့် အတွင်းရေးမှူးရာထူး လက်ခံရယူပြီးသည့်နောက်တွင်လည်း ပဲခူးရိုးမကို မစွန့်လွှတ်ဘဲ ဆက်လက်ဖက်တွယ် ထားခဲ့သည်။ ရိုးမတွင် သူတို့လေးငါးခြောက်နှစ် ဆက်လက်သက်ဆိုးရှည်ခဲ့ကြသည်။ အကြောင်းမှာ ၁၉၆၈ ခုနှစ် ဖေ်နဝါရီမှစ၍ အရှေ့မြောက်ဒေသတွင် တရုတ်နိုင်ငံအကူအညီဖြင့် ဗသိန်းတင် ဦးစီးသော ဗကပအရှေ့မြောက်စစ်ဒေသပေါ်ပေါက်လာသည်။ နယ်စပ်ဒေသ၌ စခန်းသိမ်းတိုက်ပွဲကြီးများကို





ဆောင်ရွက်လာနိုင်သည်။ ကွန်လုံ ရက် (၄၀) လို တိုက်ပွဲကြီးများ တိုက်နိုင်လာသည်။ ထိုတိုက်ပွဲကြီးများကြောင့် မိမိတပ်မတော်မှ ရိုးမရှိ တပ်မ (၇၇)၊ (၈၈)၊ (၉၉) တို့အား သံလွင်အရှေ့ခြမ်းသို့ စေလွှတ်ပေးရလေတော့သည်။ ထို့ကြောင့် ပဲခူးရိုးမမှ ဇင်–ချစ်တို့ အထိုက်အလျောက် အနေအစားချောင်သွားသည်။

သို့ရာတွင် ဤသည်ကို သုံးသပ်မိသော မြန်မာ့တပ်မတော်မှ ဦးစွာပထမ မြစ်ဝကျွန်းပေါ်ကို အပြောင်ရှင်းသည်။ ဖြတ်လေးဖြတ်နည်းဗျူဟာများ ကျင့်သုံးသည်။ မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးကြီး မပြီးခင်မှာပင် ပဲခူးရိုးမရှိ ဇင်–ချစ်တို့ကို သုတ်သင်ရှင်းလင်းရန်အတွက်လည်း အောက်ပါအတိုင်း စီမံလေတော့သည်။

၁၉၇၃ ခုနှစ် နှစ်စတွင် တပ်မ (၇၇) အား ညောင်လေးပင်တွင် အခြေပြုစေ၍ ဗကပဗဟိုနှင့် ဇင်–ချစ် ချေမှုန်းရေးကို စတင်ဆောင်ရွက်စေသည်။ ဦးစွာပထမ ဗကပဗဟိုသတင်းများ ရအောင် သတင်းထောက်လှမ်းသည်။ ထို့နောက် ဇင်–ချစ်တို့အား ချေမှုန်းနိုင်ရန်အတွက် တပ်မကွန်မန်ဒိုတပ်ဖွဲ့ကို စုဖွဲ့လေ့ကျင့်စေသည်။ စုဖွဲ့မှုကို



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ခဲ့သည်။ တပ်မကွပ်ကဲမှု အောက်မှ တပ်ရင်းတစ်ရင်းလျှင် လက်ရွေးစင် ၁၀ ဦးကျ အင်အား ၁၀၀ ယောက်ဖြင့် စုဖွဲ့သည်။ နံနက်တိုင်း လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ညောင်လေးပင်မှ မြွန်တံဆာဘက်သို့ အပြေးချီတက်ပြီး အပြန်တွင် ကွန်မန်ဒို သင်ခန်းစာများကို ပြင်းပြင်းထန်ထန် လေ့ကျင့်ရသည်။ နေ့လယ်ဘက်တွင် သင်ခန်းစာများ ပို့ချရာ၌ ကွန်မန်ဒို ဆိုင်ရာ သင်ခန်းစာများကိုသာမက တိုက်ပွဲ အတွေ့အကြုံ များကိုပါ ဆွေးနွေးပို့ချပေးလေသည်။

ထိုတပ်ဖွဲ့ကြီး၏ တပ်ဖွဲ့မှူးအဖြစ် ခမရ (၁၀၁) မှ ဗိုလ်ကြီးလှဝင်း၊ တပ်စုမှူးအဖြစ် ရှမ်း (၁)မှ ဒု– ဗိုလ်မြင့်ဆွေတို့ ဦးစွာရောက်လာပါသည်။ တပ်ခွဲမှူးနှင့် တပ်စုမှူး များ ရောက်ရှိပြီးနောက် ဧပြီလ ၆ ရက်နေ့ တွင် ခလရ (၆) မှ တပ်စုတစ်စုနှင့် ပူးပေါင်းတပ်စု (၄) စုပါ ကွန်မန်ဒို စစ်ကြောင်းအား ဗိုလ်မှူးသူရတင်ဖေ (ဗိုလ်မှူးကြီးသူရ တင်ဖေ၊ ရန်ကုန်မြို့တော်ဝန်၊ ကွယ်လွန်) မှ ဦးစီးပြီး ပဲခူးရိုးမ၊ တောင်ပေါ် ၁၄ ရွာနှင့် ကညင်ဒုံ ၉ ရွာဒေသသို့ တက်ရောက်ပြီး လေ့ကျင့်ရင်း လှုပ်ရှားရပါသည်။ နယ်မြေ

မြရတနာစာပေ



ကျွမ်းကျင်မှု ရှိစေရန် ပဲခူး ရိုးမပေါ်တွင် နှစ်ပတ်ကြာ လှုပ်ရှားခဲ့ပါသည်။ ရန်သူအဖွဲ့ငယ်များနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပွားရှိခဲ့သော်လည်း မိမိဘက်မှ ဆုံးရှုံးမှု တစ်စုံတစ်ရာ မရှိဘဲ ရိုးမတောင်ပေါ်တွင် အောင်မြင်စွာ လှုပ်ရှားနိုင်ခဲ့ပါ သည်။

## ရန်သူ့သတင်းရရှိခြင်း

တပ်မဌာနချုပ်အနေဖြင့် တိုက်ကွက်ဖော်နိုင်ရန် ဗကပဗဟို၏ သတင်းကို အဆက်မပြတ်စုံစမ်း ဖော် ထုတ်လျက်ရှိပါသည်။ သို့ရာတွင် ဗကပတို့သည် အလွန် လျှို့ဝှက် သိပ်သည်းသူများဖြစ်၍ လွယ်လွယ်နှင့် ဖင်– ချစ်သတင်း ဖော်ထုတ်၍ မရရှိခဲ့ပါ။ ဆက်သွယ်ရေးစက် များမှလည်း ကြားဖြတ်သတင်းများ ဖမ်းယူမရရှိခဲ့ပါ။ သို့ရာတွင် ၁၉၄၃ ခုနှစ် ဇူလိုင်လတွင်မှ အောက်ပါအတိုင်း ဖင်–ချစ် ဗကပဗဟို၏ သတင်းကို ရရှိပါတော့သည်။

၁၉၄၃ ခုနှစ် ဇူလိုင်လ တပ်မစစ်ဆင်ရေး အစည်းအဝေးတွင် စစ်ဦးစီးမှူး (တတိယတန်း)မှ အောက်ပါ သတင်းကို ရှင်းလင်းတင်ပြလေသည်။ ပြီးခဲ့သည့် ဇွန်လက

မြရတနာစာပေ

www.burmeseclassic.com


www.burmeseclassic.com



ဖြူးမြို့မှ သွားစိုက်ဆရာသန်းဝင်း စစ်တောင်း မြစ်ကမ်းအနီး ကျေးရွာများသို့ သွားစိုက်ပေးရန်သွားစဉ် ဗကပများမှ ဖမ်းသွားကြောင်း၊ နောက်နှစ်ရက်ခန့် အကြာတွင် ကားလမ်း အရှေ့ဘက်မှ ဗကပ ၁၅ ဦးခန့် ညအချိန် ကားလမ်းကို ဖြတ်ပြီး ပဲခူးရိုးမတောင်ပေါ်သို့ တက်သွားကြောင်း။ အဆိုပါ ဗကပများသည် ဖြူးမြို့အနီးမှ ဖြတ်သွားရာ သွားစိုက် ဆရာသန်းဝင်းပါသွားကြောင်း သိရှိရပါသည်။

သွားစိုက်ဆရာသန်းဝင်းမှာ သာမန်အရပ်သား တစ်ယောက်သာ ဖြစ်၍ ၎င်းသတင်းမှာလည်း ထူးခြား သတင်းတစ်ခု မဟုတ်ခဲ့ပါ။ ၁၉၇၃ ခုနှစ် ဇူလိုင်လဆန်းတွင် သွားစိုက်ဆရာသန်းဝင်း ဖြူးမြို့သို့ ပြန်လည် ရောက်ရှိ ခဲ့ပါသည်။ ဖြူးမြို့တွင် အခြေပြုထားသော နည်းဗျူဟာ (၇၇၂) မှ ခေါ်ယူစစ်ဆေးမေးမြန်းသည့်အခါ ပဲခူးရိုးမပေါ်မှ ပြန်လည်ရောက်ရှိပြီး ၎င်းအား ဗကပထန်းတပင်မြို့နယ် တပ်မှ မြို့နယ်မှူး သန်းမြင့်၏စခန်းတွင် ထိန်းသိမ်းထားချိန် ခလရ (၃၉) မှ စခန်းအား ဝင်ရောက်တိုက်ခိုက်စဉ် ထွက် ပြေးလွတ်မြောက်ခဲ့ကြောင်း သိရပါသည်။ ဗကပများဖမ်းဆီး ထားစဉ် ၎င်း၏အတွေ့အကြုံများမှာ ထူးခြားမှုရှိသဖြင့်








၁၉၇၃ ခုနှစ် ဇူလိုင်လက တပ်မ(၇၇)ကွန်မန်ဒိုတပ်ဖွဲ့နှင့် ဗကပ ဗဟိုတို့ တိုက်ပွဲဖြစ်ပွားခဲ့သည့် လေးကတင်တိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၇၄ ခုနှစ် ဇွန်လက ဗိုလ်ကြီးကျင်စံဦးစီး ကွန်မန်ဒိုတပ်ဖွဲ့မှ
ရွှေကျင်အရှေ့မြစ်းရှိ ဖားရောစခန်းအားစီးနင်းတိုက်ခိုက်ခဲ့သည့် မြေပုံ



ဗကပဥက္ကဋ္ဌသခင်ဇင်

www.burmeseclassic.com

www.burmeseclassic.com



ဗကပအတွင်းရေးမှူး သခင်ချစ်



နည်းဗျူဟာမှူး ဗိုလ်မှူးကြီး ခင်ကျော်ညို့မှ တပ်မသို့ စစ်မေးချက်များနှင့်အတူ ပေးပို့လိုက်ပါသည်။

တပ်မစစ်ဦးစီးမှူး ဒုတိယတန်းဗိုလ်မှူးမျိုးညွန့် (နောင် ရန်ကုန်တိုင်း တိုင်းမှူး)နှင့် စစ်ဦးစီးမှူး (တတိယတန်း) ဗိုလ်ကြီးစိုးတင့် (နောင် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး) တို့က အသေးစိတ် စစ်ဆေးခဲ့ကြပါသည်။

သွားစိုက်ဆရာသန်းဝင်းအား ဗကပများမှ ဖမ်းဆီးပြီး ပဲခူးရိုးမ တောင်ပေါ်သို့ ခေါ်သွားကြောင်း တောင်ပေါ်ရှိ မိုးဘုံးချင်းလယ်ရွာသို့ ရောက်ပြီး နောက်တစ်နေ့တွင် ပဲခူးရိုးမပေါ်ရှိ ဗကပအဖွဲ့မှ လာခေါ်ကြောင်း လုံခြုံရေးအတွက် တောင်အောက်မှ ဗကပတစ်ယောက်မှ မလိုက်ရကြောင်း မိုးဘုံးချင်းလယ်ရွာ၏ တောင်ဘက် ကွန်းချောင်းကို ဖြတ်ပြီး တောင်ဘက်သို့ နှစ်နာရီခန့်သွားရကြောင်း၊ တစ်နေရာသို့ အရောက်တွင် ၎င်း၏ မျက်စိကို အဝတ်စည်းပြီး လမ်း၏ အနောက်ဘက်သို့ နာရီဝက်ခန့် ခေါ်သွားကြောင်း အဆိုပါ နေရာသို့ နောက်တစ်နာရီခန့်အကြာတွင် ရောက်ရှိလာသော လူကြီးနှစ်ဦးအား သွားနုတ်ပေးရကြောင်း၊ လူကြီးနှင့်အတူ ပါလာသော အမျိုးသမီးရဲမေအချို့ကို သွားခြစ်ပေးရကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါသည်။

စစ်မေးသူများက သွားစိုက်ဆရာအား ခေါ်သွားသူများ အချင်းချင်း ပြောဆိုသံများ၊ သွားနုတ်ပေးရသည့်လူကြီးနှင့် ဆက်ဆံပုံများ၊ သွားစိုက်ရန်လာသည့် အဖွဲ့၏ခရီးကို ခန့်မှန်းနိုင်ရန်အတွက် အဆိုပါအဖွဲ့များ ရောက်လာစဉ် ချွေးထွက်,မထွက်မှအစ အသေးစိတ် မေးမြန်းပါသည်။

သွားနုတ်ပေးရမည့်နေရာအရောက်တွင် စားပွဲနှင့်ခုံလိုကြောင်း၊ ၎င်းမှ ပြောလိုက်ချိန်တွင် ဗကပအဖွဲ့ခေါင်းဆောင်လုပ်သူမှ စောမောင်ထူးတို့ရွာမှ သွားယူခိုင်းကြောင်း၊ အဘိုးကြီးနှစ်ဦးအား ဥက္ကဋ္ဌကြီးဟု ခေါ်ကြကြောင်း၊ သွားနုတ်ရန် လာသူများမှာ ချွေးစိုရုံမက ခါးအောက်ပိုင်းများတွင် ရေစိုနေကြောင်း၊ ချောင်းဖြတ်ခဲ့ရသည့်အကြောင်း ပြောကြကြောင်းသိရပါသည်။

ဗကပဖွဲ့စည်းပုံစာအုပ်တွင် ရှာဖွေသည့်အခါ စောမောင်ထူးဆိုသူမှာ ဗကပဗဟိုကင်းတပ်မှဖြစ်ကြောင်း တွေ့ရပါသည်။ အလင်းဝင် ဗဟိုကင်းတပ်မှူး ဗိုလ်အောင်မင်းအား ခေါ်ယူစုံစမ်းသည့်အခါ စောမောင်ထူးမှာ ဆားပြင်ရွာသားဖြစ်ကြောင်း တွေ့ရပါသည်။ လူကြီးများ၏





ပုံသဏ္ဍာန်ကို ပြောပြသည့်အခါ သခင်ဇင်နှင့် သခင်ချစ်တို့ဖြစ်ကြောင်း၊ ၎င်းတို့လုံခြုံရေးတပ်ဖွဲ့တွင် အမျိုးသမီးများ ပါဝင်ကြောင်း သိရပါသည်။

စစ်မေးသူများက မြေပုံပေါ်တွင် မိုးဘုံးချင်းလယ်ရွာမှ ဆားပြင်ရွာသို့သွားသည့်လမ်း၏ အနောက်ဘက်တစ်နေရာဖြစ်နိုင်ကြောင်း သုံးသပ်ပြီး တပ်မမှူးထံတင်ပြပါသည်။ တပ်မမှူးဗိုလ်မှူးကြီး သူရထွန်းရီသည် စစ်မေးချက်၊ တွေ့ရှိချက်၊ သုံးသပ်ချက်များကို လေ့လာပြီး မြေပုံဖြန့်ကာ လေးကတိချောင်းနှင့် မြစ်ချောင်းဖျား ရှိတောင်ကြောပေါ်တွင် ခဲတံအနီဖြင့် ဝိုင်းလိုက်ပါသည်။ ထို့နောက် တပ်မမှူးကြီးက တိုက်ပွဲဝင်မည့် တပ်မ ကွန်မန်ဒိုတပ်မှူးများကို ခေါ်ခိုင်းလိုက်သည်။

''ကဲ . . . မင်းတို့နားထောင်ကြ။ ဟောဒီတောင်ကြောပေါ်မှာ ရန်သူဗဟိုရှိနိုင်တယ်။ မင်းတို့ ဒီကနေပြီးတော့ အဲဒီကို ချီတက်၊ အကွာအဝေးအရ ခန့်မှန်းရတာနှစ်ရက်၊ သုံးရက်တော့ ကြာနိုင်တယ် ညအချိန်မှာ လျှပ်စီးလက်သလို လျှပ်တစ်ပြက်ဝင်ရောက်တိုက်ရမယ်။ ဒါကြောင့်ကွာ ဒီစစ်ဆင်ရေးကိုလည်း **လျှပ်စီးစစ်ဆင်ရေး** လို့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ပေးမယ်။ အဲဒီတော့ စစ်ကြောင်းမှူးက အဆင်သင့်ဖြစ်တာနဲ့ ကနေ့ညနေ ဒီကစထွက်တော့''

တပ်မမှူးကြီးက အထက်ပါအတိုင်း စစ်ဆင်ရေး **Briefing** ကို အဆုံးသတ်လိုက်ပါသည်။

**စုဖွဲ့ခြင်း**

တပ်မကွန်မန်ဒိုစစ်ကြောင်းအား အောက်ပါအတိုင်း စုဖွဲ့ထားပါသည်။

**စစ်ကြောင်းမှူး**

ဗိုလ်မှူးထွန်းရွှေ (ဗိုလ်ချုပ်ထွန်းရွှေ၊ ယခင် ရပခတိုင်းမှူး၊ ယခု ကွယ်လွန်)

**ပါဝင်သောတပ်များ**

ခမရ (၁၀၁) မှ ဗိုလ်ကြီးလှဝင်းနှင့် တပ်စုတစ်စု။

ရှမ်း (၁) မှ ဒုဗိုလ်မြင့်ဆွေနှင့် တပ်စုတစ်စု။

ခလရ (၈) မှ ဗိုလ်အောင်မြင့်သူနှင့် တပ်စုတစ်စု။

ခမရ (၁၀၆) မှ ဗိုလ်ခင်မောင်ဆွေနှင့် တပ်စုတစ်စု။

စုစုပေါင်း တပ်စုလေးစုပါ ကွန်မန်ဒိုစစ်ကြောင်းကို စုဖွဲ့ခဲ့ပါသည်။ ပိတ်ဆို့ရေးနှင့် အရန်စစ်ကြောင်း များအဖြစ်





ခမရ (၁၀၁) နှင့် ခမရ (၁၀၆) တို့အား သီးခြားတာဝန် ပေးခဲ့ပါသည်။

**ချီတက်ခြင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးထွန်းရွှေ ဦးစီးတပ်မကွန်မန်ဒိုစစ်ကြောင်းသည် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ညတွင် ပန္နယ်ကုန်းမှ ခင်သာ၊ ရေအေး၊ သံပုရာခုံ လမ်းကြောင်းကို မှီးပြီး ရွာများကို ရှောင်ကွင်း၍ ပခူး ရိုးမသို့ ဦးတည်ချီတက်ပါသည်။ ရွာသူရွာသားများ မသိစေရန် လမ်းမသုံးဘဲ၊ လယ်ကွင်းများ၊ ဗွက်တောများ၊ ကိုင်းတောများကို ညအချိန် မမြင်မစမ်းနှင့် ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းချီတက်ရပါသည်။ လယ်ကွင်းများ ဖြတ်စဉ်က လရောင်ဖြင့်မြင်ရသော်လည်း တောင်ပေါ်ရောက်သည့် အချိန်တွင် သစ်ပင်ဝါးပင်ရိပ်များကြောင့် ဘာမျှ မမြင်ရတော့ပါ။ ဝါးပင်ခြောက်များ တိုးမိ နင်းမိသဖြင့် တောတိုးသံ ဆူညံနေပါသည်။ နံနက် ၃ နာရီ ခန့်တွင် ဆက်သွားရန် ခက်ခဲသဖြင့် နားလိုက်ရပါသည်။

ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်နေ့တွင် တုံကန်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းအား အမှီပြုပြီး လမ်းမသုံးဘဲ တစ်နေ့ကုန် ၂ ရက် ချီတက်ပါသည်။ တောင်ကြောများအား ဖြတ်တက်၊ ဖြတ်ဆင်းရပါသည်။ မိုးတွင်းဖြစ်၍ ရဲဘော်တိုင်း စိုရွှဲနေကြသည်။ ညအချိန်တွင်လည်း သစ်၊ ဝါးခုတ်ခွင့်မပြုသဖြင့် ယာယီတဲမထိုးရဘဲ ပလတ်စတစ်ခြုံပြီးသာ ငုတ်တုတ်အိပ်ကြရပါသည်။ တပ်မမှူးက စစ်ဆင်ရေး၏ အမည်အား "လျှပ်စီး" ဟု အမည်ပေးထားပါသည်။ ညအချိန် လျှပ်စီးလက်သလို ရန်သူ့စခန်းအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ရန် ညွှန်ကြားထားခဲ့သဖြင့် အလစ် အငိုက်ရစေရန်အတွက် တောင်ပေါ်တွင် လှုပ်ရှားနေသော ရန်သူ့အဖွဲ့ငယ်များ၊ ရန်သူ့အမာခံများ မသိစေရန်အတွက် လျှို့ဝှက်စွာ ချီတက်ရပါသည်။

ဇူလိုင် ၁၆ ရက်နေ့တွင် ဗိုလ်အောင်မြင့်သူ၏ တပ်စုပို့ရိုင့်သွားရပါသည်။ ကြွတ်ချောင်းနှင့် မြစ်ချောင်း ဆုံပြီး တုန်ကန်ချောင်းမကြီးအဖြစ် စီးဆင်းသည့်ချောင်းဆုံအရောက်တွင် မြစ်ချောင်းအတိုင်း ဆက်လက်ချီတက် ရပါသည်။ ဗိုလ်အောင်မြင့်သူ၏ တပ်စုတွင် ဗကပအလင်းဝင် စန်းမောင်ပါလာသည်။ သူသည် တောကျွမ်းသူ ဖြစ်၍

မြရတနာစာပေ



ပို့ရိုင့်တပ်စိတ်နှင့်အတူ ချီတက်ပါသည်။ တစ်နေရာအရောက်တွင် ချောင်းအတိုင်း ပျံလာသော ငှက်ကလေး တစ်ကောင်ကို တွေ့လိုက်သည်နှင့် စန်းမောင်မှ နေရာယူထားရန် အချက်ပြလိုက်သည်။ ပို့ရိုင့်တပ်စုက ချောင်း ဘေးဝဲယာချုံများတွင် နေရာယူလိုက်သည်။ ချောင်းအတိုင်း ခွေးတစ်ကောင် ထွက်လိုက်လာပြီး ပေ ၅၀ ခန့် အကွာတွင် ရပ်၍ အနံ့ခံနေပါသည်။ များမကြာမီ ခွေးနောက်မှ ပလိုင်းလွယ်ထားသော ရွာသားတစ်ယောက် ဆက်ထွက်လာ၏။ စန်းမောင်က ထွက်ပြီး ရွှတ်ရွှတ်ဟုဆိုကာ ထိုရွာသားကို ခေါ်လိုက်သည်။

ရွာသားအား စုံစမ်းသည့်အခါ လေးကတီချောင်းနှင့် မြစ်ချောင်းဆုံသည့်နေရာမှစပြီး ချောင်းဖျားပိုင်း သို့ သားငါးရှာခြင်း၊ အမဲလိုက်ခြင်းမပြုလုပ်ရန် ဗကပမှ တားမြစ်ထားသဖြင့် ယခု သွား၍မရတော့ကြောင်း၊ ယခင်ကမူ ရောက်ဖူးကြောင်း၊ သွားပါက အောက်ခြေ ရှုပ်ထွေးသော ဝါးသပွတ်တောများရှိကြောင်း၊ ချောင်းဆုံအနီး တောင်ယာတဲ၌ "ငထွန်း"ဆိုသူရှိကြောင်း၊ လမ်းကျွမ်းကြောင်း မေးမြန်းသိရပါသည်။ သတင်းထောက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်း ထိုညက ထိုနေရာတစ်ဝိုက်၌ အခြေပြုခဲ့ကြ၏။

**ရန်သူနှင့်ထိတွေ့ခြင်း**

နောက်တစ်နေ့ ဇူလိုင် ၁၇ ရက်နေ့ နံနက်စောစောတွင် တောင်ယာထဲမှ ထွန်းအား ဒုဗိုလ်မြင့်ဆွေ တပ်စုမှ သွားရောက်ခေါ်ယူပြီး ဆက်လက်ချီတက်ပါသည်။ လေးကတိချောင်းနှင့် မြစ်ချောင်းဆုံနေရာမှစပြီး တောင်ကြောအတိုင်း ချီတက်ခဲ့ရာ နံနက် ၀၉း၃၀ နာရီအချိန်၌ မြေပုံပေါ်တွင် တပ်မမှူးသတ်မှတ်ပေးလိုက်သည့်နေရာ အနီးသို့ ရောက်သည်နှင့် ရန်သူကာကင်းအဖွဲ့က ရုတ်တရက် စတင်ပစ်ခတ်ပါတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ရန်သူ ... ရန်သူ"

ဗကပကာကင်းမှ အဆက်မပြတ်အော်ဟစ်ပါသည်။ ရန်သူကာကင်းအဖွဲ့ နေရာယူထားသော ကုန်းကလေးသည် ပေ ၂၀ ခန့်သာ ကျယ်ပြီး တပ်ဖြန့်ရန်ခက်ခဲလှ၏။ ၄ိုင့်တပ်စုမှ တပ်ကြပ်ကြီးကျော်မြင့်သည် ရှေ့သို့ အတင်းတက်ကာ ရန်သူ့ကာကင်းအား ပစ်တက်တက်၍ တိုက်ခိုက်ပြီး ကုန်းကလေးအား အတင်းတက် ရောက်သိမ်းပိုက်ပါသည်။

"ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း"

ရန်သူ့ကာကင်းက ပစ်၍ ဆုတ်ပြေးသွားသည်။ တပ်ကြပ်ကြီးကျော်မြင့် ကာကင်းကုန်းမှာပင် ရန်သူ့ကျည်ထိ၍ ကျဆုံးသွား၏။ တပ်စုမှူး ဒုဗိုလ်မြင့်ဆွေနှင့် တပ်စုက ပင်မတောင်ကုန်းအား ပစ်အားသုံးကာ အတင်းပင် ဆက်လက်တိုက်ခိုက်သည်။ ရန်သူဗကပများမှ ကြာရှည်ခံမတိုက်ပါ။ ဖရိုဖရဲဖြင့် အဖွဲ့များခွဲကာ ဆုတ်ခွာသွားကြသည်။ အလောင်း ၂ လောင်း၊ ဂျီဖိုးတစ်လက်နှင့် ပစ္စည်းအများအပြား ကျန်ရစ်ခဲ့သည်။ ဖမ်းဆီးရမိပစ္စည်းများနှင့် စာရွက်စာတမ်း အထောက်အထားများအရ ဗကပဗဟိုဖင်–ချစ်တို့၏စခန်း ဖြစ်ကြောင်း သိရှိရသည်။ ကွန်မန်ဒိုစစ်ကြောင်းသည် ရန်သူဆုတ်ခွာဖွယ်ရာရှိသည့် အချက်အချာတောင်ကြောများကို ဆက်လက်ရှင်းလင်းခဲ့ပါသည်။ ဖြစ်စဉ်ကို ရှေ့တန်းတပ်မဌာနချုပ်သို့ ချက်ချင်းတင်ပြခဲ့၏။



မြရတနာစာပေ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ပွဲနောက်ပိုင်းဆောင်ရွက်ချက်များ

ဇူလိုင် ၁၈ ရက်နေ့တွင် တိုင်းမှူးနှင့် တပ်မမှူးတို့ ရဟတ်ယာဉ်ဖြင့် ဆားပြင်ရွာသို့ ရောက်လာသည်။ သိမ်းဆည်းရမိ အထောက်အထားများအရ လေးကတိ စခန်းမှာ ဗကပဗဟိုဖင်–ချစ်စခန်းဖြစ်ကြောင်း အတည် ပြုလိုက်နိုင်သည်။ ထို့ကြောင့် ကွန်မန်ဒိုတပ်ခွဲအား ရိက္ခာ တစ်ပတ်စာ ဖြည့်တင်းပြီး ဆုတ်ခွာသွားသော ရန်သူ ဗကပများနောက်သို့ ခြေရာခြေကြောင်းခံ၍ ဆက်လက် ရှင်းလင်းစေပါသည်။ ဗကပတို့သည် တပ်မတော်၏ သဘောသဘာဝကို ရိပ်စားမိသဖြင့် ထင်သာမြင်သာသော **Prominent** ဖြစ်သော တောင်ကြောတောင်ကုန်းများ၌ အခြေမပြုဘဲ လျှိုကလေးများ၊ ချောင်ကလေးများ၊ မြောင်ကလေးများ၌ ဝပ်၍ ခိုအောင်းရှောင်တိမ်းခဲ့ ကြသည်။ ထို့ကြောင့် လေးကတိတိုက်ပွဲအပြီး၌ နောက်ထပ်တပ်များ သွင်းကာ ရှင်းလင်းခဲ့သော်လည်း ရန်သူနှင့် ထပ်မံထိတွေ့မှု မရှိခဲ့ပါ။

သို့ရာတွင် လေးကတိတိုက်ပွဲပြီးချိန်မှစ၍ ဗကပဗဟိုဖင်–ချစ်တို့သည် ၎င်းတို့၏ အောင်နိုင်တပ်





အောင်ဖေယျတပ်တို့နှင့် အတူမနေနိုင်တော့ဘဲ တကွဲ တပြားစီ တသီးတခြား ပြေးလွှားနေခဲ့ရာမှ နောင် တစ်နှစ်ခွဲ ခန့်အကြာ၌ အပြီးအပိုင် လုံးဝချေမှုန်းခြင်း ခံရလေတော့ သည်။

## တိုက်ပွဲသုံးသပ်ချက်များ

### မိမိတပ်မတော်၏သုံးသပ်ချက်

ဤတိုက်ပွဲတွင် မိမိတပ်မတော်မှ တပ်ကြပ်ကြီး တစ်ဦး ကျဆုံးခဲ့ပါသည်။ ရန်သူ့ထံမှ အတွင်းရေးမှူး သခင်ချစ်၏ ဗဟိုကင်းတပ်မှ တပ်သားရဲဘော်ပုတင်၊ ရဲဘော်လှအောင်တို့ ၂ ဦး ကျဆုံးပြီး အလောင်းရ၍ ဂျီဖိုး တစ်လက် သိမ်းဆည်းရမိခဲ့သည်။ လူနေတဲများနှင့် စာရွက်စာတမ်းများ သိမ်းဆည်းရမိခဲ့ရာ ထိုအထောက် အထားများအရ တပ်မ (၇၇) မှ ရန်သူဗဟိုကို ခြေရာခံမိပြီး စစ်ကြောင်းများခွဲကာ ဗဟိုကို အဆက်မပြတ် လိုက်လံ ချေမှုန်းနိုင်ခဲ့ပါသည်။ အပင်ပန်းခံကာ တောက်လျှောက် ရိုးမအရှေ့အနောက် ပိတ်ဆို့၍ ကွက်ပြည့်နင်း ရှင်းလင်းခဲ့ရာ ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့ နေ့လယ်အချိန်၌



www.burmeseclassic.com

www.burmeseclassic.com



ဗကပဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့အား ပဲခူးရိုးမအရှေ့ခြမ်း ဖွတ်ကျားချောင်းအတွင်း၌ အသေရမိခဲ့လေတော့သည်။ ဤသည်မှာ လေးကတိစခန်းတိုက်ပွဲ၏ အကျိုးဆက်ဟု သုံးသပ်ရရှိပါသည်။

တပ်မတော်မှ အထက်ပါအတိုင်း သုံးသပ်ခဲ့သလို ဤတပ်မ ကွန်မန်ဒိုတပ်ဖွဲ့၏ လေးကတိစခန်းတိုက်ပွဲနှင့် ပတ်သက်၍ ဗကပများကလည်း အောက်ပါအတိုင်း သုံးသပ်ပါသည်။

**ဗကပဥက္ကဋ္ဌသခင်ဇင်၏ သုံးသပ်ချက်**

၁၉၆၈ ခုနှစ် ဗကပဥက္ကဋ္ဌ သခင်သန်းထွန်း သေဆုံးပြီး သခင်ဇင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးသည့်နောက် ဗကပဗဟိုသည် ပဲခူးရိုးမတွင် ဆက်လက်အခြေပြုနေခဲ့သည်။ အရှေ့မြောက်ဒေသ၌ ဗသိန်းတင်၏ အရှေ့မြောက်စစ်ဒေသမှ **Conventional** ဆန်ဆန် တိုက်ကွက်ကြီးများကို ၁၉၆၈ ခုနှစ်မှပင် စတင်အကောင်အထည်ဖော်ခဲ့ရာ ပဲခူးရိုးမရှိ တပ်အတော်များများအား အရှေ့မြောက်သို့ စေလွှတ်ခဲ့ရသဖြင့် ပဲခူးရိုးမ ဗကပများမှာ





အတော်ပင် အသက်ရှူချောင်သွားခဲ့လေသည်။ ၁၉၆၈ ခုနှစ်စက်တင်ဘာမှ ၁၉၇၃ ခုနှစ် ဖွန်အထိ ငါးနှစ် တိုင်ဝိုင် ဗကပဗဟိုသည် ပဲခူးရိုးမ၌ မိမိတပ်မတော်စစ်ကြောင်းများ၏ တိုက်ခိုက်ခံရခြင်း လုံးဝမရှိခဲ့ချေ။ ငါးနှစ်ခန့်အကြာ ၁၉၇၃ ခုနှစ် ဇူလိုင် ၁၇ ရက်၌ ဗကပဗဟိုအား တပ်မ (၇၇) ကွန်မန်ဒိုစစ်ကြောင်းမှ ပထမဆုံး အကြိမ် ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗကပဥက္ကဋ္ဌ သခင်ဇင်မှ အောက်ပါအတိုင်း သုံးသပ်ခဲ့လေသည်။

**ဇူလိုင်လ ၁၇ ရက်နေ့ လေးကတိစခန်း အတိုက်ခံရတာနဲ့ ပတ်သက်တဲ့ ဥက္ကဋ္ဌသခင်ဇင်၏ နိဂုံးချုပ်ချက်**

ညာပလား ပတ်ဝန်းကျင်ကို အားရအောင်ရှင်းပြီးနောက် ရန်သူဟာ သုံးသပ်ချက်တစ်ခု လုပ်တယ်။ သူတို့ရဲ့ သုံးသပ်ချက်ကတော့ “**ပါတီဗဟိုဟာ ပဲခူးချောင်းဖျားရောက်ပြီး မဟာမိတ် အကူအညီနဲ့ ခိုအောင်းနေလိမ့်မယ်**” ဆိုတာပဲဖြစ်တယ်။

အဲဒီအစီအစဉ်အရ ဇူလိုင်လ ၂၇ ရက်နေ့မှာ လျှပ်စီးစစ်ဆင်ရေးကို ရုပ်သိမ်း၊ ထောက်လှမ်းရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖွဲ့ကို မြောက်ဘက်လွှတ် သတင်းစုံစမ်းခိုင်းပြီး အကယ်၍ သတင်းထပ်ရရင် သတင်းပေါ် မူတည်ပြီး ပါတီ ဗဟိုကို ဆက်လက်ချေမှုန်းဖို့ သူတို့ ကြိုးစားကြပြန်တယ်။

ဒါပေမဲ့ လက်နက်ကိုင် ထောက်လှမ်းရေးတပ်ဖွဲ့ ဟာလည်း ဇူလိုင်လ ၂၅ ရက်နေ့မှာ ကျီးမနိုး၊ ခရချောင်း၊ ထန်းလက်ကုန်း ဝါးတလုံးနဲ့ ပေါက်လမ်း ပတ်ဝန်းကျင် များမှာ ဘာသတင်းမှ ထောက်လှမ်းလို့ မရခဲ့ဘူး။

ပါတီဗဟိုစခန်း အတိုက်ခံရတာဟာ စစ်ရေးအရ ပြောရင် ပြောပလောက်အောင် ဆုံးရှုံးမှု မရှိပေမယ့် နိုင်ငံရေး အရ ပြောရင်တော့ အများကြီး နာတယ်။ ဘာကြောင့်လဲ။

(၉၉) (ဂဂ)ရန်သူတပ်မတွေဟာ ၃ နှစ်ကျော် ဆက်တိုက် ခေါင်းမဖော်နိုင်ဘဲ ထိပ်ပြု ခေါင်းကွဲ ခံနေရ တဲ့ အခြေအနေကနေပြီး ကျွန်တော်တို့ရဲ့ အမိကတပ် နှစ်တပ်ဖြစ်တဲ့ အောင်ဇေယျ၊ အောင်နိုင်တို့ဟာ ရှမ်းစု၊ ပေန်းအင်းတိုက်ပွဲတွေမှာ ရှုံးခဲ့ပြီး အခုတစ်ခါ ပါတီဗဟို အတိုက်ခံလိုက်ရတော့ ရန်သူအတွက် အသက်ရှူပေါက် ရပြီး ခေါင်းထောင်လာနိုင်လို့ပဲ။





ထောမအကြိမ် ဗဟိုဌာနချုပ်အတိုက်ခံရခြင်းနှင့် ပတ်သက်၍ သုံးသပ်ချက်

ဒါနဲ့ ပတ်သက်ပြီး ရန်သူက "ပဲခူးရိုးမ ဗကပ အခြေအနေဟာ ၁၉၇၃ ခုနှစ် ငြိမ်မှာ အရှိန်အမြင့်ဆုံး ရောက်ခဲ့တယ်။ ဒါပေမဲ့ မေလကျတော့ ရှမ်းစုတိုက်ပွဲ၊ ပေန်းအင်း တိုက်ပွဲအပြီး အရှိန်ကျလာတယ်။ ၁၉၇၃ ခုနှစ် ဇူလိုင်လကျပြန်တော့ ပါတီဗဟိုစခန်းကို ဝင်ရောက်တိုက် ခိုက်နိုင်ခဲ့တယ်။ ဒါကြောင့် စစ်ရေးအကဲသာမှုဟာ မိမိတို့ လက်ထဲ ပြန်ရောက်လာတယ်။ လက်ရှိအခြေအနေဟာ ဗကပတို့ စတင်ပြိုလာတဲ့ ကာလဖြစ်တယ်။ ဒါကြောင့် မိမိတို့အမှားကြောင့် ဗကပ သက်ဆိုးရှည်နိုင်တယ်။ စစ်မြေပြင် စည်းကမ်းနဲ့ ညွှန်ကြားချက်များကို မိမိတို့ တပ်ဖွဲ့များက စနစ်တကျ လိုက်နာရေးဟာ အရေးအကြီးဆုံး အဆင့် ရောက်နေပြီ" လို့ သုံးသပ်ထားတယ်။

ဒါကိုကြည့်ရင် စခန်းအတိုက်ခံရတာဟာ စစ်ရေး အရ ပြောပလောက်အောင် ဆုံးရှုံးမှုမရှိပေမယ့် စစ်ရေး အကဲသာမှုဟာ ဘယ်သူ့လက်ထဲရောက်မလဲဆိုတဲ့ ပြဿနာ အဖြစ်နဲ့ ရန်သူက ကြည့်တယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်းပဲ ကြည့်ရမှာ ဖြစ်တယ်။

ဒီနေရာမှာ သူတို့ပြောတဲ့အတိုင်း မဟုတ်စေကာမူ ပြဿနာကို ရင်ဆိုင်လာရတယ်ဆိုတဲ့ အဖြစ်ကတော့ ရောက်လာတာပဲ။ ဒါကြောင့်မို့ နိုင်ငံရေးအရ အမှားကြီး နာတယ်လို့ ပြောတာဖြစ်တယ်။

အောင်ဇေယျ အောင်နိုင်တို့ မရှေးမနှောင်း အရှုံးပွဲနဲ့ ရင်ဆိုင်ရပြီး တစ်ဆက်တည်း ပါတီဗဟိုအတိုက် ခံရတာဟာ နိုင်ငံရေးအရ အမှားကြီး နာတာမှန်ပေမယ့် ရန်သူ သုံးသပ်သလို ဗကပစတင်ပြိုပြီ။ စစ်ရေးအကဲသာမှုဟာ သူတို့ဘက်ရောက်နေပြီဆိုတာကတော့ ရန်သူစိတ်ကူးယဉ်မှုသာ ဖြစ်တယ်။ အခြေအနေဟာ မိမိတို့ဘက်မှာ ကောင်းမွန်လျက် ရှိဆဲပဲ။ စစ်ရေးအကဲသာမှုဟာ ကျွန်တော်တို့ လက်ထဲ ရှိနေဆဲဖြစ်တယ်။ ဒါပေမဲ့ လှုပ်တော့လာတယ်။ ခုလိုဖြစ်လာရတာဟာ အခြေအနေအကြောင့် မဟုတ်ဘဲ ခေါင်းဆောင်မှု အမှားကြောင့် သာဖြစ်တယ်။

ဒီလိုဆိုတဲ့အတွက် ရန်သူကို အထင်သေးလို့တော့ မဖြစ်ဘူး။ စစ်ရေးအကဲသာမှု ပြဿနာ တစ်နည်း ဆိုတော့ ရန်သူကိုအလှည့်ပေးမလား၊ မပေးဘူးလားဆိုတဲ့မေးခွန်း





၁၉၇၃ခုနှစ် ရှုလိုင်လက လေးကတိုက်ပွဲကို စီစဉ်ညွှန်ကြားခဲ့သည့် တပ်မ(၇၇)တပ်မမှူး ဗိုလ်မှူးကြီးသူရထွန်းရီ
(ယခု ဒုတိယဗိုလ်ချုပ်ကြီး သူရထွန်းရီ၊ အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ခလရ (၆)တပ်ရင်းမှူးဘဝက စာရေးသူ၏
တပ်မမှူး ဗိုလ်ချုပ် စိုးမြင့် ယခု ကွယ်လွန်



မေးလာတဲ့ အလွန်အရေးကြီးတဲ့ အခြေအနေကို သဘောပေါက်ပြီး မိမိအတွင်းက စစ်ပြေး အတွေးအခေါ်နဲ့ ဒီစစ်ပြေး အတွေးအခေါ် မစွန့်နိုင်သူ အထူးသဖြင့် ခေါင်းဆောင်မှု အတွင်းရှိ စစ်ပြေး အတွေးအခေါ် ရဲဘော်တွေကို နလံမထူအောင် တိုက်ပြီး ရဲသုံးရဲစိတ်ဓာတ်ကို တစ်ဆင့်မြှင့်စိုက်ထူကာ ရန်သူကို ဆက်တိုက်ချေမှုန်းသွားဖို့ မုချလုပ်ရမယ်။ ခေါင်းမော့လာတဲ့ ရန်သူကို နောက်ဘယ်တော့မှ ခေါင်းမမော့နိုင်အောင် ချပစ်ရမယ်။ တိုက်တိုင်းအောင်ပြည်သူ့တပ်မတော်တပ်ဖွဲ့တွေဟာ ရန်သူတွေကို ချေမှုန်းရင်း ကြီးထွားလာခဲ့တယ်။ ချေမှုန်းလျက်လည်း ရှိတယ်။ ရှေ့ကိုလည်း ဆက်လက်ပြီး ချေမှုန်းသွားမှာ ဖြစ်တယ်။

**အတိုက်ခံရတဲ့အကြောင်းရင်း**

အခုလို ပါတီဗဟိုစခန်း အတိုက်ခံရတာဟာ ကောင်းသလား၊ မကောင်းဘူးလား၊ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလား၊ ဘာကြောင့် ဒီလိုဖြစ်လာရသလဲဆိုတာတွေကို သုံးသပ်ဖို့လိုတယ်။ ဒါဟာ အရေးကြီးတဲ့ ပြဿနာဖြစ်တယ်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင်တိုက်နေရတဲ့ ကာလမှာ "ပါတီ ဗဟိုစခန်း အတိုက်ခံရတာမျိုး လုံးဝမရှိဘူး။ မရှိအောင် လုပ်ရမယ် လို့တော့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ထားရမယ့် သဘောထားက အထက်မှာ ပြောခဲ့တဲ့ မိမိရဲ့ ထူးခြားမှု အရ (နိုင်ငံရေးအရ နစ်နာမှု) အတိုက်မခံရရေးအတွက် အစွမ်းကုန် ကြိုးစားရမယ်။ အတိုက်ခံရရင် လည်း အခုထက်ထိ ပိုပြီး ရန်သူ့အထိနာအောင် အခွန်ချည်းရ အောင် လုပ်ရမယ်" ဆိုတာ ဖြစ်ရမယ်။

လျှပ်စီးစစ်ဆင်ရေးမှာ မိမိတို့ အတိုက်မခံရအောင် မလုပ်နိုင်ဘူးလားဆိုရင်တော့ လုပ်နိုင်ပါတယ်လို့ ပြောရမှာပဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ရန်သူ စစ်ဆင်ရေးကို ကြိုပြီး အကဲခတ်နိုင်လို့ ဖြစ်တယ်။

တိတိကျကျ ရန်သူ့သတင်းကို တစ်ရက်လုံးလုံး ကြိုရတယ်။ ဒါသာမဟုတ်ဘူး ရန်သူစစ်ဆင်ရေးလာ နိုင်တယ်ဆိုတာကို တစ်ပတ်ကျော်ကျော် နှစ်ပတ်နီးနီး ကြိုခန့်မှန်းလို့ရတယ်။

ဒါဖြစ်ရင် ဘာကြောင့် မိမိတို့အတိုက်မခံရအောင် မလုပ်သလဲ။ ဒါကတော့ မိမိတို့ဟာ မူလက ရန်သူကို





အထင်သေးမှုကလည်းရှိ၊ ရင်ဆိုင်လာရတဲ့ အခက်အခဲ လည်း ရှိတာကြောင့် အခုလိုဖြစ်တာ ဖြစ်တယ်။

("လေးကတိစခန်း"အတိုက်ခံရခြင်းနှင့် ပတ်သက် ၍ ဥက္ကဋ္ဌသခင်ဇင်၏ နိဂုံးချုပ်မှုရင်းမှ)

ဤသို့ဖြင့် ဥက္ကဋ္ဌသခင်ဇင်သည် "လေးကတိ စခန်း"အတိုက်ခံရခြင်းနှင့် ပတ်သက်၍ စစ်ရေးအရ၊ နိုင်ငံရေးအရ နိဂုံးချုပ်ချက်အဖြစ်ဖြင့် သုံးသပ်ချက်တစ်ရပ်ကို ပြုလုပ်ခဲ့လေသည်။ စိတ်ဓာတ်မြှင့်တင်ရန် ကြိုးပမ်းခဲ့လေ သည်။

ထိုသို့ ဗဟိုစခန်း ပထမဦးဆုံးအကြိမ်အဖြစ် အတိုက်ခံရပြီးနောက်တွင် ဇင်–ချစ်တို့သည် ပို၍ ပို၍ တည်မငြိမ်ဖြစ်လာခဲ့ကြသည်။ ရပ်တည်ရာမရ ဖြစ်လာခဲ့ ကြလေသည်။

ထိုအချိန်မှစ၍ ဇင်–ချစ်တို့သည် နိုင်ငံရေးအရ၊ စစ်ရေးအရ၊ စီးပွားရေးအရ၊ နေထိုင်စားသောက်မှုအရ အက်ပေါင်းစုံမှ ဆုတ်ယုတ်ပျက်ပြားခဲ့လေတော့သည်။ နောက်ဆုံး ၁၉၇၅ ခုနှစ် မတ်လ၌ကား ဗဟို လုံးဝ ဆုံးရှုံးနိုး၍ ဇင်–ချစ်နောက်ဆုံးနှစ်ယောက်ပါ ကျဆုံးသွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်ခင်ဗျား။

ဤသည်မှာ ကျွန်တော်၏ "ထင်ရှားကျော်ကြားပဲခူး ရိုးမ တိုက်ပွဲများ" စာအုပ်တွင် မထည့်သွင်းလိုက် မိသည့် ဗကပဗဟို ဖင်–ချစ်တို့၏ လေးကတိစခန်းကို "**လျှပ်စီး စစ်ဆင်ရေး**"ဖြင့် တပ်မ (၇၇) ကွန်မန်ဒို စစ်ကြောင်းမှ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပါခင်ဗျား။

**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁။ ဖင်–ချစ် နောက်ဆုံး (၂)။ ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ရဲဘော်တင်ရှိန်၊ ရဲဘော်စန်းမြင့်၊ ရဲဘော်အောင်သူ

၂။ ထင်ရှားကျော်ကြား ပဲခူးရိုးမတိုက်ပွဲများ။ သောင်းဝေဦး

■



## (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီး၏ PDP ချေမှုန်းရေးတိုက်ပွဲ

**ဘာပွန်မှသည် ကျောက်တစ်လုံးသို့**

၁၉၇၂ ခုနှစ် ဇွန်လ

ဖာပွန်ရှိ မိခင်တပ်ရင်း ခလရ (၁၉) မှ မော်လမြိုင် ကျောက်တစ်လုံးရှိ ခလရ (၆၁) သို့ တပ်ပြောင်းမိန့် ထွက်၍ ပြောင်းခဲ့ရသည်။ ဖာပွန်လို အစွန်အဖျားနေရာမျိုး၌ ၅ နှစ်ခွဲ ၆ နှစ်နေခဲ့ရသည်။ ဒု–ဗိုလ်ဘဝမှာပင် အိမ်ထောင် ကျခဲ့၍ တပ်ပြောင်းတော့ သားတစ်ယောက် သမီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကလေးနှစ်ယောက်နှင့် မိသားစုလေးဦး ပျော်ပျော်ကြီး ပြောင်းခဲ့ကြ၏။

မော်လမြိုင်တွင် ဖနီးသည်၏ ဆွေမျိုးများရှိသည်။ ကလေးတွေ အရွယ်ရောက်လာရင်လည်း ကျောင်းကောင်းကောင်းထား၍ရသည်။ စစ်သားမို့ ထားရာနေစေရာသွားဆိုသော်လည်း ဖာပွန်ထက်စာရင် မော်လမြိုင်က မွန်ပြည်နယ်မြို့တော်ကြီးမို့ အစစအရာရာ ပြည့်စုံလေရာ မော်လမြိုင် ကျောက်တစ်လုံးကို ပြောင်းရခြင်းအတွက် ကျေနပ်မိပါသည်။

"ခင်ဗျားကို ကျွန်တော်တို့တပ်ခွဲ (၃) မှာ နေရာချထားပေးတယ်။ ခင်ဗျားတပ်ခွဲက အခုရေးမှာ လှုပ်ရှားတာဝန်ထမ်းဆောင်နေတယ်။ ကျွန်တော်တို့တပ်ရင်းက လေးခွဲ တပ်ရင်းမှူးနဲ့ ရေးမြို့ လုံခြုံရေးယူရတယ်။ ဒီမှာ လေ့ကျင့်ရေးအရန်တစ်ခွဲရှိတယ်"

တပ်ရောက်သည်နှင့် အလွန်စီနီယာကျသည့် တပ်ရေးဗိုလ်ကြီးက ဆီးပြောတော့၏။ ဗိုလ်ကြီးချစ်သွင် ဟုခေါ်ပါသည်။ ဗိုလ်သင်တန်း အမှတ်စဉ် (၁၁) က ဖြစ်၏။

"ဟုတ်ကဲ့ပါ ‚င်ဗျာ"





"အဲဒီတော့ ခင်ဗျား တစ်ရက် နှစ်ရက်နေရင် ရေးလိုက်သွားဗျာ။ ရေးမြို့ မီးသတ်ကုန်းမှာ တပ်ရင်းမှူးနဲ့ စစ်ကြောင်းဌာနချုပ်ရှိနေတယ်။ သတင်းသွားပို့လိုက်။ လိုတာ တပ်ရင်းမှူး ထပ်ပြောပါလိမ့်မယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ကျောက်တစ်လုံးရှိ တပ်ရင်းဌာနချုပ်တွင် တပ်ရေးဗိုလ်ကြီးနှင့် တွေ့ပြီး နှစ်ညအိပ် တပ်မှာနေ၊ မိသားစုကို နေရာချပြီးသည်နှင့် နောက်တစ်နေ့ ကျောပိုးအိတ်လွယ်ကာ ရေးသို့ မီးရထားဖြင့် ထွက်ခဲ့သည်။

မုဒုံမှ မနက်ရထားစီးရာ ရေးသို့ ညနေ ရောက်တော့၏။ ရောက်သည်နှင့် တပ်ရင်းမှူးကို တွေ့ဆုံ သတင်းပို့သည်။

"တပ်ရင်းမှူးကြီးခင်ဗျာ ကျွန်တော် ဖာပွန်တပ်က ပြောင်းလာတဲ့ ဗိုလ်သက်ဦးပါ။ မိသားစုတပ်မှာ ထားခဲ့ပါပြီ။ နှစ်ညအိပ်ပြီး ရှေ့တန်းလိုက်လာတာပါခင်ဗျာ"

တပ်ရင်းမှူးကြီးမှာ ဗိုလ်သင်တန်း အမှတ်စဉ် (၇) မှ ဗိုလ်မှူးစိန်ဝင်း ဖြစ်သည်။ အသားညိုညိုနှင့် အသက်ကမူ ၄၀ ကျော် ၅၀ နီးပါးရှိသည်ဟု ထင်ရ၏။ အရုပ်ခပ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြွတ်ဖြစ်သည်။

"ကောင်းပြီလေ။ ဗိုလ်သက်ဦးက ခွဲ(၃)ဆိုတော့ ခင်ဗျားတပ်ခွဲ စကားတောင်ဘုရားမှာ အခုရှိနေတယ်။ တပ်ခွဲမှူးက ဗိုလ်ကြီးတင်ဖေတဲ့ သွားသတင်းပို့လိုက်ပေါ့ဗျာ။ ရန်သူကတော့ လောလောဆယ် ပြည်ပြေး စစ်ကြောင်း တစ်ကြောင်း ရေးနားရောက်နေလို့ ခင်ဗျားတို့တပ်ခွဲကို ရေးအရန်အဖြစ် ပြန်ခေါ်ထားတာ။ ဒုတပ်ရင်း မှူးနဲ့ နှစ်ခွဲတစ်ကြောင်းက လောလောဆယ် သံဖြူဇရပ်ပို့ထားရတယ်။ ခုတလော PDP ပြည်ပြေးရယ်၊ KNU ရယ်၊ မွန်ရယ် သုံးပါတီပေါင်းပြီး ရေးတိုက်မလိုလို၊ သံဖြူဇရပ်တိုက်မလိုလို လုပ်နေတယ်ဗျာ။ ခင်ဗျားတပ်ခွဲက ရေးတောင်ဘက် လွှတ်ထားရာကနေပြီး သုံးပါတီ သတင်းထူးလို့ ရေးပြန် ခေါ်သွင်းထားတာ။ လောလောဆယ်တော့ ရေးအရန်ပေါ့။ ရေးအတိုက်ခံရလို့ မဖြစ်ဘူးဗျ"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ကဲ ... ကဲ ... စကားတောင်ဘုရားကုန်းမှာ ရှိတဲ့ ခင်ဗျားတပ်ခွဲကို သွားလိုက်တော့ မနက်တိုင်း စစ်ဆင်ရေး အစည်းအဝေးတော့ ဒီမှာ လာတက်လေ။ တပ်ခွဲမှူးနဲ့





အတူ လိုက်လာခဲ့ပေါ့"

"ဟုတ်ကဲ့ပါခင်ဗျာ"

စကားတောင်ဘုရားသို့ စစ်ကြောင်းရုံးမှ လိုက်ပို့သော ကားဖြင့် ထွက်လာခဲ့၏။ တပ်ခွဲမှူးဗိုလ်ကြီး တင်ဖေကို သွားသတင်းပို့သည်။ တပ်ခွဲမှူးကြီးသည် ဘုရားကုန်းက ဇရပ်တစ်ဆောင်ပေါ်၌ လှဲလျောင်းနေ၏။ အသားညိုညို ဝဝ ခေါင်းဖြူဖြူနှင့် အသက် ၅၀ ခန့်ဖြစ်ပေသည်။

"ကျွန်တော် ဗိုလ်သက်ဦးပါ တပ်ခွဲမှူး၊ ကနေ့ပဲ ကျောက်တစ်လုံးက ရောက်ပါတယ်။ စစ်ကြောင်းရုံးလည်း သတင်းပို့ခဲ့ပါပြီ။ တပ်ရင်းမှူးကြီးနဲ့လည်း တွေ့ခဲ့ပါပြီ"

"အေး ... ဗျာ ခင်ဗျား ရောက်လာတာ အတော်ပဲဗျ။ ကျုပ်တို့တပ်ခွဲ လှုပ်ရှားတာဝန်ကျမှ အေးအေး ဆေးဆေးကို မနေရပါဘူးဗျာ။ PDP ပြည်ပြေးစစ်ကြောင်း တဲ့ဗျာ။ လူ ၂၀၀ လောက်ပါတယ်တဲ့။ ထားဝယ်ဘက် က တက်လာတာ။ အဲဒါ ရေးတိုက်မယ်ဆိုလို့ ဒီကောင် တွေနဲ့ လိုက်တမ်းပြေးတမ်း ကစားနေရတယ်ဗျာ။ မောနေပြီဗျ။ ကျွန်တော်လည်း သိပ်နေမကောင်းဘူး။ အဲဒါ ကြောင့် နားနေတာ။ တပ်စုမှူး ဗိုလ်သန်းမောင်ဝင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ DSA ၁၄ က ခင်ဗျားအဖော်ရတာပေါ့ဗျာ''

''ဟော့ ... ဆက်သား ရဲဘော် ဗိုလ်သန်း မောင်ဝင်း သွားခေါ်စမ်း''

ခဏအကြာတွင် အသားဖြူဖြူနှင့် အရပ် ၆ ပေခန့်ရှိ ဒု–ဗိုလ်သန်းမောင်ဝင်း ရောက်လာသည်။ သူသည် ကျောင်းဆင်းသည်မှာ မကြာသေး၍ ဒုဗိုလ်သာဖြစ်၏။ ထိုစဉ်က တပ်မတော်တွင် ကျောင်းဆင်းဆင်းချင်း ဒု–ဗိုလ်၊ ထိုမှ ၂နှစ်ကြာသောအခါ ဗိုလ်ဖြစ်သည်။ ထို့နောက် နောက်ထပ် ၅ နှစ်ကြာသောအခါ ဗိုလ်ကြီး ဖြစ်သည်။ ရာထူးတံဆိပ်များမှာ ယခုလို အပွင့်မဟုတ်၊ ဘားအချောင်းများ ဖြစ်၏။ ထို့ကြောင့် အရာရှိငယ်များကို တစ်ဘား၊ နှစ်ဘား၊ သုံးဘား ဟု ခေါ်၏။ ဒု–ဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီးပေါ့ ခင်ဗျာ။

''အစ်ကို ... ကျွန်တော် သန်းမောင်ဝင်းပါ။ DSA ၁၄ကပါ''

''ကိုယ်က သက်ဦးပါ။ OTS ၃၆ ကပါ။ DSA နဲ့ ဆိုရင် ၉ နဲ့သွားညီတာပေါ့''

''ဟုတ်ကဲ့ပါ အစ်ကို''





ဤသို့ဖြင့် ကျွန်တော်သည် ၁၉၇၂ ခုနှစ် ဇွန်၊ ဇူလိုင် မိုးဖြိုင်ဖြိုင်ရွာသောကာလ၌ ရေးမြို့သို့ ရောက်ရှိသွားကာ ရှေ့တန်းစစ်ဆင်ရေးတာဝန်များကို စတင်ထမ်းဆောင်ရပါသည် ခင်ဗျား။

## ခရီးထွက်ရပြီ

ကျွန်တော် ရောက်ပြီး နောက်တစ်နေ့မှာပင် ခရီးထွက်ရ၏။ ထိုနေ့နံနက်၌ စစ်ကြောင်းရုံးမှ အောက်ပါ ကြေးနန်းကလေး လာပို့သည်။

''PDP ပြည်ပြေး မျိုးလွင်၊ ချစ်လွင်နှင့် ထွန်းစိန် ဦးစီး၍ အင်အား ၂၀၀ ခန့် ဟန်ဂန်ကလော့ကြီးသို့ ရောက်ရှိပြီး ရေးမြို့အား ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်နေကြောင်း သိရ၊ ဤကန ရလျှင်ရချင်း ဗကပတင်ဖေ ဦးစီးခွဲ (၃) တစ်ခွဲလုံးသည် အခြေပြုရေးမှ ချီတက်၍ ဟန်ဂန်ကလော့ကြီးရှိ ရန်သူအား ရှင်းလင်းတိုက်ခိုက်သွားရန် ညွှန်ကြားသည်''

''အင်း ... ရန်သူ ၂၀၀ ကို တပ်ခွဲတစ်ခွဲနဲ့ တိုက်ခိုင်းနေပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်သက်ဦးရေ မြင်တဲ့အတိုင်းပဲဗျာ။ ရန်သူ ၂၀၀ ကို တပ်ခွဲတစ်ခွဲတည်းနဲ့ သွားတိုက်ပါတဲ့။ ခိုင်းတော့လည်း လုပ်ရမှာပေါ့"

တပ်ခွဲမှူး ဗိုလ်ကြီးတင်ဖေက ညည်းညည်း ညူ ညူနှင့် ပြောလိုက်သည်။ ကျွန်တော်တို့သည် တပ်ခွဲ တစ်ခွဲလုံးအသင့်ပြင်ကာ ရေးမှရေး–ထားဝယ်ကားလမ်း ပေါ်ရှိ ကိုးမိုင်စခန်းသို့ ထွက်လာခဲ့ကြ၏။ ကိုးမိုင်အထိ ကားဖြင့် ချီတက်ခဲ့ကြပြီး ဟိုတက်သို့ ခြေကျင်ဆက်လျှောက် ကြသည်။ မိုးက ပြတ်တောင်းပြတ်တောင်း ရွာ လျက်ရှိ၏။ ညနေ နေမဝင်မီ ကလော့ကြီးရွာကို ဝင်ရှင်းလိုက်နိုင်၏။ ရန်သူများ ခေါဇာ သဗျာဘက် ဆုတ်သွားကြသည်ဟု ဆို၏။ ထိတွေ့မှုမရှိပါ။ တပ်ရင်းက ဆုတ်သွားသော ရန်သူနောက် လိုက်ရှင်းပါဆို၍ သတင်းထောက်ရင်း တဖြည်းဖြည်း လိုက်ရှင်းရာ ပင်လယ်ကမ်းခြေရှိသဗျာ၊ ခေါဇာ၊ တရုတ် ထောက်ရွာများအထိ ရောက်သွားပါသည်။ ရန်သူများက တောင်ဘက်သို့ ဆက်ဆုတ်သွားကြသည်။ ပြည်ပြေး စစ်ကြောင်းခေါင်းဆောင် မျိုးလွင်နှင့် ချစ်လွင်တို့က ကံဘောက်သားတွေဖြစ်၍ ကံဘောက်အထိ ပြန်ဆင်းချသွား

မြရတနာစာပေ



သည်ဟု ကြားရပါသည်။ ကျွန်တော်တို့တပ်ခွဲကို ခံမတိုက်ပါ။ ဟန်ရေးပြ၍ စစ်တံခွန်လာလွှင့်ရုံသက်သက်ဟုသာ ထင်ပါ သည်။ မလွှဲတောင်နှင့် ပင်လယ်ကမ်းခြေကြား တစ်ပတ်ခန့် လှည့်ပတ်ရှင်းပြီး တပ်ခွဲမှူးကြီး အကြီးအကျယ် ဖျားတော့၏။ မိုးကလည်း သည်းသည်းမဲမဲ ရွာနေ၏။ တပ်ခွဲမှူးကြီး ဆေးရုံတင်ပေးရန်ရေးသို့ ပြန်ဝင်ရသည်။

တပ်ခွဲမှူးကြီး ဆေးရုံရောက်သွားသည်နှင့် တပ်ခွဲ မှူးတာဝန်ကို ကျွန်တော် လွှဲယူလိုက်ရတော့၏။

"ဗိုလ်သက်ဦးက လူငယ်ဆိုတော့ တက်တက် ကြွကြွ လုပ်မယ်လို့ ယုံကြည်လို့ တပ်ခွဲမှူးတာဝန်ပေး လိုက် ပြီ။ တပ်ခွဲကို ဦးစီးပြီး ရေးပတ်ဝန်းကျင်က ရန်သူကို ရှင်း ပေးပါ"

ဟု တပ်ရင်းမှူးက ပြောလေသည်။ စစ်သား ဆိုတော့ လုပ်ပါ့မယ်ဟု အာမခံလိုက်ရတော့၏။

သိပ်မကြာပါခင်ဗျာ။

ပြည်ပြေးများ ဟန်ဂန်ကလော့ကြီးကို ပြန်ရောက် လာကြပြန်၏။ ထိုနေ့က ဟန်ကန်ကလော့ကြီးမှ ရေးကို ပြေးနေသည့် ကားသမားများထံမှ မနက်စောစောစီးစီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သတင်းရသည်။

"ကဲ ... ဗိုလ်သက်ဦးရေ ... ခင်ဗျားမိတ်ဆွေတွေ ရောက်နေပြီ။ သွားပြီးရှင်းလိုက်ပါဦး"

တပ်ရင်းမှူးကြီးက ခေါ်ပြောသည်။ မိုးသည်းသည်းတွင် ရေးက ထွက်ခဲ့ရပြန်၏။ ဒီတစ်ခါတော့ ကား မစီးတော့ဘဲ ရေးမှ ခြေလျင်ချီတက်ခဲ့၏။ သတင်း မပေါက်အောင် လမ်းမကြီးမသုံးဘဲ တောလမ်းမှ ချီတက်ခဲ့၏။ တစ်ဦးတည်းသော တပ်စုမှူး ဗိုလ်သန်းမောင်ဝင်းနဲ့ တိုင်ပင်ရသည်။

"ဘယ်လိုလဲ ကိုယ့်ညီ"

"ချကြတာပေါ့ အစ်ကိုရာ။ အရင်တပ်ခွဲမှူးကြီးနဲ့တုန်းက သူက သိပ်နေမကောင်းတော့ လှို့နေတာ။ ကိုယ်က သိပ်မတက်ကြွရဲဘူးလေ။ အစ်ကိုနဲ့ကတော့ ချကြမယ်လေ"

ကျွန်တော်က PDP ပြည်ပြေးတွေနဲ့ တစ်ခါမှ မတိုးဘူးသေးပါ။ ထို့ကြောင့် လူဟောင်း ဗိုလ်သန်းမောင်ဝင်းကို မေးရသည်။

နေ့လယ်လောက် ဟန်ဂန်ကလော့ကြီးနား ရောက်





သွားသည်။ မိုးကမူ သည်းသည်းမဲမဲရွာနေ၏။ ရွာကို အကဲခတ်ရာ ငြိမ်တိတ်နေ၏။ မိုးရွာထဲမှာပင် ရွာကို တဖြည်းဖြည်း ကပ်သွားကြသည်။ ရွာထိပ် ချေးနား အရောက်၌ ပို့င့်တပ်စိတ်မှ ကုလားလေး မျိုးဆွေက ရန်သူ ရန်သူ ဟု အော်ပြီး တဒိုင်းဒိုင်းနှင့် စပစ်တော့၏။

ပစ်သံခတ်သံများ ဆူညံသွားတော့သည်။ တပ်ခွဲတစ်ခွဲလုံး မိုးရေထဲမှာ အတင်းပြေးလွှားပြီး ရွာကို ဝင်စီးကြ၏။ ကျွန်တော်နှင့် ဗိုလ်သန်းမောင်ဝင်းတို့နှစ်ဦးလည်း ကာဘိုင်ကိုယ်စီဖြင့် ပစ်ရင်းခတ်ရင်း တပ်ခွဲနှင့်အတူ အတင်းဝင်လိုက်သွားကြ၏။ တပ်ကြပ်ကြီး ကျော်ခင်၏ ပို့င့်တပ်စုမှ ရွာကို ဝင်ရှင်းသည်။ ရန်သူများမှာ မိုး သည်းသည်းတွင် ကျွန်တော်တို့ ယခုလို ဗြုန်းစားကြီး နေ့ခင်းကြောင်တောင် ရောက်လာမည်မထင်၍ အငိုက်မိသွား၏။ ရွာတောင်ဘက် ပင်လယ်ကမ်းခြေလမ်းသို့ အတင်းဆုတ်ပြေးကြသည်။ အပြေးကောင်းသွား၍ တစ်ယောက်မှ ကျမကျန်ခဲ့။ စိတ်ပေါက်ပေါက်နှင့် ၂လက်မစိန်ပြောင်း လေးငါးဆယ်ချက် လှမ်းထုပစ်လိုက်သည်။

"ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ခွေးမသားတွေ တစ်ယောက်မှ ကျမကျန်ခဲ့တာ နာတယ်ကွာ"

"ဘာတွေကျန်ခဲ့လဲ"

"ဈေးထဲမှာတော့ ကျောပိုးအိတ် လေးငါးဆယ်လုံး ကျန်ခဲ့တယ်။ အမ် ၁၆ ကျည် လေးငါးရာကျန်ခဲ့တယ်"

"ဘာမှမရတာစာရင် တော်သေးတာပေါ့ကွာ"

"ရေးဝင်စီးမယ်ဆိုတဲ့ အပြောကြီးတဲ့ကောင်တွေ ရေးနေနေသာသာ ဟန်ဂန်မှာတောင် ကြာကြာမနေနိုင်ဘူး။ ပြေးတော့တာပဲ"

ကျွန်တော်သည် ရန်သူ ၂၀၀ ခန့်ကို အတင်းဝင်တိုက်ရဲသည့် ကျွန်တော့်တပ်ခွဲကို အံ့ဩသဘောကျ သွားသည်။ တပ်ခွဲကလည်း သူတို့နှင့်အတူ အပြေးအလွှား လိုက်ပါပြီး အတူတိုက်ပွဲဝင်သည့် ကျွန်တော်နှင့် ဗိုလ်သန်းမောင်ဝင်းအား ကျေနပ်နေကြ၏။

ဟန်ဂန်ရွာသူရွာသားများလည်း လူ ၂၀၀ ကျော်ပါသော PDP စစ်ကြောင်းအား ကျွန်တော်က လူ ၆၀ ခန့်နှင့် အတင်းဝင်ဆော်သည်ကို အံ့ဩနေကြ၏။

စိတ်ဓာတ်ရေးရာအရ ရန်သူပေါ် အောင်မြင်မှုရခဲ့





သော်လည်း PDP တို့ အထိနာမသွားကြပါ။ အလောင်း၊ လက်နက် မကျန်ခဲ့ပါ။ ထို့ကြောင့် နောက်တစ်ခါ ပြန်လာချင်လာကြပေဦးမည်။

အေးလေ ... လာတော့လည်း နောက်တစ်ပွဲပေါ့။

ဟန်ဂန်တိုက်ပွဲအပြီးတွင် ရေးချောင်းဖျားဘက်၌ KNU လုဦး သုတင်းပေါ်၍ ကျွန်တော့်တပ်ခွဲရေး ချောင်းများတက်ရပြန်သည်။ အတော်ကြာသွား၏။ ရေးချောင်းဖျားက ပြန်ဆင်းလာတော့ တောင်ဘုံ အရှေ့တောင်ဘက်သွားပါဦးဆိုပြန်သဖြင့် တော်ဘုံ အရှေ့တောင်သာမကာ ရေးနှင့်သမိုင်းကြား ရထားလမ်း တစ်လျှောက် လှုပ်ရှားရပြန်သည်။ ၎င်းတွင် ရေးမြို့နယ်အတွင်းရှိ သောင်းကျန်းသူအမျိုးစုံနှင့် တွေ့ဖူးသွားတော့၏။

ရေးတောင်ဘက် ဟန်ဂန်ကလော့ကြီး ခေါဇာ၊ သဗျာဘက်က PDP ပြည်ပြေးများ၊ ရေးချောင်းဖျားဘက်က KNU တပ်မဟာ (၆) မှ ဗိုလ်လှစိုးနှင့်အဖွဲ့ဆောင်ဘုံ အရှေ့တောင်ဘက်က မွန်ပြည်တော်ပြန် အရှင်နဲ့တိုင်အဖွဲ့၊ မော့ကနင် လမိုင်းဘက်မှ NMSP ခေါ်မွန်ပြည်သစ်ပါတီမှ နိုင်ရွှေအောင်နှင့်အဖွဲ့၊ အားလုံးနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ပါပြီ။ ဗိုလ်သန်းမောင်ဝင်းနှင့် အတွဲမိသဖြင့် တိုက်ပွဲတိုင်းမှာပင် မိမိ အထိအခိုက်မရှိဘဲ အောင်မြင်မှုများရ၍ တပ်ရင်းမှူးကြီးက တပ်ခွဲမှူးအသစ်ကလေး ကျွန်တော့်ကို ကျေနပ်သွားသည်။

## တပ်ရင်းဌာနချုပ်သို့ ပြန်လည်ဝင်ရောက်ရခြင်း

လှည့်လည်သွားလာနေရသဖြင့် အချိန်က ဖြုတ်ခနဲ ကုန်သွား၏။ လေးငါးလဆိုတာ ဘာမှမကြာလိုက်။ နှစ်ကုန်ပြီး ၁၉၇၃ ခုနှစ် နှစ်ကူး၌ တပ်ခွဲပြန်နားရသည်။ ကျောက်တစ်လုံး တပ်ရင်းဌာနချုပ် ပြန်ဝင်ပြီး လေ့ကျင့်ရေး လုပ်ရ၏။ တပ်ခွဲ တစ်လနားပြီး ရှေ့တန်းပြန်တက်မယ်လုပ်တော့ ရှေ့တန်းမှ ကြေးနန်းဝင်လာ၏။

ဗိုလ်သန်းမောင်ဝင်းက ရတခမှ (၁၀၁) ကွန်မန်ဒို တပ်ဖွဲ့ကြီးသို့ သွားရမည်။ ကျွန်တော်က တပ်ခွဲမှူး တာဝန်ကို ဗထူးက သင်တန်းဆင်းလာသည့် ဗိုလ်ကြီး ခင်သန့်အောင် လွှဲပြီး ရေးမြို့ရှိ စစ်ကြောင်းဌာနချုပ်သို့ ဦးစီးအရာရှိအနေဖြင့် ပြောင်းရမည်ဆို၏။

ကျွန်တော်တို့နှစ်ဦးအတွက် တပ်ခွဲမှ နှုတ်ဆက်





သည့် ထမင်းစားပွဲ **Farewell Dinner** ကို ကျောက်တစ်လုံး တပ်ရင်းဌာနချုပ်၌ လုပ်ဖြစ်သည်။

"ကဲ ... အစ်ကိုရေ အစ်ကိုနဲ့ စစ်ဆင်ရေး တစ်ပတ်တွဲလိုက်ရတာ အမှတ်တရ ပြောစရာတွေ အများကြီးပဲ။ ပြည်ပြေး **KNU** ပြည်တော်ပြန် မွန်ပြည်သစ် အားလုံး စုံသွားပြီ။ ကွန်မန်ဒိုရောက်ရင်တော့ ဘာဖြစ်ဦးမလဲ မသိဘူး"

ဗိုလ်သန်းမောင်ဝင်းက အမှတ်တရဆို၏။

"အေးကွာ ...ပထမဆုံး ဟန်ဂန်ကလော့ကြီး တိုက်ပွဲမှာ ပြည်ပြေးတွေဆီက အလောင်း၊ လက်နက် မရလိုက်တာတစ်ခုကလွဲပြီး ကျန်တာတော့ ကျေနပ်ပါတယ်။ ဒီကောင်တွေ အခုအထိ အထိမနာသေးဘူးကွ။ အခုလဲ ရေးကို တိုက်မယ် တိုက်မယ်နဲ့ လေကျယ်နေတုန်းပဲ။ မိုးလွင်၊ ချစ်လွင်နဲ့ ထွန်းစိန်တို့က ရေးနားက ကို မသွားဘူး။ ထွန်းစိန်က ရေးသားတဲ့။ ရေးတောင်ဘက် ချောင်းတောင် ကတဲ့"

"ကြုံမှာပါ အစ်ကိုရာ။ ဒီကောင်တွေ အချိုကြီး တော့ ကြုံဦးမှာပါ။ မကြုံသေးတော့ ပြောဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ။ ကြုံဦးမှာပါ"

အထက်ပါအတိုင်း ပြောကာ ထိုညက **Farewell Dinner** ကို အဆုံးသတ်ခဲ့ပါသည်။ **Mess night** ပြီးတော့ နောက်နေ့ ကျွန်တော်က ရေးစစ်ကြောင်းရုံး သွားသတင်းပို့ရသည်။ ဗိုလ်သန်းမောင်ဝင်းက ရတခ စစ်ဦးစီးဌာနသို့ (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီး၌ တာဝန်ထမ်းဆောင်ရန် သတင်းပို့ရသည်။

ဤနေရာတွင် ရတခခေါ် အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ကွန်မန်ဒိုတပ်ဖွဲ့များအကြောင်းကို အတန်ငယ် ရှင်းလင်းတင်ပြရန် လိုပါသည်။

## PDP ပြည်ပြေးများပေါ် ပေါက်လာခြင်း

၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်း၍ ဖယ်ရှားခံခဲ့ရသော နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုသည် ၁၉၆၉ ခုနှစ် ဧပြီလ ၁၁ ရက်နေ့၌ မိသားစုနှင့်အတူ ဗုဒ္ဓဂယာဘုရားဖူးနှင့် ကျန်းမာရေးအတွက် ဆေးကုသခံယူရန်အတွက် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။ ထို့နောက် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ယခင် နေ့ရှင်း





သတင်းစာအယ်ဒီတာချုပ် ဦးလောရုံနှင့် ဆက်သွယ်ခဲ့၏။ ဦးလောရုံသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်တပ်နှင့် ပါသွားခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် အမေရိကန် ထောက်လှမ်းရေးအဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။ ၁၉၄၈ ခုနှစ်တွင် နေ့ရှင်းသတင်းစာကို တည်ထောင်ကာ အယ်ဒီတာချုပ်ဖြစ်ခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် အစိုးရကို ပုတ်ခတ်ရေးသားသဖြင့် ၁၉၆၃ ခုနှစ်၌ ထိန်းသိမ်းခံရကာ ၁၉၆၈ ခုနှစ်တွင် ထောင်မှ လွတ်ခဲ့သည်။ ထို့နောက် အင်္ဂလန်ကို အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။

အင်္ဂလန်ရောက်ပြီးသည့်နောက် ဦးလောရုံသည် ထိုင်းနိုင်ငံသို့ ၁၉၆၅ ခုနှစ်ကပင် ကြိုတင်ရောက်ရှိနေသည့် ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဇာလီမော်တို့ ဦးစီးသည့် အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ဆက်သွယ်ခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို စုစည်း၍ ထိုအဖွဲ့အစည်းနှင့် ဆက်သွယ်ပေးခဲ့ပါသည်။ ထိုအဖွဲ့အစည်းကို အမျိုးသားလွတ်မြောက်ရေး ကောင်စီဟု အမည်ပေးကြကာ ကွပ်ကဲမှုအောက်၌



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင်တပ်များကို KNU နှင့် ပူးပေါင်းကာ အောက်ပါအတိုင်း ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြ၏။

(က) လူ ၅၀၀ စီပါဝင်သော လက်နက်ကိုင် တပ်ရင်း ကိုးရင်းဖွဲ့ရန်၊

(ခ) ၎င်းမှ တပ်ရင်းသုံးရင်းစီပါဝင်သော တပ်မဟာ သုံးခုဖွဲ့ရန်၊

(ဂ) တပ်မဟာ သုံးခုအား အောက်ပါအတိုင်း တာဝန် ပေးရန်

* တပ်မဟာ (၁၇) ကို ထားဝယ်ခရိုင်
* တပ်မဟာ (၂၇) ကို မြိတ်ခရိုင်
* တပ်မဟာ (၃၆) ကို မော်လမြိုင်ခရိုင်

ထိုကောင်စီတွင် ဗိုလ်ရန်နိုင်သည် စစ်ဦးစီးမှူးဖြစ်၍ လက်နက်ကိုင်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းပြီးသောအခါ ပြည်သိမ်းစီမံချက်ဖြင့် စစ်ဆင်ရေးတစ်ရပ် မြန်မာနိုင်ငံ အတွင်း ဆင်နွှဲရန်ဖြစ်လေသည်။

ထိုအဖွဲ့အစည်းကြီးကို နိုင်ငံခြားအကူအညီဖြင့် လက်နက်တပ်ဆင်ရန် ဦးလောရုံမှ ပံ့ပိုးဆောင်ရွက်ပေးခဲ့ လေသည်။ ထို့နောက် တော်လှန်ရေးကောင်စီအစိုးရကို





ဖြုတ်ချရန် ထိုအဖွဲ့အစည်းကြီးကို ခေါင်းဆောင်မည့် မြန်မာနိုင်ငံမှ ဩဇာတိက္ကမနှင့် အစဉ်အလာကြီးမားသော ခေါင်းဆောင်တစ်ဦး လိုအပ်လျက်ရှိရာ ဦးလောရုံက နိုင်ငံရေးအစဉ်အလာကြီးမားသော ဦးနုကို ရွေးချယ်ခဲ့လေ သည်။

၁၉၆၉ ခုနှစ် ဩဂုတ်လတွင် ဦးလောရုံသည် အိန္ဒိယသို့ သွားရောက်ကာ ဦးနုနှင့်တွေ့ဆုံ ဆွေးနွေးပြီး ဦးနုနှင့် မိသားစုအား ထိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ပါ သည်။ ဦးနုသည် ထိုင်းနိုင်ငံ၌ ဗိုလ်မှူးချုပ်ဟောင်း စောကြာ ဒိုး၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လက်ျာ၊ မဟာဒေဝီတို့နှင့် တွေ့ဆုံ ပူးပေါင်းမိကာ (Paliament Democracy Party) ခေါ် PDP ပါတီကို ၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ ဦးနုက PDP ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဦးလောရုံက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန် ယူခဲ့လေသည်။ ပါတီဌာနချုပ်အား ဗန်ကောက်မြို့ ဆွိုင် (၁၈) အမှတ် ၁၂ တွင် ဖွင့်လှစ်ခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်တွင် ဦးနုနှင့် ဦးလောရုံတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ပြည်ချစ်လူငယ်တပ်ဖွဲ့ကို ထူထောင်ပြီး **KNU, NMSP** တို့နှင့် ညှိနှိုင်းကာ သုံးပါတီ တပ်ပေါင်းစုကို ဖွဲ့စည်းခဲ့ပါသည်။ **PDP** တပ်ပေါင်းစုကို ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်ဟု အမည်ပေးပြီး အောက်ပါအတိုင်း တာဝန်ပေးခဲ့ပါသည်။

စစ်ဦးစီးချုပ် — မေဂျာဂျင်နရယ် စောကြာဒိုး
ဒု-စစ်ဦးစီးချုပ် — ဗိုလ်လကျာ
တောင်ပိုင်းတိုင်း တိုင်းမှူး — မေဂျာဂျင်နရယ် ရန်နိုင်
အလယ်ပိုင်းတိုင်း တိုင်းမှူး — ဘရီဂေဒီယာမောင်သွင်
မြောက်ပိုင်းတိုင်း တိုင်းမှူး — ဂျင်မီယန်း
အနောက်မြောက်တိုင်း တိုင်းမှူး — ဗိုလ်မှူးအောင်
သီးခြား တိုင်း (၁) မှူး — တင်မောင်ဝင်း
အထူး တိုင်း (၁) မှူး — ဇော်ထွန်း

**PDP** ပါတီက ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်ကို ဖွဲ့စည်းပြီးသည့်နောက် စစ်ရေးလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့၏။

မူလက ဗိုလ်ရန်နိုင်၏ တိုင်း(၁)နှင့် ဦးသွင်၏ တိုင်း(၂)တို့သာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဂျင်မီယန်း၏





မြောက်ပိုင်းတိုင်း ဗိုလ်မှူးအောင်၏ အနောက်မြောက်တိုင်းနှင့် တင်မောင်ဝင်း၏ သီးခြားတိုင်း (၁) တို့ကိုပါ ဖွဲ့စည်းခဲ့ပြီး လူအင်အားမှာ ၁၀၀၀ ကျော် ဖြစ်လာခဲ့ပါသည်။

**PDP** ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်ခေါ် ပြည်ပြေးတို့သည် ၁၉၇၀ ခုနှစ်မှစ၍ **KNU, NMSP** တို့နှင့် ပူးပေါင်းကာ ထိုင်းမြန်မာနယ်စပ်မှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လှုပ်ရှားခဲ့ကြလေတော့သည်။

**PDP** ပြည်ပြေးများ လှုပ်ရှားရာဒေသအားလုံးလိုလိုပင် ထိုစဉ်က အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်းမှာ ရှိခဲ့လေသည်။

## တိုင်းကွန်မန်ဒိုများဖွဲ့စည်းခြင်း

၁၉၆၉ ခုနှစ် ဇူလိုင်လတွင် အရှေ့တောင်တိုင်း တိုင်းမှူးတာဝန်အား တပ်မ (ဂဂ) တပ်မမှူး ဗိုလ်မှူးကြီး တင့်ဆွေသည် တိုင်းမှူးဟောင်း ဗိုလ်မှူးကြီး မောင်လွင်ထံမှ လွှဲပြောင်းလက်ခံရယူခဲ့လေသည်။

ဗိုလ်မှူးကြီးတင့်ဆွေသည် တပ်မ (ဂဂ) နှင့် ပဲခူးရိုးမစစ်ဆင်ရေးတွင် တပ်မကွန်မန်ဒိုစစ်ကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းကာ ဗကပ စစ်ဦးစီးချုပ် ဗိုလ်ဖေယျ၊ ဥက္ကဋ္ဌသခင် သန်းထွန်းတို့ကို ပွဲတွေ့ ချေမှုန်းလာခဲ့သည့် တပ်မှူးကြီး ဖြစ်၏။

ဗိုလ်မှူးကြီးတင့်ဆွေ ရတခ တိုင်းမှူး တာဝန်ထမ်းဆောင်ပြီး လအနည်းငယ်မှာပင် **PDP** ပြည်ပြေးများနှင့် သုံးပါတီတပ်ဖွဲ့များသည် အရှေ့တောင် တိုင်းနယ်မြေတစ်လျှောက် မြောက်ဘက် လှိုင်းဘွဲ့မှသည် တောင်ဘက် မြိတ်ဒေသအထိ လှုပ်ရှားလာကြတော့၏။

ထိုစဉ်က အရှေ့တောင်ပိုင်း စစ်ဌာနချုပ်ကွပ်ကဲမှု အောက်တွင် တိုက်ခိုက်ရေးတပ်ရင်းမှာ ၁၀ ရင်းခန့် မျှသာ ရှိရာ ပေါ်လာသော ရန်သူအသစ်ကို ချေမှုန်းရန်အတွက် တပ်အင်အား မလုံလောက်ပါချေ။ ထို့ကြောင့် တပ်ရင်း အသစ် ၂ ရင်း ထပ်မံဖွင့်လှစ်ခဲ့ရသည်။ ထို့အပြင် မူလ ရှိရင်း တပ်ရင်းများမှ လက်ရွေးစင် တစ်စုတစ်စုစီကို တိုင်းတွင် ခေါ်ယူပြီး ကွန်မန်ဒိုတပ်ခွဲများ ဖွဲ့စည်း လေ့ကျင့်ပေးလေသည်။ တပ်ဖွဲ့မှူးများအဖြစ် ကွပ်ကဲမှု အောက် တပ်ရင်းအသီးသီးမှ ဗိုလ်မှူးအဆင့် အရာရှိများကို ရွေးချယ်တာဝန်ပေးခဲ့၏။ ၁၉၇၀ ခုနှစ်၌ အောက်ပါအတိုင်း





ကွန်မန်ဒိုတပ်ဖွဲ့ကြီး သုံးခုပေါ်လာတော့၏။

* ၁၀၁ ကွန်မန်ဒိုတပ်ဖွဲ့ကြီး
* ၂၀၂ ကွန်မန်ဒိုတပ်ဖွဲ့ကြီး
* ၁၀၃ ကွန်မန်ဒိုတပ်ဖွဲ့ကြီး

တပ်ဖွဲ့ကြီးတစ်ဖွဲ့လျှင် တပ်ခွဲတစ်ခွဲစာ ဖွဲ့စည်းပုံ အပြည့် ဖွဲ့စည်းပြီး ပေါ့ပေါ့ပါးပါး ချီတက်နိုင်ရန်နှင့် ကွန်မန်ဒို သင်ခန်းစာများကို အထူး လေ့ကျင့်ပေးထား၏။ အထူး တာဝန်တပ်ဖွဲ့ **Special Task Force** အဖြစ် သတ်မှတ်ကာ **Mission** ရည်မှန်းချက်တာဝန်များ ပေးပြီး သုံးပါတီ ချေမှုန်းရေးများကို ဆောင်ရွက်စေသည်။ တပ်ဖွဲ့ကြီး သုံးဖွဲ့လုံးကို ရတခ စစ်ဦးစီးဌာနမှ တိုက်ရိုက်ကွပ်ကဲကာ မော်လမြိုင်တပ်နယ်အတွင်းမှာပင် အခြေပြုထား ရှိခဲ့လေသည်။

ရန်သူလှုပ်ရှားမှုများကလည်း များပြားသဖြင့် တိုင်းကွန်မန်ဒိုတပ်ဖွဲ့ကြီးများမှာ အားရ နားရသည် မရှိပါ။ အမြဲတမ်းလိုလို တိုက်ပွဲဝင်နေကြရပါသည်။

စာရေးသူ ကျွန်တော် မော်လမြိုင် ကျောက်တစ်လုံးသို့ ပြောင်းရွှေ့ရသည့်ကာလကား ရန်သူသုံးပါတီ စစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများနှင့် ရတခ ကွန်မန်ဒိုတပ်ဖွဲ့ကြီးများ အပါအဝင် ရတခတပ်များ အသည်းအသန် ထွေးလုံး ရစ်ပတ် တိုက်ခိုက်နေကြသည့် ကာလဖြစ်ပါသည်။

PDP ပြည်ပြေးများထဲ၌ ဗိုလ်ရန်နိုင်၏ တောင်ပိုင်းတိုင်းနှင့် ဦးသွင်၏ အလယ်ပိုင်းတိုင်းတို့သည် အင်အား အတောင့်တင်းဆုံးဖြစ်၍ အလှုပ်ရှားနိုင်ဆုံးလည်း ဖြစ်၏။

PDP တောင်ပိုင်းတိုင်းမှာ ထိုင်း–မြန်မာနယ်စပ် မွှေးစခန်းတွင် အခြေပြုထား၏။ မွှေးစခန်းသည် မြန်မာ နိုင်ငံ ထားဝယ်ခရိုင် မေတ္တာရွာ၏ အရှေ့ဘက်၌ တည်ရှိ သည်။ ယခင်ကတည်းက တောခိုခဲ့သော အုန်းပင်ကွင်း ရွာသား ဝဏ္ဏကျော်ထင် ဦးစံမြိုင်၏ သားကြီးတင်ငွေ၏ နတ်အိမ်ထောင်စခန်းနှင့် သိပ်မဝေးကွာ လှပေ။ နတ် အိမ်ထောင်စခန်းနှင့် မွှေးစခန်းမှာ ကားလမ်းရှိလေသည်။

အလယ်ပိုင်းတိုင်းမှာ ထိုင်းနိုင်ငံ တတ်ခရိုင် မဲဆောက်မြို့နယ်အတွင်းရှိ ဟိုပိုင်ကျေးရွာတွင် အခြေပြု ထားရှိလေသည်။

အနောက်မြောက်တိုင်းမှာ ထိုင်းနိုင်ငံ မဲဟောင် ဆွန်ပြည်နယ် ခွန်ယွန်းမြို့နယ်အတွင်းရှိ ထော်ဖဲကျေးရွာ





တွင် အခြေပြုထားရှိလေသည်။

ကျွန်တော့်တပ်ခွဲနှင့် ထိတွေ့မှုဖြစ်ခဲ့သော PDP စစ်ကြောင်းမှာ ဗိုလ်ရန်နိုင်၏ တောင်ပိုင်းတိုင်း နတ် အိမ်ထောင်စခန်း တင်ငွေ၏ ကျားနက်တပ်ရင်းမှ အဓိက စစ်ကြောင်းဖြစ်လေသည်။ စစ်ကြောင်းမှူး မျိုးလွင်က ကံပေါက်သား ဒုစစ်ကြောင်းမှူး ချစ်လွင်ကလည်း ကံပေါက် သား။ ကံပေါက်နှင့် အုန်းပင်ကွင်းမှာ ဘာမျှ မဝေးပါ။ မျိုးလွင် သည် တစ်ရံရောအခါက တင်ငွေ၏ တပည့်ဖြစ်ခဲ့ဖူးသည်။ တင်ငွေ၏ စီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်ခဲ့ဖူး သည်။ တင်ငွေတို့ ညီအစ်ကို သူပုန်ဖြစ်သွားသောအခါ နတ်အိမ်ထောင်တွင် နေသည်။ မျိုးလွင်နှင့် ချစ်လွင်သည် ကျေးရွာကာကွယ်ရေးလုပ်ပြီး သေနတ်ကိုင်ခဲ့ဖူးသည်။ စီးပွားရေးကိစ္စနှင့် နတ်အိမ်ထောင်ရောက်သွားသောအခါ တင်ငွေ၊ မောင်စိုး၊ တင်ဖေ စသည့် ညီအစ်ကိုများက မျိုးလွင်နှင့် ချစ်လွင်တို့ကို စည်းရုံးပြီး လူ ၂၀၀ ခန့်နှင့် လက်နက်တပ်ဆင်ပေးကာ ရေဖြူ၊ ကလိန်အောင်၊ ကံပေါက်၊ ရေး စသည့် ဒေသများနှင့် ရေး–ထားဝယ် ကားလမ်းတစ်လျှောက် လှုပ်ရှားခိုင်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်များအဖြစ် **M 16, HK 33, M 79, M 72** စသည့် ခေတ်မီမောင်းပြန်သေနတ်များ၊ တစ်ချက်ပစ် လောင်ချာများကို တပ်ဆင် ပေးလိုက်ရာ ရိုင်ဖယ်အစုတ်များကိုသာ ကိုင်ခဲ့ဖူးသည့် မျိုးလွင်တို့တစ်တွေ အထူးတက်ကြွနေကြ၏။

ရေဖြူတိုက်မည် တကဲကဲ၊ ကလိန်အောင်တိုက်မည် တကဲကဲ၊ ရေးတိုက်မည် တကဲကဲ လုပ်နေကြသည်။ သူတို့စစ်ကြောင်းတွင် ရေးသား ခေါင်းဖြူထွန်းစိန်ပါဝင်ရာ ထွန်းစိန်အားကိုးဖြင့် ရေးတောင်ပိုင်းသို့ **PDP** စစ်ကြောင်း ခဏ ခဏ ရောက်လာသည်။ ထွန်းစိန်က ရေးတိုက်မည့် အကြောင်း အမြှုပ်ထွက်လောက်အောင် လူတကာကို လိုက်ပြောနေသည်။ သတင်းလွှင့်နေသည်၊ သူတို့စစ်ကြောင်းသည် ဟုတ်တိပတ်တိ အထိမနာ သေးသဖြင့် ရေးတောင်ပိုင်းတွင် အူမြူးချိုကြွကာ သွားလာ ကျက်စားနေကြလေတော့၏။

**၃၀၃ ကွန်မန်ဒိုတပ်ဖွဲ့ကြီးရောက်ရှိလာခြင်း**

၁၉၇၃ ခုနှစ် မိုးဦးကျစကာလ

**PDP** ပြည်ပြေးစစ်ကြောင်း ရေးတောင်ပိုင်းကို





ဝင်လာပြန်သည်။ ကျွန်တော်တို့ ရေ့တန်း ဌာနချုပ်ရုံး မှ ရန်သူသတင်းများ အဆက်မပြတ်ရနေ၏။ ဂျင်မီ (ခေါ်) မင်းနိုင်နှင့် သူ၏နဂါးမောက်တပ်ရင်းက သံဖြူဇရပ် နှင့် ရေးကြား ကားလမ်းများကို မိုင်းထောင်၏။ တံတားများကို မီးရှို့ကြ၏။ မျိုးလွင်၊ ချစ်လွင်၊ ထွန်းစိန်တို့၏ ကျားနက် တပ်ရင်း၊ စစ်ကြောင်းက ကလိန်အောင်နှင့် ရေးကြား ကားလမ်းက တံတားများကို မီးရှို့ဖျက်ဆီး၏။ သူတို့ စစ်ကြောင်းများတွင် လူအင်အား ၂၀၀ ခန့်စီပါ၏။ သံဖြူဇရပ်နှင့် ရေး၌ သူတို့ကို ထွက်တိုက်ရန် လုံလောက်သော အရန်စစ်ကြောင်းများ မရှိ။ ကျွန်တော်က **PDP** ပြည်ပြေးတွေကို အထင်မကြီး။ ထို့ကြောင့် ကိုယ်တိုင် ထွက်တိုက်ချင်သည်။ တိုက်ခွင့်တောင်းသည်။ တပ်ခွဲများမှာ ရေး–သံဖြူဇရပ် ရထားလမ်း လုံခြုံရေးကို အထူးဦးစားပေးနေရသဖြင့် ထွက်တိုက်ရန် လက်ထဲတွင် တပ်မရှိပါ။ တပ်ရင်းမှူးကြီးက ရေးလုံခြုံရေး စိတ်မချသဖြင့် ရသမျှ ရန်သူသတင်းကို အဆက်မပြတ် ရတခဲ့သို့ တင်ပြခိုင်းသည်။

''ဗိုလ်သက်ဦး ... ခင်ဗျား လူနည်းနည်းလေးနဲ့ ထွက်တိုက်ဖို့ စိတ်မကူးနဲ့။ ခင်ဗျားက ဦးစီးအရာရှိ၊



www.burmeseclassic.com

www.burmeseclassic.com



မြို့လုံခြုံရေးက ပိုအရေးကြီးတယ်''

''ဗိုလ်ကြီးမျိုးအောင်လည်း မရှိဘူး။ ရုံးမှာ ခင်ဗျားနဲ့ ကျွန်တော်ပဲရှိတယ်၊ အဲဒါကြောင့် သတင်းတွေကိုသာ ရတခ တင်ပေးပါဗျာ။ တိုင်းက လုပ်ပါလိမ့်မယ်''

တပ်ရင်းမှူးကြီးက ပြောလေသည်။


မကြာမီ ရတခမှ ကြေးနန်းဝင်လာ၏။

''ဦးတည်ရန်သူ မျိုးလွင်၊ ချစ်လွင်၊ ထွန်းစိန် ဦးစီး ပြည်ပြေး စစ်ကြောင်း အား ချေမှုန်းနိုင်ရေး။ ၃၀၃ ကွန်မန်ဒိုတပ်ဖွဲ့ကြီးကို ရေးသို့ အမြန်စေလွှတ်ပေးမည်။''

မိုးသည်းသော ဇွန်လ ဒုတိယပတ်၌ လည်စည်း အဝါများ စည်းထားသည့် (၃၀၃) ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် ရေးမြို့သို့ ကားလမ်းအတိုင်း မြောက်ဘက်မှ ခြေလျင် ဝင်ရောက်လာသည်။ တပ်ဖွဲ့မှူးမှာ ပြည်စောင့်တပ်မှ အသွင်ပြောင်းလာသည့် ဗိုလ်မှူးဘုန်းမြင့် ဖြစ်သည်။

''ကျွန်တော်တို့ ဒီနေ့မနက် အရှေ့တောင်က ထွက်လာတာပါ။ ဒီမှာ တစ်ညနားပြီး တောင်ဘက်က ပြည်ပြေးစစ်ကြောင်းကို ရှင်းပါ့မယ်။ တပ်ရင်းမှူးကြီးတို့


မြရတနာစာပေ



၁၉၇၂ ခုနှစ်က P.D.P ပြည်ပြေးများနှင့် ဟံဂံတိုက်ပွဲတွင် ...သူနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့သည့် ဒုဗိုလ် သန်းမောင်ဝင်း D.S.A (၁၄) ယခုကွယ်လွန်

www.burmeseclassic.com

www.burmeseclassic.com



P.D.P ပြည်ပြေးဦးစီးချုပ် ဗိုလ်လက်ျာ



P.D.P တောင်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ရန်နိုင်

www.burmeseclassic.com

www.burmeseclassic.com




P.D.P [illegible]



မြန်မာနိုင်ငံသို့ပြန်လာသည့် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ဇနီး ဒေါ်မြရီတို့အားရန်ကုန်လေဆိပ် ဧည့်ခန်းဆောင်တွင်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com




[illegible]



P.D.P နောင်ရိုးစစ်ဆင်ရေးမှူး ရန်ကုန် ဘဆွေ

www.burmeseclassic.com

www.burmeseclassic.com




P.D.P မြောက်ပိုင်းတိုင်းမှူး ရန်ကျင်းစိန်(ခ)ဂျင်မီယန်း




မြည်မြေးဇာတ် ဆရာကြီး ဦးလောရုံ

www.burmeseclassic.com

www.burmeseclassic.com




စာရေးသူနှင့် ရင်ဆိုင်ခဲ့ဘူးသည့် ကာယန်း ဗိုလ်ပုံ




ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် ပြည်ပြေးများ တိုက်ပွဲဖြစ်ပွားခဲ့သည့် ရေးမြို့နယ်
ဟံဂံ၊ ကလော့ကြီး ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၇၂ ခုနှစ်မှ ၁၉၇၅ အထိ စာရေးသူတာဝန်ထမ်းဆောင်ခဲ့သည့်
မြန်မာနိုင်ငံတောင်ပိုင်းဒေသများ



လိုတာ ကူညီပေးပါခင်ဗျာ''

ဗိုလ်မှူးဘုန်းမြင့်ကား အသက် ၄၀ သာသာ သာရှိသည်။ ပစတမှ ကော်မရှင် ရလာသူဖြစ်သော် လည်း စစ်စိတ်စစ်သွေးအပြည့်နှင့် တကယ့်တိုက်ခိုက်ရေး စစ်သားအသွင်ရှိ၏။

''ကဲ … ဗိုလ်သက်ဦးရေ ဗိုလ်မှူးတို့လိုတာ အကုန်လုပ်ပေးလိုက်။ နောက်ဆုံးရတဲ့ ရန်သူ့သတင်းကို မြေပုံနဲ့ ရှင်းပြလိုက်ပါ။ နားဖို့ နိုဖို့လည်း စကားတောင်ကုန်းမှာ လုပ်ပေးလိုက်ပါ။ မနက်သွားဖို့အတွက်လည်း ကားတွေ ဘာတွေလည်း စီစဉ်ပေးလိုက်ဦး''

''ဟုတ်ကဲ့ပါ တပ်ရင်းမှူးကြီး''

မျိုးလွင်၊ ချစ်လွင်၊ ထွန်းစိန် ဦးစီး ပြည်ပြေး စစ်ကြောင်းသည် ခေါဇာ၊ သဗျာဘက်မှ ဟန်ဂန်ရွာနား ရောက်နေသည်ဟု နောက်ဆုံးသတင်းရထားသည်။ ရွာထဲတွင်တော့ မနေဟု ဆို၏။

''တပ်ဖွဲ့မှူးကြီးတို့အတွက် ကျွန်တော် ကား စီစဉ်ပေးပါ့မယ်။ ဒီကနေ ဟန်ဂန်အထိ ကားတွေ သွားလို့ရပါတယ်။ ဖြည်းဖြည်းရှင်းပြီး ဟန်ဂန်လောက်အထိ



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ပါ။ ရွာရောက်ရင် ကားတွေ ပြန်လွှတ်ပေးပါ။ သတင်းထောက်ပြီး ရှင်းရင် ထိတွေ့မှုတော့ ဖြစ်မှာပဲ။ ဒီကောင်တွေ လူ ၂၀၀ လောက်ဆိုတော့ ရွာထဲ မနေလည်း တောထဲမှာ အကြာကြီးပုန်းနေလို့ မရပါဘူး''

''အေးဗျာ . . . ကျွန်တော်က ဒီဘက်ကို တစ်ခါမှ ရောက်ဖူးတာမဟုတ်ဘူး။ ဗိုလ်ကြီးသက်ဦး ပြောတဲ့အတိုင်းပဲ ဒီနေ့ တစ်ရက်နားပြီး နက်ဖြန် အဲဒီဘက်ကို ဝင်မယ်ဗျာ''

ထိတွေ့မှုဖြစ်ပြီ

နောက်တစ်နေ့တွင် ၃၀၃ ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် ကျွန်တော်စီစဉ်ပေးသော အရပ်ကားသုံးစီးဖြင့် မနက် ၁၀ နာရီခန့်တွင် ဈေးမှ ထွက်သွား၏။ တပ်အင်အား နည်းပါးနေစဉ် လူ ၁၀၀ ကျော်ပါသည့် ကွန်မန်ဒို တပ်ကြီး ရောက်လာသဖြင့် တပ်ရင်းမှူးကြီးမှာ အလွန်ကျေနပ်နေ၏။ ကျွန်တော်တို့စစ်ကြောင်းရုံး၌ စစ်ကြောင်း ဌာနချုပ်နှင့် တပ်စုတစ်စုသာ ရှိပါသည်။ မြောက်ဘက်ထန်းပင်ကုန်း၌ တပ်စုတစ်စုရှိသည်။ ချောင်းတောင်နှင့် ဈေးတံတားတွင်





…ပ်စုတစ်စုရှိသည်။ ဈေးတစ်မြို့လုံးကို တပ်ခွဲတစ်ခွဲနဲ့သာ …ာဝန်ယူထားရသည်။ ဈေးမြို့သည်ကား မော်လမြိုင်တောင် …ထားလမ်းဆုံးဖြစ်၍ ရန်သူအတိုက်မခံနိုင်ပါ။ ထို့အပြင် …မြေပုံကိုကြည့်ပါ။ မြန်မာနိုင်ငံတောင်ဖျား ခြေထောက် …လေးတွင် ခါးအသိမ်ဆုံးနေရာဖြစ်သည်။ ဈေးကျသွား…ွင် ခါးပြတ်သွားနိုင်သည်။ ထို့ကြောင့် အားလုံးက …တ်ပူကြသည်။

''ဗိုလ်သက်ဦးရေ တပ်တွေ အကုန်လုံး **Standby** …ုပ်ထားဗျာ။ အရေးနဲ့အကြောင်းနဲ့ဆိုရင် စစ်ကူလိုက်ရ…အောင်၊ (၃၀၃) ကွန်မန်ဒိုတပ်ဖွဲ့ကြီး မနက် ၁၀ နာရီ …တည်းက ထွက်သွားတာ မဟုတ်လား''

တပ်ရင်းမှူးကြီးက ပြော၍ ကျွန်တော်တို့ …စ်ကြောင်းရုံးက ဆက်သွယ်ရေးစက်များ ဖွင့်ကာ နားစွင့်…နေကြ၏။ ဘာများဖြစ်မလဲပေါ့။ နေ့လယ် ၂ နာရီခန့် …ွင် ကိုးမိုင်ဘက်မှ သေနတ်သံများ စကြားရသည်။

''ဝေါ . . . ဝေါ . . . ဝေါ . . . ဒက် . . . ဒက် …က် . . . အုန်းကျိမ်း . . . အုန်းကျိမ်း''

''စက်ဖွင့်ဟော့ . . . စက်ဖွင့် . . . စက်ဖွင့်''



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ထားပါတယ်ခင်ဗျာ"

"ဘာကြားလဲ။ စက်တွေက ဘာပြောလဲ"

"ကိုးမိုင်စက်က ပြောပါတယ်။ ကွန်မန်ဒိုတပ်ဖွဲ့ကြီး ဟန်ဂန်ဘက်မှ တိုက်ပွဲဖြစ်နေပြီတဲ့ခင်ဗျ"

သေနတ်သံများများမှာတောင် လေနှင့်အတူ အဆက်မပြတ်ကြားနေရ၏။

"ဟ . . . သူတို့က ကားတွေနဲ့ဆိုတော့ သိပ်မလွယ်ဘူးထင်တယ် ဗိုလ်သက်ဦးရေ။ လိုက်ကြစို့ဗျာ"

ကျွန်တော်တို့သည် အရန်ထားသောကားတစ်စီးဖြင့် ရသမျှ လူတင်ပြီး တပ်ရင်းမှူးကြီးရော ကျွန်တော်ပါလိုက်ပါ၍ ဟန်ဂန်ရွာဘက်သို့ ကားကို အပြင်းမောင်းစေပါသည်။ ကိုးမိုင်လမ်းခွဲမှ ဟန်ဂန်ဘက်သို့ ဝင်ခဲ့သည်။ ဟန်ဂန်ရွာမရောက်မီ လယ်ကွင်းစပ်၌ (၃၀၃) ကွန်မန်ဒိုတပ်ဖွဲ့မှ စီးသွားသော ကား ၃ စီးကို လမ်းမပေါ်တွင် ရပ်ထားသည်ကို တွေ့ရ၏။ ကွန်မန်ဒိုစစ်သည်အချို့ ကားလမ်းဘေးတွင် နေရာယူထားကြသည်။ အချို့က လယ်ကွင်းထဲ ကန်သင်းရိုးများတွင် နေရာယူလျက်ရှိကြ၏။ လယ်ကွင်းထိပ်၌ ဟန်ဂန်ချောင်းက စီးဆင်းနေ၏။ ရေတက်နေ၍





ချောင်းရေပြင် အကျယ်မှာ ပေ ၅၀ ခန့် ရေအပြည့်နှင့် ဖြစ်၏။ ကျွန်တော်တို့ ကားရောက်သွားချိန်တွင် ကွန်မန်ဒိုသည်များက ဝမ်းသာအားရနှင့် အော်လိုက်ကြ၏။

"ဟော့ . . . ရေးက စစ်ကူလိုက်လာပြီ . . . ဟော့"

ထိုအခါကျမှ ကားလမ်းဘေးတွင် နေရာယူထားသည့် တပ်ဖွဲ့မှူးကြီး ထွက်လာပြီး ကျွန်တော်တို့ တပ်ရင်းမှူးကြီးတို့ လာတွေ့သည်။

"အခြေအနေ ဘယ်လိုလဲ တပ်ဖွဲ့မှူးကြီး"

"မြင်တဲ့အတိုင်းပါပဲ တပ်ရင်းမှူးကြီးခင်ဗျ"

"မမျှော်လင့်ဘဲ **Surprise** တွေ့ကြတာ အငိုက်မိပြီး ကျွန်တော်တို့က စပစ်ရတယ်။ ကွင်းထဲမှာ ဒီကောင်တွေ အတုံးအရုန်းပဲ။ ကျွန်တော်တို့ကလည်း တစ်လမ်းလုံး ဖြည်းဖြည်း ဖြည်းဖြည်း ရှင်းလာတာ ဒီနားရောက်လို့ လမ်းက သိပ်မကောင်းတော့ ကားတွေလည်း ဖြည်းဖြည်းမောင်းလာရတယ်။ ရွာသားတွေလည်း မတွေ့တော့ ဘာသတင်းမှ မရပါဘူး။ အဲဒါနဲ့ ကားတွေ ဖြည်းဖြည်းမောင်းတုန်း ဒီချောင်းနားရောက်တော့ ချောင်းကို ဖြတ်ကူးလာတဲ့ ဒီကောင်တွေ လေးငါးဆယ်ယောက်အဖွဲ့က ဘုမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘမသိန့် အရပ်သားခရီးသည်တင် ကားထင်ပြီး 'ဟေ့ ... ရပ် ... ရပ်'ဆိုပြီး လာတားပါလေရော။ ကားခေါင်မိုးပေါ်က ပလပ်စတစ်တွေ ခြုံပြီးလိုက်လာတဲ့ တပ်စိတ်က စပစ် တော့တာပဲ''

''အေးလေဗျာ ဗိုလ်မှူးတို့က ကွန်မန်ဒိုဆိုတော့ ခြေမြန်လက်မြန် နယ်ခြားပြန်ပဲလေ။ လက်သွက် ခြေသွက် ပေါ့ဗျာ''

''ဟုတ်ကဲ့ ... အဲဒါနဲ့ လေးငါးယောက်မှန်ပြီး လဲသွားရော။ ကျန်တဲ့ကောင်တွေ ချောင်းဘက်ပြန်ပြေး တယ်။ တပ်ဖွဲ့တစ်ဖွဲ့လုံး ကားတွေပေါ်က ဆင်းပြီး အတင်း လိုက်ပစ်ကြတယ်။ ဒီဘက်ကမ်းကူးလာတဲ့ လေးငါး ဆယ်ယောက်တော့ ကွင်းထဲမှာ အကုန်သေကုန်တယ်။ နှစ်ယောက်ကို အရှင်မိထားတယ်''

''သူတို့ ပင်မတပ်ဖွဲ့ကြီးရော''

''ဟိုဘက်ကမ်းမှာ ကျန်ခဲ့တယ်။ တံငါလှေကလေး နှစ်စီးနဲ့ ပို့ဆိုင်တပ်စုက စကူးလာတာ။ အဲဒီတောအုပ် ဘက် ဆုတ်ကုန်ကြတယ်။ အဲဒီနေရာကို လောင်ချာနဲ့ပစ်ရင် ကောင်းမယ်ထင်တယ်''





''ရတယ်လေ ... ပစ်တာပေါ့''

ကျွန်တော်တို့ စစ်ကူလိုက်လာသောအဖွဲ့တွင် ၃. ၅ လောင်ချာတစ်လက်နှင့် ဗုံးသီး ၁၀ လုံးခန့်ပါလာရာ ရန်သူဆုတ်သွားသော တောင်ဘက်တောအုပ်အတွင်းသို့ လောင်ချာလေးငါးဆယ်လုံး ပစ်သွင်းလိုက်ပါသည်။

''ဝုန်း ... ဝုန်း ... ဝုန်း''

''ကဲ ... ဘာဆက်လုပ်မလဲ တပ်ဖွဲ့မှူးကြီး''

''ကျွန်တော် ဒီနားမှာ ဒီနေ့အခြေပြုရင်းနဲ့ ပတ်ဝန်းကျင်ဆက်ရှင်းပါ့မယ်။ တပ်ရင်းမှူးကြီးတို့ ဒီအရှင် ဖမ်းမိနှစ်ယောက်နဲ့ သိမ်းဆည်းရမိ လက်နက်တွေယူပြီး ပြန်လို့ရပါပြီခင်ဗျ။ စစ်ကူလိုက်လာတာ ကျေးဇူးတင် ပါတယ်''

''အေးဗျာ ... ကျွန်တော်ကလည်း တပ်ဖွဲ့မှူးကြီး ကို ကျေးဇူးတင်ပါတယ်။ ဒီကောင်တွေ ဒီနားမှာ စွာနေတာ ကြာပြီဗျ။ ထိထိမိမိကို တစ်ခါမှ မလုပ်နိုင်သေးဘူး။ ဗိုလ်မှူး တို့ ကွန်မန်ဒိုတပ်ဖွဲ့ကြီး ရောက်လာမှပဲ မှတ်လောက် သားလောက်အောင် လုပ်နိုင်တော့တယ်ဗျာ''

ကွင်းထဲ၌ ပြည်ပြေးအလောင်းများကား ပြန့်ကျဲနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမေရိကန် ဂျီအိုင်ယူနီဖောင်းများနှင့် ဖြစ်၏။ သေသူထဲတွင် အရစ်နှင့် ၂ဦးပါ၏။ အရစ်မှာ အဝါရစ်များ ဖြစ်သည်။ လက်နက်များလိုက်ကောက်ရာ **M 16** နှင့် **HK 33** လက်နက်ငယ် ရှစ်လက်သိမ်းဆည်းရမိပါသည်။ ညနေ လေးနာရီခန့်တွင် တိုက်ပွဲနေရာမှ ကျွန်တော်တို့ ပြန်လည် ထွက်ခွာခဲ့ကြ၏။ (၃၀၃) တပ်ဖွဲ့ကြီး ကားဆုတ်သွားသော ရန်သူနောက်သို့ ဆက်လိုက်သွားကြပါသည်။

ထိုအချိန်မှစ၍ ရေးမြို့တောင်ပိုင်းတွင် စစ်တံခွန် လွှင့်ထူနေသည့် ပြည်ပြေးမျိုးလွင်၊ ချစ်လွင်၊ ထွန်းစိန်တို့၏ စစ်ကြောင်းသည် ရေးနားသို့ မကပ်တော့ဘဲ လုံးဝစုပ်စ မြုပ်စ ပျောက်ကွယ်သွားခဲ့ပါသည်ခင်ဗျား။

## နိဂုံးချုပ်ဖော်ပြချက်

၁၉၇၄ ခုနှစ်စတွင် ကျွန်တော်သည် ဗိုလ်အဆင့်မှ ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ရရှိခဲ့သည်။ ကလိန်အောင် စစ်ကြောင်းဌာနချုပ်၌ ခေတ္တစစ်ကြောင်းမှူး တာဝန်ယူ နေစဉ် ပြည်ပြေးစစ်ကြောင်းမှူး မျိုးလွင်သည် နောက်လိုက် (၁၂) ယောက်နှင့် ကျွန်တော့်ထံ လက်နက်လာချပါသည်။





လက်နက်ငယ် (၁၃)လက်ပါလာ၏။ ထိုရောအခါ ကျွန်တော် က ဟန်ဂန်တိုက်ပွဲအကြောင်းကို မေးမိသည်။

"အဲဒီတုန်းက ဘယ်လိုဖြစ်တာလဲ ဦးမျိုးရဲ့"

"ဘာဖြစ်ရမလဲ ဗိုလ်ကြီးရာ။ ခေါင်းဖြူထွန်းစိန်ပေါ့။ ဗိုလ်ကြီးတို့ ကွန်မန်ဒိုသတင်းမရဘဲနဲ့ အေးအေး ဆေးဆေး ပါ။ ဟန်ဂန်သွားပြီး ညအိပ်ပျော်ပွဲစားရအောင်ဆိုပြီး ခေါ်လာတာ။ သူပိုင်တယ်ပေါ့ဗျာ။ ဟန်ဂန်မှာ ညအိပ်မယ်၊ စားမယ်၊ သောက်မယ်၊ ရိက္ခာစုမယ်၊ ပြီးမှ ချောင်းတောင် ဖြစ်ဖြစ်၊ ကိုးမိုင်ဖြစ်ဖြစ်၊ ရေးတံတား ဖြစ်ဖြစ် အဲဒီမှာရှိတဲ့ စခန်းတစ်ခုခု တိုက်ရအောင်လို့ ပြောတယ်။ သူက ရေးသား ဆိုတော့ ကျွန်တော်က သူ ပြောတာ အဟုတ်မှတ်တာပေါ့"

"အဲဒီနေ့က သူ့တပ်ခွဲ ပွိုင့်အဖွဲ့က လေးငါးဆယ် ယောက် ချောင်းဖြတ်တော့ ရေတက်နေတယ်။ ချောင်းကူး ဖို့ လှေကလေးကလည်း ၂ စီးပဲရတယ်။ တစ်ခေါက်မှ တစ်စီးကို နှစ်ယောက် သုံးယောက်ပဲ တင်နိုင်တယ်။ ကျွန်တော်က တောင်ဘက်က တောအုပ်ထဲမှာ နားရင်း ထိုင်စောင့်နေတာ။ ဖြတ်တော့ ကင်းတွေ ဘာတွေလည်း အသေအချာ မချဘူးနဲ့တူပါတယ်ဗျာ။ ကျွန်တော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ယုံပြီး လိုက်မကြည့်လိုက်မိဘူး။ ဗိုလ်ကြီးတို့ ကားတွေလာတော့ သူတပည့် အူကြောင်ကြောင်ကောင်တွေ စစ်ကားမှန်းမသိ အရပ်ကားမှန်းမသိ သွားတားတော့ ဗိုလ်ကြီးတို့ စပစ်တာခံရတာပေါ့။ နောက်ပိုင်း ဗိုလ်ကြီးတို့ဘက်က လက်နက်ကြီးတွေ ပစ်လာတော့ မဖြစ်ချေဘူးဆိုပြီး ပင်လယ်ကမ်းစပ်အတိုင်း တောင်ဘက် အတင်းဆုတ်ခိုင်းရတော့တယ်။ နတ်ကြီးစင်ရောက်တဲ့အထိပဲ။ အဲဒီနောက်တော့ ရေးမလာတော့ဘဲ အုံးပင်ကွင်းနဲ့ ကန်ပေါက်တစ်ဝိုက်မှာပဲ သွားလာလှုပ်ရှားနေတော့တယ်''

''ဦးမျိုးတို့ အဲဒီကတည်းက ရေးနားမကပ်တော့ဘူးပေါ့''

''ဟုတ်ပါတယ်။ လုံးဝမကပ်တော့ဘူး။ တစ်ခါတလေ ကလိန်အောင်၊ ယားဖူး၊ ကျောက်ကုတင်၊ ရေနောက်ဘက်တော့ ရောက်ပါတယ်''

''ဩော်''

ထိုတိုက်ပွဲအပြီး၌ (၁၀၃) ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် ရန်သူအား ထက်ကြပ်လိုက်ရှင်းရာမှ ရတခက ပြန်လည်ခေါ်ယူသဖြင့် ရေးသို့ ပြန်လည်ဝင်ရောက်လာကာ ရထားဖြင့်





မော်လမြိုင်သို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

ဤသည်မှာ ၁၉၇၃ ခုနှစ်က **PDP** ပြည်ပြေးစစ်ကြောင်းအား အထိနာအောင် ချေမှုန်းခဲ့သည့် (၁၀၃) ကွန်မန်ဒိုတပ်ဖွဲ့ကြီး၏ ဟန်ဂန်တိုက်ပွဲအကြောင်းပါခင်များ။

**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁။ စီအာဒီဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန်၊ မောင်ပြည်သူ

၂။ ကျွန်တော် ပြည်ပြေး၊ မောင်ရင်မန်း

၃။ ဆွိုင် ၂၂၊ မောင်ရင်မန်း

၄။ ဒွိဘိုးဘွားအမွေအနှစ်မို့ချစ်မြတ်နိုးပေ၊ သောင်းဝေဦး



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် ကျွန်တော်ပါဝင်သော ရွှေရေးတိုက်ပွဲ

နိဒါန်း

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ၁၉၇၀ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သော တိုင်းကွန်မန်ဒိုတပ်ဖွဲ့ကြီး ၃ ဖွဲ့ရှိခဲ့သည်။ ၎င်းတို့မှာ

* လည်စည်းအနီစည်းသော (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



* လည်စည်းအစိမ်းစည်းသော (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီး

* လည်စည်းအဝါစည်းသော (၃၀၃) ကွန်မန်ဒိုတပ်ဖွဲ့ကြီး

ကျွန်တော်သည် အကြောင်းအမျိုးမျိုးနှင့် ထိုကွန်မန်ဒိုတပ်ဖွဲ့ကြီးများတွင် တာဝန်ထမ်းဆောင်လိုသော်လည်း မထမ်းဆောင်ခဲ့ရပါ။ ၁၉၇၃ ခုနှစ်က (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှ တပ်စုမှူး ဗိုလ်သိန်းဇော် (ယခင်ဆက်သွယ်ရေးဝန်ကြီး၊ ဗိုလ်မှူးချုပ် သိန်းဇော်၊အငြိမ်းစား) ဆေးရုံတက်နေသဖြင့် သူ့နေရာတွင် ခေတ္တ လေးငါးဆယ်ရက် တပ်စုမှူးဝင်လုပ်ခဲ့ဖူးသည်။ မုဒုံနှင့် ကမာဝက်ဘက်သို့ NMSP သတင်းရ၍ တပ်ဖွဲ့ကြီးနှင့်အတူ ခရီးတစ်ခေါက် ထွက်ဖူးပါသည်။ ဒါကလွဲ၍ တိုင်းကွန်မန်ဒိုတပ်ဖွဲ့ကြီးများတွင် တာဝန်မထမ်းဆောင်ခဲ့ဖူးပါ။ ၁၉၇၃ ခုနှစ် မိုးဦးကျစက ဗိုလ်မှူးဘုန်းမြင့်၏ (၃၀၃) ကွန်မန်ဒိုတပ်ဖွဲ့ကြီး ရေးမြို့တောင်ခြမ်း ဟန်ဂန်ကလော့ ကြီးတိုက်ပွဲ၌ တစ်ကြိမ်စစ်ကူလိုက်သွားခဲ့ဖူးပါသည်။ ထို့နောက်တွင်ကား ကွန်မန်ဒိုတပ်ဖွဲ့ကြီးများနှင့် အလှမ်း





ဝေးခဲ့ရ၏။

သို့ရာတွင် ၁၉၇၅ ခုနှစ် ဆောင်းရာသီတွင် ကျွန်တော်သည် လည်စည်းအစိမ်းစည်းသော (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့်အတူ ဖာပွန်ကမမောင်းကားလမ်းအနောက်ခြမ်းကတိုင်တိနှင့် မဝေးသည့် ရွှေရေးရွာ အနီး၌ KNU စစ်ကြောင်း ၃ ကို လိုက်လံချေမှုန်းရင်း နာရီပေါင်းအတော်ကြာအောင် တိုက်ပွဲကြီးတစ်ပွဲ တိုက်ခဲ့ဖူးလေသည်။ ထိုတိုက်ပွဲကြီး၌ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် အရဲစွန့်၍ ကွင်းဖြတ်ချီတက်စဉ် ရန်သူ့ သတ်ကွင်းထဲ ရောက်သွားသဖြင့် ကျွန်တော်တို့ စစ်ကြောင်းမှ အတင်းဝင်ရောက်ပစ်ခတ် တိုက်ခိုက်ရာ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှာ ရန်သူ့သတ်ကွင်းအတွင်းမှ လွတ်မြောက်ခဲ့ရလေသည်။ ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူး၏ အရဲကိုး စွန့်စားမှုကြောင့် ကွန်မန်ဒိုတပ်ဖွဲ့၌ အထိအခိုက်အကျအဆုံးများ ရှိခဲ့ပေသည်။ အသေအပျောက်ရှိခဲ့သော ကွန်မန်ဒိုတပ်ဖွဲ့ကြီး၌ ရှားရှားပါးပါး အသေအပျောက်ရှိခဲ့ရလေသည်။

ထိုဖြစ်စဉ်ကို စာရှုသူများသုံးသပ်နိုင်ရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၇၅ ခုနှစ်က ဖြစ်ရပ်များ

၁၉၇၄ ခုနှစ် ဩဂုတ်လက ထားဝယ်မြစ်ထဲတွင် ကျွန်တော် သေနတ်မှန်ခဲ့သည်။ မင်္ဂလာဒုံစစ်ဆေးရုံ ၌ လေးငါးလဆေးရုံတက်လိုက်ရ၏။ ဆေးရုံကဆင်းတော့ ဆေးအဆင့်ဘီဖြစ်နေသဖြင့် ကျောက်တစ်လုံး နောက်တန်း၌ အိမ်ထောင်သည်အရာရှိ Family OC လုပ်ရသည်။ လအနည်းငယ်လုပ်ပြီးတော့ အိမ်ထောင်သည် များ၏ နားပူနားဆာဒဏ် မခံနိုင်သော ကျွန်တော်သည် ရှေ့တန်းလိုက်ရန်တပ်ရင်းမှူးထံ တင်ပြလိုက်သည်။ ဆေးအဆင့် ဘီ ဖြစ်၍ တပ်ရင်းမှူးက ကလိန်အောင် အနောက်ခြမ်း ကံပေါက်ဒေသ မင်းသားလယ်ကြီး ကျွဲသုံး ညီမ၌ စခန်းထိန်းတာဝန်ပေးခဲ့လေသည်။

''မင်းက ဆေးအဆင့် ဘီ ဆိုတော့ စခန်းထိန်းတာဝန် ယူလို့ရပါတယ်။ ခဏထားတာပါကွာ''

ဟုဆိုလေသည်။ သူ့ခဏက လေးငါးခြောက်လကြာသွား၏။ ဆေးအဆင့် ၃ လ နှိမ့်ထားသော်လည်း **Out Post** ရောက်နေသဖြင့် ကိုးလခန့်ကြာမှ ဘီမှအေသို့ ပြန်မြှင့်နိုင်၏။ ကျွန်တော် ဆေးအဆင့်မြှင့်ပြီးချိန်တွင်





ရတခက ခလရ (၆၁)မှ နှစ်ခွဲတစ်ကြောင်း ကရင်ပြည်နယ်တက်ရမည်ဟု ညွှန်ကြားလာ၏။

လောလောဆယ် အောက်တိုဘာလမကုန်မီ တပ်ခွဲတစ်ခွဲ အရင်လွှတ်ပါဟု ဆိုလာသည်။ ဤတွင် ဘားအံ၊ ရွှေဂွန်း၊ လှိုင်းဘွဲ့၊ ကမမောင်း၊ ဖာပွန် စသည့် ဒေသများတွင် နေဖူးသော ကျွန်တော့်အား တပ်ရင်းမှူးက ခွဲ (၂)ခွဲမှူးအဖြစ် ရွေးလိုက်ရာ မိန်းမဆွေမျိုးသားချင်း ဒေါ်တခွားများ ရှိရာ ကရင်ပြည်နယ်သို့ ပြန်တက် ရပြန်ပါတော့သည်။ ပထမ ဘားအံဗျူဟာ အရန်ဖြစ်၏။ လေဆိပ်တွင် လုံခြုံရေး ခေတ္တယူရ၏။ ကျွန်တော် နှင့်အတူ တပ်စုမှူးအဖြစ် အပတ်စဉ် (၄၂) မှ ဗိုလ်မြင့်သိန်း (ယခု ဒု-ရဲမှူးကြီးမြင့်သိန်း၊ အငြိမ်းစား) ပါလာ သည်။

ထိုစဉ်က ကရင်ပြည်နယ်တွင် စစ်မက်အတော်ထူပြော၏။ တိုက်ပွဲများက ဘားအံအနီးတစ်ဝိုက်တွင် ပင် ရုံဖန်ရံခါ ဖြစ်တတ်သည်။ ထို့ကြောင့် ဘားအံဗျူဟာမှာ အားရသည်၊ နားရသည်မရှိ။ အမြဲတမ်း အလုပ်များနေ၏။ ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးမင်းနောင် (အငြိမ်းစား ပြည်ထဲရေး ဒု-ဝန်ကြီး)ဖြစ်ပါသည်။ ဗျူဟာ ဂျီတူးမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့တပ်က ပြောင်းသွားသည့် ဆရာသမား ဗိုလ်မှူးကျော်ဝင်း ဖြစ်၏။ စစ်ဦးစီးမှူး တတိယတန်းများမှာ အပတ်စဉ် ၃၀ မှ ဗိုလ်ကြီးအောင်သန်းနှင့် ဗိုလ်ကြီးအောင်ချစ်တို့ ဖြစ်ကြပါသည်။ ဗိုလ်ကြီးအောင်သန်းနှင့် ခလရ (၃၂) ကျောက်တစ်လုံးမှာရှိစဉ်က အောင်ဇေယျ လေ့ကျင့်ခန်း ကိစ္စဖြင့် ခေတ္တ အတူနေခဲ့ဖူး၏။ ထို့ကြောင့် ခင်မင်နေပါ သည်။ သူကား ခင်တတ်မင်တတ် ပျော်ရွှင်တတ်၍ ပေါင်း လို့ သင်းလို့ အလွန်ကောင်း ပါသည်။ ဗိုလ်ကြီးအောင်ချစ် မှာ ယခင် ကချင်(၂)ကဖြစ်ပြီး ကျွန်တော် ဘားအံ အတက် အဆင်းလုပ်တိုင်း တွေ့နေကျဖြစ်၍ ရင်းနှီးကြပါသည်။ သို့ရာတွင် သူက စကားနည်း၏။

မည်သို့ပင်ဖြစ်စေ ဘားအံဗျူဟာတစ်ခုလုံးနှင့် ရင်းနှီးနေသဖြင့် ကျွန်တော့်တပ်ခွဲအား ချက်ချင်းစစ်မက် ထူပြောသည့်နေရာသို့ မလွှတ်ကြပါ။ နယ်မြေအခြေအနေ လေ့လာနိုင်ရန် ရက်အနည်းငယ် ဘားအံလေဆိပ်တွင် ထားပါသည်။ စစ်ကြောင်း (၂)မှူးနှင့် နောက်တပ်ခွဲချက်ချင်း ရောက်မလာသေးတာလည်း ပါပါမည်။ သေနတ်သံများ ကတော့ မကြာခဏ ဘားအံပတ်ဝန်းကျင်တွင် ကြား





နေရ၏။ တိုက်ပွဲခေါ်သံများ ကြားနေရပါသည်။ သက်ဦး တို့လည်း အသင့်ပြင်ထားပါသည်။ မကြာမီပင် စစ်ကြောင်း (၂)မှူး ဗိုလ်မှူးစံကြည်နှင့် တပ်ခွဲတစ်ခွဲ ထပ်ရောက်လာ သည်။ နှစ်ခွဲတစ်ကြောင်းဖြစ်သွား၏။ ထိုအခါ မြောက် ဘက်သို့ ဆက်လက်ချီတက်ရပါတော့သည်။

ဘားအံမှ သံလွင်မြစ်ရိုးအတိုင်း တဖြည်းဖြည်း ရှင်းရင်းချီတက်ရသည်။ ဘားအံမှထွက်သည်ဆိုလျှင်ပင် ရန်သူ၏အနံ့အသက်များကို ရနေ၏။ ရွှေဂွန်းသို့ ရောက် သော် လက်နက်ကြီးသံသဲ့သဲ့ကို အရှေ့မြောက်ဆီမှ ကြားနေရပေသည်။ လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ အပေါင်၊ ရေပူ၊ တာကရ၊ ထို့ကိုကိုး စသည့်ဒေါနတောင် အနောက်ခြမ်းတွင် ရန်သူတို့ လှုပ်ရှားမှုများလှ၏ဟု သတင်းစကားများကြားနာ မှတ်သားလာခဲ့ရ၏။ ကျွန်တော် မှတ်သား မိသလောက် ဆိုပါက ရန်သူစစ်ကြောင်းများသည် အောက်ပါအတိုင်း လှုပ်ရှားနေကြသည်ဆို၏။

ရန်သူစစ်ကြောင်း (၁) စစ်ကြောင်းမှူးများမှာ ချော်နီနှင့် ကျော်တုတုဖြစ်ပြီး၊ ဒေါနအနောက်ခြမ်းဒေသ တွင် လှုပ်ရှား၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူစစ်ကြောင်း (၂) စစ်ကြောင်းမှူးမှာ မောင်ထွန်းဖြစ်ပြီး ကမမောင်း အရှေ့ဘက်ခြမ်းဒေသတွင် လှုပ်ရှား၏။

ရန်သူစစ်ကြောင်း (၃) စစ်ကြောင်းမှူးမှာ သာဆဲဖြစ်ပြီး ကမမောင်းမြောက်ဘက်ခြမ်း ဒေသတွင် လှုပ်ရှား၏။

ကျွန်တော်တို့ ဦးတည်ရန်သူကား သာဆဲ၏ KNU စစ်ကြောင်း (၃) ဖြစ်၏။

ထို့ကြောင့် ကမမောင်းကို အရောက်ချီတက်ရပါ၏။ ကမမောင်းတွင် နောက်ဆုံးသတင်းများ ရပါက ဦးတည် ရန်သူကို လက်စတုံးချေမှုန်းဆောင်ရွက်ရန်ပင် ဖြစ်၏။

"ကဲ . . . စောသာဆဲရေ မိတ်ဟောင်း ဆွေဟောင်း တွေ ပြန်တွေ့ကြပြန်ပြီပေါ့"

**ကမမောင်းသို့ ရောက်ရှိခြင်း**

ဘားအံမှ ကမမောင်းသို့ ချီတက်ရာတွင် လမ်း တစ်ဝက်၌ ကပ္ပလီတွင် ဂျော်နီကျော်တုတု၏ စစ်ကြောင်း (၁) ရှိနေသည်ဆို၍ ကျွန်တော်တပ်ခွဲ သွားရှင်းလိုက်ရသေး





သည်။ ကပ္ပလီတွင် မတွေ့၍ မြောက်ဘက် ကမော့လဲ အခွက်ဖိုးအထိ တက်လိုက်ရသေး၏။ ကမော့လဲ ကျောင်း [illegible]အရောက်တွင် ပန်တော်မီ ကြက်တူရွေးတောင်၌ ဂျော်နီကျော်တုတုရှိနေကြောင်း သတင်းနိုင်လုံစွာရ၏။

ပိုသေချာသွားအောင် အောက်ပါအတိုင်း စမ်း သိုက်သည်။

"မင်းတို့ သတ္တိရှိရင် တက်လာခဲ့ကြ။ ငါ ကမော့လဲ က တပ်ခွဲတစ်ခွဲနဲ့ စောင့်နေတယ်"

ဟု စာလှမ်းရေး၍ ရန်သူစစ်ကြောင်းအား ချလင့်တောင်းလိုက်၏။ ဂျော်နီကျော်တုတု၌ ၅၇ နောက်ပွင့် [illegible]ဖယ်များ၊ ၆၀ မီလီမီတာစိန်ပြောင်းများပါသည်ဆို၏။ [illegible]အင်အားက ၂၀၀ ကျော်တဲ့။ ကျွန်တော်က ဤသို့ တပ်ခွဲတစ်ခွဲတည်းနှင့် ရန်သူကို ချလင့်တောင်းလိုက်ရာ [illegible]က အံ့သြနေသည်။

"ဟုတ်မှလည်း လုပ်ပါဗိုလ်ကြီးရာ။ ဗိုလ်ကြီး [illegible]နည်းနည်းကလေးနဲ့ ဖြစ်ပါ့မလား"

ကမော့လဲ သူကြီးမင်းက ပြောရှာသည်။

"ဟုတ်ပါတယ်ဗျာ . . . သွားသာပြောစမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



မကြောက်ပါဘူး''

ကျွန်တော့်သတင်း ကြားလျှင် ကြားချင်း ဂျော်နီကျော်တုတုက ကမော့လဲသို့ ညတွင်းချင်း အပြင်း ချီတက်လာ၏။ နောက်နေ့မနက် ကျွန်တော့်ကို တိုက်မည်ပေါ့။ ကျွန်တော် ဒီလောက်မညံ့ပါ။ ထိုနေ့ညက လေ့ပေါက်စကလေး ၂ စီးဖြင့် တပ်ခွဲတစ်ခွဲလုံး သံလွင်မြစ်ကို အရှေ့မှ အနောက်သို့ အခေါက်ခေါက် အခါခါကူး၍ ပေပင်ဆိပ်ရဲစခန်းနှင့် သွားရောက်ပူးပေါင်းခဲ့၏။ ဂျော်နီနဲ့တုတုက သံလွင်အနောက်ဘက်ကမ်းသို့ သူတို့နယ်မြေ မဟုတ်သဖြင့် လိုက်မလာတော့ပါ။ တောက်–တခေါက်ခေါက်ဖြစ်ကာ အရှေ့ဘက်ကမ်းတွင် ကျန်ရစ်ခဲ့ပါသည်။

''တောက် ... ဗမာစစ်ဗိုလ်ပေါက်စ တော်တော် လူလည်ကျတယ်''

စစ်သား သိပ်အလျှင်သေမှာပေါ့။ ဒီလောက်စစ်ကူဝေးတဲ့နေရာကြီးမှာ လူ ၆၀ နဲ့ ၂၀၀ သွားတိုက်ရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်သွားပါ့မယ်။ သက်ဦး ဒီလောက် မအပါခင်ဗျာ။

နောက်နေ့တွင် တောင်ဘက်မှတက်လာသော





ဗိုလ်မှူးစံကြည်စစ်ကြောင်းနှင့် ပေါင်း၍ ကမမောင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ကျွန်တော် ရခဲ့သည့် ဂျော်နီကျော်တုတု စစ်ကြောင်းသတင်းကိုတော့ ဘားအံဗျူဟာသို့ တင်ပြလိုက်ပါသည်။ ကျွန်တော်တို့ရဲ့ ဦးတည်ရန်သူက ကမမောင်း မြောက်ခြမ်းက သာဆဲရဲ့စစ်ကြောင်းသာ ဖြစ်ပါ၏။ ထို့ကြောင့် Mission ရည်မှန်းချက်တာဝန်ကို မျက်ခြည်ပြတ်၍ နေပါ။

## ရန်သူကို လိုက်စစ်ဆင်ကြပြီ

ကျွန်တော်တို့ ကမမောင်းရောက်တော့ ဦးစွာပထမ သတင်းထောက်ရသည်။

''ဗိုလ်ကြီးတို့ ကမမောင်းမှာ စခန်းထိုင်နေတုန်းက သာဆဲက အုံးတောမှာ ကျောင်းနေတုန်းလေ။ ကိုဖိုးပုလဲ အရှေ့ဘက်ကလေးဖိုးထသွားပေါ့။ ဗိုလ်ကြီး ပြောင်းသွားပြီးတော့ ဒီကောင်လည်း တောထဲလိုက်သွားတာပဲ။ အခုတော့ စစ်ကြောင်း (၃)မျိုးတဲ့။ သူက ဒီနယ်သားဆိုတော့ ကမမောင်း၊ ကတိုင်တီ၊ ဘောကြိုးလယ် ဂွင်ဘဲ၊ တာဝန်ပေးထားတာလေ။ တပ်မဟာ (၇) နဲ့ တပ်မဟာ (၁)



www.burmeseclassic.com

www.burmeseclassic.com



စပ်ကြား နယ်မြေမှာ သူအစွာဆုံးပဲ''

''သူ့ကို မာနယ်ပလော ဗဟိုက တိုက်ရိုက်တာဝန်ပေးထားတာ။ ဒါကြောင့် တပ်မဟာတွေကလည်း သူ့ကို လိုတာတွေအားလုံး လုပ်ပေးပြီး မြှောက်ပေးနေကြတာ သူတို့သက်သာလည်း နည်းလားဆိုပြီးပေါ့လေ။ ဒီကောင်က အခုဆို ရှိလှရင် အသက် ၂၄-၅-၆ ပါပဲ။ အရှုံးဘုံမြှောက်တော့ ခြေထောက်ကနေတာပေါ့ ဗိုလ်ကြီးရာ။ ကမမောင်း ပြည်သူ့ဆေးရုံကြီးကို မီးတင်ရှို့သွားတာလည်း ဒီကောင်ပဲလေ။ အလကားအဖျက်သမားကောင်ပါ''

ထိုစကားများကို ပြောနေသူကား ကမမောင်းမြို့မှ ကျွန်တော်၏ မိတ်ဆွေဟောင်းကြီး ဦးချင်းပင်တည်း။

ဦးချင်းကား ရင်းပိုင်ကျေးရွာအုပ်စု၊ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းဥက္ကဋ္ဌ ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်အား ထာဝစဉ်ကူညီခဲ့သူဖြစ်၏။ ယခုလည်း သူက ကမမောင်းရောက်လာသည့် ကျွန်တော့်အား ဦးတည်ရန်သူ စောသာဆဲအကြောင်းကို သူ သိသမျှ ဖောက်သည်ချ၏။

စောသာဆဲကား ကျွန်တော့်ထက် သုံးနှစ်ခန့် ငယ်





ပေသည်။ သို့ရာတွင် သူ့အရပ်၊ သူ့ဒေသ၊ သူ့ရေသူ့မြေဆိုတော့ သတိကြီးစွာထားမှရမည်။ မြွေပွေးငယ်လှဆိုပြီး အလမ္မာယ်ပြုက ခံသွားရပေမည်။

ကမမောင်းရှေ့တန်း တပ်စခန်းတွင် စခန်းမှူးဗိုလ်မှူးက ...

''သာဆဲရဲ့ စစ်ကြောင်းကတော့ ကမမောင်းနဲ့ ကတိုင်တိတစ်ဝိုက်မှာ လှုပ်ရှားတာများပါတယ်။ ပြီးခဲ့တဲ့ အပတ်ကတော့ ကတိုင်တိမြောက်ဘက်က ဆင်စွယ်တစ်ဝိုက် ရောက်နေတယ်လို့ သတင်းရတယ်။ ဗိုလ်မှူးတို့ စစ်ကြောင်းကတော့ ကမမောင်း၊ ဖာပွန်၊ အောင်သိဒ္ဓိကားလမ်းမကြီးကို ဗဟိုပြုပြီး ရန်သူ့သတင်းကို တဖြည်းဖြည်း ထောက်ရင်း ရှင်းသွားရင်ကောင်းပါတယ်။ နယ်မြေလည်း ကျွမ်းသွားတာပေါ့ခင်ဗျာ''

စခန်းမှူးဗိုလ်မှူးက ဖာပွန်တပ်မှ ကမမောင်းနယ်မြေ တာဝန်ခံဖြစ်၏။ ရန်သူ့လှုပ်ရှားမှုများပြီး တပ်ပါးနေချိန် ကျွန်တော်တို့ ရောက်လာ၍ နယ်မြေခံတပ်များနှင့် လူထုက အထူးဝမ်းသာနေကြ၏။ ကျွန်တော်တို့ စစ်ကြောင်းတစ်ခုတည်းသာမဟုတ်ပါ (၂၀၂) ကွန်မန့်ဒိုတပ်ဖွဲ့ကြီးပါ ပါလာ၍



www.burmeseclassic.com

www.burmeseclassic.com



အင်အားကတော့ အတော်တောင့်ပါသည်။ ရန်သူထက် နှစ်ဆကျော်သုံးဆနီးပါး အင်အားရှိ၍ တိုက်စစ်ဥပဒေအရ တိုက်၍ရပါပြီ။ ဘားအံ ဗျူဟာမှလည်း ရန်သူနှင့် စောစော ထိတွေ့မှုကို လိုလားနေ၏။ တာဝန်ခံဗိုလ်မှူး၏ အကြံပေးမှု သည်ကား အကောင်းဆုံးဖြစ်မည် ထင်ပါသည်။

"ကျွန်တော်တို့ နက်ဖြန်ပဲ ဗိုလ်မှူးအကြံပေးတဲ့ အတိုင်း ဆောင်ရွက်ပါ့မယ်။ ဗျူဟာကိုလည်း ဒီအတိုင်း ပဲ စီမံချက်တင်ပြလိုက်ပါ့မယ်"

စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်နှင့် (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူးတို့က ဆိုကြ၏။ နက်ဖြန်အတွက် အသေးစိတ်စီစဉ်ရပါတော့သည်။

"ကဲ ... ဗိုလ်သက်ဦးရေ မနက်ဖြန်တော့ ခင်ဗျားရဲ့ တပ်ခွဲကပဲ ရှေ့ကသွားပေးပါဗျာ။ ခင်ဗျားရဲ့ နယ်မြေဟောင်းပဲ"

စစ်ကြောင်းမှူးကဆို၏။ ကျွန်တော်၏တပ်ခွဲက

"အင်း ... မကျေနပ် တစ်ကချည်းပြန်စ ဖြစ်နေပြီ၊ စစ်ကြောင်းမှူးကြီးက သူ့တပ်ခွဲ (၁) တော့ မခိုင်းဘူးကွ"

ဟု မကြားတကြားဆိုကြ၏။ ဗိုလ်မှူးစံကြည်၏





ရှာထူးအစစ်မှာ ခွဲ (၁) မှူးဖြစ်၏။ မည်သို့ဆိုစေ အမိန့်က အမိန့်ပေပဲ။

စစ်သားကောင်းတို့မည်သည် ပေးအပ်သည့်အမိန့် နှင့် တာဝန်ကို လိုက်နာဆောင်ရွက်စမြဲသာ ဖြစ်ပါ၏။

ဤနေရာတွင် ကျွန်တော်တို့စစ်ကြောင်းနှင့်အတူ ဘမဲမောင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာသည်။ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် တပ်ဖွဲ့မှူးအကြောင်း အနည်း ငယ် ပြောရန်လိုလာ၏။ ဒါမှသာ ဤဝတ္ထုတွင် အဓိကကျ သောအပိုင်း ပြည့်စုံလိမ့်မည် ထင်ပါသည်။

(၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူးမှာ **O.T.S** ဗိုလ်လောင်းသင်တန်း အပတ်စဉ် ၂၈ မှ ဗိုလ်မှူးအောင်မြင့် ဖြစ်သည်။ သူသည် ရန်ကုန်တက္ကသိုလ်မှ အိုင်အေအောင် ပြီးမှ ဗိုလ်သင်တန်းတက်ခဲ့၏။ တက္ကသိုလ်တွင် အားကစား လိုက်စားပြီး လူသိများသူဖြစ်သည်။ အထူးသဖြင့် အလေးမ သည်။ မောင်တက္ကသိုလ်ရွေးပွဲများ ဝင်ရောက်ယှဉ်ပြိုင်သည်။ ရုပ်က ညိုညိုချောချော။ မောင်တက္ကသိုလ် တစ်ကြိမ် နှစ်ကြိမ် ရခဲ့ဖူးသည်ဟုလည်း ကြားဖူး၏။ သူသည် စစ်တပ် ထဲမှာပင် နှုတ်ခမ်းမွေး ထား၏။ မင်းသားကြီးဝင်းဦးကို



www.burmeseclassic.com

www.burmeseclassic.com



အားကျရော့ထင့်။ သူ့ အပေါင်းအသင်းများက သူ့အား နှုတ်ခမ်းမွေး အောင်မြင့်ဟု ခေါ်သည်။ သူ့လက်အောက်က တပည့်များကမူ သူ့ကို God Father အောင်မြင့်ဟု ခေါ်၏။ ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်က သူ့တပ်စုမှူး တစ်ယောက်အား မေးမိ၏။

"ကိုယ့်ညီတို့က တပ်ဖွဲ့မှူးကြီးကို God Father လို့ ဘာဖြစ်လို့ ခေါ်တာလဲ"

"သူကနေရာတကာ သူသိ သူနပ် သူတတ်ချည်းပဲ။ သူ့ထက်တော်တဲ့သူကို မရှိဘူး။ ဘုရားတောင် သူ့လောက်မတော်ဘူးလို့ ထင်နေတာ။ အဲဒါကြောင့် God Father လို့ ခေါ်တာ အစ်ကိုကြီးရေ သိပလားဗျ"

သူ့စကားကြောင့် ပြုံးမိပါသည်။ လမ်းတစ်လျှောက်လုံး စစ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများ၌ လည်း မကြာခဏ သူနှင့်ကျွန်တော် ထိပ်တိုက်တိုးကြ၏။ ကျွန်တော်က Junior မို့ အလျှော့ပေးခဲ့ချည်းသည်သာ။

(၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် ကျွန်တော်တို့နှင့် အတူ ကမမောင်းသို့ ရောက်သည့်နေ့က သူတို့ ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် ရွှေကြည်နောင်ကတုတ်ကွင်းအတွင်း လှည့်





လည် လှုပ်ရှားနေရာမှ ဘားအံမျှဟာ၏ ညွှန်ကြားချက်ဖြင့် ကမမောင်းသို့ အပြင်းချီတက်လာခြင်း ဖြစ်၏။ မိုင် ၂၀ ကျော် တစ်ရက်တည်းနှင့် အရောက်ချီတက်လာရာ အချို့နေမကောင်းသူများ နောက်က ပြတ်ကျန်ခဲ့သည်။ တပ်ဖွဲ့မှူးကြီးက HK 33 တစ်လက်ကို လွယ်၍ ထိုနေ့ညနေက ကမမောင်းသို့ ရှေ့ဆုံးက ရောက်ချလာ၏။

"တပည့်တွေက ဆရာ့အသက်တစ်ဝက်ပဲ ရှိတယ်။ ဒါပေမဲ့ အခုအချိန်အထိ ဆရာ့ကို လိုက်မမီဘူး"

ဟု ခပ်ကြွားကြွားကလေးဆိုလေသည်။ သူသည် ယခုအချိန်ထိ အကျီချွတ်လိုက်လျှင် ကြွက်သားများ အပြိုင်းအရိုင်း ကျန်နေသေး၏။ သူကြွားမည်ဆိုက ကြွားလောက်ပါပေသည်။ သို့ရာတွင် သတင်းရယူမှုအပိုင်း တွင်ကား ကျွန်တော်တို့စစ်ကြောင်းလောက် သူ မစွမ်းဆောင်နိုင်ခဲ့ပါ။ ရန်သူကို အထင်သေး အမြင်သေးရှိပုံ လည်း ရ၏။ သူ လှုပ်ရှားခဲ့သော ရွှေကြည်နောင်ကတုတ်ကွင်းကား တပ်မဟာ (၁)၏ ပျောက်ကျားဇွင် ဖြစ်၏။ ထို့ကြောင့် သူတို့တိုက်ပွဲကြီးကြီးကျယ်ကျယ်မတိုက်ခဲ့ရ။ ဒေသခံပျောက်ကျားများနှင့် ထိတွေ့မှု နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ပြီး လက်နက်ငယ် တစ်



www.burmeseclassic.com

www.burmeseclassic.com



လက်၊ နှစ်လက်လည်း ရလာသည်ဟုဆို၏။ ဤသည်ကို သူ ဂုဏ်ယူဝင့်ကြွား နေသည်။

"ရန်သူစစ်ကြောင်းကြီးတွေ ဒီမှာရှိတယ် ကြားတယ်။ ကျုပ် ကွန်မန်ဒိုတပ်ဖွဲ့ကြီးက အဲဒီကောင်တွေနဲ့မှ တိုက်ချင်တာဗျ"

သူ့စကားကြောင့် ကျွန်တော်နှင့် ကျွန်ကော့် စစ်ကြောင်းမှူးတို့ ပြုံးရပါသေးသည်။

ကမမောင်းမှ ဝါးသိုးခိုရေပူအထိ တစ်ရက်ချီတက်ရ၏။ လမ်းတွင် ဘာထိတွေ့မှုမှ မဖြစ်၊ သို့ရာတွင် ကျွန်တော်ရှိစဉ်က သာတောင့်သာယာရှိခဲ့သည့် ဝါကော်ကျေး၊ ဝါဒူး၊ ကျွန်းကုန်း၊ ဝါးသိုးခို၊ နေကပ်၊ ကျောက်ကွင်း၊ ရေပူ စသည့်ရွာကလေးများကား ယခုအခါ ရွာပျက်သလောက်ဖြစ်ပြီး ပစ္စန္တရာဇ်တိုင်းပြည်ဘဝ ကျရောက်နေပေပြီ။

တစ်လမ်းလုံး မိတ်ဟောင်း ဆွေဟောင်းများထံမှ သတင်းထောက်လာ၏။ သတင်းအစအနကလေးများ ရ၏။

"သာဆဲက ကျွန်တော်တို့ကို စောင့်နေသတဲ့"

"သူပိုင်တဲ့ ဂွင်ရောက်ရင် အပြတ်တိုက်မယ်တဲ့"





"ကျွန်တော်တို့ စစ်ကြောင်းကြီးကို ဝိုင်းပတ်ချေမှုန်းဖို့ မာနယ်ပလောဗဟိုကလည်း ညွှန်ကြားသတဲ့"

စစ်တိုက်ရန်လာသည်ပဲ ပြဿနာမရှိပါ။ ကျွန်တော်တို့ကလည်း လာမည့်ဘေး ပြေးတွေ့နေခြင်းဖြစ်၏။

ဒုတိယနေ့တွင် ဝါးသိုးခိုကုန်းတွင် အခြေပြုရာမှ ကပ်ဟိလူကြီးဝိုင်းအား ဖြတ်ရှင်း၍ ကတိုင်တီသို့ တစ်ညဝင်နားဖြစ်၏။ ဘာထိတွေ့မှုမှမဖြစ်၍ အားလုံးက အံ့သြနေကြ၏။ ရန်သူတွေ ဘယ်ရောက်နေကြပါလိမ့်၊ ကတိုင်တီနှယ်မြေခံတပ်နဲ့ ပေါင်းစပ်ညှိနှိုင်းရ၏။ ဆင်စွယ်အထိဆက်ရှင်းသင့်ကြောင်း ကတိုင်တီစခန်းက အကြံပြု၏။ မိတ်ဆွေဟောင်း ကတိုင်တီသူကြီး ဦးစူလမန်ကိုလည်း တိုးတိုး တိတ်တိတ် သတင်းမေးရသေး၏။

"ဘယ်လိုလဲ ဦးစူလမန် အခြေအနေလေးပြောပါဦး"

"သာဆဲရယ်၊ သာဂေရယ် ပေါင်းထားတာ ဗိုလ်ကြီးရဲ့။ သာဂေဆိုတာ ဗိုလ်ကြီးကို နီဖောထိမှာ ချောင်းပစ်သွားတဲ့အကောင်လေ။ ဒီကောင်က သာဆဲရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ပဲ၊ ဘောကြိုးလယ်သားပေါ့။ ရွာတွေမှာလည်း တစ်အိမ်တစ်ယောက် ယောက်ျားကလေးတွေ အတင်းဆွဲပြီး သူတို့အထဲ ထည့်နေတယ်။ ဗိုလ်ကြီးတို့ ရောက်လာမှပဲ သက်သာမှာပါ''

အင်း ... အခုမှ တကယ့်ကို မိတ်ဆွေဟောင်းကြီး များနဲ့ လာတွေ့နေတာကိုး။ ကျွန်တော်က သာဂေနှင့် နိုဖောထိ အသံကြားကတည်းက ရာဇဝင်ကြွေးဆပ်ရန် လုံးဝသန္နိဋ္ဌာန် ချလိုက်ပါသည်။

သာဂေသည် ကျွန်တော် ကတိုင်တိစခန်းမှူး ဗိုလ်ပေါက်စလေးဘဝက ကျွန်တော့်အား နိုဖောထိ၌ ချောင်းပစ်သွားသူဖြစ်သည်။ ထိုတိုက်ပွဲ၌ ကံကောင်း၍ ကျွန်တော် အသက်မသေဘဲ နှစ်ယောက် ဒဏ်ရာရပြီး ကာဘိုင်တစ်လက်ဆုံးခဲ့ရပါသည်။

''ကဲ ... သာဆဲနဲ့ သာဂေရေ တို့တစ်တွေ မကျေနပ်ပွဲနွှဲကြသေးတာပေါ့''

အထက်ပါအတိုင်း ကြုံးဝါးလိုက်၏။

တတိယနေ့တွင် ဆင်စွယ်သို့ဝင်ရောက် ရှင်းလင်း၏။ ဆင်စွယ်ကား လုံးဝရွာပျက်သွားခဲ့ပြီဖြစ်၏။ ဘာမျှ





သွားခြားပါ။

''ဦးတည်ရန်သူအဖွဲ့ ရေပူအနောက်ခြမ်းတွင် ရှိနေကြောင်း၊ နိုင်လုံစွာ သတင်းရ၊ ဤကနရလျှင် ရှောင်း အမြန်ချီတက်ရှင်းလင်းရန်''

ဟူသော ညွှန်ကြားချက်အား ဘားအံဗျူဟာမှ ဆိုနေ့ညနေတွင် ရ၏။ ကျွန်တော်တို့ စစ်ကြောင်းကြီးမှာ လာလမ်းအတိုင်း ပြန်လှည့်ခဲ့ရ၏။

ပဥ္စမနေ့ညအား ရေပူစခန်းအနီးတွင် အခြေပြုရင် ရေပူစခန်းတာဝန်ခံနှင့် ညှိနှိုင်းရ၏။

''ဗိုလ်မှူးတို့မှာ လှည်းတွေပါတော့ လှည်းလမ်းက အသုံးခိုမှာပဲရှိတယ်။ ဒီနေကပြီး ဝါးသိုးနို၊ ဟိုဘက်တော့ လေးဖိုးထပေါ့။ အဲဒါသာဆဲရွာပဲလေ။ ဒီကောင်က သူ့ရွာနား ကြာမကြာ ပြန်ကပ်တတ်တယ်။ ပြီးရင် မြောက်တက်ရင် ရှုရေးဘောကြိုးလယ်၊ အနောက်ဆိုရင်တော့ ကိုဖိုးပုလဲ တို့ ပျဉ်းမပင်ဆိပ်တို့ပါပဲ။ အဲဒီအတိုင်း လှည်းသုံးနိုင် ပါတယ်''

''ဝါးသိုနိုကနေပြီး လေးဖိုးထ ဝင်ရှင်းကြတာပေါ့ ရွာ သာဆဲရွာဆိုတော့ သတင်းရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းမှူးက ဆိုသည်။

"လေးဖိုးထမှာတော့ သတင်းသေချာပါတယ်
ခင်ဗျာ။ အတော်များများကတော့ သူ့အမျိုးချည်းပါပဲ"

ရေပူစခန်းမှူးက ပြော၏။

ကျွန်တော်က 'သူ့အမျိုးချည်းပါပဲ'ဆိုသည့် ရေပူ
စခန်းမှူးစကားကြားသောအခါ ပြုံးမိပါ၏။

ဆင့်မနေ့နံနက်တွင် ကျွန်တော်တို့ စစ်ကြောင်း
သည် ရေပူမှ ဝါးသိုးခို၊ ထိုမှ လေးဖိုထသို့ ဝန်ထေ
သယ်ဆောင်လာသည့် လှည်းလေးငါးစီးပါဝင်ကာ ချီတက်
လာ၏။ လှည်းတစ်စီးသည် လူနှစ်ဆယ်ဦးစာအား အသာ
ပင်သယ်နိုင်၍ လူတစ်ရာခန့် သက်သာ၏။ ထို့ကြောင့်
လူအခက်အခဲအား လှည်းဖြင့်ပင် ဖြေရှင်းရ၏။

(၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးကား ပေါ့ပေါ့ပါးပါးဖြင့်
ကျွန်တော်တို့ စစ်ကြောင်းရှေ့က လမ်းရှင်းကာ ဦးဆောင်
ထွက်သွား၏။ နေကပ်ရွာသူကြီး ဦးဖားကလိုးနှင့် ဝါးသိုး
ရွာသူကြီး ဦးတာတီးဖိုးတို့က ကျွန်တော်နှင့်တွေ့ရာတွင်—

"အမယ်လေး . . . သူ့ခိုဖိုး နင်ပြန်လာတယ်နော်
သတိတော့ထားပော့။ သာဆဲနဲ့ သာဂေက မလွယ်ဘူး





နင့်သူငယ်ချင်းဟောင်းတွေပဲလေ။ လေးဖိုး ထနားမှာတော့
ကြာ မကြာ နေတယ်ကွ"

ဟု အသားရိက္ခာများ လာပို့ရင်း သတိပေးကြ၏။
ကျောင်းဆင်းခါစ ဗိုလ်ပေါက်စဘဝ ရေပူတွင် လပေါင်း
များစွာ ထိုသူကြီးများနှင့် ခင်မင်ရင်းနှီးစွာနေပြီး ဌာနေ
တိုင်းရင်းသား စကောကရင်စကားသင်ရင်း စားအတူ
သောက်အတူဖြစ်ခဲ့ရာ ကျွန်တော်မှာ သူတို့၏ တူသားနှောင်
ငယ်လိုဖြစ်နေ၍ . . .

"သူ့ခိုဖိုး၊ သူ့ခိုဖိုး" ဟု ချစ်စနိုးခေါ်ကြ၏။

သူ့ခိုဖိုးဆိုသည်မှာ သူတို့စကားဖြင့် ဗိုလ်ပေါက်စ
လေးဟု ခေါ်ခြင်းဖြစ်ပါ၏။ ကျွန်တော်ကား ထိုစဉ်က
ပေါင်တစ်ရာသာသာ သေးသေးကွေးကွေးလေးပေကိုး။

လေးဖိုးထသို့ လှည်းများပါနေသဖြင့် တအိအိ
ချီတက်လာကြရာ ညမှရောက်၏။ အိမ်ခြေရာကျော်သော
ရွာကြီးပါပေ။ သောင်းကျန်းမှုသာမရှိပါက အလွန်သာယာပြီး
ပျော်စရာကောင်းမည့်ရွာကြီးဖြစ်၏။ နောက်ပြီး တပ်များ
နေရာချ၍ နောက်တစ်နေ့အတွက် အစီအစဉ်ဆွဲရ၏။
သတင်းစုံစမ်းကြ၏။ သတင်းကတော့ ဘာမှ မထူးခြား။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် သတင်းသုံးလေးပတ်က သာဆဲအဖွဲ့ ခဏဝင် လာဖူးသည်ဆိုသည့် သတင်းဟောင်းများ သာရ၏။ ရန်သူ့ သတင်း တိတိကျကျ ဂဃနဏလည်း ဘယ်သူမှမပေးကြ၊ ဘယ်ပေးမှာလဲ။ ရန်သူ့အမျိုးတွေချည်း ဖြစ်နေသည်ပဲ။

နောက်ဆုံးတော့ စစ်ကြောင်းမှူးကြီးက ...

"ဗိုလ်ကြီးသက်ဦးရေ လုပ်ပါဦးဗျာ။ မနက်အတွက် သတင်းပလင်းလေး ဘာမှမရရင်တော့ မဖြစ်ဘူး ဗျ။ **No Information, No Operation** ပဲ။ လူမှာ ထမင်း၊ စစ်မှာ သတင်းလေဗျာ။ ခင်ဗျား အစွမ်းအစလေး ပြပေးပါဦး။ သူတို့ အမျိုးတွေချည်းဆိုတော့ ခပ်ခက်ခက်ပဲ"

ကျွန်တော်က ထပ်မံပြုံးလိုက်ပါသည်။

"စစ်ကြောင်းမှူး ခဏစောင့်ပါ။ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

ထို့နောက် အရပ်ဝတ်လဲပြီး ကုလားဘာသူ စောင်တစ်ထည် အသာခြုံ၍ နို့ဆီငါးလုံးနှင့် အသားဘူး သုံးဘူးအား ရင်ဝယ်ပိုက်ကာ ရွာတွင်းသို့ ဝင်ခဲ့၏။ ရွာလယ် က ပျဉ်ထောင်အိမ်ငယ်လေးတစ်လုံး ရှေ့အရောက်တွင် ကား ...





"ဝေးမှုကား၊ ဝေးမှုကား၊ ဟော့ ... ရာထီးစယ် ကြိုး"

"ဗို့ ... အဒေါ်၊ ဗို့ ... အဒေါ်၊ ကျွန်တော့်ကို ရှုပုံးခဏပေးပါ"

ဟု တိုင်းရင်းသား စကောကရင်စကားဖြင့် ပြော ဆိုက်ရာ အိမ်တံခါးပွင့်သွား၏။ အသက်ငါးဆယ်ကျော် တိုင်းရင်းသူကြီးတစ်ဦးအား မီးရောင်အောက်တွင် မျက်တရက်တွေလိုက်သည်နှင့် ကျွန်တော်က လက်ဖမ်းဆွဲ ပြီး အိမ်တွင်း ဝင်လိုက်၏။

"အန်တီ ... ကျွန်တော် သက်ဦးလေ"

"ဟယ် ... ဖိုးဒိုခွား"

အမျိုးသမီးကြီးက အံ့ဩဝမ်းသာပြီး ခေါ်လိုက်၏။ ဤအမျိုးသမီးကြီးကား ကျွန်တော် ယောက္ခမအမကြီး၏ ဝမ်းကွဲညီမ ဒေါ်မာဂရက်ပင်တည်း။

ငယ်စဉ်က ကမောင်းအုံးတောကျမ်း စာသင် ကျောင်းတွင် သူတို့ညီအစ်မအတူ စာသင်ခဲ့ကြပြီး ဝမ်းကွဲ ဆိုသော်လည်း ညီမအရင်းသဖွယ် ချစ်ခင်ကြ၏။ ဒေါ်မာဂ ရက်က ကျွန်တော့်ဇနီး သူ့တူမကိုလည်း ချစ်ခင်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော့်အားလည်း တူအရင်းသဖွယ် ချစ်ခင်နေ၏။

သာဆဲမှာသာ အမျိုးရှိသည်မဟုတ်ပါ။ သက်ဦးလည်း အမျိုးနဲ့ပါပဲ။

ပါလာသည့် နို့ဆီပါးလုံးနဲ့ အသားဘူးများ လက်ဆောင်ပေးပြီး နောက် . . .

''အန်တီ အခြေအနေပြောပါဦး။ သာဆဲတို့ ဘယ်ရောက်နေလဲ''

''ဘယ်ရောက်ရမှာလဲ ဖိုးဒိုခွားရယ်။ မနေ့ညက ရွာထဲမှာ အိပ်နေတယ်။ ဒီနေ့ ဖိုးဒိုခွားတို့ စစ်ကြောင်း သတင်းရလို့ ရွာပြင်မှာ ထွက်စောင့်နေကြတယ်။ အဲဒါ သတိသာထားသွားပေတော့''

''လူဘယ်လောက်ရှိလဲ အန်တီ''

''တစ်ရာကျော် နှစ်ရာနီးပါးလောက်ရှိတယ်''

''ပြောင်းလုံးကြီးကြီး သေနတ်တွေရောပါလား''

''မောထာ မောထာနဲ့ သူတို့ခေါ်တဲ့ဟာလား။ နှစ်ခု သုံးခုတွေ့တယ်။ ချွန်ချွန်အသီးနဲ့ ပစ်တဲ့သေနတ် လည်း တစ်လက် နှစ်လက်မြင်တယ်''





၆၀ မီလီမီတာ စိန်ပြောင်းနှင့် ၅၇ မီလီမီတာ နောက်ပွင့်များဖြစ်ပေမည်။

''ဟုတ်ကဲ့ အန်တီ။ ကျေးဇူးပါပဲ။ မာရီယာနဲ့ အင်နီတာတို့ရော''

သူ့သမီး ကျွန်တော့်ဖနီး၏ ညီမဝမ်းကွဲများ ဖြစ်၏။

''ဒီမှာအခြေအနေ မကောင်းလို့ ဘားအံပို့လိုက်ပြီ နိုဒိုခွားရေ။ ဒီမှာတော့ အန်တီတစ်ယောက်ပဲ ကျမ်းစာ သင်ပေးရင်း ကျန်နေတယ်''

''ကဲ . . . ဒါဆို ကျေးဇူးပဲ အန်တီ။ ကျွန်တော် ပြန်ပါဦးမယ်''

စစ်ကြောင်းရုံးသို့ ပြန်ရောက်သော် စစ်ကြောင်းမှူး အား ရလာသည့်သတင်းအား တင်ပြ၏။ အရာရှိအားလုံး ခေါင်းချင်းဆိုင်ပြီး နောက်တစ်နေ့အတွက် ချီတက်မှု အစီအမံများ ရေးဆွဲရ၏။ နက်ဖြန်ချီစစ်ကတော့ အသေ အချာ စီမံမှ ရပေမည်။ ရန်သူ၏ အနံ့အသက်များက တော်ဝန်းကျင်တွင် ပျံ့နှံ့နေပြီး ရန်သူ့အမြီးကို ကျွန်တော်တို့ နင်းမိနေပြီ။

''ဗိုလ်ကြီးသက်ဦးရေ . . . ဒီပွဲကတော့ ခင်ဗျားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲဗျာ''

''နက်ဖြန်မနက်တော့ ခင်ဗျားတပ်ခွဲပဲ ပို့ုင့်ပြေး ပေးပါဦး''

နိုဂုံးချုပ်ပြောရင်း စစ်ကြောင်းမှူးက တာဝန်းဖြုတ် လိုက်၏။ လုပ်ရမည်ပေါ့။ အမိန့်နှင့်တာဝန်ပေပဲ။

ဦးတည်ရန်သူနှင့် ထိတွေ့ပြီ

ချီစစ်အတွက် စစ်နှစ်ကြောင်းခွဲလိုက်၏။

ကျွန်တော်တို့က အဓိကစစ်ကြောင်း၊ လှည်းလမ်း အတိုင်း သွားမည်။ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့က ညာဘက် ကိုက် ၁၅၀၀ ခန့်အကွာမှ မျဉ်းပြိုင်ချီတက်မည့် အရန် စစ်ကြောင်းဖြစ်၏။

သတ္တမနေ့မနက် ၀၇း၀၀ အချိန်၊ လေးဖိုးထရွာမှ မြောက်ဘက် ရွှေရေးဆီသို့ စထွက်၏။ တစ်နာရီကျော် ချီတက်အပြီး ပို့ုင့်တပ်စုမှ တပ်စုမှူးဗိုလ်မြင့်သိန်းက ...

''တပ်ခွဲမှူးရေ ... ညာဘက်လျှိုထဲမှာ ရန်သူတွေ ကောက်ရိုးခင်းပြီး အိပ်ထားတဲ့နေရာတွေ တွေ့တယ်၊ အများကြီးပဲ လာကြည့်ပါဦး''





မှန်ပါသည်။ ညက အိပ်ပြီး ယခုမနက်မှ ထွက်သွား ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လတ်လတ် ဆတ်ဆတ် မစင်ပုံများတွေ့ရ၏။ မီးကျန်နေသည့် မီးပုံများ လည်း တွေ့ရ၏။ လူတစ်ရာ့လေး ငါးဆယ်ခန့်တော့ ရှိပေမည်။ အကျိုးအကြောင်းကို စစ်ကြောင်းမှူးအား သတင်းပို့၏။ သူလည်း လိုက်ကြည့်၏။

''သတိထားပြီး ဖြည်းဖြည်းသာသွားပါဗျာ''

ဟုဆို၏။ ထို့နောက် ဆက်ထွက်ခဲ့ရာ မနက် ဆယ်နာရီခန့်တွင် ...

''ဒိုင်း ... ဒိုင်း ... ဒိုင်း'' ဟု ကျီ ၃ သံ သုံးချက်ကြားရ၏။

ရန်သူတစ်ဦး လှမ်းမြင်၍ ပို့ုင့်က လှမ်းပစ်ခြင်း ဖြစ်၏။ ဆန်စလွယ်တစ်ခု ကျန်ခဲ့၏။ ရန်သူ ကြည့်ကင်း၊ မျှော်ကင်းပင်ဖြစ်မည်။ ရန်သူနှင့် အတော်နီးနေပြီ ထင်ရ၏။ စစ်ကြောင်းမှူးအား သတင်းပို့၍ မနက်စာ စား လိုက်၏။ တိုက်ပွဲမဝင်မီ ထမင်းစား၍ အလေးအပင်များ ရှင်းလိုက်၏။

နေ့လယ် ၁၂ နာရီတွင် (၂၀၂) နှင့် စက် ဆက်သွယ်ကာ ဆက်ထွက်ခဲ့ကြ၏။ တစ်ချက်တီးတွင်ကား



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးရှာတောင်ဘက်၌ ကိုက်တစ်ထောင်ခန့် ရှည်သည့် ကွင်းကြီးတစ်ခုသို့ ရောက်လာ၏။ ဗိုလ်မြင့်သိန်းက …

"တပ်ခွဲမှူး ကြည့်ပါဦး။ ကွင်းကြီးက အကျယ်ကြီး။ ဘယ်ဘက်မှာလည်း တောင်ကုန်းလေးငါးလုံး၊ ကွင်းအဆုံးမှာလည်း တောင်ကြောနဲ့တောအုပ်၊ ညာဘက်မှာလည်း တောအုပ်၊ ဘယ်လိုလုပ်ကြမှာလဲ"

ကျွန်တော်သည် မှန်ပြောင်းနှင့် လှမ်းကြည့်ရာ ကွင်းအဆုံး မြောက်ဘက်ထိပ်ရှိ တောင်ကြော၏ခါးလယ် ငှက်ပျောတောအတွင်းမှ မီးခိုးလေးများ အူနေသည်ကို အနှံ့အပြားတွေ့ရ၏။ ရန်သူတွေများ ရှိနေပြီလား မသိ။ စောင့်နေပြီလားမသိ။

ဘယ်ဘက်တောင်ကုန်းငယ်လေး ငါးလုံးဘေးတွင်ကား ရေချောင်းကလေးတစ်ခု ရှိသည်ကို စစ်သုံး မြေပုံက ပြနေ၏။ ကျွန်တော်တို့ ဖြတ်မည့်ကွင်းကား ကောနေသည့် လယ်ပျက်ကွင်းပင် ဖြစ်၏။ ကျွန်တော်တို့သည် ကွင်းကို မဖြတ်ဘဲ ကွင်းစပ်မှ အခြေအနေကို အကဲခတ်ထောက်လှမ်းနေ၏။ ထိုစဉ် မမျှော်လင့်ဘဲ အနောက်ဘက်တောင်ကုန်းများဆီမှ …





"ဂွမ်း … ဂွမ်း … ဂလွမ်း" ဆိုသည့် ဟန်းကောလိုလို ပန်းကန်ပြားလိုလို လွတ်ကျသံများ ကြားလိုက်ရ၏။

"ဟိုက် … တောကြီးမျက်မည်းမှာ ဘယ်ကလာ ဟန်းကောသံ ပန်းကန်သံကြားရမှာလဲ။ ရန်သူပဲ ဖြစ်မယ်"

"ကဲ … ဗိုလ်မြင့်သိန်းရေ စစ်ကြောင်းမှူးကြီးသာ လှမ်းသတင်းပို့ပါတော့ဗျာ။ ရန်သူတော့ရှိနေပြီ။ ဖြတ်ရင် ချမယ်ထင်တယ်"

စစ်ကြောင်းမှူးရောက်လာ၏။ ကျွန်တော်က အကျိုးအကြောင်း တင်ပြသည်။

"ဒါဆို ဘယ်လိုလုပ်ကြမှာလဲ"

"ကျွန်တော်နဲ့ တပ်စုနှစ်စု နှစ်လက်မ စိန်ပြောင်း သုံးလက်နဲ့ အမ် ၇၉ တွေ ယူသွားပြီး ဘယ်ဘက် က တောင်ကုန်းတွေ တက်ရှင်းပါ့မယ်။ ကုန်းအားလုံးကုန်မှ ဗိုလ်မြင့်သိန်းတပ်စုစဖြတ်ပါ။ ပြီးရင်တော့ စစ်ကြောင်းရုံးနဲ့ ခွဲ(၁) ဖြတ်တာပေါ့။ ကွင်းမြောက်ဘက်အစွန်က တောင်ကြောမှာတော့ ရန်သူရှိမယ်၊ စစ်ကြောင်း မှူးကြီး။ အဲဒီကြောကျော်ရင် ရွှေရေးရှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စစ်ကြောင်းမှူးကြီးကတော့ သုံးလက်မစိန်ပြောင်းနဲ့ ၇၅ နောက်ပွင့်တွေဆင်ပြီး ဒီကထောက်ထားပေးပါ။ အရေးပေါ်လက်နက်ကြီး ပစ်ကူပေးနိုင်အောင်ပေါ့ခင်ဗျာ"

ကျွန်တော်၏ တင်ပြချက်အား စစ်ကြောင်းမှူးက သဘောတူသည်။

"အေးဗျာ ... လုပ်ကြတာပေါ့"

ကွင်းစပ်၌ လက်နက်ကြီးဆင်ပြီးချိန်တွင် ကျွန်တော်သည် တပ်စုနှစ်စုကို ဦးဆောင်ပြီး ဘယ်ဘက် တောင်ကုန်းငယ်များကို စရှင်းသည်။ တစ်ကုန်း၊ နှစ်ကုန်း၊ သုံးကုန်း၊ ဘာမှမဖြစ်။ လေးကုန်းသို့ရောက်ပြီး ငါး ကုန်းရောက်ပါက ရည်မှန်းချက် တောင်ကြောနှင့် ကိုက်နှစ်ရာခန့်သာရှိတော့မည်။ ငါးကုန်းရောက်က ကျွန်တော် အချက်ပေးမည်။ ထိုအခါ ကျွန်တော်တို့တပ်များ ကွင်းဖြတ်ရန်ဖြစ်၏။ ကျွန်တော်က ဒီဒေသတွင် ငါးနှစ်ကျော် ခြောက်နှစ်နေသွားခဲ့၍ ရန်သူ့အထာ ကျွမ်းနေပါပြီ။ ခံခဲ့ရပေါင်းလည်း အတော်များ၍ သိနေပါပြီ။ ထို့ကြောင့် အကွက်ကျကျ စီစဉ်ပြီး ကြက်ရေး ငှက်ရေးတွင် ကိုယ်တိုင်တက်ရှင်းခြင်း ဖြစ်၏။





တောင်ကုန်းအမှတ် (၄) အား ရှင်းနေစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ရုတ်တရက် ဖြစ်ပွားသွား၏။ ကျွန်တော်တို့တပ်ဖွဲ့ဝင်များက ခရမ်းရောင် လည်စည်းများနှင့်ဖြစ်ပြီး (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကလည်း အစိမ်းရောင်လည်စည်းများဖြစ်သည်။ ထိုလည်စည်းအစိမ်းရောင်နှင့် ကွန်မန်ဒိုတပ်ဖွဲ့ကြီးသည် ရုတ်တရက် ကွင်းကြီးအတွင်းသို့ တန်းစီးလျှက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။ ဘာကြောင့်မှန်းလဲ မသိ။ ကျွန်တော်လည်း ရုတ်တရက် ဖြစ်သဖြင့် အံ့အားသင့်နေသည်။ ကွန်မန်ဒိုတပ်ဖွဲ့ကြီးကွင်းအတွင်း ကိုက်လေးငါးရာခန့်အရောက် တွင်ကား ...

"ဖောင်း ... ဒိုင်း ... ပတောက် ... ပတောက် ... ဝုန်း ... ဝုန်း"

လက်နက်မျိုးစုံအသံများ မြောက်ဘက်တောင်ကြောနှင့် အရှေ့ဘက်တောတန်းမှ ဆူညံစွာ ကြားရပါတော့သည်။ ကွန်မန်ဒိုတပ်ဖွဲ့ကြီးကို ရန်သူက စပစ်ပေပြီ။

ကွန်မန်ဒိုတပ်ဖွဲ့ကြီး ရန်သူ့အတိုက်ခံရပြီဟူသော အသိနှင့်အတူ ကျွန်တော်က အမှတ် (၅) တောင်ကုန်းပေါ် ပြေးတက်၍နေရာယူပြီး ...

www.burmeseclassic.com



"တပ်မတော်ကွ ... ပစ်ဟေ့" ဟု ကြွေးကြော် အမိန့်ပေးကာ ၂ လက်မစိန်ပြောင်းများ၊ အမ် ၇၉ လောင်ချာများဖြင့် ရန်သူ့တောင်ကြော ငှက်ပျောတောဆီသို့ အတင်းတရစပ် ပစ်ခတ်ပါတော့သည်။ အနောက် ဘက် တောင်ကုန်းများတွင် ကျွန်တော်တို့ ရောက်နေသည်ကို ရန်သူက သိပုံမရ၊ ကွင်းထဲလှမ်းပစ်နေရာမှ ကျွန်တော်တို့ ဘက် အာရုံပြောင်းသွားကာ လက်နက်ကြီးသုံး၍ ကျွန်တော် တို့အား လှမ်းပြီးပြန်ပစ်၏။ ၅၇ များ ဆက်တိုက်ပစ်လာ၏။ ဝါးရုံများ ပြတ်ကျကုန်၏။ ကံကောင်း၍ ကျွန်တော်တို့အား မမှန်ခြင်းဖြစ်၏။ တစ်ကြိမ်တွင် ကျည်စတစ်ခုက ကျောက် ဆောင်အား ဝင်မှန်ပြီး ကျွန်တော်၏ တောစီးဖိနပ်တွင် လာမှန်၍ စိုက်ဝင်သွား၏။ ကံကောင်း၍ ကျွန်တော့်အား မထိ။ ဖိနပ်ဖင်တစ်ပိုင်း ပွင့်သွား၏။ ရန်သူက ကျွန်တော်တို့ အား မဲနေ၍ ...

"စစ်ကြောင်းမှူး ... လက်နက်ကြီးတွေ ပစ်ပေး ပါ"

ဟု စစ်ကြောင်းသို့ လက်နက်ကြီး ပစ်ကူတောင်း ရ၏။





တိုက်ပွဲချိန်တစ်နာရီကျော်ကျော်တွင် ကျွန်တော်တို့ ဘက်မှ သုံးလက်မ စိန်ပြောင်းအလုံး ၃၀ ခန့် ပစ်ပြီး ဖြစ်၏။ ရန်သူက မဆုတ်၊ ကွင်းလယ်က ကွန်မန်ဒိုအဖွဲ့မှာ အငိုက်မိသွားသဖြင့် နှစ်ဦးကျဆုံးပြီး ရှစ်ဦး ဒဏ်ရာ ရနေပြီဟု စက်မှကြားရ၏။ သူတို့လည်း ကမန်းကတန်း နောက်ပြန်ဆုတ်သွား၏။ ကျွန်တော်တို့ရှိနေ၍ သက်သာ သွားခြင်းဖြစ်၏။

"စစ်ကြောင်းမှူး ... ရထားငါးရဲ့သုံးမှ ရမယ် ထင်တယ်ခင်ဗျာ။ ဒီကောင်တွေ ခေါင်းမာနေတယ်"

တိုက်ပွဲချိန် နည်းနည်းကြာလာသဖြင့် စစ်ကြောင်း မှူးကြီးအား အကြံပြုတင်ပြရ၏။

ကျွန်တော် သတင်းပို့ချက်နှင့်အတူ ၇၅ မီလီ မီတာ နောက်ပွင့်သံများ ထွက်လာ၏။

"ဝုန်း ... ဝုန်း ... ဝုန်း" မိမိဘက်မှ နောက်ပွင့် လေးငါးချက်ပစ်ပြီးနောက် ရန်သူ့ဘက်က ပစ်ခတ်သံများ လျော့သွား၏။

"တူ ... တူ ... တူ"

ကျွဲချိုမှုတ်သံကြားရ၏။ ကျွန်တော် နားလည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ခွေမျိုးတွေပဲ။


"တက်ဟေ့ ... တက်ဟ။ ဒီကောင်တွေ ဆုတ်ပြီဟေ့"

ကျွန်တော်လည်း အပြေးအလွှား ရန်သူ့တောင်ကုန်းအား ဖြန့်တက်ပစ်စနစ်ဖြင့် အတင်းကျားတက် ထိုးပါတော့သည်။ ၁၅ မိနစ်ခန့်နှင့် ရန်သူ့ငုက်ပျောတောသို့ ရောက်၏။ ရန်သူများ အနောက်ဘက်ဆုတ်သွား၏။ မမျှော်လင့်ဘဲ 'အုံး'ဆိုပြီး ကျွန်တော့်နားမှာ မိုင်းတစ်လုံးကွဲလိုက်သေး၏။ အလောင်းတစ်လောင်းနှင့် ထောင်ချောက်မိုင်း။ ကံကောင်း၍ ဘယ်သူမှ ဘာမှမဖြစ်။

ရဲဘော်တစ်ဦးမှ မေတ္တာပို့၏။ "ခွေးမသားတွေ ... မိုင်းထောင်သွားသေးတယ်"ဟု။

ရန်သူ့နေရာသိမ်းပြီးသောအခါတွင် ကျားအကျဲနှင့် အလောင်းခုနစ်လောင်း ရလိုက်၏။ လက်နက်ကတော့ မရ။ လူသေတာတောင် သေနတ်တွေ ပြန်ယူသွားသေး၏။ သွေးကွက်ကြီးများ အတော်များများ တွေ့ရ၏။ သွေးကွက်တွင် သွေးမြုပ်များပါတွေ့ရပြီး လက်နက်ကြီးများ ထိမှန်ထားခြင်းဖြစ်၏။

မြရတနာစာပေ





ရွှေရေး၊ ဘောကြီးလယ်၊ ကညင်ခုံ၊ ကတိုင်တိ ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com

ဖာပွန်ဒေသ၊ ကမမောင်းနှင့် ရေပူ ကတိုင်တီ လမ်းကြောင်းပြမြေပုံ





(၂၂) ကွန်မန်ဒိုတပ်ဖွဲ့ ကြီးသည် ပုံပါအတိုင်း ရန်သူ၏ စတင်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်

www.burmeseclassic.com



အရာရှိငယ်ဘဝက ဗိုလ်မှူးကြီးမျိုးခင် နှင့် ဇနီး



ကျွန်တော်လည်း အကျိုးအကြောင်းကို စစ်ကြောင်း ထံ သတင်းပို့၏။ ရန်သူ့နေရာအားလုံး ရှင်းပြီး သော် နေလေးနာရီထိုးပြီ။ ပစ်ကျင်းပေါင်းတစ်ရာကျော် တူးပြီး ပိုင်တိုက်ရန် ပြင်ဆင်ထားခြင်း ဖြစ်၏။

ကျွန်တော်တို့ အစီအမံကောင်း၍ အထိမနာခြင်း ဖြစ်၏။ စစ်ကြောင်းမှူးက တားသော်လည်း ကွန်မန်ဒို အဖွဲ့က စိတ်စောပြီး ကွင်းဖြတ်လိုက်၍ အထိအခိုက် အကျ ဆုံးရှိသွား၏။ ကျွန်တော်တို့ဒဏ် ကွန်မန်ဒိုက ဝင်ခံ သွား၏။ မည်သို့ဆိုစေ ရန်သူ့အလောင်း ခုနစ်လောင်း လိုက်၍ ဖြေသာပါသည်။ ဒါလည်း ကျွန်တော်တို့ တင်းတက်၍ ကျားထိုးရှင်းလိုက်ခြင်းကြောင့် ဖြစ်၏။

ထိုနေ့ညက ရွှေရေးရွာတွင် ဝင်အိပ်ဖြစ်ပါသည်။ သူကြီးနှင့်တွေ့သော် ...

"ဟော့ ... မင်းတို့နဲ့ဖြစ်တာ လူ ၂၀ လောက် ာ်ရာရသွားတယ်ကွ။ မှန်တာထဲမှာ သာဂေပါ ပါတယ် ။ ဘောကြိုးလယ်ဘက် ဆင်နဲ့တောင် တို့ပို့ပေးရတယ်။ င်းတို့ကို မကျေဘူးတဲ့ကွ"

"ခုနစ်ယောက် သေကျန်ခဲ့တယ် သူကြီး၊ ဒီကောင်

www.burmeseclassic.com



တွေတော့ အတော်အီသွားတယ်။ မကျေလည်း ဘယ်တန်နိုင်မလဲဗျာ။ နောက်တစ်ပွဲပေါ့”

“အေး … ကောင်းပါတယ်ကွာ။ ဒို့ နိုပ်စက်နေတာကြာပြီ။ တစ်ခါ တစ်ခါကျတော့လည်း သူတို့လည်း ဒီလိုဒုက္ခရောက်ဦးမှ”

ဟု သူကြီးမင်းက ဆို၏။

ထိုနေ့က မော်မောနှင့် ရွှေရေးတွင် ကင်းအထပ်ထပ်ချ၍ နှစ်ခြိုက်စွာ အိပ်လိုက်ပါသည်။ တာဝန်တစ်ခု ကျေလိုက်ပြီပဲ။

ရွှေရေးမှသည် ကတိုင်တီသို့

မိုးလင်းတော့ ဘားအံဗျူဟာမှ ကျွန်တော်တို့ စစ်ကြောင်းတစ်ခုလုံးနှင့် (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ဝင် ကတိုင်တီသို့ ဝင်ရောက်ရန် ညွှန်ကြားချက်ရသည်။

“ကဲ … ဘယ်လိုလုပ်ကြမလဲ”

စစ်ကြောင်းမှူးနှင့် ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူးတို့ တိုင်ပင်ကြ၏။

“လှည်းသုံးမယ်ဆိုရင်တော့ ဘောကြိုးလယ်ဘက်





က သွားမှရမယ်။ လှည်းလမ်းက အဲဒီဘက်မှာပဲ ရှိတာ”

“ဘောကြိုးလယ်သွားရင်တော့ ထပ်ပြီးတိုက်ရဦးမယ်ထင်တယ်။ ကိုယ့်မှာလည်း လူနာလေးငါးရှစ်ယောက်နဲ့ ဖြစ်ပါ့မလား။ လမ်းကကွေ့ပြီး ဝေးလည်းဝေးတယ်”

“ကဲ … ဗိုလ်ကြီးသက်ဦး လုပ်ဗျာ။ ခင်ဗျားက ဒီဒေသကျွမ်းတယ်။ ဘယ်လိုလုပ်မလဲ။ ဘေးအကင်းဆုံး၊ အမြန်ဆုံးနဲ့ ကတိုင်တီရောက်မယ့် နည်းလေးရှာစမ်းပါဦး”

“ကျွန်တော့်အကြံတောင်းရင်တော့ ဒီရွှေရေးရွာရဲ့ ရှေ့ကတောင်ကို တက်ကျော်ချလိုက်ရင် ကညင်ဒုံ ရဲစခန်းကို တန်းရောက်ရော။ ကညင်ဒုံမှာ ရဲ ဆယ့်လေးငါးယောက်ရှိပါတယ်။ ရွာစုလေးလည်း ရှိတယ်။ လှည်း အကူအညီတောင်းရင်လည်း ကြံသကာဖိုတွေက လှည်းရှိတယ်။ ကတိုင်တီနဲ့လည်း ၂ မိုင်ကျော် ၃ မိုင်ပဲ ဝေးပါတယ်။ လမ်းက ကားလမ်းမကြီး။ လမ်းလည်းကောင်းတယ်”

“အဲဒီတော့”

“အဲဒီတော့ ကျွန်တော်တို့ ဒီရှေ့ကတောင်ကို ကျော်တက်မယ်”

“လှည်းတွေ ဘယ်သုံးလို့ရတော့မလဲ။ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျည်ဆန်တွေ သယ်ဖို့နဲ့ လူနာတွေ သယ်ဖို့ ဘယ်လို လုပ်မလဲ''

''လှည်းတွေတော့ မသုံးတော့ဘူးလေ။ အားလုံး ပြန်လွှတ်လိုက်မယ်။ ကျွန်တော်တို့က ကိုယ့်ပစ္စည်း ကိုယ်သယ်၊ ကိုယ့်လူနာကိုယ်ထမ်း၊ ကိုယ့်ကျည်ဆန် ကိုယ်သယ်ပြီး သွားကြတာပေါ့။ ဒါဘေးအကင်းဆုံးနဲ့ အမြန်ဆုံးလမ်းပဲလေ။ ရန်သူကလည်း ကျွန်တော်တို့မှာ လှည်းတွေပါလာတာ သူတို့သိတယ်။ ဒီတောင်ပေါ် တက်မယ်လို့ လုံးဝထင်ထားမှာ မဟုတ်ဘူး။ ဘောကြိုးလယ်အတိုင်း လာမယ်ထင်ပြီး ဘောကြိုးလယ်ကပဲ စောင့်နေမှာလေ။ အဲဒီတော့ အငိုက်ရတာပေါ့''

''ကဲ ... ဒါဆိုလည်း လုပ်ဗျာ''

ဤသို့ဖြင့် ကျွန်တော်တို့သည် ရွှေရေးရွာ၏ အရှေ့ဘက် တောင်ကြောအား ကိုယ့်ပစ္စည်းကိုယ်သယ်ကာ ဖြတ်တက်ကြ၏။ ကွန်မန်ဒိုတပ်ဖွဲ့ကြီးက သူ့လူနာတွေ သူ စောင်ပုခက်လုပ်ကာ ထမ်းခေါ်သည်။ ကျွန်တော် တို့ စစ်ကြောင်းက လက်နက်ကြီးကျည်များကို တပ်ခွဲ ၂ ခွဲ ဝေမျှသယ်သည်။ လက်နက်ကြီးကလည်း သယ်မှ





အရေးဟယ် အကြောင်းဟယ်ဆိုက ဒီ ၇၅ နောက်ပွင့်နှင့် သုံးလက်မစိန်ပြောင်းကြီးတွေက ရန်သူရဲ့ ၅၇ နဲ့ ၆၀ မီလီမီတာစိန်ပြောင်းတွေကို မြန်မြန်ဆန်ဆန် ကောင်တာ ပြန်နိုင်သည်လေ။ အခု ရွှေရေးတိုက်ပွဲမှာ ဒီလက်နက်ကြီး ၂ ခု ကယ်လို့ပေါ့ဗျာ။ အဲလိုမဟုတ်ရင် ဒီကောင်တွေကို ဘယ်နိုင်မှာလဲ။ တော်တော်နဲ့ ဆုတ်မှာ မဟုတ်ဘူး။ ၇၅ ကြီး ပြောင်းထိုးပစ်လိုက်နိုင်လို့ ဒါကြီး ၂ လုံးလောက် ဒိုင်ကျက်ဟစ်ထိသွားတာ။ ခွေးမသား သာဆဲ ပြေးပါရောလား။ သူ့တပည့်တွေလည်း ပစ်ကျင်းတွေထဲက အကုန် ထပြေးကုန်ရော။

ကျွန်တော်တို့သည် မနက် ၀၈း၀၀ ချိန်တွင် ကိုယ့်အထုပ် ကိုယ်ထမ်းကာ ရွှေရေးမှ ထွက်ခဲ့ကြ၏။ ရွှေရေးတောင်တန်းအား တဖြည်းဖြည်း ကုတ်ခြစ်တက်ရသည်။ ကမမောင်းမှ ခေါ်လာသည့် လှည်းများကိုတော့ ငွေရှင်းပေးပြီး ပြန်ခိုင်းခဲ့၏။

''ဟော့လူတွေ နေ့လယ်မှ ပြန်နော်'' ဟု မှာခဲ့ရသေး၏။ အစောကြီးပြန်သွားလို့ လမ်းမှာ ရန်သူများနှင့် တွေ့နိုင်၏။ ထိုအခါ ကျွန်တော်တို့ ကိုယ့်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထမ်းကာ တောင်ကျော်ပြီး ကညင်ဒုံဘက် ထွက်သွားသည်ကို သူတို့သတင်းရသွားနိုင်၏။

ထုံးစံအတိုင်း ရှေ့ရေးက အထွက်တွင် ကျွန်တော် တပ်ခွဲပင် ပို့သွားခဲ့၏။

တစ်နာရီခွဲ ၂ နာရီခန့် တောင်တက်ပြီး ၁ နာရီခန့် တောင်ဆင်းရ၏။ တောင်က သိပ်မမြင့်၍ တော် သေး၏။ ပေ ၂၀၀၀ ခန့်သာရှိပါသည်။ သို့ရာတွင် သစ်ပင်ဝါးပင်များနှင့် လှည်းမောင်းလို့ကတော့ မရပါ။ နေ့လယ်တွင် ကညင်ဒုံ ရဲစခန်းရောက်သည်။ သူတို့ကို အကူအညီတောင်းကာ ကညင်ဒုံ ချောင်းဘေးက ကြံသကာဖိုများမှ လှည်း အကူအညီရယူပြီး ညနေ နေမဝင်မီ ကတိုင်တီသို့ စစ်ကြောင်းကြီးတစ်ခုလုံး အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ပါသည် ခင်ဗျား။

## ဗျူဟာမှူးနှင့်တွေ့ဆုံခြင်း

နောက်တစ်နေ့တွင် ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းနောင် Bell ရဟတ်ယာဉ်ဖြင့် ကတိုင်တီသို့ မနက်ပိုင်းမှာပင် ရောက်လာ၏။ ကတိုင်တီဘောလုံးကွင်းတွင် ရဟတ်





ယာဉ် ဆင်းသည်။ ကတိုင်တီတပ်စခန်းတွင် ကျွန်တော်တို့က Briefing လုပ်ရန် ပြင်ထား၏။ ကတိုင်တီစခန်းတွင် အပွန်တပ်မှ ခွဲရုံး ၂ စုထား၏။ တစ်စုက ရေပူစခန်းမှာဖြစ်၏။

Briefing လုပ်တော့ ကျွန်တော့်စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်မှ ကမမောင်း ရောက်ကတည်းက ဦးတည်ချက်သူ သာဆဲစစ်ကြောင်း သတင်းထောက်လှမ်းခဲ့ပုံ သတင်းအရ တောက်လျှောက်လိုက်ခဲ့ပုံ နောက်ဆုံး လေးဖိုးထဲ သတင်းရပုံ၊ သတင်းရပြီး တိုက်ပွဲဖြစ်ပွားပုံများကို ရှင်းလင်းတင်ပြပါသည်။

"နေပါဦးကွ။ မင်းတို့ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးက လေးဖိုးထမှာ ဒီလောက်ရန်သူ့သတင်းရထားပါလျက်နဲ့ ဘာဖြစ်လို့ လေးငါးဆယ်ယောက် ဒဏ်ရာရသွားရတာလဲ"

ဗျူဟာမှူးက မေး၏။

"ကွင်းဖြတ်လိုက်မိလို့ပါခင်ဗျ"

"ဘာဖြစ်လို့ ကွင်းဖြတ်လိုက်တာလဲ"

"ဗိုလ်ကြီးသက်ဦးတို့ တပ်ခွဲတက်ရှင်းနေတာ ရည်မှန်းချက် ရောက်သွားပြီ ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့မှူးဗိုလ်မှူးအောင်မြင့်က ဖြေ၏။

ဗျူဟာမှူးက ဘာမှ ထပ်မမေးတော့။ ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"ကဲ ... ကဲ ... မင်းတို့ စစ်ကြောင်းကြီးတစ်ခုလုံးက အရာရှိတွေ ဘာများဖြည့်စွက် တင်ပြချင်တာရှိလည်း ရှိရင် ထပြောနိုင်တယ်"

ဗျူဟာမှူးက ဖွင့်ပေးလိုက်သည်။ တကယ်က **Briefing** တွင် စစ်ကြောင်းမှူးနှင့် တပ်ဖွဲ့မှူးတို့သာ တင်ပြရရိုး ထုံးစံရှိပါသည်။ ကျွန်တော်တို့ခွဲမှူးစုမှူးများက အမိန့်မရက မတင်ပြရပါ။ အခုတော့ ဗျူဟာမှူးကြီးက ဖွင့်ပေးလိုက်သည်နှင့် ကျွန်တော်က တင်ပြခွင့် တောင်းတော့၏။

"ပြောပါ"

"သာဆဲကို ကျွန်တော် ကမ်မောင်းမှာနေကတည်းက သိတာပါခင်ဗျ။ သာဆဲက လူငယ်မို့ အတော်စွာပါတယ်။ သူ့သတင်း တစ်လမ်းလုံးထောက်ရင်း အခုဒီရွာလေးဖိုးထရောက်တော့ ကျွန်တော် ရွာထဲဆင်းပြီးသတင်းထောက်တော့ သတင်းရပါတယ်။ ဒါကြောင့်တစ်လမ်းလုံး ကျွန်တော်ပဲ ပို့ငှသွားပြီး ရှေ့ရေးနားက





ကွင်းကြီးဖြတ်မယ်လုပ်တော့ မသင်္ကာစရာတွေ တွေ့တာနဲ့ စစ်ကြောင်းမှူးသတင်းပို့ပြီး လက်နက်ကြီးတွေဆင်၊ ဘယ်ဘက်တောင်ကြောက တောင်ကုန်းကလေးတွေ တစ်ကုန်းပြီးတစ်ကုန်း ကျွန်တော်နဲ့ တပ်စုနှစ်စု တက်ရှင်းတာ မပြီးသေးခင် ကွန်မန်ဒိုတပ်ဖွဲ့ကြီးက ကွင်းဖြတ်လိုက်မိတာနဲ့ တိုက်ပွဲဖြစ်သွားတာပါခင်ဗျ"

"တိုက်ပွဲဖြစ်တော့ ကွင်းညာအစပ် တောတန်းက စပစ်ပါတယ်။ နောက်တော့ ရှေ့က တောင်ကုန်းနဲ့ ငှက်ပျောတောက ပစ်ပါတယ်။ ငှက်ပျောတောက ကွန်မန်ဒိုတပ်ဖွဲ့ကြီးနဲ့ ကိုက် ၃၀၀ လောက် ဝေးပါသေးတယ်။ ငှက်ပျောတောက ပစ်သံတွေလည်းကြားရော ကျွန်တော်နဲ့ တပ်စု ၂ စုက နောက်ဆုံးတောင်ကုန်းကို အတင်းတက်သွားပြီး ပါလာတဲ့ ၂ လက်မစိန်ပြောင်း ၃ လက်၊ **M** ၇၉ သုံးလက်နဲ့ အတင်းလှမ်းပစ်တာ ထိရောက်မှု ရှိလို့ ရန်သူတွေ အုံ့အားသင့်သွားပါတယ်။ နောက်တော့ ကျွန်တော်ရှိတဲ့ တောင်ကုန်းကို ၅၇ တို့ ၆၀ တို့နဲ့ ပစ်တော့တာပါပဲ။ အပြန်အလှန်ပစ်ကြတာ တိုက်ပွဲက လက်နက်ငယ်တိုက်ပွဲ မဟုတ်ဘဲ လက်နက်ကြီးတိုက်ပွဲ ဖြစ်သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကွင်းထဲက (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီး ပြန်ဆုတ်သွားပြီး လက်နက်ကြီးတွေချည်းပဲ ပစ်နေတော့ ကျွန်တော်လည်း စစ်ကြောင်းမှူးကို စိန်ပြောင်းနဲ့ ၇၅ နောက်ပွင့်နဲ့ ပစ်ဖို့ လှမ်းပြီးတင်ပြတော့ စစ်ကြောင်းမှူးက စိန်ပြောင်းအလုံး လေးငါးဆယ်နဲ့ နောက်ပွင့် လေးငါးဆယ်လုံး ပစ်လိုက်ကာ နောက်ပွင့်တွေက သူတို့ ပစ်ကျင်းတွေကို တည့်တည့်မှန်သွားတော့ ဒီကောင်တွေ ထကို ပြေးတော့တာပါပဲခင်ဗျာ"

"ဩော် . . . အေး"

ကျွန်တော့်၏အားနဲ့မာန်နဲ့ တင်ပြချက်ကို ဗျူဟာမှူးက ကျေနပ်အားရစွာနဲ့ ကြည့်နေ၏။

"ကျွန်တော်လည်း ဟော့ တပ်မတော်ကွလို့ အော်ပြီး စိန်ပြောင်းနဲ့ ၇၉ တွေကို ပါသမျှ အတင်းပစ်ခိုင်းပြီး ရန်သူ့နေရာကို အတင်းဝင်သိမ်းလိုက်ပါတယ်။ ဒီကောင်တွေ ဒရောသောပါးနဲ့ ဘောကြိုးလယ်ဘက် ဆုတ်ပြေးကြပါတယ်။ ရွှေရေးက ဆင် ၂ ကောင်နဲ့ လူနာတွေ တင်သွားတယ်လို့ သိရပါတယ်။

"သူတို့နေရာ သိမ်းပြီးတော့ ပစ်ကျင်းတွေ





ငှက်ပျောတောထဲမှာ တူးထားတာ တစ်ယောက်ပစ်ကျင်းနှစ်ယောက်ပစ်ကျင်းပေါင်း ကျင်းပေါင်းတစ်ရာကျော်ပါတယ်ခင်ဗျ။ ကျားအကျီနဲ့ အလောင်း ၇ လောင်း ကျန်ခဲ့ပါတယ်ခင်ဗျ"

"ကျွန်တော်တို့နဲ့ တချို့မကွဲတဲ့ ၂ လက်မ စိန်ပြောင်းဗုံးနဲ့ ၃ လက်မ စိန်ပြောင်းဗုံးသီးတချို့က သူတို့ ပစ်ကျင်းတွေထိပ်မှာ စိုက်ဝင်နေပါတယ်။ ကွဲတာတွေက တချို့ကျင်းတွေပေါ် တည့်တည့်ကျပါတယ်ခင်ဗျ။ ၇၅ ကတော့ တိုက်ရိုက်အဖြောင့်ပစ်မို့ အဲဒါကြီးမှန်တော့ ဒီကောင်တွေ ကျင်းထဲက ထကိုပြေးတော့တာပါပဲ ခင်ဗျ။ ဗျူဟာမှူးကြီးခင်ဗျာ ကျွန်တော်တို့ရဲ့ ခလရ (၆၁) စစ်ကြောင်း (၂) နဲ့ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးဟာ ဒီဒေသမှာ စွာနေတဲ့ သာဆဲရဲ့ ရန်သူစစ်ကြောင်း (၃) ကို ကျင်းတွေထဲက ထပြေးရတဲ့အထိ တိုက်ခဲ့တာပါခင်ဗျ။ အလောင်းလည်း ၇ လောင်းရလိုက်ပါတယ်ခင်ဗျ။ ဒီကောင်တွေ နလံမထူတော့ပါဘူးခင်ဗျ"

ကျွန်တော်က တင်ပြချက်ကို အထက်ပါအတိုင်း နိဂုံးချုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွ။ ကောင်းတာပေါ့ကွာ။ ဒီကောင်တွေ မင်းတို့ရဲ့ စိန်ပြောင်းနဲ့ နောက်ပွင့်ဒဏ် ခံရပြီး ပြေးရပြီဆိုတော့ ငါ ကျေနပ်တယ်။ အေး ... အေး ... တခြား အရာရှိတွေရော ဘာများတင်ပြကြဦးမှာလဲ"

ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းနောင်က ကျွန်တော့် တင်ပြချက်ကို အားရကျေနပ်စွာ ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ကျွန်တော်က ရှည်လျားထွေပြားစွာ တင်ပြပြီးဖြစ်၍ ဘယ်သူမှ ဘာမှထပ်မပြောတော့။ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးလည်း ဘာမှ အမေးအမြန်းမခံရတော့၍ တပ်ဖွဲ့မှူး ဗိုလ်မှူးအောင်မြင့်နှင့် အရာရှိများလည်း Silence လုပ်နေကြ၏။

"ကဲ ... ငါ ပြန်မယ်ကွ။ မင်းတို့လုပ်စရာရှိတာ ဆက်လုပ်။ ဒီမှာစွာနေတဲ့ ရန်သူစစ်ကြောင်း (၃) ကို အထိနာအောင် တိုက်လိုက်နိုင်လို့ မင်းတို့စွမ်းဆောင်ချက်တွေကို ကျေနပ်တယ်။ (၂၀၂) က ဒဏ်ရာရတဲ့ သူတွေ ငါ့ရဟတ်ယာဉ်နဲ့ တစ်ခါတည်း ထည့်ပေးလိုက်။ မင်းတို့အတွက် လက်နက်ကြီးကျည်တချို့နဲ့ တောစီးဖိနပ်တွေ ငါ သယ်လာတယ်"





"ဟော့ ... ခုနက နောက်ဆုံးတင်ပြတဲ့ အရာရှိလေးက ဘယ်သူကွ"

"သက်ဦးပါခင်ဗျ"

"ဟော့ကောင်... မင်းအမြင့်သူငယ်ချင်းလေးမို့လား"

"ဟုတ်ပါတယ်ခင်ဗျ"

အမြင့်ဆိုသည်မှာ သူ၏ညီမ အငယ်ဆုံး တက္ကသိုလ်တုန်းက ကျွန်တော်နှင့်ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသူ မြင့်မြင့်ရွှေဖြစ်ပါသည်။

"အေး ... အေး ... ရော့ ... ဟောဒီမှာ မင်းတို့အရာရှိတွေအတွက် စီဘိုချက်ကို တောစီးဖိနပ်လေးငါးရံပါလာတယ်။ မင်းယူထားလိုက်။ မင်းစစ်ကြောင်းမှူးကြီးနဲ့ ကွန်မန်ဒိုတပ်ဖွဲ့မှူးကြီးတို့ကိုပါ တော်မယ့် တစ်ရံစီးပေးလိုက်ပေါ့ကွာ"

ဗျူဟာမှူးကြီးမှ သူနှင့်ပါလာသော စီဘိုချက်ကို တောစီးဖိနပ် လေးငါးရံပေးခဲ့၏။ ထို့နောက် (၂၀၂)ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှ လူနာ ရှစ်ဦးကို ရဟတ်ယာဉ်ပေါ် တင်ကာ ဘတိုင်တိမ် နေ့မွန်းတည့်ချိန်တွင် ပြန်လည် ထွက်ခွာသွားပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



နိဂုံး

ဗျူဟာမှူးကြီး၏ ရဟတ်ယာဉ်နှင့်အတူ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှ လူနာ ရှစ်ယောက် ပြန်ပါသွားသည်။ ကျဆုံးသူ နှစ်ယောက်ကိုတော့ တိုက်ပွဲဖြစ်သည့်နေ့ကပင် ရွှေရေး၌ မြှုပ်နှံခဲ့၏။ ထိုနေ့က တိုက်ပွဲဖြစ်သည့် ကွင်းထဲတွင် (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှ စက်လတ်နှင့် ကျဆုံးသွားသည့် စစ်သည်နှစ်ဦး၏ အလောင်း လက်နက်များ ကျန်ခဲ့သည်။ တိုက်ပွဲပြီးမှ သွားကောက်ရ၏။ ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူးက ကျေးဇူးတင်စကား ဆိုသည်။

"အေးဗျာ ... ဗိုလ်ကြီးသက်ဦး ကျေးဇူးပါပဲ"

သူသည် ယခုမှ ရှားရှားပါးပါး ကျေးဇူးစကား ဆိုသည်။ သူ့ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် ကျွန်တော်တို့ စစ်ကြောင်းကမဟောင်းမှာ တွေ့ကတည်းက လွှားလွှား လွှားလွှားနှင့် သူ လုပ်နေသည်။ စစ်ဆင်ရေး အစည်းအဝေးများတွင် သူကချည်းပဲ ဆရာကြီးလုပ်နေ၍ သူ့ကို ကျွန်တော် သိပ်ကြည့်မရ။ ကျွန်တော့်စစ်ကြောင်းမှူးမှာ အလွန်ရိုးသားအေးဆေးသူဖြစ်သည်။ ဒီဝွင်အထာကိုလည်း ကောင်းစွာကျွမ်းသူမဟုတ်။ ကျွန်တော်က ဒီဝွင်တွင် ငါးနှစ်ကျော်





ခြောက်နှစ်နေခဲ့ဖူးသူ ဖြစ်၏။ ဒေသခံစကားလည်း အတန်အသင့် ပြောတတ်၏။ ထို့ကြောင့် စစ်ကြောင်းမှူးကြီးက ကျွန်တော့်ကို အလွန်အားကိုးသည်။ ဘာလုပ်လုပ် ကျွန်တော်နှင့် အမြဲတိုင်ပင်သည်။ ဤသည်ကို (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့မှူးကြီးက သိပ်အစာကြေပုံမရ။ တိုက်ပွဲဖြစ်သည့်နေ့က သူ့တပ်ခွဲအထိ နာသွားခဲ့ရသည်မှာလည်း ကျွန်တော်တို့စစ်ကြောင်းက လက်နက်ကြီးတွေ ဆင်၍ တိုက်ပွဲဖြစ်သည့်ကွင်း၏ တောင်ဘက်ထိပ်၌ စစ်ကြောင်းကို နားထားသည်။ သူ့တပ်ဖွဲ့ကြီးက ညာဘက်မှ တောတိုး၍ ရောက်ချလာ၏။

"ဗိုလ်မှူးစံကြည်တို့ ဘာလုပ်နေကြတာလဲ"

"ရှေ့က ငှက်ပျောတောတစ်ပိုက်မှာ မသင်္ကာစရာတွေတွေ့လို့ ဗိုလ်ကြီးသက်ဦးနဲ့ တပ်စုနှစ်စု ဘယ်ဘက်ကြောက တက်ရှင်းနေတယ်။ အားလုံးရှင်းပြီးမှ ဟိုက သူ လှမ်းအချက်ပြမှ သွားဖို့လုပ်နေတာ"

"ဟာဗျာ ... ခင်ဗျားတို့ကလည်း သိပ်ကြာတာပဲ။ ဒီကောင်တွေကို ဒီလောက်ကြီး ကြောက်နေစရာမလိုပါဘူး။ ခင်ဗျားတို့ နေချင်ရင် စောင့်နေခဲ့ ကျုပ်တို့ဖြတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စစ်ကြောင်းမှူး တားနေသည့်ကြားမှပင် ကွန်မန်ဒိုတပ်ဖွဲ့ကြီးက ကွင်းကို အတင်းဝင်ဖြတ်သည်။ သူတို့က ရင်ဘောင်တန်းဖြန့်ခြင်း မဟုတ်ဘဲ တစ်ကြောင်းထိုးအတန်းလိုက် ဖြတ်ခြင်းဖြစ်သည်။ ကွင်း တစ်ဝက်အရောက်၌ ရန်သူအတိုက်ခံရတော့၏။ ဤတွင်နာမည်ကျော် ရတခ ကွန်မန်ဒိုတပ်ဖွဲ့ကြီး အလူးအလဲနှင့် ထိပ်ပြဲခေါင်းကွဲဖြစ်သွားရပါသည်ခင်ဗျား။

ကျွန်တော်တို့နှင့် တိုက်ပွဲဖြစ်အပြီး ဆုတ်သွားသည့် သာဆဲ၏ စစ်ကြောင်းက ဘောကြိုးလယ်မှ ပြန်လည်အနားယူဖွဲ့စည်းရန် ဒုံသမိချောင်း အနောက်ခြမ်းသို့ ထွက်ခွာသွားကြောင်း သတင်းရပါသည်။ ကမမောင်းမြို့နယ်ထဲသို့ ပြန်မလာတော့ပါ။ ထိုအခါ ဗျူဟာက ကျွန်တော်တို့ကို ကမမောင်းပြန်အဝင်ခိုင်း သည်။ ကွန်မန်ဒိုတပ်ဖွဲ့ကြီးကိုမူ ဘားအံသို့ ပြန်ခေါ်၏။ ကျွန်တော်တို့ စစ်ကြောင်းကိုမူ ကမမောင်းပြန်ဝင်ပြီး သံလွင်အရှေ့ခြမ်းသို့ ကူးကာ နာမည်ကျော် KNU ဂျော်နီကျော်တုတ စစ်ကြောင်းနှင့် တစ်ပွဲတစ်လမ်း အကဲစမ်း ရန် တာဝန်ပေးခြင်းခံရပြန် ပါသည်။






U တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်မှူးချုပ် ဂျော်နီ နှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တို့ ငြိမ်းချမ်းရေးဆွေးနွေးစဉ်က တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com




အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်စစ်ဆင်ရေးလုပ်ခဲ့သည့်
ပဲခူးရိုးမနှင့် မြေပြင်ကျော



ဤသည်မှာ (၂၀၂) တိုင်းကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် အတူ တိုက်ခဲ့သော ကျွန်တော် ကိုယ်တိုင် ပါဝင်သည့် ရွှေ့ရေးတိုက်ပွဲအကြောင်းပါခင်ဗျာ။

(၁၉၇၅ ခုနှစ်က စာရေးသူကိုယ်တိုင် ပါဝင်သော အကယ့်ဖြစ်ရပ်မှန်တိုက်ပွဲကို ပြန်လည်ခံစားရေးဖွဲ့ပါသည်)

■

မြရတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ကေအင်ယူတပ်မဟာ (၂) ဖားရောစခန်းသိမ်းတိုက်ပွဲ

**နိဒါန်း**

၁၉၇၂ ခုနှစ် ဇွန်လတွင် ဖာပွန်မှ မော်လမြိုင်ကျောက်တစ်လုံးသို့ ကျွန်တော် တပ်ပြောင်းခဲ့ရ၏။ ထိုကာလက အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မော်လမြိုင်ဒေသ၌ ကေအင်ယူ၊ PDP ပြည်ပြေးနှင့် NMSP သုံးပါတီတို့ နယ်စပ်ဒေသ၌ အထူးတလည် ထကြွသောင်းကျန်းနေကြ၏။ ထို့ကြောင့် ရတခခေါ် အရှေ့တောင် တိုင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဌာနချုပ်အနေဖြင့် ကွန်မန်ဒိုတပ်ဖွဲ့ကြီးများ ဖွဲ့စည်းကာ အထက်ပါ ရန်သူများအား နှိမ်နင်းနေရချိန် ဖြစ်၏။

နယ်စပ်တွင် သုံးပါတီတပ်ဖွဲ့များ အကြီးအကျယ် ဆူပူသောင်းကျန်းနေကြသလို အတွင်းပိုင်းဒေသ ဘီးလင်း မြစ်ရိုးနှင့် ဒုံသမိ၊ ယွန်းစလင်းမြစ်ရိုးများတွင်လည်း **KNU** တပ်မဟာ (၂) နှင့် (၃) တို့သည် အပြိုင်ဆူပူ သောင်းကျန်း လျက် ရှိကြ၏။ မြောက်ဘက် သံတောင်ဒေသတွင် **KNU** တပ်မဟာ (၃)၊ တောင်ဘက် ရွှေကျင် ကျောက်ကြီးဒေသ တွင် **KNU** တပ်မဟာ (၂) တို့ ကျက်စားလျက်ရှိ၏။ **KNU** တပ်မဟာ (၂) သည် စစ်တောင်း မြစ်အရှေ့ခြမ်း၊ အရှေ့ ရိုးမဒေသများတွင် အထူးသဖြင့် လှုပ်ရှားလျက်ရှိနေသည်။ ရွှေကျင်မြို့နယ် အရှေ့ခြမ်းတွင် အခြေပြုနေသော **KNU** တပ်မဟာ (၂) သည် တောင်ဘက်ရှိ ရန်ကုန်–မော်လမြိုင် လမ်းမကြီးဘက်သို့ ဆင်းချလာတတ်သည်။ သိမ်ဇရပ်၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံသို့တိုင် ရုံဖန်ရံခါ ရောက်လာ တတ်သည်။ သထုံ ဝှင်တွင် **KNU** တပ်မဟာ (၁) ရှိသည်။ တပ်မဟာ (၂) သည် ရုံဖန်ရံခါတွင် တပ်မဟာ (၁) နှင့် ပူးပေါင်း လှုပ်ရှားလေ့ရှိ၏။





ကျွန်တော် မော်လမြိုင်၊ ကျောက်တစ်လုံးသို့ ရောက်သည့်အချိန်၌ ကျိုက်ထိုတပ်မှ တပ်ရင်းမှူး ဒု–ဗိုလ်မှူးကြီး မျိုးခင်နှင့် အပ်ခွဲမှူး ဗိုလ်ကြီးကျင်စံ ဦးစီးသော ကျိုက်ထိုတပ်မှ ကွန်မန်ဒိုတပ်ဖွဲ့တစ်ဖွဲ့သည် ကျိုက်ထိုမှ မြောက်ဘက် မိုင်လေးငါးဆယ်ဝေးသည့် ရွှေကျင် အရှေ့ခြမ်း သို့ **L.R.P (Long Range Penetration)** လျှောက်ကာ ကေအင်ယူတပ်မဟာ (၂) ဌာနချုပ် ဖားရောစခန်းအား ဝင်ရောက်စီးနင်း တိုက်ခိုက်ပြီးသည်နှင့် သွားရောက် ဆိုက်ဆိုင်နေ၏။

ချမှုန်းရေးတပ်ဖွဲ့ကို ဗိုလ်ကြီးကျင်စံမှ ဦးစီးခဲ့သည်။ ဗိုလ်ကြီးကျင်စံသည် ပြောက်ကျားစစ်၌ အရာရှိငယ်တွေ အတုယူရလောက်အောင် ထူးချွန်သူဖြစ်၏။ သူသည် မူလ ခမက တပ်မ (၇၇) မှဖြစ်၏။ တပ်မမှူး ဗိုလ်မှူးကြီး ဝင့်ဆွေ ရတခတွင် တိုင်းမှူးဖြစ်လာသောအခါ ဗိုလ်ကြီး ကျင်စံအား ရတခ ကွပ်ကဲမှုအောက်ရှိ ကျိုက်ထိုတပ်ရင်းသို့ ပြောင်းရွှေ့ခေါ်ယူခဲ့လေသည်။ ဗိုလ်ကြီးကျင်စံသည် ကျိုက်ထို ရောက်ပြီး ဘာမှမကြာမီမှာ ပင် ကျိုက်ထီးရိုးဘုရားပေါ်ရှိ ဘုရားဖူးများကို လုယက်တိုက်ခိုက်သွားသည့် ကေအင်ယူ



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့အား ဖြတ်လမ်းမှ စောင့်ကြိုတိုက်ခိုက်ချေမှုန်းလိုက်ခြင်းဖြင့် သူ၏ စစ်ရေးစွမ်းရည်ကို စတင်ပြသခဲ့သည်။ ထို့နောက် သထုံဝှင်တွင် နာမည်ကြီးနေသည့် KNU တပ်မဟာ (၁) မှ ဗိုလ်ကြီးစောလုတ်နှင့် အင်အား ၂၀ ကိုလည်း ခရီးရှည် ထိုးဖောက်ကာ အပြတ်ချေမှုန်းခဲ့ပြန်လေသည်။

"ဟ ... ဒီကောင်က တယ်စွာပါလား။ မင်းတို့ သူ့အသံကြားရင် မိုင် ၂၀ ကွာက ရှောင်ကြ။ သိပ်အန္တရာယ်ကြီးတယ်"

BURMESE CLASSIC .com

KNU တပ်မဟာ (၁) လူကြီးများက အထက်ပါအတိုင်း အမိန့်ထုတ်ယူရသည်။ ဗိုလ်ကြီးကျင်စံကိုလည်း တိုင်းရင်းသားဒေသခံများက သူတို့စကားဖြင့် "ကျည်ဆန် (ဝါ) ကလိုးခလီး" ဟု ခေါ်ကြကုန်သည်။

ကျွန်တော်သည် ဗိုလ်ကြီးကျင်စံကို မော်လမြိုင် စစ်ဆေးရုံတွင် တစ်ကြိမ်သာ မြင်ခဲ့ဖူးပါသည်။ အထူးနာမည်ကြီးနေသူဖြစ်၍ အတော်ကြည့်ယူရ၏။ ကျွန်တော် မော်လမြိုင်ကျောက်တစ်လုံး ရောက်ပြီး တစ်နှစ်ခန့်အကြာ ဗိုလ်ကြီးကျင်စံ တပ်မ (၈၈) သနက (၁) သို့ တစ်ဆင့်မြင့်





ရာထူးဖြင့် ပြောင်းရွှေ့သွားသည်။ မျှား မကြာမီမှာပင် ကျိုင်းတုံတောင်ကြီး ပြည်ထောင်စုကားလမ်းမကြီး၏ မြောက်ခြမ်း ငှက်ညှက်ကာဒေသ၌ ဗကပများနှင့် တိုက်ရင်းပြောက်ကျားပါရဂူ ဗိုလ်မှူးကျင်စံ တိုက်ပွဲကျသွားခဲ့သည်။ နောင်တော်ကြီးကို အလွန်နှမြောမိပါသည်။ ၁၉၈၁ ခုနှစ် ကျွန်တော် သနက (၁) ပြောင်းရတော့ ထိုတပ်တွင် သူ တိုက်ပွဲကျသွားပုံကို အတူ တိုက်ပွဲဝင်ခဲ့သည့် စစ်သည်များက ပြောပြသဖြင့် သိရပြန်၏။ သူ၏ ၁၉၇၂ ခုနှစ်က KNU တပ်မဟာ (၂) ဖားရောစခန်းသိမ်းတိုက်ပွဲကိုလည်း ကျွန်တော် ဂဃနဏသိချင်သည်။

"ဗိုလ်မှူးကျင်စံက သိပ်အပင်ပန်းခံနိုင်တာ။ သူက မြစ်ကြီးနားသားလေ။ တောထဲမှာ ထမင်း နှစ်ရက်၊ သုံးရက် မစားဘဲနေနိုင်တယ်။ ခရီးသွားရင် ညှပ်ဖိနပ်ပဲစီးတယ်။ ကျောပိုးအိတ်မပါဘူး။ သေနတ် တစ်လက်၊ ကျည်ဆန်လေးငါးခြောက်ဆယ်၊ ရေတစ်ဘူးနဲ့ စောင်ကြားတစ်ထည်ပဲပါတယ်။ သူ့လူတွေ အကုန်လုံးလည်း ညှပ်ဖိနပ်နဲ့ ခရီးသွားတာ သင်ထားတယ်။ ထမင်းတစ်ရက် 'နှစ်ရက် မစားဘဲနေနိုင်အောင် လေ့ကျင့်ထားတယ်။ ရေလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘူးတည်းနဲ့ နှစ်ရက် သုံးရက်နေနိုင်အောင်၊ ရေငတ်ခံနိုင်အောင် လေ့ကျင့်ထားတယ်။ ညှပ်ဖိနပ်စီးတော့ ရန်သူက ခြေရာခံလို့မရဘူးပေါ့။ အပေါ့်အပါးသွားရင်လည်း တစ်ယောက်ချင်း ကျင်း တူးသွား၊ ပြီးရင် ကျင်းကိုပြန်ဖို့ သစ်ရွက်ဆွေးတွေနဲ့ ပြန်အုပ်၊ အဲဒီလို ကျားနဲ့ကြောင်ဝါဒကို ကျင့်သုံးတယ်။ စစ်ကြောင်းချီတက်ရင် သူကိုယ်တိုင် ရှေ့ကလိုက်တယ်။ ပွိုင့်ကိုလည်း ဆရာပဲ သွားနိုင်းတယ်။ M ၁၆ တို့၊ ကာဘိုင်တို့ ကိုင်နိုင်းတယ်။ လိုအပ်ရင် ရန်သူသုံးတဲ့ ပြောက်ကျားအကျီတွေကို ဝတ်နိုင်းတယ်။ ဒီနည်းတွေနဲ့ KNU စခန်းတွေကို နှစ်ရက်၊ သုံးရက် ထမင်းမစားဘဲ LRP လျှောက်ပြီး ချေမှုန်းခဲ့တာပဲ''

ကျွန်တော့်ကို အထက်ပါစကား ပြောသွားကြသူများမှာ ကျောက်တစ်လုံးတပ်မှ ဗိုလ်မှူးကျင်စံ၏ ကွန်မန်ဒိုသင်တန်းတက်ခဲ့ဖူးသော ကျွန်တော့်တပ်စုမှူးများ လုပ်သွားကြသည့် ဗိုလ်တင်ငွေနှင့် ဗိုလ်သန်းမောင်ဝင်းတို့က ပြောသွားကြခြင်း ဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော်လည်း အရှေ့တောင်တိုင်းတွင် ၁၀ နှစ်ခန့်အကြာ၌ တပ်ပြောင်းရပြန်သည်။ ရှမ်းပြည်





နယ်ဘက် ရောက်သွား၏။ ဟိုမှာ ၁၅ နှစ်ကြာသွားသည်။ နည်းဗျူဟာမှူးဖြစ်တော့ ကရင်ပြည်နယ် ပြန်ရောက်သည်။ နည်းဗျူဟာမှူးနှင့် လေးနှစ်တာဝန်ထမ်းဆောင်ပြီး နယ်ဘက်သို့ အပြီးပြောင်းခဲ့ရ၏။ နယ်ဘက်တွင် စာတွေ စရေးဖြစ်သည်။ အငြိမ်းစားယူပြီးနောက် စာတွေ ပိုရေးဖြစ်လာသည်။ လွန်ခဲ့သည့် တစ်နှစ်၊ နှစ်နှစ်က ကျိုက်ထိုတပ်ရင်းမှူးကြီး ဗိုလ်မှူးကြီးမျိုးခင် ကျွန်တော့်အိမ်သို့ရောက်ချလာသည်။

''ခင်ဗျားစာတွေ ဖတ်ရတယ်ဗျာ။ ခင်ဗျားစာတွေဖတ်ပြီး ကျုပ်လည်း Tempo တွေ တက်လာတာနဲ့ ခင်ဗျားကို လာတွေ့တာ''

ဟုဆိုကာ သူရေးလာသည့် ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို အပ်ပါတော့သည်။

''ဒါဖတ်ကြည့်ပြီး ထုတ်ပေးဗျာ''

သူ့စာမူကြီးဖတ်ပြီး စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးလိုက်ပါသည်။

ဗိုလ်မှူးကြီးမျိုးခင်သည် စာရေးဝါသနာပါ၏။ စကားပြောလည်း ကောင်း၏။ လူကသာ မျိုးခင်ဟု



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နာမည်ပေးထားသော်လည်း သထုံဇာတိ တိုင်းရင်းသား စကောကရင်ဖြစ်၏။ အမည်ရင်းမှာ စောမောင်အေး ဖြစ်ပြီး ကျောင်းသားဘဝနှင့် မြန်မာ့တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ အသက်ပြည့်သည်နှင့် တပ်မတော်တွင် ဝင်ရောက်၍ ကျရာတာဝန်ကို ထမ်းခဲ့သည်။ ဘဝအတွေ့အကြုံ၍ စစ်ရေးစွမ်းရည်ရှိသူဖြစ်သည်။ ၁၉၆၇ ခုနှစ် ကျွန်တော် ဗိုလ်သင်တန်းဆင်းပြီး ဖာပွန်တပ်ရောက်တော့ သူက ကမမောင်းတပ်မှ ဒု–တပ်ရင်းမှူး ဖြစ်သည်။ တပ် ၂ ခု နယ်မြေချင်းဆက်နေ၍ သူ့စစ်ရေးစွမ်းဆောင်ချက်များကို မကြာခဏ ကြားနေရသည်။ တိုင်းရင်းသား ကရင်လူမျိုး ဖြစ်ခြင်း၊ ဒေသခံတို့၏ ဓလေ့ထုံးစံများကို နားလည်ခြင်း၊ ဘာသာစကား ကျွမ်းကျင်ခြင်း၊ နယ်မြေကျွမ်းကျင်ခြင်း၊ စစ်ရေးအတွေ့အကြုံ ဗဟုသုတကြွယ်ဝခြင်းတို့ကြောင့် ကေအင်ယူတပ်မဟာ (၁) နှင့် တပ်မဟာ (၇) တို့သည် သူ့ကို ကြောက်ကြသည်။

"ဗိုလ်မျိုးခင်ကို သတိထား။ သူက ဗမာမဟုတ်ဘူး။ ဒို့လို ကရင်။ မင်းတို့အကျင့်နဲ့ အလေ့အထတွေ အကုန်ကျွမ်းတယ်"





ဟု ဒေသခံသောင်းကျန်းသူ ခေါင်းဆောင်များက သူတို့ လူများကို သတိပေးထားကြ၏။

ဗိုလ်မှူးကြီးမျိုးခင်နှင့်တွေ့တော့ တပ်မဟာ (၂) ဖားရောစခန်းသိမ်းတိုက်ပွဲအကြောင်းကို မေးမိ၏။ ထိုအခါကျမှ ဗိုလ်မှူးကြီးမျိုးခင် ပြောပြသဖြင့် ဖားရောစခန်းသိမ်းတိုက်ပွဲကို ကွန်မန်ဒိုနည်းဖြင့် LRP မိုင် လေးငါးဆယ်လျှောက်ကာ တောင်ပိုင်းတိုင်း နယ်မြေထဲ ဝင်၍ အငိုက်ဖမ်းတိုက်ခိုက်ခဲ့ကြသည်ကို သိရပါတော့သည်။

အောက်ဖော်ပြပါအကြောင်းအရာများမှာ ဗိုလ်မှူးကြီးမျိုးခင် ပြောပြသည့် သူ၏ကွန်မန်ဒိုတပ်ဖွဲ့မှ ဖားရောစခန်းသိမ်းတိုက်ပွဲအကြောင်း ဖြစ်ပါသည်။ သူ ပြန်ပြောသည်များကို နားထောင်ပြီး ကျွန်တော် နားလည်သလို ပြန်လည်ဖော်ပြပေးလိုက်ပါသည်ခင်ဗျား။

ဖြစ်စဉ်အကြောင်းအရာအဖွင့်

၁၉၇၂ ခုနှစ် နှစ်လယ်ကာလများ

ကျိုက်ထိုတပ်ရင်း သို့မဟုတ် အမှတ် (၉၆) ခြေလျင်တပ်ရင်းသို့ ဒု–ဗိုလ်မှူးကြီးမျိုးခင် တပ်ရင်းမှူး



www.burmeseclassic.com

www.burmeseclassic.com



တာဝန် ရောက်ရှိ ထမ်းဆောင်နေသည်မှာ ၂ နှစ်ခန့်ရှိပေပြီ။ ကျိုက်ထိုတပ်ရင်း၏ တာဝန်များမှာ အဓိကအားဖြင့် **Line of Communication** ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအဓိကဖြစ်၏။ လုံခြုံရေးတာဝန်များထဲတွင် စစ်တောင်းစက္ကူစက် လုံခြုံရေး၊ စစ်တောင်းတံတားကြီး လုံခြုံရေး၊ ကျိုက်ထိုမြို့လုံခြုံရေး၊ ကျိုက်ထီးရိုးဘုရားဖူးများ လုံခြုံရေး၊ ဘီးလင်း၊ သကြားစက်လုံခြုံရေး၊ ဘီးလင်းမြို့ လုံခြုံရေး၊ စစ်တောင်းတံတားမှသည် သထုံမြို့ နယ်အစပ် ရွှေရောင်ပြုဌ်ထိပ်ဘုရားကြီးလမ်းခွဲအထိ ကားလမ်း၊ ရထားလမ်း လုံခြုံရေးများ ပါဝင်၏။ ထို့ပြင် ရွှေရောင်ပြုဌ်၊ မဲနသန်ဂွင် စသော နယ်မြေများတွင်လည်း စစ်ဆင်ရေး တာဝန် ထမ်းဆောင်ရလေသည်။ တပ်ရင်းမှာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက် ဖြစ်ပေသည်။

တပ်ရင်းတစ်ရင်းလုံး၏ အင်အားကို ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့ထဲတွင် ဖြန့်ကျက်ချထား ရ၏။

**ကျိုက်ထိုတပ်ရင်း၏ ဦးတည်ရန်သူများ**

ကျိုက်ထိုတပ်ရင်း၏ ဦးတည်ရန်သူများမှာ





အောက်ပါအတိုင်း ဖြစ်သည်။

မိမိတပ်ရင်းနယ်မြေသည် ယခင် နာမည်ကျော် KNU တပ်မဟာ (၅) တပ်မဟာမှူး လင်းထင်၏ နယ်မြေဖြစ်ပြီး ယခု ကျော်ဟိုးဦးစီးနေသော KNU တပ်မဟာ (၁)နယ်မြေနှင့် ကျိုက်ထိုမြို့၏ မြောက်ဘက် ရွှေကျင်ဒေသတွင် လှုပ်ရှားနေသော ဖားရော့ဦးစီးသည့် KNU တပ်မဟာ (၂) တို့ ဆက်စပ်လှုပ်ရှားသော နယ်မြေဖြစ်သည်။

ကျော်ဟိုးဦးစီးသော တပ်မဟာ (၁) ၏ အင်အားကို စုစည်းလိုက်လျှင် အနည်းဆုံး တိုက်ခိုက်ရေး အင်အား ၃၀၀ ခန့်ကို အလွယ်တကူ ခေါ်ယူနိုင်သည့်အပြင် ၎င်းတို့၏ အမာခံကျေးရွာပြည်သူ့စစ်များကိုလည်း ဖွဲ့စည်းထားသည်။ အကြမ်းဖျင်းအင်အား ၁၀၀၀ ခန့်ရှိသည်။ လက်နက်အင်အားအနေဖြင့်လည်း သင့်တင့်သော လက်နက်ခဲယမ်း မိုးကျောက်များ ရှိနေသည်။ ရန်သူသည် စစ်တောင်းတံတားကြီး၊ စစ်တောင်း စက္ကူစက်၊ ကျိုက်ထိုမြို့၊ ဘီးလင်းမြို့၊ ဘီးလင်း သကြားစက်နှင့် မီးရထားလမ်း၊ ကားလမ်းများကို ဖောက်ခွဲဖျက်ဆီးမည်ဟု ခြိမ်းခြောက်လျက်ရှိသည့်အပြင် လမ်းကင်းများကိုလည်း ချောင်းမြောင်းပစ်ခတ်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖားရောဦးစီးသော KNU တပ်မဟာ (၂) ၏ အင်အားကိုမူ တိတိကျကျ ခန့်မှန်း၍မရပါ။ ဖားရော သည် ရွှေကျင်၏ မြောက်ဘက် ကျောက်ကြီးနယ်မြေဘက်သာ လှုပ်ရှားမှုများပြီး တစ်ခါတစ်ရံ ရွှေကျင်မြို့၏ အရှေ့ဘက် KNU တပ်မဟာ (၁) ၏ နယ်စပ်နတ်ကြီးဒေသအထိ လှုပ်ရှားသွားလာပြီး ရွှေကျင်မြို့၏ တောင်ဘက် ကျိုက်ထိုမြို့မြောက်ဘက်တွင် အင်အား ၁၀ ယောက်၊ ၁၅ ယောက် အဖွဲ့ငယ်လေးများဖြင့် လှုပ်ရှားနေကြောင်း သိရသည်။ ကျိုက်ထိုမြို့နယ် စက္ကူစက်ရှိရာ စစ်တောင်းရွာ၏မြောက်ဘက် အရှေ့မှအနောက်ဘက်သို့ သွယ်တန်းစီးဆင်းနေသော ကျုံတူးမြောင်းသည် ဇီးပြောင်းရွာနှင့် ၅/၆ မိုင်လောက်သာ ဝေးကွာသည်။ ထိုကျုံတူးချောင်းသည် ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်၏ နယ်စပ်ဖြစ်ပါ၏။ တစ်နည်းအားဖြင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် (ယခုတောင်ပိုင်းတိုင်း စစ်ဌာနချုပ်)တို့၏ နယ်နိမိတ် ထိစပ်ရာလည်း ဖြစ်၏။ ဖားရောဦးစီးသော တပ်မဟာ (၂) ၏ လက်နက်ခဲယမ်း အခြေအနေမှာ တပ်မဟာ (၁) လောက် ပြည့်စုံမှု မရှိချေ။





သူတို့တစ်တွေကို အားလုံးစုလိုက်လျှင် အင်အား ၁၀၀၀ ခန့်ရှိပြီး မိမိနယ်မြေကို အလုံးအရင်းနှင့် ဝင်တိုက်နိုင်သည်။

**တိုက်ပွဲမဖြစ်မီယေဘုယျအခြေအနေများ**

**မိမိ**

မိမိတို့တပ်များသည် ထိုစဉ်က ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းတွင် စခန်းထိန်းတာဝန် **(Garrison Duty)** နှင့် လှုပ်ရှားတာဝန်များ ထမ်းဆောင်နေရ၏။ တပ်ခွဲ ၃ခွဲကို စခန်းထိန်းတာဝန် ထမ်းဆောင်စေပြီး တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းဌာနချုပ်တစ်ခုအား သထုံမြောက်ခြမ်း မဲနသန်ဂွင်တွင် တာဝန်ပေးထားလေသည်။

**ရန်သူ**

မိမိဂွင်အတွင်း၌ ရန်သူ့တပ်မဟာ (၁) နှင့် (၂) တို့ လှုပ်ရှားလျက်ရှိ၏။ ရန်သူတွင် ဒေသခံပြောက်ကျားများ ရှိသလို တိုက်ခိုက်ရေးတပ်ရင်းများလည်း ရှိ၏။ တပ်မဟာ (၁) ၏ တိုက်ခိုက်ရေးအင်အားများကို တပ်မဟာ



www.burmeseclassic.com

www.burmeseclassic.com



မှူး ကျော်ဟိုးကိုယ်တိုင် ဦးစီးကွပ်ကဲလေသည်။ ကျော်ဟိုးက ကျိုက်ထို၊ ဘီးလင်း၊ သထုံလမ်းကြောင်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ မိမိစခန်းငယ်များနှင့် စစ်ကြောင်းများကို သာလွန်အင်အားဖြင့် စီးနင်းတိုက်ခိုက်ခြင်းများ လုပ်လေ့ရှိ၏။ တပ်မဟာ (၂) မှာမူ ရွှေကျင်ဒေသတွင် အဓိကလှုပ်ရှားပြီး ရံဖန်ရံခါမှသာ မိမိနယ်မြေအတွင်းသို့ ဝင်ရောက်လာလေ့ရှိ၏။

## ရန်သူ့သတင်းစတင်ရရှိခြင်း

၁၉၇၂ ခုနှစ် ဧပြီလ ပထမပတ်တွင် စစ်တောင်း စက္ကူစက်အနီးရှိ ဇီးပြောင်းစခန်းသို့ ဒေသခံ KNU မြို့နယ်တပ်ဖွဲ့မှ အလင်းဝင်လာသည့် စောတာလူး၏ ထွက်ဆိုချက်အရ ဇီးပြောင်းစခန်းအပိုင် ကျုံတူးရွာ၏ မြောက်ဘက်၌ KNU စခန်းကြီးတစ်ခု ရှိနေကြောင်း သတင်းရရှိလေသည်။ စခန်းကြီးမှာ ဘီးလင်းမြစ်၏ အနောက်ဘက် မြစ်လက်တက်နှင့် သိပ်မဝေးလှ၊ မဒမ ချောင်းဖျားအနီးတွင် ရှိသည်ဟု သိရသည်။ မိမိမှာ ကျုံတူး ရွာပတ်ဝန်းကျင်အထိသာ ရောက်ဖူးပြီး စခန်းသို့ မရောက်





ဘူးကြောင်း ထွက်ဆိုလေသည်။ ထိုအလင်းဝင်၏ ထွက်ဆိုချက်ကို စခန်းမှူး ဗိုလ်ကျော်ညွန့်မှ ပြုစုရေးသားပြီး တပ်ရင်းဌာနချုပ်သို့ အထူးဆက်သားဖြင့် ပေးပို့ တင်ပြခဲ့ပါသည်။

အလင်းဝင်၏ ထွက်ဆိုချက်ရရှိသည်နှင့် တပ်ရင်းမှူးကြီးနှင့် ဦးစီးအရာရှိများသည် ယခင်သတင်းများနှင့် ဆက်စပ်ကြည့်ရှုကာ ဤစခန်းသည် KNU တပ်မဟာ (၂) မှူး ဟားရော့၏စခန်းဖြစ်နိုင်ကြောင်း သုံးသပ် အဖြေထုတ်ဆိုလေသည်။ ထို့ကြောင့် ထိုစခန်းအား ကွန်မန်ဒိုနည်းဖြင့် ချီတက်ခြေမှုန်းရန် ဆုံးဖြတ်ချက်ချကာ စီမံချက်ရေးဆွဲခဲ့လေသည်။ စီမံချက်ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ တင်ပြခဲ့၏။ ခွင့်ပြုချက်တောင်းခဲ့၏။ တိုင်းမှ ခွင့်ပြုကြောင်း ပြန်ကြားခဲ့လေသည်။

## စီမံချက်အတွက်စုဖွဲ့ပြင်ဆင်ခြင်း

တပ်ရင်းမှူးသည် တိုင်းမှခွင့်ပြုမိန့်ရသည်နှင့် စုဖွဲ့ပြင်ဆင်မှုကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်များစုဖွဲ့ခြင်း

**(က) ခြေမှုန်းရေးတပ်ဖွဲ့**

(၁) အင်အား ၄၀ ယောက်ကို တပ်ခွဲများမှ ထုတ်နုတ်ဖွဲ့စည်းမည်။

(၂) ၎င်းတပ်ဖွဲ့တွင် ကရင်စကားတတ်သူ၊ ပအိုဝ်း စကားတတ်သူ၊ ရှမ်းစကားတတ်သူများ ရနိုင်သလောက် ပါဝင်မည်။

(၃) တပ်ဖွဲ့မှူးမှာ ဗိုလ်ကြီးတစ်ဦးဖြစ်ပြီး တပ်စုမှူး အရာရှိ ၂ ဦး ပါဝင်မည်။

**(ခ) ယောင်ပြတပ်ဖွဲ့**

(၁) အင်အား ၄၀ ယောက်ဖြင့် ဖွဲ့စည်းမည်။

(၂) တပ်စု ၃ စုဖွဲ့စည်းမည်။ တပ်စုမှူးများမှာ အရာရှိ ၁ ဦးနှင့် အရာခံဗိုလ် (သို့) တပ်ကြပ်ကြီးဖြစ်မည်။

(၃) စစ်ကြောင်းမှူးမှာ ဗိုလ်ကြီး/ဗိုလ် ဖြစ်မည်။

**(ဂ) အရန်တပ်ဖွဲ့**

(၁) တပ်ဖွဲ့မှူးသည် ဗိုလ်ဖြစ်ပြီး တပ်စုမှူး ၂ ယောက်သည် ဒု-အရာခံဗိုလ်/တပ်ကြပ်ကြီး





ဖြစ်သည်။

(၂) အင်အား ၂၅ ယောက်ဖြင့် ဖွဲ့စည်းမည်။

**(ဃ) စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့**

(၁) တပ်ရင်းမှူးနှင့်လက်ဖြောင့် တပ်စိတ် အင်အား ၁၀ ယောက် ဌာနချုပ်တပ်ခွဲမှ ထောက်လှမ်းရေး အရာရှိနှင့် စစ်သည် ၁၀ ယောက်

(၂) ထောက်လှမ်းရေးတပ်စိတ်ပါမည်။

ကွပ်ကဲမှု

(၁) ခြေမှုန်းရေးတပ်ဖွဲ့ကို ဗိုလ်ကြီးကျင်စံက တပ်ဖွဲ့မှူး၊ ဗိုလ်တင်မောင်မောင်မြတ်နှင့် ဒု-ဗိုလ်ဌေးအောင်တို့ကို စုမှူးတာဝန်ပေးလိုက်သည်။

(၂) ယောင်ပြတပ်ဖွဲ့ကို ဗိုလ်ကျင်စိုးက တပ်ဖွဲ့မှူး၊ ဒု-ဗိုလ်သိန်းဖော်ကို တပ်စုမှူးတာဝန်ပေးလိုက်သည်။

(၃) အရန်တပ်ဖွဲ့ကို ဗိုလ်လှဝင်းနှင့် ဒု-အရာခံဗိုလ်အေးမောင်တို့ကို တာဝန်ပေးလိုက်သည်။

(၄) စစ်ကြောင်းဌာနချုပ်တွင် တပ်ရင်းမှူးကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါမည်ဖြစ်ပြီး အနီးကပ်လုံခြုံရေးတပ်ဖွဲ့ကို အရာခံဗိုလ်အေးမောင်ကို တာဝန်ပေးလိုက်သည်။

**လေ့ကျင့်ရေး**

(၁) လိုအပ်သောတပ်ဖွဲ့ဝင်များကို တပ်ခွဲများသို့ တပ်ရေးဗိုလ်ကြီးမှ တပ်ရင်းမှူးထံမှ ရရှိသောစာရင်းအတိုင်း တစ်ပတ်အတွင်း ခေါ်ယူထားရမည်။

(၂) ယခုလ ၁၅ ရက်နေ့တွင် လေ့ကျင့်ရေးကို စမည်။

(၃) လိုအပ်သော ရိက္ခာ၊ လက်နက်ခဲယမ်းမီးကျောက်များကို တပ်ရင်းမှူးမှ ထပ်မံညွှန်ကြားမည်။

(၄) ရက်ပေါင်း (၃၀) တိတိ လေ့ကျင့်မည်၊ စက်ပစ်ကွင်းပစ်ပြီး နောက်တစ်ရက်တွင် တပ်ရင်းမှူးမှ ယ-ရက်ကို သတ်မှတ်ညွှန်ကြားမည်။

(၅) လေ့ကျင့်ရမည့် သင်ခန်းစာမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) လက်နက်မျိုးစုံကို ကျွမ်းကျင်စွာ ကိုင်တွယ်ပစ်ခတ်ခြင်း၊





(ခ) ညအချိန်ခရီးဝေးချီတက်ခြင်း၊

(ဂ) တောတွင်းတိုက်ပွဲဆင်နွှဲခြင်း၊

(ဃ) ရန်သူ့စခန်းများကို ချဉ်းကပ်တိုက်ခိုက်ခြင်း၊

(င) တောတွင်းတပ်ဖျောက်နေထိုင်ခြင်း၊

(စ) ဒေသခံ ကရင်စကားကို အကျွမ်းတဝင်ဖြစ်အောင် သင်ကြားခြင်း၊

**...ချုပ်မှု**

**...**

(...) **မြေမှုန်းရေးတပ်ဖွဲ့**

(၁) ယ-အနုတ် ၁ ရက်နေ့ ညနေစာစားပြီးနောက်တစ်ရက် မနက်စာ ချက်ပြီးသားဖြစ်ရမည်။ (ဟင်းကောဖြင့် သယ်ဆောင်ခြင်း မပြုရ)

(၂) နောက် ၃ ရက်စာအတွက် မီးပျောက်ရိက္ခာထုပ်ပေးမည်။

(၃) စစ်သည်တိုင်း ထမင်းခြောက် တစ်ဘူးစီ သယ်ဆောင်ရမည်။ (တပ်ရင်းဌာနချုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးမည်)

(ခ) ယောင်ပြတပ်ဖွဲ့

(၁) ယ–အနုတ် ၁ ရက်နေ့ ညနေစာစားပြီး နောက် တစ်ရက်နံနက်စာယူသွားမည်။

(၂) နောက် ၃ ရက်စာအတွက် မီးပျော ရိက္ခာထုတ်ပေးမည်။

(၃) စစ်သည်တိုင်း ထမင်းခြောက်နှင့် အသား ခြောက် တစ်ဘူးစီယူသွားရမည်။ (ထမင်း ခြောက်နှင့် အသားခြောက်ကို တပ်ရင်း ဌာနချုပ်မှ စီစဉ်ပေးမည်။)

(ဂ) အရန်တပ်ဖွဲ့

(၁) ယ–အနုတ် ၁ ရက်နေ့ ညနေစာစားပြီး နောက်တစ်ရက် နံနက်စာချက်ပြီး ယူဆောင်ရမည်။

(၂) ရိက္ခာ ၃ ရက်စာယူရမည်။

(ဃ) စစ်ကြောင်းဌာနချုပ်

(၁) ယ–အနုတ် ၁ ရက်နေ့ ညစာစားပြီး





နောက် တစ်ရက် နံနက်စာအတွက် ယူဆောင်ရမည်။

(၂) ရိက္ခာ ၃ ရက်စာ ယူသွားရမည်။

ခဲယမ်းမီးကျောက်

(က) ခြေမှုန်းရေးတပ်ဖွဲ့

(၁) ၂လက်မစိန်ပြောင်း၊ အချက်ပြလေထီးဗုံး တစ်တွဲ ယူဆောင်မည်။

(၂) အရန်ကျည်နှင့် ၂ လက်မခွင်းဗုံး သယ် ဆောင်မည့်နည်းလမ်းကို ထပ်မံညွှန်ကြား မည်။

(၃) မုဒ်ုံစောင်ပါးတစ်ထည်၊ အရန်ကျည်နှင့် မီးပျောက်ရိက္ခာသယ်ရန် ကျောပိုးအိတ် တစ်လုံးသာ ယူဆောင်ရမည်။ (စစ်သည် တိုင်းမဟုတ်)

(၄) စစ်လွယ်အိတ်၊ အရပ်လွယ်အိတ် ရောနှောကိုင်ဆောင်မည်။



www.burmeseclassic.com

www.burmeseclassic.com



(ခ) ယောင်ပြတပ်ဖွဲ့

(၁) မုဒ္ဒံစောင်ပါးတစ်ထည်သာ ယူဆောင်မည်။

(၂) စစ်ထွက်ဝတ်စုံနှင့် ခဲယမ်းများ စစ်ထွက်သည့်အတိုင်း ယူဆောင်မည်။

(ဂ) အရန်တပ်ဖွဲ့

(၁) အရန်ကျည်များ ယူဆောင်သွားရမည်။

(၂) ထမင်းခြောက်နှင့် အသားခြောက်တစ်တူး ယူရမည်။

(ဃ) စစ်ကြောင်းဌာနချုပ်

(၁) အခြားတပ်ဖွဲ့များကဲ့သို့ပင် ရိက္ခာ၊ ခဲယမ်း ယူမည်။

(၂) အမှတ် (၆၂) စက် ၂ လုံးနှင့် အားသွင်းစက် တစ်လုံး ယူဆောင်မည်။

အထွေထွေ

၁။ ခြေမှုန်းရေးစစ်ကြောင်းတွင် တတ်နိုင်သမျှ ကရင်နှင့် ပအိုဝ်စကားတတ်သူများသာ ပါရမည်။





၂။ ရွေးချယ်ထားသော စစ်သည်များကို ၁၉၅၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ တပ်ရင်းဌာနချုပ်အရောက် တပ်ရေးဗိုလ်ကြီးမှ တပ်ခွဲများနှင့် စစ်ကြောင်း (၂) ဌာနချုပ်သို့ အကြောင်းကြားပြီး ခေါ်ယူရမည်။

၃။ လေ့ကျင့်ရေးကို စစ်သည်စုံလင်စွာ ရောက်ရှိသည့်နှင့် ၃ ရက်အတွင်း ရက်ပေါင်း ၃၀ တိတိ လေ့ကျင့်သွားမည်။

၄။ လေ့ကျင့်ရေးအတွက် သတ်မှတ်ထားသော ဘာသာရပ်များကို တပ်ရေးဗိုလ်ကြီးနှင့် ဗိုလ်ကြီးကျင်စံတို့ မှ ညှိနှိုင်းဆောင်ရွက်သွားမည်။

၅။ အထူးသဖြင့် ကရင်စကားကို ခြေမှုန်းရေးတပ်ဖွဲ့တွင် ပါဝင်သော စစ်သည်တိုင်း နားရည်ဝသွားအောင် ထမင်းစား ရေသောက် ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သည်အထိ လေ့ကျင့်ကျက်မှတ်သွားနိုင်အောင် အလင်းဝင် ဦးရွှေမင်းမှ သင်ကြားပေးသွားမည်။ ကရင်စကား နေ့စဉ်ပြောဆိုကြရမည်။

၆။ ယ–ရက်နှင့် အသေးစိတ်အစီအမံများကို တပ်ရင်းမှူးမှ သင့်လျော်သည့်အချိန်တွင် နှုတ်ဖြင့် ညွှန်



www.burmeseclassic.com

www.burmeseclassic.com



ကြားသွားမည်။

၇။ ဤညွှန်ကြားချက်သည် သက်ဆိုင်သည့် အရာရှိများမှ လွဲ၍ မည်သူမျှ မသိရှိစေရအောင် အထူးလျှို့ဝှက်ထားရမည်။ ထိပ်တန်းလျှို့ဝှက်ဖြစ်သည်။

**ချီတက်ရာလမ်းကြောင်းရွေးချယ်ကြပြီ**

ရန်သူ့နယ်မြေထဲ ခရီးရှည်ထိုးဖောက်ရောက်နိုင်ရန်အတွက် တပ်ရင်းမှ လက်ရွေးစင်စစ်သည် ၁၂၀ အား ရွေးချယ်ပြီး ကွန်မန်ဒို စစ်နည်းဗျူဟာများကို သင်ကြားပို့ချပေးနေခဲ့သည်မှာ တစ်လနီးပါးရှိခဲ့လေပြီ။

စစ်သည်များသာမက တပ်ဖွဲ့အသီးသီးအတွက် ခေါင်းဆောင်မည့် တိုက်ပွဲဝင်တပ်မှူးများကိုလည်း ရွေးချယ်ခဲ့ပြီးဖြစ်၏။ အဓိက အကျဆုံးသော ချေမှုန်းရေးတပ်ဖွဲ့မှူးမှာ ဗိုလ်ကြီးကျင်စံပင် ဖြစ်သည်။ ဗိုလ်ကြီးကျင်စံသည်လည်း ဤတပ်ရင်းသို့ တပ်ရင်းမှူးကြီးနှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာသူ ဖြစ်၏။ တိုင်း စစ်ဌာနချုပ်၏ ကွန်မန်ဒို သင်တန်းကျောင်း နည်းပြတာဝန်ကို အထူးကိစ္စရပ်အနေဖြင့်လည်း ထမ်းဆောင်ခဲ့သူလည်း ဖြစ်၏။ ထို့ကြောင့် ယခု





စီမံချက်တွင် အရေးအကြီးဆုံး ချေမှုန်းရေးတပ်ဖွဲ့ကို ဦးဆောင်ရန် ရွေးချယ်တာဝန် ပေးခြင်းဖြစ်ပါ၏။

ယောင်ပြတပ်ဖွဲ့အတွက် ဗိုလ်ကျင်စိုးကို ရွေးချယ်ထားသည်။ ဗိုလ်ကျင်စိုးသည်လည်း စစ်မြေပြင်တွင် စွမ်းရည်ရှိသည့် အရာရှိငယ်တစ်ဦးဖြစ်လေသည်။ ဗိုလ်သင်တန်း အပတ်စဉ် (၃၈) မှ ဖြစ်သည်။

ခရီးမထွက်မီ တစ်ရက်အလို၌ စစ်ဆင်ရေး **Briefing** ပြုလုပ်ကာ တပ်ဖွဲ့အသီးသီး၏ ရည်မှန်းချက် တာဝန်များနှင့် ချီတက်ရာလမ်းကြောင်းများကို ရွေးချယ်ကြလေသည်။

ထိုနေ့က စစ်ဆင်ရေးအစည်းအဝေးကို မနက် ၀၉း၀၀ နာရီတွင် တပ်ရင်းမှူးရုံးခန်း၌ ပြုလုပ်လေသည်။ အစည်းအဝေးစလျှင်စခြင်း တပ်ရင်းမှူး ဗိုလ်မှူးကြီးမျိုးခင်မှ အဖွင့်အမှာစကားပြောသည်။ ဆက်လက်၍ တပ်ရင်း ထောက်လှမ်းရေးအရာရှိမှ နောက်ဆုံးရရှိသည့် ရန်သူ့သတင်းကို စစ်သုံးမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ရန်သူ့သတင်းကို အိုင်အို ခေါ် ထောက်လှမ်းရေး အရာရှိမှ ရှင်းလင်းတင်ပြပြီးသည့်နောက် စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



စီမံချက် အသေးစိတ်ကို တပ်ရင်းမှူးကြီးမှ ကိုယ်တိုင်ပင် ရှင်းလင်းလေတော့သည်။

"ကဲ ... အရာရှိတွေအကုန်လုံး နားထောင်။ စီမံချက်ကတော့ ဒို့တပ်မတော်ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း သတင်း၊ ရည်ရွယ်ချက်၊ လုပ်နည်း၊ အုပ်ချုပ်မှု၊ ဆက်သွယ်ရေး အတိုကောက်က တင်း–ရည်–လုပ်–အုပ်–ဆက်။ အဲဒီလိုဖြစ်မယ်"

"သတင်းအနေနဲ့ကတော့ အရာရှိများသိပြီးတဲ့ အတိုင်း ဖီးပြောင်းမှာ အလင်းဝင်လာတဲ့ လက်နက်ချရဲ့ ပြောဆိုချက်အရ ကျုံ့တူးရွာ ပတ်ဝန်းကျင် ငါးမိုင်ပတ်လည် လောက်မှာ ရန်သူ တပ်မဟာ (၂) က လျှို့ဝှက်စခန်း တစ်ခုရှိတယ်။ လူအင်အား အတိအကျတော့ မသိဘူး။ တပ်မဟာမှူး ဖားရောရဲ့စခန်းလို့လည်း ပြောတယ်။ ဒါလည်း သိပ်မသေချာဘူး။ ဒါပေမဲ့ စခန်းရှိတယ်ဆိုတာ တော့ သေချာတယ်"

"ရည်ရွယ်ချက်က အခုစုဖွဲ့ထားတဲ့ ကွန်မန်ဒိုတပ်ဖွဲ့ နဲ့ အဲဒီနယ်မြေထဲကို L.R.P လျှောက်ပြီးဝင်မယ်။ စခန်း ကိုရှာမယ်။ တွေ့ရင်တိုက်မယ်"





"လုပ်နည်းအနေနဲ့ကတော့ အခု စုဖွဲ့ထားတဲ့ စစ်ကြောင်းသုံးခုစလုံး ဒီကနေပြီး စစ်တောင်းကိုသွားမယ်။ ဟိုရောက်ရင် ဗိုလ်ကျင်စိုးနဲ့ ယောင်ပြစစ်ကြောင်းက အခြေပြုကနေ ယရက် မနက် ဝ၆း၀၀ နာရီ မဲရစ်ထကို ချီတက်မယ်။ မဲရစ်ထမှာ တပ်ကို ပေါ်ပေါ်ထင်ထင်နဲ့ အခြေပြုနေမယ်။ ရန်သူကို လှမ်းပြီးတော့ စစ်မြှူထားတဲ့ သဘောပဲ။ ရန်သူလာတိုက်ရင် တိုက်လိမ့်မယ်။ နှစ်ရက် သုံးရက် ခံနိုင်အောင် ပြင်ထား။ အထောက်အကူပေးနိုင် အောင် ဒုတပ်ရင်းမှူးရဲ့ စစ်ကြောင်းကို နတ်ကြီးလွှတ်ပေး ထားမယ်"

"ဗိုလ်ကြီးကျင်စံနဲ့ ချေမှုန်းရေးစစ်ကြောင်းက ယ– ရက် မနက်အစောကြီး ဝ၄း၀၀ နာရီလောက်ထွက်မယ် ဝတ်တာစားတာတော့ ပြောက်ကျားဝတ်စုံဝတ်မယ်။ တောစီး ဖိနပ်မစီးဘူး။ ညှပ်ဖိနပ်တို့ ကင်းဘတ်ဖိနပ်တို့ အဆင်ပြေရာ စီးမယ်။ စစ်ကျောပိုးအိတ်တွေ မသုံးနဲ့။ ကရင်လွယ်အိတ် တို့၊ ဘေးလွယ်အိတ်တို့ ယူသွားကြ။ ပလိုင်းတွေ ဘာတွေ လည်း ယူသွားကြ။ ကျုံ့တူးရောက်ရင် ရန်သူရဲ့လျှို့ဝှက် စခန်းကို ရှာရမယ်။ သတင်းထောက် ရမယ်။ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ရယူမှုအပိုင်းကိုတော့ အလင်းဝင်ကိုရှေ့မင်းနဲ့ ကရင်ရဲဘော်တွေကို သုံးပါ။ ကျုံတူးပတ်ဝန်းကျင်မှာ သတင်းထောက်လှမ်းမှု မထူးရင်တော့ သုံးရက်ကြာရင် ပြန်လာခဲ့တော့”

“ကိုယ်နဲ့လိုက်မယ့် စစ်ကြောင်းဌာနချုပ်ကတော့ ဗိုလ်လှဝင်းက ကွပ်ကဲရမယ်။ ဒို့က လိုအပ်ရင် ဗိုလ်ကြီးကျင်စံဘက်ကို စစ်ကူလိုက်နိုင်အောင် ပေါ့ပေါ့ပါးပါး စီမံသွားရမယ်။ အဲဒီတော့ ဗိုလ်ကြီးကျင်စံနဲ့ ဗိုလ်ကျင်စိုးတို့က မီးပျောက်ရိက္ခာ သုံးရက်စာစီ ပါမယ်။ လုံးဝ ထမင်းချက်မစားနဲ့။ မီးပျောက်ရိက္ခာပဲ စားပါ။ အဓိကကတော့ ဗိုလ်ကြီးကျင်စံရဲ့ ချေမှုန်းရေးစစ်ကြောင်းပဲ”

“ကွပ်ကဲမှုဌာနချုပ်က စက္ကူစက်နားက ဖီးပြောင်းစခန်းမှာ **Stand By** ရှိနေမယ်။ ဆက်သွယ်ရေးအနေနဲ့ တပ်ဖွဲ့သုံးခုစလုံး ၆၂ စက်တစ်လုံးစီယူ၊ စက်ဆက်သွယ်မှုကို မ–နာရီတွေမှာ လိုသလိုဝင်လာ။ ဒီက စက် အမြဲဖွင့်ထားမယ်။”

“အထွေထွေအနေနဲ့ ဒီနေ့ ဇွန်လ ၁၈ ရက်၊ နက်ဖြန်ခါ ဇွန်လ ၁၉ ရက်။ ယအနုတ် ၁ ရက်နေ့ဖြစ်တယ်။ ညနေ ၁၈း၀၀ နာရီမှာ **APT** ရထားနဲ့





စစ်တောင်းစက္ကူစက်ကို သွားမယ်။ ဖီးပြောင်းမှာ ညအခြေပြုမယ်။ ယရက်မှာ မနက် ၀၄း၀၀ နာရီ ချေမှုန်းရေးတပ်ဖွဲ့က ကျုံတူးကို ချီတက်မယ်။ ဗိုလ်ကျင်စိုးနဲ့ အရန်တပ်ဖွဲ့က မနက် ၀၆း၀၀ နာရီမှာ မဲရစ်ထကို ချီတက်မယ်။ ဒို့စစ်ကြောင်းဌာနချုပ်က ဒီဖီးပြောင်းကနေပြီး တပ်တွေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေမယ်”

“ကဲ ... ဘာမေးစရာရှိလဲ”

ချေမှုန်းရေးတပ်ဖွဲ့ကို ဦးစီးမည့် ဗိုလ်ကြီးကျင်စံက မေးသည်။

“ကျုံတူးမြောက်ဘက်က လျှို့ဝှက်စခန်းဆိုတာ ချုန်တော်တို့ ဘယ်နှစ်ရက်လောက် ရှာခွင့်ရှိပါသလဲ တပ်ရင်းမှူးကြီး။ စခန်းနဲ့ရှာက ဘယ်လောက်များ ဝေးမယ်လို့ ထင်သလဲ”

တပ်ရင်းမှူးက အောက်ပါအတိုင်း ပြန်ဖြေသည်။

“ဗိုလ်ကြီးကျင်စံ မေးတာ ကောင်းပါတယ်။ မေးသင့်ပါတယ်။ ခင်ဗျားစက်က ဘက်ထရီအား ပြန်သွင်းရင် သုံးရက်ပဲ သုံးနိုင်မယ်။ အဲဒီတော့ ရှာဖို့အချိန် သုံးရက်တော့ အချိန်ရမှာပေါ့ဗျာ။ ကျုံတူးမြောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



၁၄/၅ မိုင်လောက်ထိ ခွင့်ပြုမယ်လေ။ ကိုယ့်ရဲဘော်ချည်းပဲ ပေါ့ပေါ့ပါးပါး ကွန်မန်ဒိုနည်းနဲ့ ချီတက်ကြမှာဆိုတော့ အားသွင်းစက်ကို ယူမသွားနဲ့။ ခင်ဗျားက ပြောက်ကျား စနစ်သုံးမယ့် ကွန်မန်ဒိုစစ်ကြောင်းဆိုတော့ မြောက်ဘက် တက်သွားလို့ ကျွန်တော်တို့ တပ်မတော် စစ်ကြောင်းတွေ သတင်းရရင် ချက်ချင်းပြန်ခဲ့ ဆက်မသွားနဲ့တော့။ လူ့အား ကုန်မယ်။ ပြန်လာမယ်ဆိုရင်လည်း စစ်ကြောင်းဌာနချုပ် တော့ အကျိုးအကြောင်း သတင်းပို့ဦးပေါ့ဗျာ''

''ကဲ ... ဗိုလ်ကျော်စိုးနဲ့ ဗိုလ်လှဝင်းတို့ကကော ဘာမေးကြဦးမှာလဲ''

''မရှိပါဘူးခင်ဗျ''

''မရှိဘူးဆိုရင် လုပ်စရာရှိတာ လုပ်ကြတော့ လက်နက်၊ ခဲယမ်း၊ မီးပျောက်ရိက္ခာ၊ ပို့ဆောင်ရေး စတာတွေကို တပ်ရေးဗိုလ်ကြီးနဲ့ တပ်ထောက်ဗိုလ်ကြီးတို့ က လုပ်ပေးလိုက်ကြ။ ပြီးတော့ ကား ၅ စီး **Stand by** လုပ်ထား။ မြိုင်ကလေးအထိ အသွားအပြန်တွက်ချက်ပြီး ဆီထည့်ပေး ထား။ ဒါက အရေးပေါ်လိုလိုမယ်မယ်ပေါ့ ရော့ ... ဟောဒီမှာ ဗိုလ်ကြီးကျော်စံ၊ ဗိုလ်တင်မောင်မောင်





၁၉၇၂ ခုနှစ် ဖွန်လကာ တပ်မဟာ(၂)ဖားရောစခန်းအား ကွန်မန်ဒိုတပ်ဖွဲ့နှင့် ဦးဆောင်စီးနင်းတိုက်ခိုက်ခဲ့သည့် ဗိုလ်ကြီးကျော်စံ

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ (၁၉၇၀)



ခြတ်။ ဗိုလ်ဌေးအောင်နဲ့ ကိုရွှေမင်းတို့ တပ်ဖို့ ရန်သူရဲ့ အရာရှိ အဆင့်တံဆိပ်တွေ၊ ခင်ပျားတို့ပုခုံးမှာ အဲဒါတွေ တပ် သွားကြ''

''ကဲ ... ဘာမှမေးစရာမရှိရင် တန်းဖြုတ်မယ်။ ဒို့ကွန်မန်ဒို အောင်ရမယ်ဟေ့''

တပ်ရင်းမှူး ဗိုလ်မှူးကြီးမျိုးခင်သည် စစ်သည်များ နှင့် လက်ရည်တစ်ပြင်တည်း နေသည်သာမက ပျော်တတ်သူလည်း ဖြစ်သည်။ ထို့ကြောင့် စစ်သည်များက သူ့ကို ချစ်ခင်ကြ၏။ တပ်ရင်းမှူးကြီး၏ ကြွေးကြော်သံ မရှေး နှောင်းတွင်ပင် အားလုံးက ...

''ဒို့ - ကွန်မန်ဒို'' ဟု သံပြိုင်အော်လိုက်ရာ ဘံခါးပိတ်၍ အစည်းအဝေးလုပ်နေသည့် အစည်းအဝေး ခန်းမကြီးမှာ ပွင့်များထွက်သွားမလားဟု ထင်ရပါသတည်း။

## ညှိမှန်းချက်သို့ထွက်ခွာခြင်း

ဇွန်လ ၁၉ ရက် သို့မဟုတ် ယအနုတ် ၁ ရက်နေ့ ညမှောင်စပျိုးချိန်၌ တပ်ဖွဲ့ကြီးသုံးဖွဲ့သည် APT စစ်ရထား ခြင်း အခြေပြုကျိုက်ထိုမှ စစ်တောင်းစက္ကူစက်သို့ ချီတက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ည ၁၉း၀၀ နာရီသာသာတွင် စက္ကူစက်မှ မနီး မဝေးရှိ ဖီးပြောင်းစခန်းသို့ ဆက်လက်ချီတက်ခဲ့ကြသည်။ စခန်းမှူးဗိုလ်ကျော်ညွန့်မှ စောင့်ကြိုနေ၏။

"အခြေအနေ ဘယ်လိုလဲဟေ့ ဗိုလ်ကျော်ညွန့်"

တပ်ရင်းမှူးကြီးက မေးလိုက်သည်။

"ကောင်းပါတယ် တပ်ရင်းမှူးကြီး။ စစ်ကြောင်းတွေ စားဖို့ နားဖို့ အားလုံး အသင့်ပါပဲခင်ဗျ။ လိုရမယ်ရသုံးဖို့ Guide အနေနဲ့ ဖီးပြောင်းပြည်သူ့စစ် နှစ်ယောက်၊ သုံးယောက်လည်း အသင့်လုပ်ထားပါတယ်"

"အေး ... ကောင်းတယ်ကွာ။ ကဲ ... အားလုံး စောစောစီးစီး နားကြ။ မဆူနဲ့ မညံနဲ့ မီးတွေ မထွန်းနဲ့ အားလုံး ခြေလုံ၊ လက်လုံ၊ အသံလုံနေကြ။ စောစော စီးစီးနားကြ။ စခန်းအပြင် ဘယ်သူမှ မထွက်ရဘူး"

ထိုညက ညကိုးနာရီထိုးလျှင်ပင် စစ်ကြောင်း တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာ အနားယူလိုက်ကြလေ သည်။





ဆိုက်ပွဲဝင်ရန် ချီတက်ကြပြီ

ဖွန်လ ၂၀ ရက် သို့မဟုတ် ယရက် နံနက် ၁၉း၀၀နာရီ

တီတီ ...တီ ...တီ ...တီ ...

"တပ်ရင်းမှူးကြီးခင်ဗျာ ဗိုလ်ကြီးကျင်စံ စစ်ကြောင်းစက်ပေါ်လာပါတယ် ခင်ဗျ"

ဗိုလ်လှဝင်းမှ လာရောက်သတင်းပို့လာ၏။

"ဘာတဲ့လဲ"

"သူတို့ ကျုံတူးရောက်ပြီတဲ့။ အဲဒါ ဘာမှမထူးလို့ မြောက်ဘက်ဆက်တက်သွားတာ ရန်သူ ပြောက်ကျား တစ်ဖွဲ့နဲ့ ထိတွေ့မှုဖြစ်တယ် ပြောပါတယ်။"

"တစ်လောင်းနဲ့တစ်လက် ရလိုက်ပါတယ်။ ကိုယ့် ဘက်က အထိအခိုက်မရှိပါဘူး။ အဲဒါ ဆက်ထွက်မယ် ပြောပါတယ်"

ဗိုလ်ကြီးကျင်စံစစ်ကြောင်းသည် ဖီးပြောင်းမှ ယနေ့ နံနက် ၀၄း၀၀ နာရီတွင် ထွက်သွားခဲ့ခြင်းဖြစ်၏။ ကျုံတူး မှာ ဖီးပြောင်းနှင့် ၆ မိုင်ခန့်သာဝေး၍ နှစ်နာရီသာသာ လျှောက်သော် ရောက်၏။ ရွာတွင် သတင်းစုံစမ်းရာ မထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မြောက်ဘက်ဆက်ထွက်ရာ ရွာနှင့် ၂ မိုင်ခန့်အကွာ တောတွင်းတစ်နေရာ၌ ရန်သူအဖွဲ့ငယ် တစ်ဖွဲ့နှင့် ထိတွေ့မှု ဖြစ်ခြင်း ဖြစ်သည်။ မိမိ ကွန်မန်ဒိုစစ်ကြောင်းမှာ ရန်သူ အယောင်ဆောင် ကွန်မန်ဒို စစ်ကြောင်းဖြစ်၍ အငိုက် ရလိုက်သည်။ ရန်သူပြောက်ကျားတစ်ဦးကို လက်နက်နှင့် အသေရလိုက်ခြင်းဖြစ်၏။

"ရန်သူ့သတင်းထောက်ရင်း ... မြောက်ဘက်သို့ ဆက်လက်ချီတက်မည်ဖြစ် ... လိုအပ်သည်များ ညွှန်ကြား နိုင်ပါရန် တင်ပြအပ်..."

ဗိုလ်လုဝင်းက နောက်ဆုံးဝင်လာသည့် ကြေးနန်း တိုလေးကို ဖတ်ပြလိုက်သည်။

"ဘာမှ ညွှန်ကြားစရာမရှိဘူး။ ဆက်လုပ်လို့ ပြော လိုက်ကွာ"

"ဟုတ်ကဲ့ပါခင်ဗျ"

တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ပြောလိုက် ၏။ စခန်းမှူး ဗိုလ်ကျော်ညွန့်က တပ်ရင်းမှူးနှင့်အတူ ရှိနေသည်။ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနေ၏။

နေ့လယ် ၁၁း၀၀ နာရီထိုးပြီ။





တီ ... တီ ... တီ ... တီ ... တီ

"တပ်ရင်းမှူးကြီး ဗိုလ်ကျင်စိုးစက်ပါခင်ဗျ"

ဗိုလ်လုဝင်းက သတင်းပို့လာပြန်သည်။

"ဘာတဲ့လဲ"

"သူတို့ လမ်းတစ်ဝက်လောက်ရောက်ပြီတဲ့ခင်ဗျ။ ညွှန်ခဲ့တဲ့ နှစ်ရက်က ရန်သူ ဆယ်ယောက်လောက် အနောက်ဘက်က ရောက်လာပြီး အရှေ့မြောက်ကို ဆက်ထွက်သွားတယ်လို့ ပြောပါတယ်။ အခု သူတို့နားနေ တဲ့ရွာက ဝက်တစ်ကောင်လည်း ပေါ်ပြီး အသားတွေ ယူသွားတယ်လို့ သတင်းရပါတယ်။ အဲဒါကလွဲလို့ ဘာမှ ထူးပါဘူးတဲ့ခင်ဗျ"

"ကောင်းပြီ ... ဝက်တစ်ကောင်ပေါ်သွားတယ် ဆိုရင် ရန်သူပင်မအဖွဲ့ အဲဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်။ သတိထားသွားလို့ ပြောလိုက်"

ထိုအချိန်မှစ၍ ညနေအထိ စက်နှစ်လုံးစလုံး မပေါ်လာတော့ပါ။ ည ၁၉း၀၀ နာရီရောက်မှ ဗိုလ်ကျင်စိုး စစ်ကြောင်းက ရည်မှန်းချက် မဲရစ်ထရွာသို့ ရောက်ပြီ စစ်ကြောင်းနှင့် ရွာပတ်ဝန်းကျင်တွင် ခံစစ်ပြင်ကာ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ယူထားကြောင်း သတင်းပို့ပါတော့သည်။ ထို့ပြင် ရန်သူ ဖားရောနှင့် အင်အား ၁၀၀ ခန့်သည့် နတ်ကြီး အနောက် ခြမ်းတွင် ရောက်ရှိလှုပ်ရှားနေကြောင်းကို မဲရစ်ထရွာ သတင်းရကြောင်း တင်ပြလေသည်။ ဗိုလ်ကြီးကျင်စံ စစ်ကြောင်းကား မည်သည့်သတင်းပို့ချက်မှ ရောက်မလာ ပါ။

တိုက်ပွဲများဖြစ်ပွားခြင်း

ဖွန်လ ၂၀ ရက်နေ့ မနက် ၀၅း၀၀ နာရီ

ဖီးပြောင်းစခန်းတွင် အသင့်ရှိနေသော တပ်ရင်းမှူး ၏ စစ်ကြောင်းဌာနချုပ်မှ ဆက်သွယ်ရေးစက်သည် မနက် ၀၄း၀၀ နာရီကတည်းက စက်ဖွင့်၍ အသင့်စောင့်နေသည်။ တပ်ရင်းမှူးကြီးကိုယ်တိုင် ဗိုလ်လှဝင်း၊ ဗိုလ်ကျော်ညွန့်တို့နှင့် အတူ စက်ဘေးမှာရှိနေ၏။

တီ ... တီ ... တီ ... တီ ... တီ

"တပ်ရင်းမှူးကြီး ဗိုလ်ကျင်စိုး စစ်ကြောင်းက ရန်သူတစ်ရာလောက် အခု လာတိုက်နေပြီတဲ့ခင်ဗျ ကျွန်တော်တို့ တပ်က ညကတည်းက ကျင်းတူးနေရာယူထား





တဲ့အတွက် အခြေအနေကောင်းတယ်လို့ ပြောပါတယ်"

"ကောင်းပြီလေ။ လိုရင် နတ်ကြီးက တူးအိုင်စီ စစ်ကြောင်း လွှတ်လိုက်မယ်။ လိုရင်ပြောပါလို့ ပြောလိုက်။ တူးအိုင်စီစစ်ကြောင်းကိုလည်း အသင့်ပြင် နိုင်းထားလိုက်"

"လောလောဆယ်မလိုသေးပါဘူးတဲ့ခင်ဗျ"

"ကောင်းပြီလေ။ ဒါဆိုလည်း အားလုံးအသင့်ပြင် ထား။ လိုတဲ့နေရာ ငါတို့ လိုက်ရအောင်"

"တီ ... တီ ... တီ ... တီ ... တီ"

မနက် ၀၇း၃၀ နာရီ

"တပ်ရင်းမှူးကြီး ဗိုလ်ကြီးကျင်စံ စစ်ကြောင်းက ကြေးနန်းဝင်လာပါတယ်ခင်ဗျ"

"ဘာတဲ့လဲ"

"ရန်သူ တပ်မဟာ (၂) ဌာနချုပ် ဖားရောစခန်းနဲ့ ဆေးရုံကို အခုပဲ သိမ်းပြီးပါပြီတဲ့ခင်ဗျ"

"ဟေ ... တယ်ဟုတ်ပါလားကွ"

"အဲဒါကို ကြေးနန်းပို့ခိုင်းကွာ"

"ယနေ့ ဇွန် ၂၁ ရက်နေ့ နံနက် ၀၇း၃၀ နာရီတွင် ခန့်မှန်းမြေပုံညွှန်း ( ...) တွင်ရှိ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ (၂) စခန်းအား မိမိမှ အလစ်အငိုက်ဝင်ရောက် စီးနင်းတိုက်ခိုက် ခဲ့။ ရန်သူ ဒု–အရခဗ (၁) တကက (၁) တသ (၅) စုစုပေါင်း ၇ ဦး အသေရမိ လက်နက်ငယ် ကာဘိုင် ၁၊ စတင်း ၂၊ ဂျီသုံး ၁၊ ရိုင်ဖယ် ၃၊ ခြောက်လုံးပူး ၁ စုစုပေါင်း၊ ၉ လက် ဆသရ စက် ၁ လုံးနှင့် အရေးကြီး စာရွက်စာတမ်းများ ကျည်မျိုးစုံ ငါးထောင်ခန့် သိမ်းဆည်းရမိ ရန်သူလူနေတဲ ရှစ်လုံး ဆန်၊ ဆား၊ ငပိနှင့် ရိက္ခာများထားရှိသည့် ဂိုဒေါင်တစ်လုံး သိမ်းဆည်းရမိ ရာသီဥတုမှာ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိ''

''ဟော့ ... သူပေးတဲ့ မြေပုံညွှန်းက တောင်ပိုင်းတိုင်း နယ်မြေထဲ ရောက်နေပြီကွ။ ရွှေကျင်အရှေ့ဘက် ၁၅ မိုင်ကျော်ကျော်လောက်တော့ ရှိမယ်ထင်တယ်။ ကဲ အဲဒါဆိုရင် ၁၂း၀၀ နာရီနောက်ဆုံးထားပြီး ပြန်ထွက်နိုင်အောင် ပြင်ထား။ ဒီက ညွှန်ကြားချက်ပေးမယ် ပြောပတ်ဝန်းကျင် ရှင်းပြီး ခဏစောင့်ခိုင်းထား။ အဲဒီစခန်းမှာ မနေဘဲ လုံခြုံတဲ့နေရာမှာနေခိုင်းထား''

''ဟုတ်ကဲ့ပါခင်ဗျ။ တပ်ရင်းမှူးကြီး''





''တပ်ရင်းမှူးကြီး ဗိုလ်ကျင်စိုးစက်ကလည်း ဝင်ခေါ်နေပြီခင်ဗျ''

''ဘာတဲ့လဲ''

''ရန်သူတွေ ဆုတ်သွားပြီတဲ့ခင်ဗျ''

''အခြေအနေက ဘယ်လိုလဲ''

''ဟုတ်ကဲ့။ ပတ်ဝန်းကျင်လိုက်ရှင်းတာ ရန်သူ့ဆီက ရိုင်ဖယ်တစ်လက်နဲ့ ဂျီသုံး တစ်လက် ပေါင်း လက်နက်ငယ် နှစ်လက်နဲ့ နှစ်လောင်းကျန်ခဲ့ပါတယ်ခင်ဗျ။ ကျွန်တော်တို့ဘက်က စစ်သည်နှစ်ဦး အနည်းငယ် ဒဏ်ရာရ၊ မစိုးရိမ်ရလို့ ပြောပါတယ်ခင်ဗျ''

''ကောင်းပြီ။ အဲဒါဆိုရင် အဲဒီနေရာကနေပြီး အခုချက်ချင်း ငါတို့ဆီကို ပြန်ဝင်ခိုင်း။ လမ်းမသုံးနဲ့။ တောတိုးလာခဲ့။ လာလမ်းကို ရှောင်ခိုင်း။ ဒီည အရောက်ပြန်ဝင်လို့ပြော''

''ဟုတ်ကဲ့ပါခင်ဗျ''

နေ့လယ် ၁၂း၀၀နာရီတွင် ဗိုလ်ကြီးကျင်စံစက်နှင့် အဆက်အသွယ်ရသည်။ ထိုအခါ အောက်ပါအတိုင်း ညွှန်ကြားချက်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရန်သူမှ ၎င်းတို့ဌာနချုပ် အတိုက်ခံရသည်ကို သိရှိသွား မိမိချေမှုန်းရေးစစ်ကြောင်းအား ဖြတ်တောက် တိုက်ခိုက်ရန် တပ်မဟာ (၁) နှင့် ပူးပေါင်း၍ စီစဉ် ပြင်ဆင် လျက်ရှိ သို့ဖြစ်၍ ဗကကျင်စံ ဦးစီး ချေမှုန်းရေးစစ်ကြောင်း သည် ဤကနရလျှင်ရချင်း ရွှေကျင်သို့ ဝင်ရောက်ရန် သိမ်းဆီးရမိရန် သူ့ဆသရစက်၊ အရေးကြီး စာရွက် စာတမ်းများ လက်နက်ငယ်များကို တစ်ပါတည်း ယူဆောင်လာရန် ရိက္ခာများကို ဖျက်ဆီးခဲ့ရန် ကျဆုံး သွားသော ရန်သူ့အလောင်းများကို ကောင်းစွာသင်္ဂြိုဟ် မြှုပ်နှံခဲ့ရန် တပ်ချင်းမပှားရန် အထူးသတိပြု"

ကျောက်ညှပ်မှသည် ရွှေကျင်သို့

တပ်ရင်းမှူး ဗိုလ်မှူးကြီးမျိုးခင်သည် အထက်ပါအတိုင်း ဗိုလ်ကြီးကျင်စံစစ်ကြောင်းအား ကြေးနန်းပို့ ပေးပြီး အကျိုးအကြောင်းကို အထက်ဌာနချုပ်များသို့ တင်ပြလိုက်သည်။ ထို့နောက် မိမိတပ်များအားလုံး စုစည်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဇီးပြောင်းမှ





စစ်တောင်းစက္ကူစက်သို့ ချီတက်ခဲ့၏။ ထို့နောက် ကျောက်ညှပ်ဘူတာရုံသို့ ရောက်ရှိပြီး ညရထားဖြင့် ကျောက်ညှပ်မှ ရွှေကျင်သို့ ထွက်ခွာခဲ့သည်။ မဒေါက်ဘူတာသို့ ည ၂၂:၀၀ နာရီ ရောက်ရှိသည်။ ဘူတာတွင် ရွှေကျင်တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီးစံအေးမှ ဆီးကြိုနေ၏။ ဗိုလ်မှူးကြီးစံအေးက ပြုံးဖြဲဖြဲမျက်နှာကြီးဖြင့် ...

"ဟာ ... ဗုဒ္ဓေါ ဘယ်လိုလဲ ဖထီး။ အလန့်တကြားနဲ့ပါလားဗျာ"

ဟု ဆီးပြောတော့၏။

ဗိုလ်မှူးကြီးစံအေးနှင့် ဗိုလ်မှူးကြီးမျိုးခင်တို့သည် ၁၉၆၅ ခုနှစ်က စစ်ဦးစီးတက္ကသိုလ်၌ အတူတက်ခဲ့ကြသူများဖြစ်၏။ ဗိုလ်မှူးကြီးစံအေးသည် တစ်ခုခု ထူးခြားတိုင်း ဝမ်းသာစရာပဲဖြစ်ဖြစ်၊ ဝမ်းနည်းစရာပဲဖြစ်ဖြစ် "ဟာ-ဗုဒ္ဓေါ" ဟု ရွတ်ဆိုလေ့ရှိ၏။ သင်တန်းမှာ ကိုးလကျော်ဆယ်လနီးပါး တက်ရသည်။ သင်တန်းသား အားလုံး အတူနေ အတူစားကြရသည်။ ထိုအခါ ခင်မင်ရင်းနှီးသူ အချင်းချင်းက ဗိုလ်မှူးကြီးစံအေးအား "ဗုဒ္ဓေါကြီး ဗုဒ္ဓေါကြီး" ဟု ချစ်စနိုးခေါ်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဗိုလ်မှူးကြီးစံအေးက လူချင်းတွေ့လိုက်သည်နှင့် "ဟ ... ဗုဒ္ဓါ" ဟု အရင်လုပ်လိုက်သည်။

"အေးဗျာ ... ကျွန်တော့်တပ်နယ်မြေအစွန်မှာ တပ်မဟာ (၂) က ရန်သူ့စခန်းရှိတယ်ဆိုတဲ့ သတင်းရလို့ ဗိုလ်ကြီးကျင်စံနဲ့ တစ်ဖွဲ့ကို L.R.P လွှော်ပြီး ကွန်မန်ဒိုနည်းနဲ့ ရှာခိုင်းလိုက်တာ တန်းတိုးတော့တာပဲ။ လား ... လား ... ကြည့်လိုက်တော့ ခင်ဗျားနယ်ထဲ ရောက်နေရော ဗျို့။ အဲဒါ လူမှားကုန်မှာစိုးလို့ ပြေးလာခဲ့ရတာလေ။ ကျောက်ညှပ်ဘူတာကနေ ဗုဒ္ဓါကြီးရဲ့ မဒေါက်ဘူတာကို ကရာကတ္တူနဲ့ ကြေးနန်းအပို့ခိုင်းလိုက်ရတာဗျာ။ ရတယ် မဟုတ်လား။ ကျွန်တော့်စစ်ကြောင်းက မနက်ဖြန် မနက်မှာ ရွှေကျင်ဝင်မယ်ထင်ပါတယ်"

"ခင်ဗျားပို့လိုက်တဲ့ ကရာကတ္တူနဲ့ ကြေးနန်းရပါတယ်ဗျာ။ ရွှေကျင် အရှေ့ဘက်မှာ ကျွန်တော့် စစ်ကြောင်းတွေ မရှိပါဘူး။ ဒီအနီးအနား လေးငါးမိုင်လောက်မှာ တိုက်ကင်းအဖွဲ့ကလေးတွေ လွှတ်ထားတာတော့ ရှိတယ်။ ဖထီး စစ်ကြောင်းအရှေ့ဘက်က ဝင်လာမယ်ဆိုတာ ပြောပြီးပါပြီ"





"အေးဗျာ ... ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ဘယ်လိုမှ မကြံတတ်တော့တာနဲ့ ရတခ တင်ပြပြီး ကျွန်တော့်စစ်ကြောင်းကို ရွှေကျင်အဝင်ခိုင်းရတာ။ အဲဒီအတွက် ဖြေရှင်းချက်တောင် ပေးရဦးမလား မသိဘူး။ တောင်းရင်လည်း ပေးရတော့မှာပဲ။ အောင်မြင်မှုရပြီးသားကိုယ့်လူတွေ အထိနာမသွားဖို့ အရေးကြီးတယ်။ တပ်မဟာ (၁) နဲ့ (၂) ပေါင်းပြီး မဲသနတစ်ဝိုက်က ဆီးချဖို့လုပ်နေတယ်။ တပ်မဟာ (၂) ကတော့ သူ့စခန်း အတိုက်ခံရလို့ ဆွေ့ဆွေ့ခုန်ကျန်ခဲ့လေရဲ့"

"ဝမ်းသာပါတယ် ဖထီးရာ"

နောက်တစ်နေ့ မိုးလင်းသည်နှင့် သည်းသည်းမဲမဲ ရွာနေသော မိုးနှင့်အတူ ဗိုလ်ကြီးကျင်စံ ဦးစီးသည့် ကွန်မန်ဒိုစစ်ကြောင်းသည် ရွှေကျင်မြို့သို့ အရှေ့ဘက်မှ ဝင်ရောက်လာသည်။ ရွှေကျင်တပ်ရင်းက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြသည်။ တပ်ရင်းရုပ်ရှင်ရုံကြီးထဲတွင် နေရာချထားပေးပြီး နံနက်စာ ပူပူနွေးနွေးဖြင့် ညှော်ခံကျွေးမွေးသည်။

"ကဲ ... ဗိုလ်ကြီးကျင်စံရေ ရဲဘော်တွေတော့



www.burmeseclassic.com

www.burmeseclassic.com



အနားပေးထားလိုက်။ ခင်ဗျားနဲ့ အရာရှိတွေကတော့ ဗိုလ်မှူးကြီးစံအေးရဲ့ ရုံးခန်းကို ၁၀ နာရီအရောက်လာခဲ့။ ဖီးပြောင်းကနေ စထွက်သွားပြီး ဒီရောက်တဲ့အထိ ဖြစ်စဉ်တစ်ခုလုံး ခင်ဗျားရှင်းပြပါဗျာ''

''ဟုတ်ကဲ့ပါ တပ်ရင်းမှူးကြီး''

ထိုနေ့မနက် ၁၀ နာရီတွင် ဗိုလ်ကြီးကျင်စံက ဗိုလ်မှူးကြီးစံအေး၏ ရုံးခန်းတွင် သူ၏လုပ်ဆောင်ချက်များကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြသည်။

ဗိုလ်ကြီးကျင်စံ၏တင်ပြချက်များ

''ကျွန်တော်တို့ တပ်ဖွဲ့ဟာ တပ်ရင်းမှူးကြီးရဲ့ တာဝန်ပေးချက်အရ ယရက် မနက် ၄ နာရီမှာ ထွက်ခဲ့ကြပြီး မနက် နှစ်နာရီလောက် ကျုံတူးရွာမြောက်ဘက် လျှိုကြားထဲမှာ တဲ ၄ လုံး တွေ့လို့ဝင်ရှင်းလိုက်ပါတယ်။ လူတစ်ယောက် ထွက်ပြေးလို့ သုံးလေးချက်လောက် ပစ်လိုက်တယ်။ ဒဏ်ရာနဲ့ သူ့ကို အရှင်မိပါတယ်။ စစ်မေးတဲ့အခါကျတော့ ရန်သူ့ဘက်က ပြည်သူ့စစ်ဖြစ်နေတယ်။ ဌာနချုပ်ကိုတော့ သူ မသိဘူးတဲ့။ ဆေးရုံဆိုတာကို တော့





သိတယ်။ တစ်ခါ ရောက်ဖူးတယ်။ မဲရစ်ခ်ိဳးရွာက လူတွေတော့ အားလုံးသိကြတယ်။ သူတို့ကို မေးရင် ပိုသေချာတယ်တဲ့။ ကျွန်တော်မြေပုံထဲ ကြည့်လိုက်တော့ မဲရစ်ခ်ိဳးရွာဟာ ဒီက နောက်ထပ် ၅ မိုင်လောက် ဝေး မယ်''

တပ်ရင်းမှူးရုံးခန်းတွင် ကပ်ထားသော မြေပုံကြီးကို ဗိုလ်ကြီးကျင်စံမှ ထောက်ပြရှင်းလင်းသည်။

''ကျွန်တော်လည်း လုံခြုံတဲ့နေရာတစ်ခုကို ရွေးပြီး နေ့မှာ တပ်ဖျောက်နေလိုက်တယ်။ တပ်ရင်းမှူးကြီး ဆီကို သတင်းပို့လိုက်တော့ ဆက်ရှာပါဆိုတာနဲ့ ၁၇း၀၀ နာရီလောက်မှာ မဲရစ်ခ်ိဳးရွာကို ချီတက်ကြတယ်။ ၂၁း၀၀ နာရီအချိန် မဲရစ်ခ်ိဳးရွာမရောက်ခင်မှာ တပ်ဖွဲ့ကို ရပ်လိုက်ပြီး ဗိုလ်ရွှေမင်းလက်မောင်းကို ပတ်တီး အဟောင်းပတ် အသင့်ယူလာတဲ့ မင်နီဆွတ်လိုက်တယ်။ ရဲဘော်လေးယောက်ကိုလည်း လက်ရယ်၊ ခြေထောက် ရယ်၊ ပတ်တီးအစုတ်၊ လုံချည်စုတ်တွေနဲ့ ပတ်။ မှင်နီ နည်းနည်းစိဆွတ် အဲဒါတွေလုပ်ပြီး ရွာထဲဝင်ကြတယ်။ တောဆိုတော့ အစောကြီး အိပ်ကြပါတယ်။ သူကြီးအိမ်ကို မေးပြီး ကျွန်တော်နဲ့ ဗိုလ်ရွှေမင်း တက်သွားကြတယ်။ သူကြီးက အသက် ၆၀



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိပါပြီ။ ကညင်ဆီမီးထွန်းပြီးတော့ ကျွန်တော်တို့ကို ညွှန်ခံတယ်။ ဗိုလ်ရွှေမင်းကပဲ ကရင်လို ပြောပါတယ်။''

''ကဲ ... ကိုရွှေမင်း ခင်ဗျားပြောတာတွေကို ပြန်ပြောပြပါဦးဗျာ''

ဗိုလ်ကြီးကျင်စံက ပြောလိုက်၏။

ဒုဗိုလ်မှူးကြီးစံအေးနှင့် အရာရှိများက အလင်းဝင် ဗိုလ်ရွှေမင်းကို လှည့်ကြည့်ကြသည်။ ဗိုလ်ရွှေမင်းက အောက်ပါအတိုင်း ပြောသည်။

''ကျွန်တော် အလင်းဝင်ရွှေမင်းပါ။ ကျွန်တော်တို့ ည ၉ နာရီလောက် ရွာထဲရောက်လာကြတယ်။ ရွာသူ ရွာသားတွေ အိမ်ထဲရောက်ကုန်ကြပြီ။ အိပ်တဲ့သူလည်း အိပ်ပေါ့။ သူကြီးနဲ့တွေ့တော့ ကျွန်တော်က ကျွန်တော် တပ်မဟာ (၁) က ဗိုလ်စောဖားသူပါ။ အောက်ဘက်မှာ မနေ့က တိုက်ပွဲဖြစ်ပြီး ပြေးလာခဲ့ကြတာ။ ဒဏ်ရာတွေ လည်း ရလာကြတယ်။ ကျွန်တော့်လက်မောင်းလည်း ထိလာတယ်။ ဒီဘက်မှာ တပ်မဟာ (၂) ရှိတယ်လို့ ပြောတယ်။ ကျွန်တော်တို့ကို လိုက်ပို့ပေးပါလို့ပြောပြီး သူကြီးပေးတဲ့ ကွမ်းအစ်ထဲက ကွမ်းသီး၊ ကွမ်းနဲ့ ထုံးများနဲ့





ကွမ်းယာပြီးစားရင်း ပြောလိုက်ပါတယ်''

''အား ... ဗိုလ်ကြီး တပ်မဟာ (၂) ဘယ်မှာရှိလဲ ဆိုတာတော့ ဖထီးလည်း မသိဘူး။ ဆေးရုံဆိုတာတော့ သိတယ်။ အဲဒီဆေးရုံကိုတော့ သိတဲ့လူရှိတယ်။ သွား မလား''

ဗိုလ်ကြီးကျင်စံ၏ ရင်ထဲ ဒိတ်ခနဲ ခုန်သွား၏။ ဗိုလ်ရွှေမင်းနှင့် အတိုင်အဖောက် ညှိမထား၍ ဗိုလ်ရွှေမင်း ဘယ်လိုများ ပြန်ပြောမလဲမသိ။ သူ့အနေနှင့်ဆိုလျှင် ဆေးရုံ တွေ့လျှင် ဌာနချုပ်နှင့် မဝေးတော့၍ သွားမည်ဟုသာ ပြန်ဖြေစေလိုသည်။

''ဟာ ... ဆေးရုံဆိုရင် ပိုကောင်းတာပေါ့ သူကြီးရာ။ ကျွန်တော်တို့ဒဏ်ရာရလာကြတာပဲ ဆေးကု ဖို့ လိုတာပေါ့။ ကျွန်တော့်ရဲဘော်တွေ ဆေးထည့်ပြီး နောက်ဖြန်ဆိုရင် ကျွန်တော်တို့ နယ်ဘက်ပြန်နိုင်ပြီလေ''

ဗိုလ်ရွှေမင်း၏ ပြန်ဖြေသံကြောင့် ဗိုလ်ကြီးကျင်စံမှာ သက်ပြင်း ကြိတ်၍ချနိုင်ခဲ့ပါ၏။

''နေပါဦး သူကြီးရယ်။ အဲဒီဆေးရုံဆိုတာ ဝေးကြီးလား။ ဒီကနေ ဘယ်လောက်ဝေးသေးလဲ။ ဗမာ



www.burmeseclassic.com

www.burmeseclassic.com



တပ်တွေများ အဲဒီမှာ လှုပ်ရှားနေသလား''

''ဘယ်လောက်ဝေးလဲတော့ မသိဘူး။ ဒီကနေ မြောက်ဘက်မှာလို့ ပြောတယ်။ ဒီနယ်တစ်ဝိုက်မှာတော့ ဗမာတပ်တွေ လာတယ်မကြားပါဘူး။ လိုက်ပြနိုင်တဲ့လူ ခေါ်ပေးမယ်။ ခဏစောင့်''

အိမ်ရှေ့ထွက်ပြီး တစ်စုံတစ်ယောက်ကို လှမ်းခေါ် လိုက်သည်။

''စောထူးရေ ... ဟေ့ ... စောထူး''

မကြာမီ စောထူးဆိုသူ ရောက်လာပါ၏ စောထူးမှာ အသက် ၄၀ ခန့်ရှိပြီး တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိသည်။ သူကြီးမှ ဆေးရုံသို့ လိုက်ပို့ ပေးရန်ပြောနေသည်။ ဗိုလ်ရွှေမင်းက စောထူးကို မေး လိုက်သည်။

''အင်း ... ဒီက ဒီအချိန်ထွက်ရင် မနက် ဝေလီဝေလင်းတော့ ရောက်သွားမယ် ထင်တယ်။ ဒဏ်ရာ ရထားတဲ့ ရဲဘော်တွေလည်း ပါတယ်။ လလည်း မသာဘူး မိုးကလည်း တဖွဲဖွဲနဲ့ဆိုတော့ ရောက်ပါ့မလား ကိုစောထူး''

''ရောက်နိုင်ပါတယ်။ တောင်ကြောအတိုင်းသွား





ရင် လမ်းတိုတယ်''

''ကဲ ... ဒီလိုဆို သွားကြစို့''

''ကျွန်တော်တို့ အဲဒါနဲ့ ဆက်ထွက်ခဲ့ကြပါတယ်''

ဗိုလ်ရွှေမင်းက စကားကို အဆုံးသတ်လိုက်သည်။ ဗိုလ်ကြီးကျင်စံမှ ဆက်ပြီးရှင်းပြန်၏။

''ကျွန်တော်တို့ ည ၉ နာရီခွဲမှာ လမ်းပြစောထူးရဲ့ အကူအညီနဲ့ တောင်ကြောအတိုင်း မြောက်ဘက်ကို ထွက် ကြတယ်။ အခုအချိန်အထိ အခက်အခဲမရှိပါဘူး။ ကျွန်တော် တို့ အယောင်ဆောင်တာ အတော်ပီပြင် နေတုန်းပါပဲ။ မြပုံကြည့်လိုက်တော့ ကျွန်တော်တို့ တော်တော့ကို ယ်ကျွံနေပြီဆိုတာ သိလိုက်ပါတယ်။ တပ်မတော်စစ် ကြောင်းတွေရဲ့ လှုပ်ရှားမှု သတင်းမရတာက တစ်ကြောင်း၊ းတော့ ရန်သူ့ဆေးရုံဆိုတာကို တွေ့ရင် မနီးမဝေးမှာ နချုပ်ရှိမှာပဲဆိုတဲ့ အသိကြောင့် တစ်ကြောင်း၊ ဒီလောက် ောက်ပြီးရင် မိုးလင်းတာနဲ့ ရည်မှန်းချက်ကို တွေ့မှာပဲဆိုတဲ့ ကြည်ချက်ကြောင့်တစ်ကြောင်း ဒီခရီးကို ဆက်ဖြစ်အောင် က်လိုက်တာပါပဲ။ နောက်ထပ် နှစ်နာရီလောက် လျှောက် တော့ တောင်အောက်မှာ ရန်သူ့ပြည်သူ့စစ်စခန်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်။ ဘယ်တပ်မျိုးမဆို ဒီနယ်ရောက်ရင် ဒီစခန်းကို ဝင်သတင်းပို့ပြီးမှ ထွက်ရတယ်။ ဒါကြောင့် ဝင်ပြီး သတင်းပို့ရမယ်လို့ လမ်းပြက ပြောတယ်''

''ဒီမှာ ကိုစောထူး အဲဒီပြည်သူ့စစ်စခန်းနဲ့ ဆေးရုံက ဘယ်လောက်ဝေးသေးလဲ။ ပြည်သူ့စစ်ကကော ဘယ်နှယောက်ရှိလဲ''

ဗိုလ်ရွှေမင်းက တိုးတိုးလေးမေးလိုက်သည်။

''စခန်းနဲ့ဆိုရင် မိုးမလင်းခင်ရောက်သွားမယ်၊ သူတို့စခန်းမှာ အများဆုံး လူ ၁၀ ယောက်၊ တစ်ခါတလေ လေးငါးယောက်လောက်ပဲရှိတယ်''

''ကျွန်တော်တို့အရာရှိတွေ တိုးတိုးလေး တိုင်ပင်ကြတယ်။ စခန်းကို တိုက်လိုက်ရင်တော့ အငိုက်မိပြီပဲ''

''အဲဒီမှာ ဗိုလ်တင်မောင်မောင်မြတ်က ဆေးရုံသိမ်းပြီးပြန်ရင်ရော မရဘူးလားလို့ မေးတယ်''

''အဲဒါဆို ဆေးရုံစခန်းကိုဘဲ ရမယ်။ ရည်မှန်းချက်က ရန်သူ့တပ်မဟာဌာနချုပ်လေ။ ဆေးရုံကို တွေ့တဲ့နောက် ဌာနချုပ်ကို မလွဲမသွေ တွေ့မှာသေချာတယ်။ ရည်မှန်းချက်ပျက်လို့ မဖြစ်ဘူး။ အခု သန်းခေါင်ကျော်ပြီ။





၁၂ နာရီကျော်ပြီ။ နောက်ထပ် ၃ နာရီလောက်သွားလိုက်ရင် ရောက်ပြီပဲ။ ဝေလီဝေလင်း ဒါမှမဟုတ် လင်းတာနဲ့ ရန်သူ့စခန်းတွေ့မှာပဲ''

''အဲဒါကြောင့် ဆက်သွားကြတာပေါ့''

ဗိုလ်ကြီးကျင်စံက ပြောလိုက်၏။

ဗိုလ်ကြီးကျင်စံ၏ စကားကို လူတိုင်း သဘောတူခေါင်းညိတ်ကြသည်။

''လမ်းပြစောထူးကို မလွှတ်ဘဲ ဆက်ဖမ်းထားမှဖြစ်မယ်ထင်တယ်''

ဗိုလ်တင်မောင်မောင်မြတ်က ဆိုလာပြန်သည်။

ဗိုလ်ကြီးကျင်စံက အခြေအနေကို အမြန်သုံးသပ်ပြီး ...

''တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ အချိန်ရတော့ လူနာတွေထဲမှာ အရေးကြီးတဲ့ လူနာတွေပါနေတယ်။ ဆေးကုသခံယူဖို့ အရေးကြီးတယ်။ ဝင်ပြီး သတင်းမပို့တော့ဘူးလို့ ပြောရင်ကော အဆင်မပြေနိုင်ဘူးလား။ သူ့ကို ဖမ်းထားမယ်ဆိုရင် အနည်းဆုံး အစောင့်နှစ်ယောက်သုံးယောက်လောက်ထားရမယ်။ အခု ဗိုလ်ရွှေမင်းက



www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနဲ့ ထိန်းသွား၊ အနားမှာ နှစ်ယောက် လောက် မသိမသာ မျက်ခြည်မပြတ် ကြည့်ရင် ရမယ် ထင်တယ်။ ဆေးရုံတွေ့ပြီးရင် သူ လွတ်သွားလည်း အရေး မကြီးပါဘူး'' ဟု ဆိုလေသည်။

ဗိုလ်ကြီးကျင်စံ၏ အကြံပြုချက်ကြောင့် အားလုံး ငြိမ်သွားကြသည်။ စဉ်းစားပြီးနောက် အားလုံး သဘော တူသွားကြသည်။

''ကိုစောထူးရေ ... ကျုပ်တို့လူနာတွေ သိပ် အရေးကြီးနေတယ်။ ဆေးအရင်ကုမှဖြစ်မယ်။ အချိန်ကြာ နေလို့ မဖြစ်ဘူး။ ဒီစခန်းကို ရှောင်သွားကြရအောင် မရဘူးလား''

ဗိုလ်ရွှေမင်း၏ ခပ်ပျော့ပျော့လေသံကြောင့် စောထူးသည် ခေါင်းကို ညိတ်လိုက်သည်။

''အင်းလေ ... ဟုတ်တယ်။ လူနာတွေ အရေးကြီးတာပဲ၊ အခုအချိန်မှတော့ သူတို့လည်း မသိပါဘူး သူတို့ဆီ ဆင်းနေရင်လည်း အချိန်ကုန်ပါတယ်။ ကဲ ... ဒီလိုဆိုရင် သွားကြစို့လား။ ဒါမှ မိုးမလင်းခင် ရောက်မှာ''

စောထူးက အထက်ပါအတိုင်း ပြောလာသည်





ပြောရင်း တက်ကြွလာသည်။ မည်သို့ပင်ဖြစ်စေ ဆေးရုံ ကိုသာ တွေ့ဖို့ အရေးကြီးသည်။

ဗိုလ်ကြီးကျင်စံတို့ ခရီးကို ဆက်ကြပြန်သည်။ မိုးကလည်း တဖွဲဖွဲကျလာလိုက် စဲသွားလိုက်နှင့် လမ်းမှာ သွားရခက်ခဲလှသည်။ လမ်းက ချော်သည်။ ကောင်းကင်ပြင် တစ်ခုလုံး မှောင်မည်းနေသည်။

မိုးမလင်း တလင်း ကြက်တွန်ချိန်တွင် တောင် ကြောတစ်ခုအောက်တွင် တဲတန်းလျား အရှည်လေးလုံး ခန့်ကို တွေ့လိုက်ကြရသည်။

''အဲဒါ ဆေးရုံပဲ ဗိုလ်ကြီး''

စောထူး၏စကားကြောင့် ဗိုလ်ကြီးကျင်စံသည် ဆေးရုံဆိုသည့် တဲတန်းလျားများကို ကြည့်လိုက်သည်။

''ကဲ ... ဒို့ ဒီမှာ ခဏစောင့်ရအောင်။ အလင်း ရောင်နည်းနည်းရမှ ဆင်းမယ်။ နို့မဟုတ် လူမှားမှာ စိုးရတယ်။ ဗိုလ်တင်မောင်မောင်မြတ်နဲ့ ဗိုလ်ရွှေမင်း ဒီဘက် ကို လာ။ ဗိုလ်ဌေးအောင်နဲ့ စောထူး အဲဒီမှာစောင့်''

ဗိုလ်ကြီးကျင်စံနှင့် ဗိုလ်တင်မောင်မောင်မြတ်၊ ဗိုလ်ရွှေမင်းတို့ ခေါင်းချင်းဆိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဗိုလ်တင်မောင်မောင်မြတ်ရေ ... ခင်ဗျားနဲ့ တပ်ဖွဲ့က ဆေးရုံကို ဝိုင်းထား။ သူတို့ထွက်မယ့်လမ်းကို ကင်းပုန်းထိုးထား။ အရပ်သား လူနာတွေတော့ မပစ်နဲ့ဗျား။ သူတို့တစ်တွေ လက်နက်ကိုင်မထားဘူး ဆိုရင်တော့ မပစ်နဲ့ တစ်ခုတော့ရှိတယ်။ အခု ကျွန်တော် ရန်သူ့ဌာနချုပ်ကို ရှာမယ်။ ဒီအနားမနီးမဝေးမှာပဲ ရှိရမယ်။ မိုးကလည်း တဖွဲဖွဲဆိုတော့ ရှာလို့ကောင်းတာပေါ့။ ကျွန်တော့်ဆီက ပစ်သံခတ်သံကြားမှ ခင်ဗျားက လိုအပ်ရင်ပစ်ပေါ့ဗျား အတတ်နိုင်ဆုံး မပစ်နဲ့။ ရဲဘော်တွေကို သတိပေး။ အခု ငါးနာရီကျော်ကျော်လေးပဲ ရှိသေးတယ်။ ၆ နာရီထိုး လောက်မှ မိုးကောင်းကောင်းလင်းမယ်။ ကျွန်တော်ရယ် ဗိုလ်ရွှေမင်းရယ်၊ ကျန်တဲ့အဖွဲ့ရယ် ဌာနချုပ်ကို သွားရှာမယ်။ ကျွန်တော် ဟိုတောင်ကြောအမြင့်ပေါ်တက်မယ်။ တွေ့တယ် မဟုတ်လား။ အဲဒီတောင်ကြောကို''

ဗိုလ်ကြီးကျင်စံ လက်ညှိုးညွှန်ရာသို့ လှည့်ကြည့် လိုက်ကြသည်။ ပေ ၈၀၀ ခန့်မြင့်သော တောင်ကြော ရှည်တစ်ခုကို တွေ့လိုက်ကြရသည်။ ယခု ဆေးရုံနှင့် ကိုက် ၁၀၀၀ ခန့်အဝေးမှာရှိနေသည်ဟု ခန့်မှန်းရ၏။





''ကဲ ... ကျွန်တော် သွားမယ်''

မိုးတဖွဲဖွဲကြားမှာပင် ဗိုလ်ကြီးကျင်စံတို့တပ်ဖွဲ့က ရည်မှန်းချက် တောင်ကြောကြီးသို့ တရွေ့ရွေ့ချီတက် သွားကြ၏။

တပ်ဖွဲ့သည် ပေ ၈၀၀ ခန့်မြင့်သော တောင်ကြော ကြီးပေါ်သို့ လမ်းမရှိ ဘာမရှိ ချုံတောများ၊ သစ်ပင်ငယ် များကို တိုးဝှေ့တက်ရင်း တောင်ကြောပေါ်သို့ ရောက် သည်နှင့် ကြည့်လိုက်ရာ ဝါးကိုဒေါင်ရှည်တစ်လုံးကို ပထမဦး ဆုံး တွေ့လိုက်ရသည်။ ထိုကိုဒေါင်ကို ဝိုင်းလိုက်ကြ၏။ ဘယ်သူမျှမရှိ။ ကိုဒေါင်တွင်း ဝင်လိုက်ကြရာ ဆန်အိတ်တွေ အပြည့်၊ ငပိစဉ့်အိုးကြီးတွေအပြည့်၊ ဆားစဉ့်အိုးကြီးတွေ အပြည့်ရှိသော ရိက္ခာကိုဒေါင်ကြီး ဖြစ် သည်။ ကိုဒေါင်ကြီးမှာ ၂ လုံးဖြစ်သည်။ မိုးတွေက ပိုသည်းလာ၏။ ကိုဒေါင်အနီး တွင် လူသွားလမ်းကလေးတွေ့ ရ၏။ လမ်းတစ်ဖက် တစ်ချက်၌ လူနေတဲကလေး ၄ လုံးတွေ့ရသည်။ အားလုံး ဓနိပေါင်း ရှစ်လုံး။ အဝေးဆုံးတဲ၌ ဝါယာစက်တိုင်ထောင် ထားသည်။ **Command Post** ဖြစ်မည်ထင်သည်။ မနက် ၁၅း၀၀ နာရီခန့်ဖြစ်သော်လည်း မိုးကြောင့် အားလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်မျှမလှုပ် ငြိမ်နေကြ၏။ အားလုံး အိပ်နေကြသည်ထင်၏။

ဗိုလ်ကြီးကျင့်စံက အခြေအနေကို လျှင်မြန်စွာ သုံးသပ်လိုက်သည်။ အချိန်ဆွဲနေရင် ကြာသွားမည်။ မိုးက တဖြည်းဖြည်း လင်းခြင်လာသည်။ ကြာရင် အဆိုက်မရ ဖြစ်သွား၏။

"ကဲ ကိုရွှေမင်း ... ခင်ဗျားနဲ့ ရဲဘော် ၆ ယောက်က ဘယ်ဘက်ကို တာဝန်ယူ၊ ကျွန်တော်နဲ့ ၆ ယောက်က ညာဘက်ကို တာဝန်ယူမယ်။ ကျန်တဲ့အဖွဲ့က ဒီအပေါ်မှာ နေရာယူထား။ ၂ လက်မစိန်ပြောင်း ပစ်တဲ့ အဖွဲ့ အသင့်ပြင်ထား။ ရန်သူတစ်ယောက်မှ လွတ်မသွားစေနဲ့"

ဗိုလ်ကြီးကျင်စံ၏ အမိန့်အတိုင်း အားလုံး တပ်ဖြန့်ကာ တဲများသို့ ချဉ်းကပ်လိုက်ကြ၏။ တဲများအတွင်း၌ ရန်သူများကား ကင်းမချ ဘာမချနှင့် လုံးဝအိပ်မောကျ နေကြသည်။ အားလုံးတဲများကို ဝိုင်းပြီးချဉ်းကပ်လိုက်ကြ၏။

"ပစ်"

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"





"ပတောက် ... ပတောက် ... ပတောက်"

"ဒက် ... ဒက် ... ဒက် ... ဒက်"

"ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း"

အားလုံးက တစ်ချိန်တည်း တစ်ပြိုင်တည်း ဝိုင်းပစ်လိုက်ကြသည်။ ဗိုလ်ကြီးကျင်စံက ဆက်သွယ်ရေး စက်ထောင်ထားသည့်တဲကို မဲပြီး ဖိပစ်တော့၏။

"ဝေါ ... ဝေါ ... ဝေါ ... ဝေါ"

"ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း ဖောင်း"

သုံးလေးမိနစ်အတွင်းမှာပင် အားလုံးကိစ္စပြီးသွားတော့၏။

ရန်သူများ လုံးဝအငိုက်မိသွားခဲ့ပေပြီ။

ခွေးတစ်ကောင် ကြောင်တစ်မြီးမှ လွတ်မသွားပါ။

ရန်သူအားလုံး အတုံးအရုံးနှင့် ကျဆုံးသွားကြ၏။ ခုနစ်ဦး အသေရမိလိုက်သည်။ စစ်ဆေးတွေ့ရှိချက် အရ ဒုအရာခံဗိုလ်တစ်ဦး တပ်ကြပ်ကြီးတစ်ဦးနှင့် တပ်သားငါးဦး ဖြစ်၏။ လက်နက်ငယ် ၉ လက် သိမ်းဆည်းရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးစက်ကြီးတစ်လုံးနှင့် အရေးကြီး စာရွက်စာတမ်းများပါ သိမ်းဆည်းရမိသည်။

ရိက္ခာများမှာ လူ ၁၀၀ တစ်လခန့် စားနိုင်၏။

ဖမ်းဆီးရမိ စာရွက်စာတမ်းများအရ Seal တံဆိပ်တုံးများအရ KNU တပ်မဟာ (၂) တပ်မဟာမှူး ဖားရောစခန်း သေချာသွား၏။ ထို့အပြင် KNU ဥက္ကဋ္ဌ မန်းဘဇံ၏ ဓာတ်ပုံများပါ တွေ့ရှိရသည်။ ထို့ကြောင့် မဒညတ အသွင်ဆောင်သည့် သဘောဖြစ်၏။ တကယ်ဆို တော့ KNU တပ်မဟာ (၂) နှင့် (၃) သည် ယခင်က မဒညတအဖွဲ့ဝင်တပ်ဖြစ်၏။ မကြာသေးမီကမှ အရှေ့ရိုးမ KNU များနှင့် ပူးပေါင်းသွားခဲ့ကြခြင်း ဖြစ် လေသည်။

ဗိုလ်ကြီးကျင်စံက အောက်ပါအတိုင်း ဆက်ပြော၏။

''အဲဒီမနက် ပစ်ခတ်မှုဖြစ်ပြီး ချက်ချင်းပဲ တပ်ရင်းမှူး ကြီးဆီကို သတင်းပို့လိုက်ပါတယ်။ ပြီးတော့ တပ်ရင်းမှူးကြီးဆီက ရိက္ခာတွေကို ဖျက်ဆီးဖို့နဲ့ ခဲယမ်းမီးကျောက်တွေ စာရွက်စာတမ်းတွေ ယူလာဖို့ ညွှန်ကြားချက်ရပါတယ်။ အဲဒီလို ရိက္ခာတွေ ဖျက်ဆီးနေတုန်း





ဆေးရုံကို ဝိုင်းထားတဲ့ ဗိုလ်တင်မောင်မောင်မြတ်နဲ့ တပ်ဖွဲ့က ကျွန်တော့်ဆီကို ရောက်လာပါတယ်။ အဲဒီအကြောင်းကိုတော့ ဗိုလ်တင်မောင်မောင်မြတ်က ရှင်းပြပါလိမ့်မယ်''

ဗိုလ်တင်မောင်မောင်မြတ်က အောက်ပါအတိုင်း စတင်ရှင်းလင်းသည်။

''ဟုတ်ကဲ့ခင်ဗျာ ... ဗိုလ်ကြီးကျင်စံ ညွှန်ကြားချက်အတိုင်း ကျွန်တော့်ရဲဘော်တွေကို အဖွဲ့လိုက် ဝိုင်းပတ်နေရာယူလိုက်တယ်။ နေရာယူပြီးလောက်မှာပဲ ဗိုလ်ကြီးကျင်စံတို့ဆီက သေနတ်သံတွေ ကြားတော့တာပဲ။ အဲဒီမှာ တဲတန်းလျားတွေက ကိုယ်ဝန်ဆောင်မိန်းမတွေနဲ့ ယောကျ်ား ၃ ယောက်လား ထွက်ပြေးလာတာ တွေ့ရတယ်။ သေနတ်ကိုင်ထားတာ မတွေ့တော့ မပစ်ကြပါဘူး။ ထွက်ပြေးသွားတာကို ခွင့်ပြုလိုက်ပါတယ်။ ကျွန်တော်တို့ တဲတွေထဲဝင်ကြည့်တော့ ဆေးရုံဆိုတာသာ ပြောတယ် ဘာမှလဲ မရှိဘူး။ ဆေးစင်တော့တွေ့ပါရဲ့ ဆေးပုလင်းတွေက အဟောင်းတွေပါ။ ဆေးပုလင်းခွံနည်းနည်းပါးပါးပဲ တွေ့တယ်။ ပြောရရင်တော့ ဆေးရုံနဲ့ မတူပါဘူး။ ဆေးစတိုဟောင်းတစ်ခုနဲ့ပဲ တူပါတယ်။ နောက်ထပ် ဘာမှမထူးခြား



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဗိုလ်ကြီးကျင်စံတို့ရှိတဲ့ တောင်ကြောဆီကို သွားပေါင်းတာပဲ''

ဗိုလ်တင်မောင်မောင်မြတ် စကားဆုံး၍ ထိုင်လိုက်သည်နှင့် ဗိုလ်ကြီးကျင်စံက စကားကို ဆက်ပြန်သည်။

''ရန်သူ့စခန်းကို သုံးသပ်ကြည့်တော့ ယာယီ ဌာနချုပ်စခန်းဖြစ်လိမ့်မယ် ထင်တယ်။ တန်းလျား၊ ဂိုဒေါင်၊ တဲအိမ်တွေ ကြည့်ရတာ အခိုင်အမာမဟုတ်ဘဲ ခဏတစ်ဖြုတ်နေဖို့ ဆောက်ထားတာပါပဲ။ ရိက္ခာတွေ ဆိုတာကလည်း နှစ်လသုံးလစာလောက် စားဖို့ပဲထင်တယ်။ ပြောရရင်တော့ ဌာနချုပ်ရဲ့အင်္ဂါရပ်နဲ့ မကိုက်ညီပါဘူး။ ဆေးရုံဆိုတာကိုကြည့်ရင်လည်း ဆေးတွေ ဘာမှမရှိဘူး။ ဒါကြောင့် ဒီနေရာလေးကို သူတို့ ဒီမိုးတွင်းမှာလာပြီး တိတ်တိတ်လေးခိုနေဖို့ ဖြစ်မယ်။ ဒီလိုခိုနေရင်းနဲ့ ကျွန်တော်တို့စခန်းတွေကို လစ်ရစ်လစ်သလို ထွက်ထွက်ပြီး တိုက်ဖို့ ကြံစည်တာ ဖြစ်မယ်။ ခုပဲကြည့်ပါခင်ဗျာ။ ကျွန်တော် ဒီမှာ ရောက်နေတုန်း တပ်ရင်းမှူးကြီး လွှတ်ထားတဲ့ ဗိုလ်ကျင်စိုးနဲ့ ယောင်ပြတပ်ဖွဲ့ကို မဲရစ်ထရွာမှာ မနက်စောစော ဝင်တိုက်တယ် မဟုတ်လားခင်ဗျာ''





ဗိုလ်ကြီးကျင်စံ ရှင်းပြသည်ကို တပ်ရင်းမှူးကြီးနှစ်ယောက်နှင့် အရာရှိများ ငြိမ်နားထောင်နေကြရင်း စဉ်းစားနေကြဟန်တူပါ၏။ ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေကြသည်။

''အင်း ... ဗိုလ်ကြီးကျင်စံရဲ့ တင်ပြချက်တွေ အားလုံး ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့လည်း ကံကောင်းလို့ ကိုယ့်တပ်ဘေး လာခွေနေတဲ့ ရန်သူတပ်မဟာ ဌာနချုပ်ကို သိလိုက်ရတာ။ ဖထီးတို့အဖွဲ့ကို ကျေးဇူးတင်တယ်ဗျာ။ တော်ကြာ ဒီကောင်တွေ ကျွန်တော်တို့ကို လာလုပ်ချင်လုပ်မှာ။ အခုတော့ ဒီနားတစ်ဝိုက်မှာ လုံးဝ မနေရဲတော့ဘူး''

ရွှေကျင်တပ်ရင်းမှူး ဗိုလ်မှူးကြီးစံအေးက ဆို၏။

''ဟုတ်တာပေါ့ ... ဟုတ်တာပေါ့''

''ကဲ ... ကဲ ... တန်းဖြုတ်ကြရအောင်။ ရတာခကကြေးနန်းဝင်လာပြီ။ ကျိုက်ထိုတပ်ရင်းမှူးကြီးနဲ့ အဖွဲ့တွေအားလုံး ကနေ့ညနေရထားနဲ့ ကျိုက်ထိုကို ပြန်ဝင်ဖို့ ဖြစ်ပါတယ်။ အားလုံး နေ့လယ်စာစားကြမယ်။ ပြီးရင် ဒေါက်ကို ကူးကြပါမယ်။ စစ်ဆင်ရေးကြီးကတော့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာပြီးပြီပေါ့ခင်ဗျာ။ ဖထီးနဲ့တိုက်ပွဲဝင် ကွန်မန်ဒို တွေကို ကျေးဇူးတင်ပါတယ်ဗျာ''

ဗိုလ်မှူးကြီးစံအေးက ကျေးဇူးတင်စကားဆိုသည်။

ညနေတွင် တိုက်ပွဲဝင်တပ်များ ရွှေကျင် အနောက် ဘက်ကမ်း မဒေါက်ဘူတာရုံသို့ ကူးခဲ့ကြ၏။ ဗိုလ်မှူး ကြီးစံအေးက လိုက်ပို့သည်။

''ကဲ . . . ဖထီးရေ Good Luck ဗျာ နောက်ထပ် လဲ အောင်မြင်မှုတွေ ရပါစေ''

ဟုဆိုကာ ရထားအထွက်တွင် လက်ပြနှုတ်ဆက် ပြန်သွား၏။

ညောင်လေးပင်ဘူတာရောက်တော့ ရတခမှ ကျိုက်ထိုတပ်ရင်းမှူးကြီးဆီ ကြေးနန်းဝင်လာ၏။

''တပ်ရင်းမှူးကြီး ရတခက ကြေးနန်းဝင်လာပါ တယ်ခင်ဗျ''

ဗိုလ်လှဝင်းက သတင်းပို့၏။

''ဘာတဲ့လဲ . . . ကိုယ့်ကို နယ်ကျော်သွားရှင်းလို့ ဖြေရှင်းချက်တောင်းတဲ့ ကြေးနန်းလား''

''မဟုတ်ပါဘူးခင်ဗျ''





www.burmeseclassic.com

www.burmeseclassic.com



၁၉၇၂ ခုနှစ်က P.D.P ပြည်ပြေးများနှင့် ဟံ၀ံတိုက်ပွဲ တွင်
စာရေးသူနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့သည့် ဒုဗိုလ် သန်းမောင်ဝင်း D.S.A
ယခုကွယ်လွန်



"ဒါဆို ဘာတဲ့လဲ"

"ပထမတစ်ခုက ကျွန်တော်တို့တပ်ဖွဲ့တွေ အကုန်သုံး ဒီနေ့ညအရောက် ကိုက်ထိုလုံခြုံရေးအတွက် ကိုက်ထိုဖြန့်ဝင်နိုင်းတာပါခင်ဗျ"

"အေး ... ဝင်မှာပေါ့ကွ။ ဝင်ရအောင် ပြန်လာတာပဲ။ နောက်ကြေးနန်းကရော"

"တိုင်းမှူးက ချီးကျူးတဲ့ကြေးနန်းပါခင်ဗျ"

တိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေသည် စစ်ရေးအတွေးအခေါ် အလွန်ထက်မြက်၍ လုပ်ချင်ကိုင်ချင်စိတ်ရှိသူများကို အထူးအားပေးသူဖြစ်၏။ ရတခတွင် အရာရှိငယ်များ၌ ဗိုလ်ကြီးကျင်စံ၊ ဗိုလ်ကြီးအေးကျော်၊ ဗိုလ်တင်လှ စသည့်သူများကို မျက်ခြည်မပြတ် စောင့်ကြည့်သူဖြစ်၏။

တပ်ရင်းမှူးများတွင်ကား ဗိုလ်မှူးကြီးမျိုးခင်၊ ဗိုလ်မှူးကြီးဒါရှီဂမ်၊ ဗိုလ်မှူးကြီးအေးစံ စသူတို့ကို အမြဲတမ်းစောင့်ကြည့်နေသူဖြစ်၏။

ယခုလည်း ဗိုလ်မှူးကြီးမျိုးခင်၏ နယ်ကျော်ရှင်းသည့်ဖြစ်စဉ်ကို ဗျူဟာမှ စိစစ်ခဲ့သော်လည်း တိုင်းမှူးက ခွင့်လွှတ်ခဲ့၏။ ထို့နောက် ချီးကျူးသည့် ကြေးနန်း ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးသည်။

"ဇွန် ၂၀ ရက်က ဖာရောစခန်းသိမ်းတိုက်ပွဲတွင် ပါဝင်ခဲ့သည့် ဒုဗိုလ်မှူးကြီးမျိုးခင် ဦးစီး ကွန်မန်ဒိုတပ်ဖွဲ့ကြီးနှင့် အနီးကပ်ချေမှုန်းရေးကို တာဝန်ယူခဲ့သော ဗိုလ်ကြီးကျော်စံ ဦးစီးတိုက်ပွဲဝင် ကွန်မန်ဒိုတပ်ဖွဲ့တွင် ပါဝင်ခဲ့သော အရာရှိအရာခံ အကြပ်တပ်သားတို့အား တိုင်းမှူးမှ ချီးကျူး ဂုဏ်ပြုမှတ်တမ်းတင်ပါသည်"

"ကျန်တပ်ရင်းတပ်ဖွဲ့များက အလားတူ အောင်မြင်မှုများ ရအောင် ကြိုးစားဆောင်ရွက်သွားကြပါရန်"

ဗိုလ်ကြီးလှဝင်းက တိုင်းမှူး၏ ချီးကျူးဂုဏ်ပြုကြေးနန်းကို ဖတ်ပြလိုက်၏။ ထိုအခါ ဘေးမှဝိုင်းပြီး နားထောင်နေကြသူအားလုံးက ဝိုင်းအော်လိုက်ကြ၏။

"ဟေ့ ... ဒို့ကွန်မန်ဒိုကွ"

ဒီတစ်ခါ သူတို့အော်သံမှာ တံခါးပိတ်မထား ဖွင့်ထားသည့် မီးရထားတွဲထဲမှာ ဖြစ်သဖြင့် အနောက်တောင်ဘက်မှ တိုက်လာသည့် မိုးသက်လေနှင့်အတူ စစ်တောင်းမြစ်ပြင်သို့တိုင် ပျံ့နှံ့သွားသည်ဟု ထင်ရပါ





သတည်း။

သြော် ... ရဲဝံ့စွန့်စား တကယ့်ကွန်မန်ဒိုများပါလား။

နိဂုံးချုပ်ဖော်ပြချက်

ဒီဇာတ်က ဒီတွင်ရပ်၍ရပါပြီ။ ဒါပေမဲ့ စာရေးသူရဲ့အမြင်နဲ့ သုံးသပ်ချက်ကလေးကို ထည့်လိုက်ချင်ပါသေးသည်။

တကယ်တော့ ဤဖြစ်စဉ်မှာ အဓိကအားဖြင့် စစ်အောင်ရသောအကြောင်းကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် အငိုက်ဖမ်းသည့် စစ်နည်းဗျူဟာကို ကျင့်သုံးလိုက်ခြင်းပင်ဖြစ်၏။ တောင်ပိုင်းတိုင်းနှင့် အရှေ့တောင်တိုင်း စပ်ကြား နယ်မြေရှိ KNU တပ်မဟာ (၂) ဖာရောစခန်းအား လုံးဝမမျှော်လင့်မထားသည့် ကျိုက်ထို တပ်ရင်းမှ ကွန်မန်ဒိုတပ်ဖွဲ့က LRP လျှောက်ကာ ဝင်တိုက်ခြင်းဖြစ်သည်။ မိုင် လေးငါးဆယ် လျှောက်လိုက်ရ၏။ ဝင်တိုက်သည့် ကွန်မန်ဒိုတပ်ဖွဲ့ကလည်း ရန်သူအယောင်ဆောင်ကာ လှည့်စား အငိုက်ဖမ်းလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ဒေသခံရွာတွေက မြန်မာ့တပ်မတော်မှန်း မရိပ်မိကြ။ တပ်ဖွဲ့ဝင်အားလုံးသည် တစ်လမ်းလုံး ကရင်လိုသာ ပြောသွားကြသည်။ ဗိုလ်ကြီးကျင်စံက သူ့လူတွေ အကုန်လုံးကို မြန်မာစကား လုံးဝ မပြောရဟု ပိတ်ထား သည်။ ကွန်မန်ဒိုသင်တန်းပေးကတည်းက မပြောမဖြစ်သည့် စကားများကို နေ့စဉ် ကရင်လို ပြောစေ၏။ ရှံဖန်ရံခါ ပအို့လိုပြောခိုင်းသည်။ ကရင်စကားနှင့် ပအို့စကားကလည်း ခပ်ဆင်ဆင်။ ကရင်က ရေဆို ထီး၊ ပအို့က ရေဆို ထီ၊ ကရင်က ကျွဲဆို ဘနား၊ ပအို့က ကျွဲဆို ပနား၊ ကရင်က သွားသည်ကို လယ်၊ ပအို့က သွားသည်ကို လွယ် စသည် စသည်ဖြစ်ပါ၏။

ထို့ကြောင့် လမ်းတွင် မလွဲမသွေ တွေ့ရသည့်ရွာ များ၌ ကရင်လိုသာ ပြောရာ အားလုံးက ကရင် ပြောက် ကျားတပ်ဟု ထင်ထားကြသည်။ ဤသို့ဖြင့် နံနက် ဝေလီဝေလင်းတွင် မိုးထဲလေထဲ၌ ဖားရောစခန်းကို ဝိုင်းမိသည်။ ဖားရောစခန်း နောက်ချန်တပ်ဖွဲ့အားလုံးက မိုးထဲလေထဲ၌ စိတ်ချလက်ချအိပ်မောကျနေ၏။ ကင်းပင် ချထားသည် မတွေ့ရပါ။ ဤကိစ္စ၏ အကျိုးဆက်အဖြ

မြရတနာစာပေ



ရန်သူနောက်ချန်တပ်ဖွဲ့တစ်ဖွဲ့လုံး လက်စတုံး ချေမှုန်းခြင်း ခံသွားရ၏။ အားလုံးအငိုက်မိသွားသည်။ နောက်တစ်ချက် မှာ နယ်ကျော်ရှင်း၍ အောင်မြင်မှုရသည့်အခါ ရန်သူက ကျိုက်ထိုတပ်မှ လာလုပ်သွားခြင်းကို သိသွားသည်။ ထို့ကြောင့် အပြန်တွင် ဆီးကြိုပိတ်ဆို့ တိုက်ခိုက်ရန် မဲသန တစ်ဝိုက်က စောင့်နေကြသည်။ တပ်မဟာ (၂)က တပ်မဟာ (၁) ကိုပါ အကူအညီ တောင်းရာ တပ်မဟာ (၁)ကပါ လာရောက်ပူးပေါင်းပြီး ဝိုင်းစောင့်ပေးသည်။ ဤသည်ကို အထက်ဌာနများက သူတို့အချင်းချင်း ပြော သည်ကို ကြားဖြတ်စက်မှ ဖမ်းမိရာ ဗိုလ်မှူးကြီးမျိုးခင်တို့၏ ကျိုက်ထိုတပ်ကို အချိန်မီ လှမ်းအကြောင်းကြားလိုက်၏။ ဗိုလ်မှူးကြီးမျိုးခင်က ဗိုလ်ကြီးကျင်စံ တပ်ဖွဲ့အား လမ်း အတိုင်း မိုင်းလေးငါးဆယ် ပြန်မလျှောက်ခိုင်းတော့။ မပြန် ခိုင်းတော့။ သိပ်မဝေးသည့် ရွှေကျင်ကိုသာ အဝင်ခိုင်းလိုက် တော့သည်။ မိမိတပ် ရွှေကျင်ကို ဝင်သွားလိမ့်မည်ဟု ရန်သူတို့က လုံးဝ ထင်မထား။ ရန်သူ မမျှော်လင့်တာ လုပ်လိုက်ခြင်း ဖြစ်၏။ ဤသို့အားဖြင့် **Element of Sur-prise** အငိုက်ရကာ မိမိတိုက်ပွဲဝင်တပ်များ အကျအဆုံး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ တပ်ရင်းဌာနချုပ်သို့ ကောင်းမွန်စွာ ပြန်လည်ဝင်ရောက်နိုင်ခဲ့သည်။

ဒုတိယအချက်မှာ ရည်မှန်းချက်ကို မျက်ခြည်မပြတ်ခြင်း ဖြစ်၏။ ကျုံတူးရွာမြောက်ဘက်ရှိ ရန်သူ့စခန်းကို ဗိုလ်ကြီးကျင်စံက မရအရ ရှာသည်။ ရှာရင်းရှာရင်း ဆေးရုံစခန်းကို ဦးစွာတွေ့သည်။ အားလုံးက ဆေးရုံစခန်း တွေ့ပြီး ရှင်းပြီးရတာသိမ်း၍ပြန်ရန် ပြောကြသည်။ ဗိုလ်ကြီးကျင်စံက လက်မခံ။ "ဆေးရုံတွေ့ပြီ ဆိုလျှင် ဒီဆေးရုံနားမှာတော့ ဌာနချုပ်တစ်ခုရှိကို ရှိရမယ်။ ဒါကြောင့် မတွေ့တွေ့အောင် ရှာမယ်။ ရည်မှန်း ချက်တော့ အပျောက်မခံနိုင်ဘူး။ လာတာကိုက ဌာနချုပ်ကို တိုက်ဖို့လာတာ။ အဲဒါကြောင့် မတွေ့မချင်း ရှာမယ်။ မပြန်ဘူး။ အချိန်နှစ်ရက်သုံးရက် ရတယ်" ဟုဆိုကာ ဆက်ရှာခဲ့သည်။ အကျိုးဆက်ကား နံနက် ဝေလီဝေလင်းတွင် တပ်မဟာ (၂) ဖားရောစခန်းကို စီးလိုက်နိုင်ခြင်း ဖြစ်၏။ အငိုက်ရ၍ ရန်သူအားလုံးကို နေရာတွင်ပင် လက်စတုံး ချေမှုန်းလိုက်နိုင်၏။

ဗိုလ်ကြီးကျင်စံသည် အလွန် **Aggressive** ဖြစ်သူ

မြရတနာစာပေ



ဖြစ်သည်။ အရှေ့တောင်တိုင်း နယ်မြေဒေသတွင် ရန်သူ့စခန်းများကို ကွန်မန်ဒိုနည်းဖြင့် မရအရ ရှာဖွေကာ ချေမှုန်းနိုင်ခဲ့သူဖြစ်သည်။ ရတခမှ ပြောင်းသွားပြီး သံလွင်အရှေ့ခြမ်းရောက်တော့ သူ၏ တိုက်တိုင်းအောင် ကွန်မန်ဒိုစစ်နည်းဗျူဟာများကို ပြန်သုံးသည်။ သူ့ လုပ်နည်းလုပ်ဟန်အတိုင်း ရန်သူကို တွေ့လျှင် အပြတ်တိုက်သည်။ ၁၉၇၄ ခုနှစ် သနက (၁) တွင် ဗိုလ်မှူး ဘဝနှင့် တပ်ခွဲတစ်ခွဲကို ဦးဆောင်ကာ မိုင်းပျင်း မြောက်ဘက်က ငှက်ညှင်ကာဒေသသို့ ထိုးဖောက်ခဲ့သည်။ သူ့တာဝန်မှာ ရန်သူဗကပ တပ်မဟာတစ်ခု မြောက်ဘက်မှ ဆင်းချလာသည်ဆိုသည့် သတင်းကို ထောက်လှမ်း ဖော်ထုတ် အတည်ပြုရန်သာ ဖြစ်သည်။ ရန်သူရှိသည်ဆိုသော တောင်ကြောကြီးပေါ်သို့ သက္ကယ်တောကြီး တိုးပြီး တပ်ခွဲတစ်ခွဲနှင့် အရောက်သွားခဲ့သည်။ ရောက်သည်။ ရန်သူတွေကို တွေ့ပြီ။ အင်အားက အတော် များ၏။ သူ့တပ်ခွဲထက် ၁၀ ဆ ကျော်ရှိသည်။ လက်အောက်က သတင်းထောက်ပြီးလျှင် ရပြီဖြစ်၍ ပြန်ကြရန် တင်ပြသည်။ ထိုအခါ ဗိုလ်မှူးကျင်စံက ...

"ငါ့ဘဝမှာ ရန်သူတွေ့လို့ မတိုက်ဘဲ ပြန်ခဲ့တာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မရှိဘူး။ တစ်သက်လုံးလုပ်လာတာ။ ဒီတစ်ခါ နဲ့တော့ နာမည်အပျက်မခံဘူး။ တိုက်မယ်''

ဟုဆိုကာ ရန်သူ့တပ်မဟာဌာနချုပ်ကို တစ်ဟုန်ထိုး အတင်းဝင်တိုက်သည်။ ညတိုက်စစ်ဖြစ်၏။ ဌာနချုပ်သိမ်းမိပြီး ရန်သူတပ်မဟာမှူးပါ အသေရသည်။ မိမိတို့ အင်အားနည်းမှန်းသိသည့်အခါ ရန်သူက ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်လာသည်။ မိုးမလင်းခင် ခွာစစ်ဆင်ခဲ့ရ၏။ ခွာစစ်တွင် ဗိုလ်မှူးကျင်စံက သူကိုယ်တိုင် နောက်ဆုံးမှ ဟန့်စစ်ဆင်ကာ လိုက်ပါခဲ့သည်။ ဟန့်စစ်ဆင်နေစဉ်မှာပင် ရန်သူ့လက်နက်ကြီး ထိမှန်ကျဆုံးခဲ့ ရလေသည်။ ဗိုလ်မှူးကျင့်စံသည် ထိုသို့သော စိတ်ဓာတ်မျိုးရှိသူပါပေ။ ဤသည်ကို ရည်ရွယ်ချက် တိကျခိုင်မြဲ ခြင်းဟု ခေါ်ရပါမည်။

စစ်နည်းဗျူဟာ ကျင့်သုံးမှုအပိုင်းတွင် တပ်ရင်းမှူး ဗိုလ်မှူးကြီး မျိုးခင်က အတွေးအခေါ်ကောင်းကောင်းဖြင့် ဗိုလ်ကျင်စိုး၏တပ်ကို မဲရစ်ထတွင် သွား၍ တည်ထားပြီး ရန်သူ၏ ပင်မတပ်ဖွဲ့ကြီးကို ဆွဲဆောင်လိုက်သည်။ မျှော်လင့်ထားသည့်အတိုင်း ရန်သူက ဗိုလ်ကျင်စိုး၏ တပ်ကို လာတိုက်သည်။ မိမိတို့က စနစ်တကျ ကျင်းတူးနေရာယူ



ခံစစ်ပြင်ထား၍ သက်သာသွားသည်။ နတ်ကြီးတွင်ရှိသော စစ်ကြောင်း (၂) ကလည်း စစ်ကူပေးရန် အဆင်သင့်ဖြစ်နေသည်။ စစ်ကူမပေးလိုက်ရ။ မိမိတို့ တပ်မဟာဌာနချုပ်အတိုက်ခံရကြောင်း ရန်သူက သူတို့၏ ဆက်သွယ်ရေးစက်များမှ တစ်ဆင့် သိသွားသဖြင့် ခွာစစ်ဆင်သွားသည်။ ဗိုလ်ကြီးကျင်စံ၏ တပ်ကို ပြန်တိုက်ရန် စီစဉ်သည်။ အပြန်တွင် အပြတ်ချမည်ဟု ကြုံးဝါးသည်။ ဤသည်ကို သိသော ဗိုလ်မှူးကြီး မျိုးခင်က သူ့တပ်ကို သိပ်မဝေးသည့် ရွှေကျင်သို့ အဝင်ခိုင်းခဲ့သည်။ ပြီးတော့ သူကိုယ်တိုင် ရွှေကျင်သို့ သွားကြို၏။ ဤနည်းအားဖြင့် ရန်သူကို လှည့်စားအောင်ပွဲရယူခဲ့သည်။

ဤတိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလည်း ကောင်းသည်။ လွန်ခဲ့သည့် တစ်လကျော်ကပင် တိုက်ပွဲဝင် ကွန်မန်ဒိုစစ်သည်များကို ရွေး၍ ကွန်မန်ဒိုစစ်နည်းဗျူဟာများ ပို့ချပေးခဲ့သည်။ ဒေသခံကရင်စကား ပြောတတ်အောင် သင်ပေးသည်။ တပ်ဖွဲ့အတွက် လူရွေးချယ်ရာ၌ ကရင်ရဲဘော်များကိုသာ ဦးစားပေး ရွေးချယ်ခဲ့သည်။ အလင်းဝင် ဦးရွှေမင်းကိုလည်း ကောင်းစွာအသုံးချခဲ့သည်။


မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာကျွေးမွေးပြုစု စောင့်ရှောက်ထားခဲ့သည်။ ထို့ကြောင့် ဦးရွှေမင်းထံမှ များစွာအကူအညီရခဲ့သည်။ ထို့ပြင် ဤတိုက်ပွဲအတွက် ရိက္ခာ၊ လက်နက်၊ ခဲယမ်း ဆေးဝါး၊ ဆက်သွယ်ရေးစက်မှအစ လိုလေသေးမရှိ ပြည့်စုံအောင် စီမံပေးခဲ့သည်။ အစစအရာရာ ခေါင်းခံခဲ့သည်။ တပ်ပြန်ရောက်သည့်အချိန်တွင်လည်း စစ်သည်များကို MessNight လုပ်ကာ အောင်ပွဲခံစေခဲ့သည်။ ထိုက်သင့်သော ရာထူးများ တိုးတက်ပေးခဲ့သည်။ ဗိုလ်မှူးကြီးမျိုးခင်သည် ယုတ်စွအဆုံး ရန်သူ့စခန်း သိမ်းပြီးပြန်လည်ထွက်ခွာမည့် မိမိတပ်အား မထွက်ခွာမီ ကျဆုံးသွားသည့် ရန်သူများကို ကောင်းစွာမြှုပ်နှံ သင်္ဂြိုဟ်ခဲ့ရန် ညွှန်ကြားခဲ့ပါသေးသည်။ ဂျီနီဗာကွန်ဗင်းရှင်းပါအတိုင်း ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ မည်သို့ဆိုစေ ဤတိုက်ပွဲမှာ စေ့စပ်သေချာသော ပြင်ဆင်မှု၊ ကြိုတင်ဖာတ်တိုက်လေ့ကျင့်မှု၊ အပင်ပန်းခံကာ ခရီးရှည် ချီတက်နိုင်မှု၊ အငိုက်ဖမ်းနိုင်မှုစသည်တို့ ပေါင်းစပ်ပြီး အောင်မြင်မှုရခဲ့သည့် ကွန်မန်ဒိုတိုက်ပွဲကြီးပင် ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည် ခင်ဗျား။



■

## မိုင်းယောင်းတူနီးက ကွန်မန်ဒို

မိုင်းယောင်းနိဒါန်း

၁၉၈၂ ခုနှစ် နှစ်စတွင် မြန်မာနိုင်ငံ အရှေ့ဘက်အစွန်ဆုံးရှိ မိုင်းယောင်းမြို့ကလေးသို့ သနက (၁) ခေါ်



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းနှင့်အတူ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရန် ကျွန်တော် ရောက်ရှိခဲ့၏။

ကျွန်တော့်တပ်ရင်းမှူးမှာ ဗိုလ်မှူးကြီး ကိုလေးဖြစ်၏။ တပ်ရင်းမှူးနှင့် ကျွန်တော်သည် သနက (၁) သို့ ၁၉၈၁ ခုနှစ်တွင် ရှေ့ဆင့်နောက်ဆင့် အတူရောက်ကြရာ နှစ်ယောက်လုံး Officiating ယာယီတွေ၊ မည်သူမှ အဆင့်တိုးရာထူးတံဆိပ်တွေ မတပ်ရသေး။ လာမည့် အောက်တိုဘာ၊ နိုဝင်ဘာမှ Officiating ကာလ တစ်နှစ်ပြည့်ကြမည်ဖြစ်၏။

ကျွန်တော်တို့ ရောက်သွားချိန်တွင် မိုင်းယောင်းကား သောင်းကျန်းသူ အသူရာများ ပတ်လည်ဝိုင်းနေသည့် ဆူးကြားက ပူးဖြစ်နေ၏။ ဟိုနားက စီခနဲ ဒီနားက ညံ့ခနဲနှင့် သေနတ်သံများ ကြားနေရသည်။ မိုင်းယောင်းမိုင်းဖြတ်ကားလမ်းမကြီးပေါ်တွင်လည်း ကားမိုင်းများက ဂျိမ်းဂျိမ်းကွဲနေကြ၏။ အသူရာတွေက တံတားများကိုလည်း မိုင်းခွဲဖျက်ဆီးကြ၏။ မီးရှို့ရလျှင် မီးရှို့ပစ်ကြ၏။ မိုင်းယောင်းမှ အရှေ့ဘက် မိုင်းယုကော်ဟိုလွယ်ဘက်တွင်လည်း ကျွန်တော်တို့ စစ်ကြောင်းများကို သာလွန်





အင်အားနှင့် ဝိုင်းတိုက်ကြ၏။ မနှစ်က ပြည်ရွှေတောင်တပ်မှ တပ်ခွဲတစ်ခွဲအား ဝမ်ဟိုရမ်းတွင် မနက်အရုဏ်ဦး Dawn Attack ဖြင့် ဝင်တိုက်သွားရာ တပ်ခွဲမှူးနှင့် ၆ ဦးသာ လွတ်၍ ကျန်အားလုံး လက်စတုန်း ချေမှုန်းခံခဲ့ရသည်။

ဒါသာမက ၁၉၈၁ ခုနှစ်ကုန်တွင် မန္တလေးမျက်ပါးရပ်တပ်မှ တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းအား မိုင်းယုအနီးတွင် လူအင်အား ၈၀၀ ခန့်ဖြင့် ဝိုင်းပတ်ချေမှုန်းကြသည်။ စစ်ကြောင်းမှူးက ထိုတိုက်ပွဲ၌ ၂ ရက်တိုင်တိုင်ကြံ့ကြံ့ခံ၍ ကွပ်ကဲသွားသည်။ မိမိစစ်ကူစစ်ကြောင်းများအချိန်မီရောက်သွား၍ ထိုစစ်ကြောင်း ရန်သူ၏ အပြီးအပိုင်အချေမှုန်းခံရမည့်ဘေးမှ လွတ်မြောက်သွား၏။ စစ်ကြောင်းမှူး ဗိုလ်မှူးအုံးမောင်ကား ကျဆုံးသွားခဲ့၏။

အသူရာတို့သည် ၁၉၈၀ ပြည့်နှစ် မိုင်းယောင်းမြို့ကို ဝင်တိုက်ပြီးကတည်းက မိုင်းယောင်းမြို့ပတ်ဝန်းကျင်တွင် ထန်းလျက်ခဲ အနံ့ရသည့် ပုရွက်ဆိတ်များသဖွယ် တရှုရှုနှင့် လာလုပ်နေကြ၏။ မိုင်းယောင်းကို သူတို့ အောင်မြေပဟု ထင်နေပုံရ၏။ မိုင်းယောင်းက ဝေးဝေးခွာ



www.burmeseclassic.com

www.burmeseclassic.com



မသွားကြ။ ကပ်နေကြ၏။

ကျွန်တော်တို့ တပ်ရင်း သနက (၁) သည်ကား တပ်မ (၈၈) တွင် အကောင်းဆုံးတစ်သုံးလုံးတွင် ပါသည်ဟု ဆိုကြ၏။ အချို့ကလည်း တစ်လေးလုံးဟု ပြောကြပြန်သည်။

* သနက (၁)
* ကယား (၁)
* ချင်း (၁)
* ခလရ (၁) တို့ကို တစ်လေးလုံးဟု ဆိုကြသည်။

ထန်းပင်တက်လက်မှတ်ရထား၍ မိုင်းယောင်းရောက်ကတည်းက လုံးဝမနားရ။ မိုင်းယောင်းပြန့်အစပ်ရှိ ရန်သူများကို လိုက်လံနှိမ်နင်းရသည်။ ယခုအခေါက်၌ ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းတပ်သို့ မရောက်လာသေး။ အမည်စာရင်းကတော့ ထွက်နေပါပြီ။ ထို့ကြောင့် စစ်ကြောင်း (၂) မျိုး တာဝန်ကို ကျွန်တော် ယူထားရသည်။ ကျွန်တော် ကိုင်နေကျ ခွဲ(၁)ကို ဒုတပ်ခွဲမှူး ဗိုလ်ကြီး သူရခင်မောင်လတ်အား ခေတ္တလွှဲထားရ၏။ ခွဲ (၂) မှူးက ဗိုလ်ကြီးသောင်းတင် (ယာယီတပ်ခွဲမှူး ဗိုလ်မှူး)။ ခွဲ (၃)





မှူးက ဗိုလ်ကြီးဌေးလွင်။ ခွဲ (၄) မှူးက ဗိုလ်ကြီးသန်းဝင်း။ ခွဲ (၅) မှူးက ဗိုလ်ကြီးဇော်ဌေးတို့ ဖြစ်ကြ၏။

ကျွန်တော်သည် မိုင်းယောင်းရောက်ကတည်းက တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းဖြင့် မိုင်းယောင်းတစ်ခွင် ပြုပြစ်အောင် သွားရ၏။ အရှေ့ဘက်အစွန်ဆုံးက တရုတ်နှင့် လောနယ်စပ် ကော်ဟိုလွယ် ထင်းရှူးတောင်ကို သွားခဲ့ရ၏။ နယ်စပ်နှင့် ဆက်နေသည့် ဆာဂျိုကြာဝမ်နားအထိ ရောက်သွားရာ ဗျူဟာက ပြန်ခေါ်ယူ ရ၏။

မဲခေါင်မြစ်ကမ်းနဖူးက ဝမ်မိုင်ကျိုင်းကုန်းကိုလည်း ရောက်ခဲ့၏။ ပါဟုတ်မှ မြောက်ဘက်ကျောကန့်လန့်နှင့် တရုတ်ဖြူတောင်ကြီးသို့လည်း ရောက်ခဲ့ရ၏။ မိုင်းယောင်းနှင့် မိုင်းဖျတ်ကြားက မိုင်းတင်း လမ်းမဆတ် ဂွင်ကိုလည်း ဝင်ခဲ့ဖူး၏။ ထပ်လုံဘုရားကုန်းသို့လည်း တက်ခဲ့ရ၏။

ဤသို့ဖြင့် မိုင်းယောင်းတွင် ၁၉၈၂ ခုနှစ်စမှသည် မိုးကုန်ခါနီးအထိ စစ်ဆင်ရေးကာလ ၆ လခန့် ကြာမြင့်ခဲ့ပြီးပြီ။ ရန်သူ အသူရာတို့နှင့် ပွဲပေါင်း အတော်များများ နွှဲပြီးပြီ။ သို့ရာတွင် ထူးဆန်းသည်က ရန်သူ့ထံမှ လက်နက်ဘ တစ်လက်မှ မရသေး။ အလောင်းတော့ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီသီတင်းကျွတ်တွင် ကျွန်တော်ရော တပ်ရင်းမှူးကြီးပါ ယာယီ **Promotion** ကာလ တစ်နှစ်ပြည့်ပေတော့မည်။ သေနတ်ကလေးသုံးလေးလက်တော့ ရမှ အဆင်ပြေမည် ထင်၏။ သေနတ်ရအောင် ကြိုးစားမည်။ ကဲ ... လုပ်စမ်း သေနတ်ရအောင် ဘယ်လိုလုပ်ရမလဲ ငါဟဲ့ယောက်ျား။

ကျွန်တော့်ဆန္ဒ ပြည့်သွားပါသည်။ ကျွန်တော်နှင့် တပ်ရင်းမှူးကြီး၏ **Promotion** တစ်ဆင့်မြင့် ရာထူး အထက်သို့ တင်ပြနေဆဲတွင် ကျွန်တော့်တပ်ခွဲ (၁) မှ ကွန်မန်ဒိုစစ်နည်းဗျူဟာဖြင့် ရန်သူအသူရာ ၃ လောင်း နှင့် ၃ လက် ရရှိလိုက်သောကြောင့်ပါခင်ဗျား။

## ဒုတပ်ရင်းမှူးရောက်လာပြီ

ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်း ပထမဆုံး ယာဉ်တန်း အကြုဖြင့် ၁၉၈၂ ခုနှစ် နိုဝင်ဘာလထဲတွင် ရှေ့တန်း ရောက်လာသည်။ သူ ရောက်လာတော့ ကျွန်တော်က မိုင်းယောင်းနှင့် မိုင်းဖျတ်ကြားတွင် သူကိုယ်စား စစ်ကြောင်း (၂) မျိုး တာဝန်ဖြင့် လမ်းလုံခြုံရေး ယူနေရ၏။





"ကိုယ့်ညီ ... ကိုယ် စံသိန်းပါ"

"ဟုတ်ကဲ့ပါခင်ဗျ။ ကျွန်တော် သက်ဦးပါ"

ဗိုလ်မှူးစံသိန်းက လူချင်းတွေ့လျှင်ပင် ရည်မွန်ဖော်ရွေစွာ စတင်မိတ်ဆက်သည်။

"ကိုယ့်ညီရဲ့အမျိုးသမီးက မေဂျာအပွင့်ကလေးတွေ ပေးလိုက်တယ်"

မေပေးလိုက်သည်ဆိုသော ရွှေဝါရောင်မေဂျာ အပွင့်ကလေး တစ်စုံ လက်ခံရ၏။

"မေဂျာဖြစ်တာကြာပြီလား"

ကျွန်တော့်ပခုံးပေါ်က အနက်ရောင် မေဂျာအပွင့်ကို ကြည့်ပြီး မေးလိုက်၏။ သူ့စကားကြောင့် ကျွန်တော့်မှာ ပြုံးရသည်။

"ဖြစ်တာက မနေ့က။ ဒီအပွင့်ကလေးတွေကတော့ ရှေ့မှာ ပါသွားတဲ့ ချင်း (၃) ဒုတပ်ရင်းမှူး ဗိုလ်မှူး ဝင်းလှိုင်ရဲ့ သူ့ပခုံးဟာ ဖြုတ်ပြီး စောစောကမှ တပ်ပေးသွားတာပါ"

"ဪ ... ကိုဝင်းလှိုင်ရဲ့လက်ရာကိုး။ ကောင်းတယ်။ အမှတ်တရပေါ့ ကိုယ့်ညီရာ။ ကိုယ်လည်း တပ်ရင်းမှူးကြီးနဲ့တွေ့ပြီး ဩဝါဒနာခံပြီး ကိုယ့်ညီကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တာဝန်လာလဲပါ့မယ်''

ဗိုလ်မှူးစံသိန်းကား လူရိပ်လူကဲ ပါးနပ်သူဖြစ်ပြီး ဝီယဝါစာချိုသာသောစကားလည်း ပြောတတ်ပေသည်။

''ဟုတ်ကဲ့ပါ ဒုတပ်ရင်းမှူး''

ပထမအကြိမ် ယာဉ်တန်းကာလပြီးဆုံးတော့ ကျွန်တော်နှင့် ဗိုလ်မှူးစံသိန်းတို့ တာဝန်လဲလိုက်ရ၏။ ကျွန်တော့်တပ်ခွဲ (၁) သို့ ကျွန်တော် ပြန်ရသည်။

''ဟော့ . . . ဒို့ဗိုလ်မှူး ပြန်လာပြီဟေ့''

တပ်ခွဲက စစ်သည်များက ဝိုင်းအော်ကြ၏။

ကျွန်တော်သည် သနက (၁) တွင် စစ်သည်များနှင့် လုံးလားထွေးလားနေသူဖြစ်၏။ အထူးသဖြင့် ကျွန်တော့် တပ်ခွဲနှင့်ဖြစ်၏။ ကျွန်တော်တို့တပ်တွင် ထိုစဉ်က တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူးနှင့် စီနီယာတပ်ခွဲမှူးများက အဖျော်ယမကာ မကြိုက်ကြ။ လူကြီးထဲတွင် ကျွန်တော် တစ်ယောက်တည်းသာ အမှန်တကယ် ယမကာ သောက်သုံးသူဖြစ်သည်။ ထို့ကြောင့် ညနေဆို ကျွန်တော့်ခွဲရုံးတွင် ယမကာကြိုက်သူအရာရှိငယ်များ စုရုံးကာ လူစည်နေတတ်၏။





လမုန်းပွဲတွင်လည်း ကျွန်တော် မပါရင် လူမစည်။ တစ်အိမ်လိုနေတတ်၏။ လမုန်းအကကို မိုင်းယောင်းတွင် သီးခြား သပ်သပ် သင်ခဲ့သည်။ လမုန်းပွဲတိုင်း ဝင်နွှဲသည်။ လမုန်းသရဲ ကျွန်တော့်အား လမုန်းဝါသနာရှင် မိုင်းယောင်း ဗျူဟာမှူး ဗိုလ်မှူးကြီး ရွှေကြူးကပင် ''ဟ . . . ဦးကိုလေး ရဲ့ ဗိုလ်မှူးပေါက်စလေးက လမုန်း ဘယ်ဆိုးလို့လဲ'' ဟု အသိအမှတ်ပြုရ၏။ မိုင်းယောင်းတွင် ကျွန်တော်သည် လမုန်းဘီလူး ဗိုလ်သက်ဦးဖြစ်နေပါပြီ။

ထိုးဖောက်ခရီးများတွင်လည်း ကျွန်တော့်တပ်ခွဲ (၁) က အမြဲလိုလို ထိပ်က ပါရ၏။ မကျေနပ်လျှင် တစ်က ပြန်စနေကြ။ ဒါသာမကပါ။ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး ကြက်တောင် အားကစားများတွင်လည်း ကျွန်တော့်တပ်ခွဲ က ရှေ့တန်းရော နောက်တန်းမှာပါ ဗိုင်နယ်ရောက်နေ ကြ။ ဘောလုံးပွဲများတွင်လည်း ကျွန်တော်သည် တပ်ခွဲက ရဲဘော်များနှင့်အတူ ဘောလုံးဆင်းကန်သည်။ နောက်တန်း နေပြီး ဂိုးမဝင်အောင် အနာခံ၍ ဖျက်ထုတ်သည်။ လူမိုက် ကျွန်တော့်အား ရဲဘော်များက သဘောကျကြ၏။

ယခုလည်း ကျွန်တော် ပြန်ရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ဒုတပ်ခွဲမှူး ဗိုလ်ကြီးသူရခင်မောင်လတ် အပါအဝင် အရာရှိ အရာခံ အကြပ်တပ်သားများ ဝိုင်းလာကြသည်။

ဗိုလ်ကြီးသူရ ခင်မောင်လတ်၊ ဗိုလ်စောထွန်း၊ တပ်ကြပ်ကြီးလှစိန်၊ တပ်ကြပ်ရွှေအေး၊ တပ်ခွဲတပ်ကြပ်ကြီး သိန်းအောင်၊ တပ်ကြပ်အောင်မြတ်၊ တပ်ကြပ်ကြီး မြတ်ကျော်၊ တပ်ကြပ်သူရ ဖုန်းနိုင်၊ တပ်ကြပ်သူရလှဝင်း တပ်သားစန်းတင့်မောင် အားလုံး တပ်ခွဲက ကျွန်တော့်နား ကပ်နေကြ လူစုံတက်စုံပါပေ။

ထိုနေ့ညနေက ခွဲထောက် ဆရာကြီးသိန်းအောင် အထူးစီမံတည်ခင်းသော ညစာကို အတူစားသုံးကြ၏။ ကျွန်တော်နှင့် ကင်းကွာနေသည့် လေးငါးခြောက်လ အကြောင်းကို တစ်ယောက်တစ်ပေါက် ငြင်းခုံပြောဆို ကြ၏။ ကျွန်တော်က သူတို့တစ်တွေ ငြင်းခုန်ပြောဆိုနေကြသည်ကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။

ပြီးမှ –

"ကဲ ... ကျန်တာတွေ ခဏထား။ ဒို့တပ်ခွဲက ကိုယ် မရှိတုန်း သေနတ်သုံးလက်ရလာတဲ့အကြောင်း ကြားချင်တယ်။ အဲဒါ တာဝန်အရှိဆုံး ဗိုလ်ကြီးသူရခင်





မောင်လတ်က ပြောပြပါ။ လိုရင် လိုတာလေးတွေ ကျန်တဲ့ သူက ဖြည့်ပေးပေါ့။ ဟုတ်ရဲ့လား"

"ကျွန်တော်လည်း ပြောပြမလို့ပါ။ တပည့်တွေက သူတို့ ပြောချင်တာတွေ ပြောနေလို့ ခဏ လွှတ်ပေး ထားတာ"

"ကဲ ... ဒါဆို ပြောတော့ ကိုခင်မောင်လတ်ရေ"

အောက်ဖော်ပြပါ အကြောင်းအရာများမှာ သနက (၁) မှ မိုင်းယောင်းစစ်ဆင်ရေးကာလတွင် ရှားရှား ပါးပါး အသုံးရာများထံမှ ကွန်မန်ဒိုနည်းဖြင့် ရန်သူ ၃ လောင်းနှင့် သက်နက်ငယ် ၃ လက် ရရှိခဲ့သည့် ဖြစ်စဉ် ဖြစ်ပါ၏။

ဗိုလ်ကြီးသူရခင်မောင်လတ်၏ ပြောကြားချက်များကို အဆင်ပြေအောင် စီကုံးနှုန်းဖွဲ့ကာ ဖော်ပြလိုက် ရပါသည်ခင်ဗျား။

## ချူဟာမှူး၏နှုတ်မိန့်

သနက (၁) မိုင်းယောင်း ရောက်ခဲ့သည်မှာ လေးငါးလရှိပါပြီ။ မိုင်းယောင်းအနှံ့ ထိုးဖောက်တိုက်ပွဲတွေ အတော်လုပ်ခဲ့ပြီးပြီ။ ရန်သူကို မိုင်းယောင်း ပြန့်နား



www.burmeseclassic.com

www.burmeseclassic.com



မကပ်နိုင်အောင် လုပ်နိုင်တာကလွဲပြီး ရန်သူ့ထံမှ ဘာ လက်နက်မှ မရခဲ့ပါ။ မိုင်းယောင်းမှာ ရန်သူ့ထံက အလောင်း၊ လက်နက် ရရေးကား ယုံကြိုလိပ်မွေး ရှာရသည် ထက် ခက်နေ၏။ ရန်သူတွေကလည်း တောကြက် တောငှက်တွေမို့ လစ်ခနဲ လစ်ခနဲနဲ့ ပျောက်သွားတတ်ပါ သည်။

စက်တင်ဘာကုန်ပြီး အောက်တိုဘာ ရောက်ပြီး မကြာမီ သီတင်းဝါလကျွတ်တော့မည်။ ရာသီဥတုကလည်း ပွင့်လင်းစပြုပြီ။ မိုင်းယောင်းဗျူဟာမှူးလည်း အလွဲ အပြောင်းဖြစ်ပြီ။ ဗိုလ်မှူးကြီးအောင်ဖုန်းမှ ဗိုလ်မှူးကြီး ရွှေကြူးကို လွှဲသွားသည်။

ဗိုလ်မှူးကြီးရွှေကြူးကား ဒေသခံ ရှမ်းတိုင်းရင်း သားများ အထက်ကို ကျွမ်းသည်။ အထူးသဖြင့် မိုင်းယောင်း ရှမ်းတွေ အထက်ကို ပိုကျွမ်း၏။ မိုင်းယောင်းသူ မိုင်းယောင်း သားများကလည်း သူ့ကို ချစ်ကြသည်။ မိုင်းယောင်း ရှ မဲ့ထောက်ကြီးများက ...

"ရွှေကြူးကမှ ငါတို့ဗျူဟာမှူးဟဲ့"

ဆိုကြသည်။ ထိုသို့ဆိုအောင်လည်း ဗိုလ်မှူးကြီး





ရွှေကြူးက မဲ့ထောက်ကြီးများနှင့် လမုန်းပွဲအကြိမ်ကြိမ် နွှဲသည်။ မချောဆယ်ယောက် ကိုယ်တစ်ယောက်မို့ မဲ့ထောက်ကြီးများ သူ့ကို လုတွဲပြီးကရ၏။ တခြားသူတွေက လမုန်းမင်းသမီး ငယ်ငယ်ချောချောလေးများ ရှာတွဲနေချိန် မှာ ဗိုလ်မှူးကြီးရွှေကြူးမင်းသမီးများက အငယ်ဆုံး သည်ပင်လျှင် အသက် ၆၀ ကျော်ပေပြီ။ ဤသို့ လမုန်းပွဲ များ မဲ့ထောက်ကြီးများနှင့် ဆင်နွှဲပြီး မကြာမတင်မှာပင် ဗိုလ်မှူးကြီးရွှေကြူးက ကွန်မန်ဒိုတိုက်ပွဲများ ထိုးဖောက် တိုက်ပွဲများ လုပ်တော့၏။

ယခုလည်း ရောက်တာမှ မကြာသေး၊ မိုင်းယောင်း မြို့အစပ် ကျေးရွာများမှ မဲ့ထောက်ကြီးများနှင့် ဝမ်ဟို ရှမ်းတွင် လမုန်းပွဲသွားလုပ်သည်။ ထုံးစံအတိုင်း မဲ့ထောက် ကြီးများနှင့်ပါပဲ။

နောက်တစ်နေ့တွင်တော့ မိုင်းယောင်း အရန် သနက (၁) တပ်ရင်းမှူးကို ဗျူဟာရုံးသို့ ခေါ်တွေ့၏။

"ကဲ ... ဦးကိုလေး ရန်သူသတင်း နည်းနည်း ရတယ်။ အဖွဲ့ကြီးတွေကတော့ သူတို့ဌာနချုပ်တွေမှာ ရှိနေတယ်။ အဖွဲ့ငယ်လေးတွေ ခွဲပြီး လှုပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ဝမ်ဘိုးနဲ့ ဝမ်မန်းမှာ စိုင်းဒါနဲ့အဖွဲ့ လေးငါးယောက် အဝင်အထွက်ရှိနေတယ်။ စိုင်းဒါက မိုင်းယောင်းက တောခိုသွားတာ။ လေးငါးခြောက်နှစ် ရှိပြီ။ သူ့မိန်းမက ဝမ်မန်းသူ၊ အဲဒါ ဝမ်မန်းကို ခဏ ခဏ လာနေသတဲ့။ သူ့ရာထူးက တပ်စုမှူးအဆင့်၊ အသက်က သုံးဆယ်ကျော်ကျော်၊ လေးငါးခြောက်တန်း တတ်တယ်။ ရှမ်းသိုင်းတွေလည်း တတ်တယ်။ ယိုးဒယား လည်း ရောက်ဖူးတယ်။ ယိုးဒယားစကားလည်း တတ်တယ်။ ဒီနားတစ်ပိုက်က တပ်သတင်းတွေ စုပြီး သူတို့ ဌာနချုပ်ကို ပို့ပေးနေတာ သူပဲ။ ဟောဒီမှာ သူ့ဓာတ်ပုံ။ အဲဒီတော့ သနက (၁) တပ်ရင်းမှူးက စိုင်းဒါနဲ့ သူ့လူသုံးလေးယောက် ကို ရှင်းပေးပါ''

ဗျူဟာမှူးက စကားကို အရှည်ကြီးပြောပြီး စိုင်းဒါဆိုသူ၏ ဓာတ်ပုံကို တပ်ရင်းမှူး အားပေးလိုက်၏။ ငှက်ပျောရွက်အစိမ်းရင့်ရောင် အသူရာယူနီဖောင်းနှင့် စိုင်းဒါကား ရောင်စုံဓာတ်ပုံထဲတွင် ထီမထင်ဟန် ခပ်ပြုံး ပြုံးဖြင့်။


''မနှစ်က ဝမ်ဟိုရှမ်းမှာ ကိုကျော်ဝေရဲ့ လေးကျွန်း





www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ သနက(၁)တွင် တာဝန်ထမ်းဆောင်စဉ်က
စာရေးသူ၏တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေး
(ယခု အငြိမ်းစား)



အမှတ်(၁)၊ ဗမာ့သေနတ်ကိုင်တပ်ရင်း အမှတ်(၁) တပ်ခွဲမှ အရာရှိများ။ (၁၉၈၂ ခုနှစ်)
(ဝဲမှ ယာ) ဗိုလ်တင်စိုး၊ စာရေးသူ၊ ဗိုလ်ကြီးသူရခင်မောင်လတ်၊ ဗိုလ်ခင်မောင်လင်း

www.burmeseclassic.com

www.burmeseclassic.com




အမှတ်(၆၁) ခြေလျင်တပ်ရင်းမှ အရာရှိများ။ (၁၉၇၅ ခုနှစ်)
(ဝဲမှ ယာ) ဗိုလ်ကျော်ဇော၊ ဗိုလ်မြင့်သိန်း၊ စာရေးသူ၊ ဗိုလ်စန်းအောင်၊ ဗိုလ်ချစ်လှိုင်။




မိုင်းယောင်း၊ ဟောင်ကွေ့၊ မုန်းလိုက်၊ ဝမ်မန်း ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





ဆီမီးတပ် ခံသွားရတာ သူ လက်ထောက်ချပေး လိုက်တာလို့လည်း သိထားတယ်''

''အဲဒီတော့ စိုင်းဒါကို အပြတ်ရှင်းမှ အသူရာအမာခံတွေ မိုင်းယောင်းတစ်ဝိုက် ရှင်းသွားမယ်။ တပ်ရင်းမှူး သင့်လျော်တဲ့နည်းနဲ့ ရှင်းပေးပါ။ အချိန်တစ်ပတ်ပေးမယ်။ စိုင်းဒါကို ရတာလိုချင်တယ်''

''ခင်ဗျားနဲ့ ဗိုလ်ကြီးသက်ဦး **Promotion** ကိုလည်း ကျုပ် ထောက်ခံပြီး အပေါ်တင်ထားပြီးပြီ။ ဒီပွဲမှာ **Result** ကောင်းကောင်းရရင် အားလုံးအဆင်ပြေသွားမယ်''

''ကဲ ... ဘာပြောစရာရှိလဲ တပ်ရင်းမှူး''

''မရှိပါဘူးခင်ဗျ။ ကျွန်တော် ကြိုးစားပါ့မယ်''

''မရှိရင်လုပ်ဗျာ''

## ကွန်မန်ဒိုတို့၏စွန့်စားခန်း

တပ်ရင်းမှူးက ဗျူဟာရုံးမှ ပြန်ရောက်သည်နှင့် စစ်ကြောင်း (၁) မှ အရာရှိ အရာခံ အကြပ်များ အားလုံး ခေါ်သည်။ ဗျူဟာမှူးမှာကြားချက်ကို ရှင်းပြသည်။ ပြီးတော့ ယခုကိစ္စက **Volunteer Service** လုပ်လိုသူများရှိက



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပြုကြရန် ပြောသည်။

အားလုံးက သူလုပ်ပါ့မယ်၊ ငါလုပ်ပါ့မယ်နှင့် အပြိုင်အဆိုင် ဆန္ဒပြုကြ၏။

"တစ်ခွဲမှာ တစ်ဖွဲ့ပဲ လိုပါတယ်။ ရန်သူကလည်း သုံးလေးယောက်ပဲ။ အဲဒါကို ကွန်မန်ဒိုနည်းနဲ့ သွားချေမှုန်း ရမှာ။ တစ်ဖွဲ့ပဲရွေးမယ်။ အဲဒီတော့ မင်းတို့စိတ်ကြိုက် တပ်ခွဲအလိုက် လူရွေး။ လိုလိုမယ်မယ် **Guide** လုပ်မယ့် ဒို့အမာခံ သကဆဖ ၂ ယောက် ထည့်ပေးမယ်။ သူတို့ စိုင်းဒါကို ကောင်းကောင်းသိတယ်"

နောက်ဆုံးတွင် ခွဲ (၁) မှ တပ်ကြပ်ကြီးလှစိန် ဦးစီးအဖွဲ့ကို တပ်ရင်းမှူးကြီးက အတည်ပြုရွေးချယ် လိုက်ကြ၏။

"ကျွန်တော် ဝမ်မန်းမှာ အရင်တပ်တုန်းက လေးငါးဆယ်ရက်နေခဲ့ဖူးပါတယ်။ စိုင်းဒါအကြောင်းလည်း ကြားဖူးပါတယ်။ ဒါကြောင့် ဒီတာဝန်ကို ကျွန်တော် ယူချင်ပါတယ်။ ခွဲ (၁) က လက်ရွေးစင်လူလေးငါးယောက် နဲ့ သွားပါ့မယ်"

တပ်ကြပ်ကြီးလှစိန်၏ တင်ပြချက်ကို တပ်ရင်းမှူး





က သဘောတူလိုက်သည်။

ဤနေရာတွင် တပ်ကြပ်ကြီးလှစိန်အကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။

တပ်ကြပ်ကြီးလှစိန်သည် ယခုအခေါက်မှ ကျွန်တော့်တပ်ခွဲသို့ မင်းလှတပ်မှ ပြောင်းပြီး ရောက်လာသူ ဖြစ်၏။ အသက် ၃၀ ခန့်တွင်ပင် တိုက်ရည်ခိုက်ရည်ကြောင့် တပ်ကြပ်ကြီးဖြစ်လာသူတစ်ဦးပင်။ ရှားရှားပါးပါး တိုက် တိုက်ဆိုင်ဆိုင် ကျွန်တော်နှင့် တစ်မြို့တည်း တစ်နယ်တည်း ရေဦးသား။ သို့သော် သူက ရေဦး အနောက်မြောက်ဘက် မီးမောင်းကုန်းဝက်သဲဘက်က ကျွန်တော်က ရေဦးမြို့ပေါ် သား။ သူသည် တစ်နယ်တည်းသား ကျွန်တော့်ကို တွေ့ကတည်းက ဆရာရင်းပမာ ရိုသေကျိုးနွံလေသည်။ ကျွန်တော့်အတွက်လည်း ဂုဏ်ယူလျက် ရှိ၏။

ယခုလည်း ...

"ကိုယ့်တပ်ခွဲမှူး တပ်ရင်းမှူးနဲ့ ကိုယ့်အထက် လူကြီးတွေအတွက် ဒါလောက်ကလေး လုပ်ရတာ ဘာမှ အပန်းမကြီးပါဘူး။ ဒါထက် ခက်ခဲတာတွေတောင် လုပ်ခဲ့ တာပဲ" ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် နာမည်ကျော် သနက (၁) တွင် အစွမ်းပြချင်ဟန်လည်း တူပါ၏။

ဤသို့ဖြင့် နောက်တစ်နေ့ ညနေ နေဝင်ရီတရော တွင် တပ်ကြပ်ကြီးလှစိန် ဦးဆောင်သည့် ကွန်မန်ဒို စစ်သည် ၅ ယောက်သည် ရှမ်းဘောင်းဘီကိုယ်စီ၊ ခမောက်ကိုယ်စီ၊ ဗျူဟာအစီအစဉ်ဖြင့် ထုတ်ပေးသည့် **M21, M22** ကိုယ်စီ ဖြင့် ထွက်ခွာသွားကြ၏။ မိုင်းယောင်းဗျူဟာ၏ အစီအမံအရ စိုင်းဒါကို ကောင်းစွာသိကျွမ်း သည့် သကဆဖ ၂ ဦးလည်း ပါသွား၏။

တပ်ကြပ်ကြီးလှစိန်နှင့်အတူ တပ်ကြပ်သူရလှဝင်း၊ တပ်ကြပ်ရွှေအေး၊ တပ်ကြပ်အောင်မြတ်၊ တပ်သား စန်း တင့်မောင်တို့ ပါ၏။ သကဆဖ ၂ ဦး ပေါင်းသော် အားလုံး ခုနစ်ဦး။

သူတို့တွင် မီးပျောက်ရိက္ခာ ၃ ရက်စာပါသွား၏။ မီးပျောက်ရိက္ခာဆိုပြီး သိပ်ကြီးကြီးကျယ်ကျယ်တော့ မထင်လိုက်ပါနှင့်။ ကောက်ညှင်းကျည်တောက် ၃ ချောင်း၊ အမဲခြောက်ကြော်တစ်ဘူး။ ဆားနည်းနည်းသာ ဖြစ်ပါ၏။

ဘယ်သူမှ တပ်မတော်တောစီးဖိနပ် မစီးပါ။





အသူရာတောစီးဖိနပ်ကိုသာ စီးကြ၏။ ပြီးတော့ မိုးကာ တစ်ထည်နှင့် စောင်ကြားတစ်ထည်သာ ယူသွားကြ၏။

မိုင်းယောင်းမှ ဝမ်မန်းသို့ လမ်းမသုံးဘဲ ရိုပ်သိမ်းစ ပြုနေသော လယ်တောများ ဖွက်တောများကို ဖြတ်ပြီး ချီတက်ခဲ့ကြ၏။ လသာရက်မို့ လရောင် အားကိုးပြီးလာ ခဲ့ကြ၏။ မိုးမလင်းတလင်းတွင် ဝမ်မန်းကို ရောက်တော့၏။

ရွာအတွက်က ဝါးဘိုးတောကြီး၏ အရိပ်တွင် ဝင်ကပ်ခိုလှုံရင်း ရွာအရိပ်အခြေအနေကို ကြည့်ကြသည်။

"ကိုင်း . . . အဖွဲ့တွေအားလုံး ဒီဝါးဘိုးတောမှာ ခဏနေခဲ့ကြ။ ရွာထဲသွားပြီး သတင်းစုံစမ်းမယ်။ သကဆဖ က ကိုစိုင်းလိတ် လိုက်ခဲ့"

ဆရာကြီးလှစိန်က သေနတ်ယူမသွားဘဲ သက ဆဖ စိုင်းလိတ်နှင့် နှစ်ယောက်တည်း ရွာသို့ ထွက်သွား သည်။ အတော်ကြာမှ ပြန်လာကြ၏။

"အခြေအနေ ဘယ်လိုလဲ ဆရာကြီး"

ပြန်လာ‌တော့ အားလုံးက ဝိုင်းမေးကြသည်။

"ဒီကောင်တွေ မနေ့က မလာဘူးတဲ့။ လာရင်တော့ တစ်ရက်နှစ်ရက်နေတတ်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကနေပြီးလာတာတဲ့လဲ"

"ဝမ်မိုင်ဘုရားကုန်းဘက်ကလို့ ပြောတယ်"

"နှစ်ယောက်က ဒီရွာသားတွေတဲ့။ စိုင်းဒါက မိုင်းယောင်းက ဒီကို လမုန်းလာကရင်း ဒီက လမုန်းမင်းသမီးနဲ့ အိမ်ထောင်ကျတာတဲ့"

"ဟုတ်ရဲ့လား ဆရာကြီးရဲ့"

တပ်သားစန်းတင့်မောင်က မေးသည်။

"ဟုတ်တယ်ကွ။ ဒီရွာက မင်းသမီးပေါတယ်။ အားလုံးအချောတွေ။ အားလုံးလိုလို ငါသိတယ်"

အရေးထဲတွင် ရွာက လမုန်းမင်းသမီးများ ချောကြောင်း ဆရာကြီးလှစိန်က သတင်းပေးနေပြန်၏။

"ဆရာကြီးက အသူရာသတင်း သွားယူတာ လမုန်းမင်းသမီးတွေသတင်း ပါရလာတာကိုး"

စကားနည်းသော တပ်ကြပ်သူရလှဝင်းက ခပ်တည်တည်ဖြင့် ဝင်ပြောသည်။ အားလုံးပွဲကျသွား၏။

"ဟီ ... ဟီ ... ဟီ ... ဟီ ... ဟီ"

"ဟောကောင်တွေ မရယ်နဲ့။ တော်ပြီ။ နားထောင်။ ဒီနေ့ ဒို့အားလုံးရှေ့က ရေနုတ်မြောင်းကြီးထဲမှာ နေရာ





ယူမယ်။ တစ်နေကုန် အဲဒီထဲမှာနေကြမယ်။ အပြင်လုံးဝ မထွက်ရဘူး။ အဲဒီထဲကနေပြီး ဒီကောင်တွေကို စောင့်မယ်"

"အပေါ့အပါးသွားရင်ရော"

"အဲဒီရေမြောင်းကြီးထဲမှာသွားကွာ။ ကျင်းတူးသွား။ ပြီးတော့ အပေါ်က ပြန်ဖုံး။ ဒို့ကိစ္စ မပြီးမချင်း ဒီထဲက မထွက်ကြနဲ့။ ငါလည်း မထွက်ဘူး။ နေရလှ ၂၄ နာရီပေါ့"

"ဆရာကြီးကောင်တွေက လာမှာလား"

"လာမှာပါကွ။ ငါတို့ အသေအချာစုံစမ်းခဲ့ပါတယ်။ ဒီကောင်တွေ ဒီကို ဒီနေ့ညနေ ရောက်မယ်။ နက်ဖြန်ကာ မနက် ဒီကပြန်ထွက်မယ်။ အလာပစ်လို့ရရင် ပစ်မယ်။ မရရင် အပြန်ပစ်မယ်ကွာ။ ရေနုတ်မြောင်း ကြီးနဲ့ လမ်းနဲ့က ကပ်နေတာပဲဥစ္စာ"

ဤသို့ဖြင့် တပ်ကြပ်ကြီးလှစိန် ဦးစီး သနက (၁) ကွန်မန်ဒို ၅ ဦးနှင့် သကဆဖ ၂ ဦးသည် ဝမ်မန်း ရွာထိပ်မှ ရေနုတ်မြောင်းကြီးထဲတွင် တိတ်တဆိတ်ဝင်ရောက် နေရာယူထားကြ၏။

ရေနုတ်မြောင်းထဲမှ ရွာ၏တစ်နေကုန် လှုပ်ရှားမှုကို တွေ့နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားများ စပါးရိတ်သွားကြသည်။ အချို့က စောစောကတည်းက သွားနှင့်ကြပြီ။ ကောက်လှိုင်း သယ်ရန် ကျွဲလှည်းအချို့ ထွက်သွားသည်။

ရွာမှ ကြက်တွန်သံတွေ ကြားနေရသည်။

ကလေးငိုသံတွေ ကြားနေရသည်။ ခွေးဟောင်သံတွေ ကြားနေရသည်။

တစ်နေကုန် အောင့်အည်းပြီး စောင့်နေကြ၏။ နေ့လယ်စာအတွက် ပါလာသည့် ကောက်ညှင်း ကျည်တောက်ကို ရေဖြင့် မျှောချရ၏။ အမဲခြောက်ကြော်ကို ဝါးရ၏။ အပေါ့အပါး မသွားဖြစ်အောင် အောင့်ထားရ၏။ ရေကို ချွေတာပြီး တစ်ငုံ၊ နှစ်ငုံသာ သောက်ရ၏။ စကားမပြောရ။ ဆေးလိပ်လည်း မသောက်ရ။ ဆရာကြီးလှစိန်က ဆေးလိပ်မသောက်ရန် တားထား၏။

ညနေ နေဝင်ရီတရောမှ ရွာသူရွာသားတွေ အဖွဲ့လိုက် စပါးရိတ်ရာမှ ပြန်ဝင်လာကြသည်။ ဝမ်မန်းသူ ပျိုဖြူလေး တစ်ဖွဲ့လည်း ပါ၏။

"ဆရာကြီး ဟောဟိုဖြူဖြူချော်ချော်လေးက စိုင်းဒါ အမျိုးသမီး"





သကဆဖ စိုင်းလိတ်က လက်ကုတ်ပြသည်။

"မနက်က ကျွန်တော်တို့ရွာထိပ်မှာ တွေ့ခဲ့တဲ့အိမ်က သူ့အဖေ အမေ အိမ်ပဲ။ အဲဒီကိုပြန်မှာ"

မနက်က ဆရာကြီးလှစိန်တို့ ရွာဒီဘက်ထိပ်က အိမ်ကို ရောက်ခဲ့သည်။ မယောင်မလည်နှင့် အိမ်ကို အကဲခတ်လေ့လာခဲ့သည်။ ယခု ရေနုတ်မြောင်းကြီးက အိမ်နှင့် သိပ်မဝေး။ ထို့ကြောင့် အပင်ပန်းခံကာ ရေမြောင်းကြီးထဲဝင်ပြီး နေရာယူထားကြခြင်းဖြစ်၏။

"သူ့အမျိုးသမီး ပြန်လာရင် စိုင်းဒါလည်း လာမှာပဲ"

"ကဲ … အဖွဲ့တွေ မှောင်စပျိုးရင် စိုင်းဒါတို့အဖွဲ့ လာတော့မယ်ကွ။ အားလုံး အသင့်ပြင်ထားကြ။ ငါ ပစ်ရင် စပစ်။ ပစ်တဲ့အခါမှာ ဝင်လာတဲ့ လူအရေအတွက်တိုင်း ပစ်မယ်။ ငါက တစ်။ ဆရာလှဝင်းက နှစ်။ ဆရာရွှေအေးက သုံး။ ဆရာအောင်မြတ်က လေး။ စန်းတင့်မောင်က ငါးပေါ့ကွာ။ ဒီကောင်တွေ ငါးယောက်ထက် မပိုပါဘူး"

"အားလုံးရှင်းလား"

"ရှင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ရှင်းရင် စိတ်ရှည်ရှည်နဲ့ စောင့်ကြကွာ လုံးဝအသံမထွက်ကြနဲ့"

နေမင်းကြီးက လုံးဝ ကွယ်ပျောက်သွားပြီ။

အချိန်က ညနေ ၆ နာရီခန့်ဖြစ်၏။ အလင်းရောင်က ပျောက်ချင်ချင်။

"ဆရာကြီး ... ဆရာကြီးကောင်တွေ လာမှ လာပါ့မလား"

"ကိုစိုင်းလိတ် ဘယ်လိုလဲ"

"လာမှာပါ။ ရွာထဲမှာ ကျွန်တော် အသေအချာ မေးလာတာပါ"

"ဟော ... ပြောရင်းဆိုရင်း ... ဟိုမှာ"

အသူရာသုံးဦးသည် အသူရာစစ်ဝတ်စုံကို အကျ အနဝတ်ပြီး M21, 22 များ လွယ်လျက် အရှေ့ဘက် လယ်တောစပ်မှ ရွာဆီသို့ တရွေ့ရွေ့ချီတက်လာနေ၏ တဖြည်းဖြည်း နီးလာနေပေပြီ။

"ဟော့ ... နောက်ဆုံးကကောင် လွယ်ထားတဲ့ မည်းမည်း မည်းမည်းနဲ့ သေနတ်က ဘာလဲကွ"

"မသိဘူး ဆရာကြီး"





"ထားကွာ။ မင်းတို့ငါပြောထားတဲ့အတိုင်း ပစ်ကြမယ်။ လမ်းနဲ့ မြောင်းက ကပ်နေတာဆိုတော့ တော့ ဖြုတ်ရုံပါပဲ"

"ကဲ ... အားလုံး အသင့်ပြင်၊ အားလုံး ငြိမ်"

ခဏအကြာတွင် အသူရာသုံးဦးသည် စကားတပြောပြောနှင့် ရေနုတ်မြောင်းထိပ် ရောက်လာ၏။ ထို့နောက် ရေနုတ်မြောင်းနှင့် ရွာကြား လူသွားလမ်းကလေးအတိုင်း ရွာထဲသို့ ဝင်ရန် လျှောက်လာကြ၏။

"ဆရာကြီး သိပ်နီးနေပြီ"

မြောင်းထိပ်တွင် သေနတ်ပြောင်းထိုးထားရာက ဆရာကြီးလှစိန်က ရှေ့ဆုံးမှ အသူရာအား ဆယ်ပေ အကွာခန့်မှ အသေအချာချိန်ပြီး တော့ဖြုတ်လိုက်၏။

"ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း"

"ဖရော ... ဖရော ... ဖရော ... ဖရော"

အတွဲလိုက် ပစ်ခတ်သံများမှာ စက္ကန့်ပိုင်းအတွင်းတွင် ငြိမ်ကျသွား၏။ အသူရာသုံးဦးမှာ ကွန်မန်ဒိုများ၏ သေနတ်ထိမှန်သွားကြပြီး ဘာသံမှ မထွက်နိုင်ဘဲ သုံးဦးလုံး ပုံလျက်သားကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမြောင်းထဲက ထွက်ပြီး လဲနေသူများကို ကြည့်ကြသည်။ ချက်ကောင်းမှန်ပြီး သုံးယောက်လုံး အနိစ္စ သဘောနဲ့ ကိစ္စချောသွားကြပေပြီ။

လက်နက်ငယ် သုံးလက် ရလိုက်သည်။

**M21** တစ်လက်၊ **M22** တစ်လက်၊ အမေရိကန် လုပ် **M18** တစ်လက် ပေါင်း ၃ လက်။ တစ်လက်လျှင် ကျည်ဆန် လေးငါးခြောက်ဆယ်သာ ပါ၏။

"ဆရာလုံ ... သူ စိုင်းဒါပဲ"

သက်ဆဖ စိုင်းလိတ်က ရှေ့ဆုံးက သေနေသူ အသားဖြူဖြူချောချော မေးရိုးကားကားနှင့် လူကို ကြည့်ပြီး ပြောသည်။ ပါလာသည့်ဓာတ်ပုံနှင့် တိုက်ကြည့်ရာ ဟုတ် နေ၏။

"ကဲ ... ကိုစိုင်းလိတ် ရွာလူကြီး ပူကျယ်ကို သွားပြောဗျာ။ ရော့ ... ပိုက်ဆံ ၅၀၀ ပါပေးခဲ့။ ဒါတွေကို မြှုပ်ပေးဖို့ မှာခဲ့ပါ။ မြန်မြန်သွား မြန်မြန်ပြန်ခဲ့။ ကျွန်တော် တို့ ဟိုတောတန်းက စောင့်မယ်"

ဆရာကြီးလုစိန်တို့ ကွန်မန်ဒိုအဖွဲ့သည် ရသည့်





သေနတ်သုံးလက်ကို အမြန်ကောက် အမြန်ယူကာ ဝမ်မန်း ရွာမှ ညတွင်းချင်း ထွက်လာခဲ့ရာ မိုင်းယောင်းသို့ ည သန်းခေါင် အချိန်မတိုင်မီ ပြန်လည်ရောက်ရှိခဲ့ပါသတည်း။

### နိဂုံးကမ္ပတ်အဆုံးသတ်

"တပ်ခွဲမှူးရဲ့ တပည့်ကြီးတွေရဲ့ စွန့်စားခန်းက တော့ အဲဒါပါပဲ"

ဗိုလ်ကြီးသူရခင်မောင်လတ်က စကားအဆုံးသတ်၍ နိဂုံးချုပ်၏။ ထိုတိုက်ပွဲကို ခေါင်းဆောင်ခဲ့သည့် ဆရာကြီး လုစိန်ကမူ စကားသိပ်မပြော။ တွေးတွေးဆဆ လုပ်နေ၏။ သူက ယမကာမကြိုက်။ အရက်မသောက် တတ်။ ကျန် ကွန်မန်ဒိုအဖွဲ့ဝင်များကမူ တစ်ခွက်ပြီးတစ်ခွက် သောက် နေကြ၏။ ဆရာကြီးသိန်းအောင်က စပါးကို ပုံးနှင့် ထည့်ပေးထားသည်။ ကြုံတုန်းဆုံတုန်း စိတ်လွတ် ကိုယ် လွတ် ပျော်ကြရအောင်ပါဟု ဆို၏။

"ဟ ... မင်းတို့က အာသွက်လျှာသွက်ဖြစ်နေ ပေမယ့် မင်းတို့ ဆရာကြီးလုစိန်က စကားသိပ် မပြော ဘူးလားကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခွဲထောက် C.Q ဆရာကြီးသိန်းအောင် တည်ခင်းသည့် မိုင်းယောင်းစပါးကို တစ်ငုံပြီး တစ်ငုံ သောက်သုံးရင်းက စကားဝိုင်း အဆုံး၌ မေးလိုက်၏။

"သူက ဒီလိုင်းမဟုတ်ဘူး ဗိုလ်မှူး။ ဟိုလိုင်း"

"ဘယ်လိုင်းလဲ။ အိမ်ထောင်သည်လိုင်းလား"

"မဟုတ်ဘူး ... ဟိုလိုင်း ... ဟိုလိုင်း"

မိုင်းယောင်းစပါး အရှိန်ရနေသည့် ဆရာအောင်မြတ်က ဝင်ထောက်သည်။ အားလုံးကတော့ ဆရာကြီး လှစိန်မှလွဲပြီး မိုင်းယောင်းစပါး အရှိန်ရနေကြပေပြီ။ ကျွန်တော် ကိုယ်တိုင်ပင် အံတော်လေး Tempo တက်နေပေပြီ။

"အေးကွာ ... ဘာပဲဖြစ်ဖြစ် ငါတို့ အနားပြန်တုန်းက ကွန်မန်ဒိုသင်ခန်းစာ လိုလိုမယ်မယ် လေ့ကျင့်ပြီး ဒို့တပ်ခွဲမှာ ကွန်မန်ဒိုတစ်ဖွဲ့ လုပ်ခဲ့တာ ဟန်ကျသွားတာပေါ့ကွ။ နို့ ... မင်းတို့ကိုရော ဘာများ တပ်ရင်းမှူးကြီးက ဆုချသေးလဲ"

"အဲဒါပြောမလို့ပါ ဗိုလ်မှူး။ တပ်ရင်းမှူးကြီးက သေနတ်တစ်လက် တစ်ထောင်၊ သုံးလက် သုံးထောင်





စိုင်းဒါအတွက် ငါးထောင်၊ ရှစ်ထောင်၊ ကျန်တဲ့သူလူနှစ်ယောက်အတွက် နှစ်ထောင်၊ ပေါင်း တစ်သောင်း ဆုချပါတယ်။ ကျွန်တော့်အတွက် အရာခံဗိုလ် Promotion လည်း ထောက်ခံထားပါတယ်။ အခု ညစာစားပွဲကိုလည်း အဲဒီငွေနဲ့ လုပ်တာပါခင်ဗျ"

ဆရာကြီးလှစိန်က ထိုအခါမှ စကားပြောတော့၏။

"သြော် ... ဟေ ... ဟုတ်လား။ ကောင်းတာပေါ့ကွာ"

"ကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေလည်း မကြာခင်မှာ Field Promotion ပေးမယ်လို့ ပြောပါတယ်ခင်ဗျ"

"သြော် ... အေး ... ဒါလည်း ကောင်းတယ်ကွာ"

ထမင်းဝိုင်းမှာ မိုင်းယောင်းစပါးအရက်ကလေး ထွေထွေနှင့် အလွန် အရှိန်ရနေပါသည်။

ထိုအချိန်တွင် စစ်ကြောင်းရုံးမှ အိုင်အိုဗိုလ်စိုးညွန့်နှင့် ရေးထောက် ဗိုလ်မြတ်သာတို့ ရောက်လာကြ၏။

"ကိုယ့်လူတို့ လာလေကွာ။ မိုင်းယောင်းစပါးလေး အားပေးပါဦး။ စ စပါး ဒို့ အားထားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ဦးက ကျွန်တော် ကမ်းပေးသည့် စပါး ခွက်ကလေးများကို ယူပြီး တစ်ငုံစီ သောက်လိုက်ကြ၏။

ထို့နောက်မှ ...

"ဗိုလ်မှူး ... ဗိုလ်မှူးနဲ့ ဗိုလ်မှူးတပည့်တွေကို ဂုဏ်ပြုဖို့ တပ်ရင်းမှူးကြီးရဲ့ အမိန့်နဲ့ စီစဉ်ထားတဲ့ မိုင်း ယောင်းရပ်ကွက် ခုနစ် လမုန်းအဖွဲ့ အဆင်သင့်ဖြစ်ပါပြီ။ အဲဒါ အားလုံးကဖို့ လာခေါ်တာပါခင်ဗျာ"

မိုင်းယောင်းတွင် ရပ်ကွက် ခုနစ်လမုန်းအဖွဲ့မှာ အချောဆုံးအလှဆုံး လမုန်းမင်းသမီးလေးများနှင့် ဖွဲ့စည်း ထား၏။ အကမှာလည်း တကယ့်ထိပ်တန်း Tiptop ပါပေ။

"ဟေ ... ဟုတ်လား။ အဲဒါဆိုရင်လည်း လိုက်ကြရမှာပေါ့ကွာ"

"ဟော့ ... ရဲဘော်တွေ ဘယ်လိုလဲကွ"

"သွားမယ်ခင်ဗျ။ သဘောတူပါတယ်ခင်ဗျ"

"ဆရာကြီးလှစိန်ရော ဘယ်လိုလဲ။ ဖြစ်လား"

"သူက ထိပ်ဆုံးကခင်ဗျ။ သူက အဲဒီလိုင်း သပ်သပ်ပါခင်ဗျ"

အားလုံးက ဝိုင်းပြောကြသည်။





"ဟေ ... ဟုတ်လား"

ကျွန်တော်က တအံ့တသြနှင့် မေးလိုက်သည်။

ကျွန်တော့်စကားအဆုံး၌ ...

"ဟုတ်တယ် ဗိုလ်မှူးရေ။ ဟုတ်တာမှ ဟုတ်၊ ဟုတ် သိပ်ကို ဟုတ်"

ဟု စကားနည်းသော ဆရာလှဝင်းက ဝင်ပြော လိုက်ရာ အားလုံးက ဝိုင်းရယ်လိုက်ကြ၏။

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား"

ကျွန်တော်တို့၏ ရယ်မောသံများမှာ မိုင်းယောင်း တစ်မြို့လုံးကိုပင် ဖုံးသွားသည်ဟု ထင်မြင်မိပါသတည်း။

(ကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များကို မှီငြမ်းရေးသားပါသည်။)

■



www.burmeseclassic.com

www.burmeseclassic.com

## ဟိုက်ပါတိုက်ပွဲ

**နိဒါန်း**

၁၉၈၈ ခုနှစ် နှစ်လယ်ကာလများ

အတိအကျဆိုရသော် ၁၉၈၈ ခုနှစ် ဖွန်လ နောက်ဆုံးပတ်

ကျွန်တော်သည် အောင်လံတပ်မှ ဒုတပ်ရင်းမှူး ရာထူးဖြင့် စစ်ရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေရ ရာမှ ခလရ (၆) ခေါ် အမှတ် (၆) ခြေလျင်တပ်ရင်းသို့



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးတာဝန်ဖြင့် တပ်ပြောင်းမိန့် ထွက်လာ၏။

တပ်မတော်တွင် ကျွန်တော် အဖြစ်ချင်ဆုံး အတောင့်တဆုံး တပ်ရင်းမှူးဖြစ်ပါပြီ။ တပ်ကလည်း တောကြိုအုံကြားမှာ မဟုတ်။ ရန်ကုန် ရွှေပြည်သာမှာ ဖြစ်၏။ တစ်သက်လုံး အရာရှိဖြစ်စမှသည် ယခု တပ်ရင်းမှူး ဖြစ်သည်အထိ တောကြိုအုံကြားမှာ နေခဲ့ရသည်က ခပ်များများ။

ကျောင်းဆင်းစက ကရင်ပြည်နယ် ဖာပွန်မြို့ကလေးမှာ ၅ နှစ်ခွဲ။

ဖာပွန်ကပြောင်းတော့ မော်လမြိုင် ကျောက်တစ်လုံးမှာ ၄ နှစ်။

ကျောက်တစ်လုံးမှ ရှမ်းပြည်နယ် မြောက်ပိုင်းက မိုင်းရယ်မြို့ကလေးမှာ ၃ နှစ်။

မိုင်းရယ်မှ ရှမ်းပြည်နယ်တောင်ပိုင်းက ဗထူး တိုက်ခိုက်ရေးကျောင်းမှာ ၃ နှစ်။

ဗထူးမှ မကွေးပြောင်းရသည်။ စစ်ဆင်ရေး တာဝန်က ရှမ်းပြည်နယ် အရှေ့ပိုင်း အဲဒီမှာ ၄ နှစ်။

အဲဒီကပြောင်းတော့ အောင်လံတပ်ကို ဒုတပ်ရင်း





မှူး တာဝန်နှင့် ပြောင်းရသည်။ စစ်ဆင်ရေးတာဝန်က မိုးမိတ် မဘိမ်းဒေသ။ ၂နှစ်ကျော်။ ပြီးတော့ စစ်ဦးစီး တက္ကသိုလ် တက်ရသည်။ စစ်ဦးစီးတက္ကသိုလ်မှာ Best Five ရ၍ စစ်ရုံးက လှမ်းခေါ်သည်။ အမေရိကားကို ပညာတော်သင် လွှတ်ပေးမယ်ဆိုပဲ။ စာမေးပွဲတော့ ဝင် ဖြေရမယ်တဲ့။

နိုင်ငံခြားသွားရန်ကိစ္စကို ကျွန်တော် ယတိပြတ် ငြင်းလိုက်သည်။ ထို့ကြောင့် စာမေးပွဲ ဝင်မဖြေခဲ့။

"မင်းက ဘာဖြစ်လို့စာမေးပွဲ ဝင်မဖြေတာလဲ။ နိုင်ငံခြား မသွားချင်ဘူးလား"

"မသွားချင်ပါဘူး"

"မင်းက ဘာလုပ်ချင်တာလဲ"

"နိုင်ငံခြားသွားရရင် ကျွန်တော် တော်တော်နဲ့ တပ်ရင်းမှူးဖြစ်မှာ မဟုတ်တော့ဘူး။ ကျွန်တော်တို့ အပတ်စဉ်က တပ်ရင်းမှူး လေးငါးဆယ်ယောက်ဖြစ်နေပြီ။ သူတို့နဲ့ သိပ်ကွာသွားပါမယ်။ ဒါကြောင့် ကျွန်တော် တပ်ရင်းမှူးပဲ လုပ်ချင်ပါတယ်။ နိုင်ငံခြား မသွားချင်ပါဘူး"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်အဖွဲ့လူကြီးများက သြော်ဟုဆိုကာ ရယ်ကြသည်။ ပြီးတော့ ကျွန်တော့်ကို စာမေးပွဲမဖြေခိုင်းတော့ဘဲ ဗထူး တိုက်ခိုက်ရေးကျောင်းလွှတ်ပြီး စာတွေ ရေးခိုင်းသည်။ ၁၉၈၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလကြာအောင် ဗထူးမှာ ကျောင်းအတွက် သင်ခန်းစာ **Exercise** တွေ ရေးရသည်။ ရှစ်ခုလား ပြီးသွား၏။ ဗထူး တိုက်ခိုက်ရေး ကျောင်း က သီရိဂေဟာအပေါ်ထပ်မှာနေရင်း ဇွန်လကုန်၌ တပ်ရင်းမှူး **Promotion** ရတော့၏။

တပ်ရင်းမှူးက ရန်ကုန်ရွှေပြည်သာ တပ်မှာ သွားဖြစ်သည်။ ခလရ (၆) တဲ့။

ရွှေ့ – နိပ်ဟ။ ရန်ကုန်မှာ တပ်ရင်းမှူးဖြစ်ပြီကွ။

ကျွန်တော်သည် အမိန့်ထွက်သည်နှင့် ဝမ်းသာအားရ အထက်ပါအတိုင်း ကြွေးကြော်၍ တာဝန်ရှိသူများကို သတင်းပို့ကာ ဗထူးတိုက်ခိုက်ရေးကျောင်းမှ ပြန်ခဲ့သည်။ ရွှေပြည်သာကို ၁၉၈၈ ခု ဇူလိုင်လ ပထမပတ်တွင် ရောက်သွားသည်။ ကကကျင့်ကို သတင်းပို့သည်။ ကကထူးကို သတင်းပို့သည်။ ကကကြည်းကို သတင်းပို့သည်။ ကစထ (၁) ကို သတင်းပို့သည်။ ပြီးတော့ ရွှေပြည်သာရှိ တပ်ရင်း





နောက်တန်းဌာနချုပ်ကို စစ်ဆေး လက်ခံလိုက်သည်။

ရွှေပြည်သာတပ်မှာ ပဲခူးရှိ တပ်မ (၇၇) ခေါ် အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်၏ ကွပ်ကဲမှုအောက်က တပ်ဖြစ်ရာ ပဲခူးတပ်မဌာနချုပ်သို့ သွားသတင်းပို့သည်။ တပ်မမှူးက ဗိုလ်မှူးချုပ်စိုးမြင့်၊ ဒုတပ်မမှူးက ဗိုလ်မှူးကြီးဝင်းမြင့်၊ ဂျီဝမ်းက ဒုဗိုလ်မှူးကြီးမင်းဆွေတို့ ဖြစ်ကြပါသည်။ တပ်မဌာနချုပ်တွင် ဂျီဝမ်းကြီးသာ ရှိ၏။ တပ်မမှူးနှင့် ဒုတပ်မမှူးတို့က ရှေ့တန်းရောက်နေ၏။ ၁၉၈၈ ဆူပူမှု အရေးအခင်းစနေပြီဖြစ်၍ မြို့ကြီး များမှာသာမက ရှေ့တန်းဒေသများတွင်လည်း လှုပ်လှုပ်ရွရွ ဖြစ်နေပေပြီ။

ကစထမှူး ဗိုလ်ချုပ်စိန်အောင်က ရှေ့တန်းကို အမြန်လိုက်သွားရန် မှာသည်။

ကကကြည်းက စစ်ဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးတင်ဦး (နောင် ဒုဗိုလ်ချုပ်ကြီးတင်ဦး နဝတအတွင်းရေးမှူး (၂) )က တပ်အကြောင်းရှင်းပြသည်။

''ခလရ (၆) က စစ်ရေးစွမ်းရည်ရှိပါတယ်။ စည်းကမ်းပိုင်းတော့ ထိန်းပေးရေး (၃) လေးတွေ များတယ်''

ဟု လမ်းညွှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းဌာနချုပ် ရွှေပြည်သာမှာ လေးငါးရက်နေပြီး ရှေ့တန်းတက်ခဲ့သည်။ တပ်က မိုင်းရှူးဒေသရောက်နေသည်။ ထို့ကြောင့် သွားချင်သလိုသွား၍မရ။ တပ်မတော်ယာဉ်တန်း **Convoy** ဖြင့်သာ သွားရသည်။ တောင်ကြီးနှင့် မိုင်းရှူးကြား လမ်းလုံခြုံရေးအပြည့် ယူမှရသည်။

ဇူလိုင်တတိယပတ်တွင် ယာဉ်တန်းအကြုံဖြင့် မိုင်းရှူးကို ရောက်တော့သည်။ မိုင်းရှူးတွင် ရှေ့တန်း အမှတ် (၆) ခြေလျင်တပ်ရင်း၏ ဌာနချုပ်ရှိသည်။ တပ်ရင်းမှူးဟောင်း ဒုတိယ ဗိုလ်မှူးကြီး သိန်းမောင်နဲ့ တွေ့ဆုံရသည်။ သူနှင့်ကျွန်တော်သည် ယခုမှသာ သိကျွမ်းကြသူများမဟုတ်ပါ။ ရှေးယခင်ကတည်းက သိဟောင်းကျွမ်းဟောင်းများပါပေ။

တပ်ထဲဝင်ခါစက ကျွန်တော်သည် ဖာပွန်တပ်ကအရာရှိပေါက်စလေး။ ဗိုလ်မှူးကြီးသိန်းမောင်က ကမမောင်းရှိ ခလရ (၈) မှ တပ်စုမှူးဗိုလ်ကြီးဖြစ်၏။ ဖာပွန်ကမမောင်း နွေရာသီ **Dumping** စုပုံရိက္ခာ ကားတန်းအဆွဲတွင် သူနှင့် ကတိုင်တီစခန်း၌ စတင်တွေ့ဆုံခဲ့ရ၏။





[illegible] ခုနှစ် ကာဟိုက်ပါတိုက်ပွဲကို စီစဉ်ညွှန်ကြားခဲ့သည့် ခလရ(၆)တပ်ရင်းမှူး
ဒုဗိုလ်မှူးကြီး သိမ်းမောင်

www.burmeseclassic.com

www.burmeseclassic.com



ခလရ(၆)တပ်ရင်းမှူး တာဝန်ထမ်းဆောင်စဉ်က စာရေးသူ



သူက OTS 29 မှ ဖြစ်သည်။ ကျွန်တော်က OTS 36 မှ ဖြစ်သည်။ တွေ့ဆုံမိတ်ဆက်ကြတော့ သူငယ်စဉ် တက္ကသိုလ်ကျောင်းသားက ပုံရိပ်ကို ပြန်မြင်လာ၏။

၁၉၆၃ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်တွင် ကျွန်တော် ဝိဇ္ဇာ ပထမနှစ်ရောက်သည်။ ထိုစဉ်က B.A First Year ဟု ခေါ်ပါသည်။ ကျွန်တော်က အလွန်ပိန်ကျုံသောကိုယ်လုံး ကလေး နည်းနည်းများ ဖွံ့လာလေမလားဟု ယူဆကာ ရန်ကုန်တက္ကသိုလ် အားကစားခန်းမကြီး သွား၍ တစ်လခန့် ညနေတိုင်း ဒိုက်ထိုးခြင်း၊ အလေးပြား ပေါ့ပေါ့လေးများ မခြင်းတို့ သွားလုပ်ကြည့်သည်။ ထိုအခါ ဗိုလ်မှူးကြီး သိန်းမောင်သည် ရန်ကုန်တက္ကသိုလ် Central Hall များမှ Hosteller အဆောင်နေကျောင်းသားကြီး ဖြစ်၏။ B.A နောက်ဆုံးတန်းတက်နေသည်။ သူသည် ညနေတိုင်း Heavy Weight လာမသည်။ ရိုးရိုးမခြင်းမဟုတ်။ ပြိုင်ပွဲဝင် ချိန် အလေးပြား အများကြီး ထည့်ကာ အီးယား အီးယား ဟု အသံကုန်မြှင့်ပြီး အော်ကာ မတတ်သည်။ ထို့ကြောင့် သူ့အား သူနှဲ့ ခေတ်ပြိုင် မောင်တက္ကသိုလ်ဘွဲ့ရသွားသည့် ဒေါက်တာတင်ရှိန်တို့၊ မောင်မောင်သန်းတို့၊ ကိုဆိုင်တို့ထက် ပိုပြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှတ်မိနေ၏။

ထိုနှစ်မှာပင် သူ စစ်တပ်ထဲဝင်သွားသည်။

ကျွန်တော်က ကျောင်းဆက်တက်ပြီး ဘွဲ့ရမှ တပ်ထဲဝင်သည်။

မိုင်းရှူး၌ သူနှင့်ကျွန်တော် ပြန်တွေ့ကြသောအခါ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောဖြစ်သည်။

"အစ်ကိုကြီး အခု ဝိတ်မမတော့ဘူးလား။ ၁၉၆၂-၆၃ ခုနှစ်လောက်က အစ်ကိုကြီး ရန်ကုန်တက္ကသိုလ် က **Gymanasium** မှာ ဟိတ်ယား ဟိတ်ယားနဲ့ ဟဲဗီးဆွဲနေတာ မှတ်မိနေသေးတယ်။ ဘောင်းဘီတို အနက်ကလေးနဲ့လေ"

သူ့ကို ကျောင်းကတည်းက ကျွန်တော် မှတ်မိနေကြောင်းသိသွား၍ သူက အားရပါးရ ပြုံးလိုက်သည်။

"ကိုယ့်လူက အဲဒီတုန်းက **Gymanasium** မှာ ဘာလာလုပ်တာလဲ"

"ပိန်လွန်းလို့ လက်မောင်းကလေး၊ ရင်ဘတ်ကလေး နည်းနည်းလာကစားကြည့်တာပါ။ လူက အရိုးချည်းပဲဆိုတော့ အစ်ကိုကြီးလိုတော့ ဟိတ်ယားအော်ပြီး ဟဲဗီးဘယ်တွန်းနိုင်မလဲဗျာ"

မြရတနာစာပေ



ကျွန်တော့်စကားကြောင့် သူက တဟားဟား ရယ်မောလိုက်၏။

သူ၏ရယ်မောသံဆုံးသောအခါ ကျွန်တော်က ရုတ်တရက် သူ မမျှော်လင့်သော မေးခွန်းတစ်ခုကို မေးလိုက်၏။

"နို့ . . . နေစမ်းပါဦး။ ကတိုင်တိက **Nurse** မလေး နော်ဖဲစေးရော ဘယ်ရောက်သွားလဲဗျ"

ဆတ်ခနဲ သူ အံ့ဩသွား၏။

"အောင်မယ် . . . ကိုယ့်လူက ဆရာမနော်ဖဲစေး လည်း မှတ်မိသေးသကိုး"

"မှတ်မိရမှာပေါ့ အစ်ကိုကြီးရာ။ နော်ဖဲစေးက ဖြူဖြူချောချော ချစ်စရာ။ တကယ့် မင်းကြိုက်စိုးကြိုက် ကာလသားများနဲ့ လားလားမှ မထိုက်တဲ့ မကိုင်ရဲကညာ လေးပဲ။ နို့ . . . အစ်ကိုကြီးနဲ့ ဘယ်လိုလွဲသွားတာလဲ"

နော်ဖဲစေးမှာ ကတိုင်တိကျေးရွာ ဆေးပေးခန်းမှ တောင့်တောင့်ဖြောင့်ဖြောင့် တကယ့်ချစ်စရာ သူနာပြု ဆရာမလေးဖြစ်၏။ အသက်ကမူ ၂၀ သာသာခန့်။ ထိုစဉ်က သူ့ဆရာမလေးဟု လူတွေက သိထားကြ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးက အပျို။ သူက လူပျို။ နှစ်ယောက်လုံးက ထွားထွားကျိုင်းကျိုင်းတွေ။

"ကိုယ် ကတိုင်တိကနေပြီး ဗထူးသင်တန်း သွားတက်နေတုန်း တခြားတစ်ယောက်နဲ့ဖြစ်ပြီး ထားဝယ်ဘက်ပြောင်းသွားတယ်။ အဲဒါနဲ့ လွဲသွားတာပဲလေ"

"ဩော်"

မိုင်းရှူးတွင် သူနှင့်ကျွန်တော် စတွေ့သည့်နေ့က တပ်အကြောင်း သိပ်မပြောဖြစ်ပါ။ အထက်ပါအတိုင်း အာလာပသလ္လာပ ရှေးဟောင်းနှောင်းဖြစ်များသာ ပြောဖြစ်၏။ ကျွန်တော်က သူ့ကို တပ်အကြောင်း သိပ် မပြောသည်မှာ အကြောင်းရှိပါ၏။

တပ်က သူ့ကိုဝိုင်းတိုင်ကြ၍ သူ့မှာ လောလောဆယ် အမှုနှင့် ရင်ဆိုင်နေရ၏။

ဒုဗိုလ်မှူးကြီးသိန်းမောင်သည် အုပ်ချုပ်မှု၌ အားနည်းပုံရ၏။ သို့ရာတွင် သူသည် ရှူးရှူးဒိုင်းဒိုင်းနှင့် စစ်ရေးစစ်ရာတွင်မူ လုပ်ရဲကိုင်ရဲရှိသူဖြစ်၏။

ထို့ကြောင့် စစ်မြေပြင်၌ အောင်မြင်မှုများ မကြာခဏရတတ်၏။





ကျွန်တော်မရောက်မီ လွန်ခဲ့သည့် နှစ်ပတ်ခန့်က မိုင်းရှူးတောင်ဘက်မှ နေ့တစ်ဝက်ခရီးအကွာရှိ ဟိုက်ပါဒေသ၌ S.S.A သောင်းကျန်းသူ ၁၅ ဦးခန့်အား သူ့အစီအမံဖြင့် S.R.P ခရီးတို ကွန်မန်ဒိုနည်းဖြင့် ထိုးဖောက်တိုက်ခိုက်စေရာ မိမိဘက်မှ အထိအခိုက်မရှိဘဲ ရန်သူ့ထံမှ ၁၁ လောင်း၊ ၉ လက် ရရှိပြီး အောင်ပွဲခံ နေသည့်ကာလဖြစ်ပါ၏။

တပ်အကြောင်း မပြောမဖြစ် ပြောရသည့်အခါတွင် သူက ...

"ဒီတပ်က အတိုင်အတောတော့ ထူတယ် သူငယ်ချင်း။ ဒါပေမဲ့ စစ်မြေပြင်မှာတော့ လုပ်ရဲကိုင်ရဲ ရှိတယ်။ စွမ်းရည်ရှိတယ်"

ဟု ဝင့်ကြွားစွာဆိုလေသည်။

ထို့နောက် သူ စီမံကွပ်ကဲပြီး အောင်ပွဲရခဲ့သည့် ကွန်မန်ဒိုနည်းဖြင့် ၁၁ လောင်း၊ ၉ လက် ရခဲ့သည့် ဟိုက်ပါတိုက်ပွဲအကြောင်းကို အားရပါးရ သူ ပြောတော့ သူပြောပြသည်ကို အစအဆုံး နားထောင်ခဲ့ပါသည်။

ယခု ကျွန်တော် ရေးသားဖော်ပြမည့် ရတာလလ



www.burmeseclassic.com

www.burmeseclassic.com



(၆) ၏ ဟိုက်ပါတိုက်ပွဲအကြောင်းမှာ ကာယကံရှင် ဗိုလ်မှူးကြီးသိန်းမောင် ပြောပြခဲ့သည်များပေါ်မှ အဓိက အခြေခံပြီး ရေးသားဖော်ပြလိုက်ခြင်းသာ ဖြစ်ပါကြောင်း နိဒါန်းအနေဖြင့် ဦးစွာပထမ အစီရင်ခံပါသည်ခင်ဗျား။

**ခလရ (၆) အကြောင်း တစေ့တစောင်း**

ဟိုက်ပါတိုက်ပွဲအကြောင်း မပြောမီ ကျွန်တော် တပ်ရင်းမှူးလုပ်ခဲ့သည့် ခလရ (၆) အကြောင်း တစေ့ တစောင်းကို အနည်းငယ် ပြောလိုပါသည်။

ခလရ (၆) သည် စဖွဲ့ကတည်းက သန္ဓေကောင်း သည့် တပ်ဟောင်းတပ်ကောင်းဖြစ်ပါ၏။

ခလရ (၆) အား ၁၉၅၀ ခုနှစ်တွင် ဒုဗိုလ်မှူးကြီး ဖေသက်မှ မင်္ဂလာဒုံတွင် စတင်ဖွဲ့စည်းခဲ့၏။ ဖွဲ့စည်းပြီး မကြာမီမှာပင် ဟင်္သာတသို့ ပြောင်းရွှေ့ပြီး မြစ်ဝကျွန်းပေါ် KNU များနှင့် တိုက်ခိုက်ခဲ့ရသည်။ လေးနှစ်ကျော်ခ ဟင်္သာတမှ ကော့ကရိတ်၊ မော်လမြိုင်၊ မုတ္တမ၊ ပဲခူး ပဲနွယ်ကုန်း၊ ညောင်လေးပင် အဆင့်ဆင့် ပြောင်းပြီး ၁၉၅၇ ခုနှစ်တွင် ရန်ကုန် ရွှေပြည်သာ ရောက်လာသည်။ ဟိုတုန်း





ကတော့ လော်ကားဟု ခေါ်ကြ၏။ ရွှေပြည်သာမြို့ မရှိသေး ပါ။

မြို့ပေါင်းစုံ နယ်မြေပေါင်းစုံပြီး အောင်မြင်မှုများ လည်း အတော်များများ ရခဲ့၏။

၁၉၆၀ ခုနှစ်က **KNU** ဗဟိုကော်မတီဝင် မန်းရှန် ပလေးခေါ် ဆရာသာမြိုင်ကို ရွှေကျင် အရှေ့ခြမ်း မဲပိုင် ဒေသ၌ မိသားစုနှင့်အတူ အရှင်ဖမ်းမိခဲ့သည်။

ထိုနှစ်ထဲမှာပင် **KNU** ဗဟိုမှ ဗိုလ်ချုပ်မင်းမောင်ကို ဖာပွန်မြောက်ဘက် ပန်ဟိုက်ဒေသတွင် အသေ ဖမ်းဆီး ရမိပြန်သည်။

၁၉၆၈ ခုနှစ်၌ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်နှင့် ဗဟိုစစ်ကော်မတီဝင် ဗဟိုစစ်ဦးစီး ဌာနချုပ်မှူး ဗိုလ်ဇေယျအား ပဲခူးရိုးမ၌ အသေရမိခဲ့ပြန်၏။ ထို့နောက် ဗကပဆေးကျောင်းအုပ် ဗဟိုကော်မတီ ဝင် ရဲဘော်ထွန်းမောင်ခေါ် ဒေါက်တာနတ်ခေါ် ကိုလှအား အသေရပြန်သည်။ ၎င်းနောက် ဗဟိုဆေးကျောင်း မှ သင်တန်းမှူး ဒေါက်တာအောင်မြင့်ကို အသေရပြန်သည်။

ဒေါက်တာအောင်မြင့်သည် သခင်သန်းထွန်း၏



www.burmeseclassic.com

www.burmeseclassic.com



ညီမ မစိမ်းချိုခေါ် မမြဝင်း၏ယောက်ျားဖြစ်သည်။

ထိုဗကပခေါင်းဆောင်များအားလုံးကို ပဲခူးရိုးမမှာပင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့အောင်မြင်မှုများ အမျိုးမျိုးရခဲ့သော တပ်ရင်းဖြစ်ပြီး တပ်၌ တိုက်စွမ်းရည်ရှိသည့် အရာရှိ အရာခံ အကြပ်တပ်သားများ တော်တော်များများ ရှိသည်။ သို့ရာတွင် တပ်မှာ တပ်မှူးကိုလိုက်ပြီး အရောင်အသွေး ပြောင်းသွားတတ်၏။ တပ်မှူးစည်းကမ်းကောင်းက တပ်စည်းကမ်းကောင်းသွား၏။ စည်းကမ်းလျော့သွားက တပ်က ခပ်ရမ်းရမ်းဖြစ်ချင်လာ၏။ ဒုဗိုလ်မှူးကြီးသိန်းမောင် လက်ထက်တွင် အမှုအခင်း ရေး ၃ အတော် များပါသည်။ ရှေ့တန်း မတက်မီ တပ်ရင်းအချုပ်ကို ကျွန်တော် သွားစစ်တော့ အချုပ်ကျ စစ်သည် နှစ်ဆယ် နီးပါးတွေ့ရ၏။

''ဟော့ . . . တပ်ရေးဗိုလ်ကြီး . . . မင်း ဗဟိုကင်းက အချုပ်ခန်းက လူများလှချည်လား။ အမှုတွေ မစစ်ဘူးလား''

''တိုင်းတင်ထားပါတယ်ခင်ဗျ။ အမိန့်မကျသေးလို့ပါ''

မြရတနာစာပေ



''ဟော . . . တပ်ရင်းမှူးကိုယ်ပိုင်အာဏာနဲ့ စစ်လို့ရတာတွေ ရှိပါတယ်။ အဲဒါတွေ စစ်လေကွာ။ တပ်ရင်းမှူးက နောက်တန်းမှူးကို တရားစီရင်ခွင့်အာဏာ လွှဲမသွားဘူးလား''

''မလွှဲသွားပါဘူးခင်ဗျ''

''ဟော . . . ဟုတ်လား။ ဒါဆိုလည်း ကိုယ်လွှဲပေးမယ်ကွာ။ မင်းတို့ စစ်လို့ရတာတွေ စစ်လိုက်ပါ။ အချုပ်ခန်းမှာ လူတွေအများကြီး မထားနဲ့လေ''

အချုပ်ခန်းတွင်းမှ အချုပ်ကျများကို တော်တော်ရှင်းယူရပါသည်။ တစ်သုတ်ပြီးတစ်သုတ် ရှင်းထုတ်ရသည်။ ဒါတောင် ရေး ၃ က မရပ်ချင်သေး။ ထို့ကြောင့် အထက်ဌာနများတင်ပြပြီး ဖယ်သင့်သူများအား ဖယ်ရတော့သည်။ တဲ့တိုးကြီးပြောရရင်တော့ ထောင်ချပြီး ထုတ်ပစ်သင့်သူကို ထုတ်ပစ်လိုက်ခြင်းပင် ဖြစ်၏။ ဂဏန်းသုံးလုံးလောက် ရှင်းလိုက်မှ တပ်က ငြိမ်ဝပ်ပိပြားသွား၏။ ခလရ (၆) ခေါ် အမှတ် (၆) ခြေလျင် တပ်ရင်းသည် ဤသို့သော ဝန်လေးကို သယ်သည့် ဆင်ဆိုးကဲ့သို့ ဉာဉ်ကလေး ရှိပါသည်။ ဒါကို သိပြီး လုပ်တတ်ကိုင်တတ်ရင် အဆင်ပြေပါလိမ့်မည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တပ်ရင်းမှူးဖြစ်ပြီး သုံးနှစ်အကြာ၌ တပ်မ ၁၀ ရင်းတွင် ဘိတ်ဆုံးအဆင့်မှာ နှစ်အတန် ကြာအောင် နေခဲ့ရသည့် ခလရ (၆) ဦးရေးထောက် ပထမရ၍ အောင်တံခွန်ဆုကြီးကို ဆွတ်ခူးခဲ့၏။ ထို့နောက်တွင်ကား တပ်မ၏ အကောင်းဆုံး သုံးရင်း၌ နှစ်စဉ်ပါ၍ အောင်တံခွန်ဆုကြီးကိုလည်း အနှစ် ၂၀ အတွင်း သုံးလေးကြိမ်ရပြီးပြီဟု မနေ့တစ်နေ့က တပ်ကို ခဏရောက်သွားချိန်တွင် ယခုလက်ရှိ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးသောင်းထိုက်ဦးက ကျွန်တော့်ကို ပြောပြလိုက်ပါသည်။

ဤသည်မှာ ခလရ (၆) ခေါ် အမှတ် (၆) ခြေလျင်တပ်ရင်း၏ မူရင်းသန္ဓေနှင့် ညဉ့်အကြောင်း တစေ့တစောင်းပါခင်ဗျား။

## ခလရ (၆) ရောက်သွားသော မိုင်းရှူးဒေသ

ခလရ (၆) တာဝန်ယူခဲ့ရသော မိုင်းရှူးမြို့ကလေးသည် စစ်ရေးစစ်ရာတွင် အတော်ပင် အချက်အချာကျသော မြို့ကလေးဖြစ်၏။ ၁၉၇၉ ခုနှစ် မြန်မာ့တပ်မတော်က မော်ဖဒေသကို ထိုးစစ်ဆင်တော့ ရှေ့တန်းတပ်မဌာနချုပ်အား မိုင်းရှူးတွင် ဖွင့်ရသည်။ မော်ဖကို သိမ်းမိပြီးတော့လည်း လိုအပ်သည့် အုပ်ချုပ်မှုကိစ္စ များအား မိုင်းရှူးမှာပင် **Base** လုပ်ပြီး ဆောင်ရွက်ပေးရသည်။ တကယ်ဆိုတော့ မိုင်းရှူးသည် စစ်ရေးအရ အချက်အချာကျသော မော်ဖဒေသအတွက် အရေးကြီးသောဝင်ပေါက်ကြီးဖြစ်ပါပေသည်။ မိုင်းရှူးတွင် နယ်ဘက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အားလုံးရှိသည်။ အထက်တန်းကျောင်း၊ ဆေးရုံ၊ ရဲစခန်းတို့လည်း ရှိသည်။ ထို့ကြောင့် မြို့အင်္ဂါရပ်နှင့် ကိုက်ညီသောမြို့ကလေးဖြစ်ပါ၏။

သို့ရာတွင် မိုင်းရှူးကို နယ်ဘက်ဝန်ထမ်းများက ကြောက်ကြ၏။

ဝေးလံသီခေါင်ပြီး တောင်ကြီးမှ ကားဖြင့် တမေ့တမောသွားမှ မိုင်းရှူး ရောက်၏။ လမ်းတွင်လည်း လုံခြုံရေးအန္တရာယ်က လုံးဝစိတ်မချရ။ မိုင်းရှူးပတ်ဝန်းကျင်မှာလည်း ပေသုံးလေးငါးထောင်မြင့်သော ကျောက်တောင်များ၊ ထင်းရှူးတောနှင့် တောင်ပေါ်အမြဲစိမ်းသစ်တောများ ထူထပ်ဝန်းရံလျက် ရှိ၏။ ရာသီဥတုမှာ ပြင်းထန်ဆိုးဝါးလှ၏။ ငှက်ဖျားအပါအဝင် အမျိုးမျိုးသော အဖျားအနာများ






www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထုပြောလေ့၏။ နှစ်စဉ် မိုးအကုန် ဆောင်းအကူး၌ ဆိုးဝါးသော ရာသီဥတုကြောင့် လူတွေ တဖြုတ်ဖြုတ် သေကြ၏။ ကျွန်တော် နေခဲ့သည့် ၁၉၈၈ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာတွင် မိုင်းရှူး၌ ဆောင်းတွင်း မိုးတွေ သည်းထန်စွာ ရွာသွန်းပြီး လူတွေ အကြီးအကျယ် ဖျားနာကြသည်။ လေပြင်းတွေ တဟူးဟူးတိုက်သည်။ လူတွေ ရာချီပြီး သေသွားခဲ့သည်။ ကျွန်တော်ကိုယ်တိုင် ရက်သတ္တ ၂ ပတ်ခန့် အကြီးအကျယ် ဖျားနာခဲ့သည်။ သတိပါလစ် သွားသည်။ တပ်ရင်း ဆေးမှူး ဆရာကြီး စံတင် အလွန် တော်၍သာ ကျွန်တော် အသက်ချမ်းသာရာရခဲ့ခြင်းပါပေ။

ထိုကဲ့သို့သော ကပ်ကြီးသုံးပါးနှင့် ပြည့်စုံသော ကြောင့် မိုင်းရှူးကို အရပ်သားဝန်ထမ်းများက ကြောက်ကြ ခြင်းပါပေ။

(ယခုတော့ မိုင်းရှူးအရှေ့ဘက်တောင်များပေါ်က လွန်ခဲ့သည့် နှစ်အနည်းငယ်က ပတ္တမြားကျောက်များ ထွက်ရှိလျက်ရှိရာ လူတွေ မိုင်းရှူးကို မကြောက်တော့ပါ။ ဥဒဟိုသွားလာလျက် ကျောက်တူးဖော်ခြင်း လုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်း ဖြောင့်နေကြောင်း မိုင်းရှူးမြို့





ကလေးသည်လည်း ပတ္တမြားတွေ့ချိန်မှ စ၍ နေ့ချင်းညချင်း စည်ကားသိုက်မြိုက်လာကြောင်း မိုင်းရှူးက ကျွန်တော့် မိတ်ဟောင်းဆွေဟောင်းများ ကြီးပွား ချမ်းသာနေကြပြီဖြစ် ကြောင်း ဝမ်းမြောက်ဖွယ်သတင်းစကား ကြားသိရပါသည်။ ဤကား စကားချပ်။ စာရေးသူ)

**မိုင်းရှူးပတ်ဝန်းကျင်က ရန်သူများ**

၁၉၈၈ ခုနှစ်ကာလများက မိုင်းရှူးမြို့ကလေးမှာ တောင်သေလာ ခွေကာပိုင်းနေသလို ရန်သူတွေက လည်း ပတ်ပတ်လည်မှာ ဝိုင်းနေသည်။

မဝေးလှသော သံလွင်မြစ်၏ အရှေ့ဘက်ခြမ်း၌ ဗကပဗဟို ပန်ယန်း၊ ပန်ဆန်းရှိနေသည်။ ဗကပတွေ မကြာခဏ သံလွင်ကို ဖြတ်ကျော်၍ မိုင်းရှူးနယ်မြေထဲ ရောက်လာကြသည်။ လာလျှင် အင်ကြီးအားကြီးနှင့် တပ်မဟာ တစ်ခုစာဝင် လာတတ်သည်။ ၁၉၇၉ ခုနှစ်နောက်ပိုင်း တပ်မတော်က မော်ဖကို တိုက်သိမ်းထား ၍ မိုင်းရှူးအရှေ့ခြမ်း သက်သာရာရနေခြင်းဖြစ်၏။

သို့ရာတွင် အတွင်းပိုင်း၌ S.S.A ခေါ် ရှမ်း



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းသူများက မိုင်းရှူးအနှံ့ ကျက်စားနေကြ၏။ နမ့်လန်ချောင်းနှင့် နမ့်ပန်ချောင်းကြား လှုပ်ရှားနေကြသော S.S.A တပ်မဟာများသည် မိုင်းရှူးဒေသကိုလည်း အလွတ်မပေးကြပါ။ နည်းမျိုးစုံနှင့် အနှောင့်အယှက်ပေးကြသည်။ ဗကပနှင့် ပူးပေါင်းကာ တိုက်ကွက်ဖော် ကြသည်။ ရံဖန်ရံခါ သူတို့ချည်း လာတိုက်သည်လည်း ရှိသည်။

S.S.A သာမက မိုင်းရှူးဒေသတွင် လွယ်မော်ခေါ် S.U.R.A ခေါ် ဘိန်းသူပုန်အဖွဲ့များလည်း ရှိသည်။ သူတို့သည် အင်ကြီးအားကြီးဖြင့် လက်နက်ကိုင်ကာ ဘိန်းအရောင်းအဝယ်များကို လုပ်နေကြသည်။ မိုင်းရှူးကားကျောက်တောင်များ ပေါများပြီး ဘိန်းစိုက်ပျိုး၍ ကောင်းသောဒေသလည်း ဖြစ်ပါ၏။

ဤကဲ့သို့သော အခြေအနေတွင် မိုင်းရှူးဒေသ၌ လှုပ်ရှားမှုအများမှာ S.S.A များသာတည်း။

ထိုစဉ်က မိုင်းရှူးဒေသ၌ S.S.A မှ ပန်ဖ၊ ကိုင်ဖ စသော လူကြီးများနှင့် လူငယ်များမှာ စိုင်းကြာ၊ အိုက်နု စသူများမှာ ထင်ရှားသူများဖြစ်၏။ သူတို့ကို ဒေသခံ ရှမ်းတိုင်းရင်းသားများက ကောင်းစွာသိကြသည်။ ပန်ဖနှင့်





ကိုင်ဖတို့မှာ တပ်မဟာမှူး၊ တပ်ရင်းမှူးအဆင့်ရှိသူများ ဖြစ်ကြ၏။ S.S.A ရင်း (၈၀၁) နယ်မြေဖြစ်၍ ရင်း (၈၀၁) မှ နာမည်ကြီးတိုက်ခိုက်ရေးသမားများမှာ စိုင်းကြာနှင့် အိုက်နုတို့ဖြစ်ကြ၏။

S.S.A ရင်း (၈၀၁) သည် မိုင်းရှူး လဲချား၊ မိုင်းရှူး မိုင်းအော့၊ မိုင်းရှူး ဝိန်းနောင် ဆက်သွယ်ရေး လမ်းကြောင်းများပေါ်၌ မိမိလှုပ်ရှားတပ်ဖွဲ့များ လမ်းလုံခြုံရေးတပ်ဖွဲ့များနှင့် ယာဉ်တန်းများအား မကြာခဏ ချုံခိုတိုက်ခိုက်ခြင်း၊ မိုင်းထောင်ခြင်းများ ပြုလုပ်တတ်ကြသည်။ စခန်းငယ်များကိုလည်း နှောင့်ယှက်ပစ်ခတ် တတ်ကြသည်။ ပိုင်လျှင်လည်း အပြတ်တိုက်တတ်သည်။

ထိုစစ်ရေးလှုပ်ရှားမှုများကို အများဆုံး တာဝန်ယူဆောင်ရွက်နေကြသူများမှာ ခွဲမှူးအဆင့်ရှိ စိုင်းကြာနှင့် အိုက်နုတို့သာ ဖြစ်လေသည်။

ခလရ (၆) မိုင်းရှူးသို့ ရောက်ရှိလာခြင်း

၁၉၈၈ ခုနှစ် မေလဆန်းတွင် ခလရ (၆) သည် မိုင်းရှူးဒေသလုံခြုံရေးကို စတင်တာဝန်ယူရသည်။ မိုင်းရှူး



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်၌ စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲရှိနေသည်။ ကျန်တပ်များအား မိုင်းနောင်၊ မိုင်းအော့၊ ခမ်းပုံ၊ ဝိန်းနောင် စသည့်ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စခန်းများ၌ စခန်းထိန်းတာဝန်ပေးထားသည်။ စစ်ကြောင်း (၂) နှင့် တပ်ခွဲတစ်ခွဲက မိုင်းရှူးမြောက်ခြမ်းတွင် လှုပ်ရှားတာဝန် ထမ်းဆောင်သည်။ မိုင်းရှူး တောင်ဘက် မုံးစမ်းတွင်လည်း စခန်းထိန်းတာဝန်နှင့် လှုပ်ရှားတပ်ဖွဲ့အချို့ ထားရှိရသေး သည်။ ထိုအချိန်က တပ်ရင်းတစ်ရင်း၏ စစ်ထွက်အင်အား မှာ ငါးရာကျော်သဖြင့် ဤကဲ့သို့ နယ်မြေတစ်ခုလုံး လုံခြုံ ရေးယူရင်း တပ်များကို ဖြန့်ကြက်ချထားရာတွင် သိပ် ပြဿနာကြီးကြီးကျယ်ကျယ် မရှိခဲ့ပါချေ။

သို့ရာတွင် ၁၉၈၈ ခုနှစ် မတ်လ ရန်ကုန်စက်မှု တက္ကသိုလ်ကျောင်းသား ဖုန်းမော်အရေးအခင်းကြောင့် တစ်နိုင်ငံလုံး လှုပ်လှုပ်ရွရွနှင့် ဟိုနေရာ ဒီနေရာက ဆန္ဒပြမှုများဖြစ်နေပေပြီ။ အရှိန်က လျော့မသွား တဖြည်း ဖြည်း ကျယ်ပြန့်လာနေချိန်ဖြစ်၏။ ဤသည်ကို အခွင့် ကောင်းယူကာ သောင်းကျန်းသူအမျိုးစုံကလည်း တိုက်ပွဲ ကြီးများ ဖော်ထုတ်ရန်နှင့် အစိုးရကို မြို့နှင့်တောဆက်စပ်၍





မြေပေါ်မြေအောက် နှစ်ဖက်ညှပ်ကာ ဖိအားပေး ဖြုတ်ချရန် ကြံစည်နေချိန်ဖြစ်ပေသည်။

ထို့ကြောင့် ခလရ (၆) မိုင်းရှူးရောက်ပြီးနောက် ရန်သူ့သတင်းများ မကြာခဏ ဟိုက ဒီက ရနေသည်။ စစ်ရေးစွမ်းရည်ရှိသော တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းမောင် သည် မိုင်းရှူးတပ်ရင်းဌာနချုပ်၌ လက်ရွေးစင် လူနှစ်ဆယ် အစိတ် စုဖွဲ့ထားပြီး ကွန်မန်ဒိုအဖြစ် လေ့ကျင့်ပေးထား၏။ အဖွဲ့ခေါင်းဆောင်မှာ သူနှင့်အတူနေ၍ အကြိမ်ကြိမ် ပွဲတိုးခဲ့ဖူးသော တပ်ခွဲတပ်ကြပ်ကြီး မောင်ကိုတိုး ဖြစ်ပေ သည်။

"ကဲ ... ဆရာကြီးမောင်ကိုတိုး မင်းလူတွေ နေ့တိုင်း ကွန်မန်ဒို လေ့ကျင့်ခန်းဆင်းခိုင်းပါ။ လူနှစ်ဆယ် အစိတ်လောက် မင်းကြိုက်တဲ့ လူရွေး၊ ဒီနားမှာ လာပြီး ရှာနေတဲ့ကောင်တွေတော့ မင်းပဲ တာဝန်ပေးရမှာပဲ"

ဤနေရာတွင် တပ်ခွဲတပ်ကြပ်ကြီး မောင်ကိုတိုး အကြောင်း အနည်းငယ် ပြောလိုပါသည်။ ထိုစဉ်က မောင်ကိုတိုးသည် အသက် ၄၀ နီးပါးရှိသည်။ စစ်သက်က ၂၀ ကျော်၊ လူက အသားမည်းမည်း၊ ခပ်ပိန်ပိန်၊



www.burmeseclassic.com

www.burmeseclassic.com



မှုန်ကုပ်ကုပ်၊ စကားအလွန်နည်း၏။ အတန်းပညာလည်း မရှိ။ သို့ရာတွင် စစ်မြေပြင်၌မူ အလွန်အားကိုးရ၏။ လုပ်ရဲကိုင်ရဲ ရှိသည်။ အမိန့်နာခံမှုကောင်းသည်။ ထွေလီကာလီတွေ ဘာမှ မပြောတတ်။ ခိုင်းရင် ခိုင်းတဲ့အတိုင်း လုပ်သည်။ ဘာမှလဲ မတောင်းဆိုတတ်။ မျက်နှာက သူ့ လုပ်စာစားတဲ့ရုပ်မျိုး။ အကြောင်းမသိက ရိုက်ကွင်းသာတည်း။

ခလရ (၆) မိုင်းရှူးရောက်၍ နှစ်လခန့်အကြာ၌ မိုင်းရှူးရှိ နယ်ဘက်အုပ်ချုပ်ရေးအဖွဲ့များနှင့် တပ်ရင်း မှူး ရင်းနှီးသွားသည်။ တပ်ရင်းမှူးက အားလပ်ချိန်များ၌ တစ်မြို့လုံး လျှောက်သွားနေတတ်၏။ ထို့ကြောင့် ပါတီကောင်စီလူကြီးများ၊ မြို့ခံသကဆဖခေါ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့များထံမှ သတင်းများ အဆက်မပြတ် ရနေသည်။ အထူးသဖြင့် မိုင်းရှူးမြို့နယ်အတွင်း လှုပ်ရှားမှု အများဆုံးဖြစ်သည့် S.S.A သတင်းများ ဖြစ်၏။ မိုင်းရှူး သကဆဖခေါင်းဆောင် ဦးတိုနီခေါ် စပ်စိန္တသည် ယခင်က တောတွင်းအဖွဲ့အစည်းမှ ဖြစ် သည်။ လက်နက်ချပြီးနောက် မိုင်းရှူးတွင် သကဆဖ ခေါင်းဆောင် လုပ်နေသည်။





သူသည် ဂေါက်သီးအလွန် ကောင်း၏။ ဗိုလ်မှူးကြီးသိန်းမောင်နှင့် မိုင်းရှူးဂေါက်ကွင်းလေးတွင် ညနေတိုင်း ဂေါက်သီးရိုက်လေ့ရှိ၏။ များစွာ ရင်းနှီးကြသည်။

## ရန်သူ့သတင်းစတင်ရရှိခြင်း

ဇူလိုင်လ ၂ ရက်နေ့ ညနေတွင် သကဆဖ ခေါင်းဆောင် ဦးတိုနီမှ ဂေါက်ကွင်း၌ ဂေါက်သီးကစားရင်း အောက်ပါအတိုင်း သတင်းပေးသည်။

"တပ်ရင်းမှူး S.S.A (၈၀၁) က စိုင်းနုနဲ့အဖွဲ့တစ်ဖွဲ့ မနေ့က ဟိုက်ပါကို ရောက်နေတယ်လို့ အဲဒီ ဘက်က ပြန်လာတဲ့သူတွေဆီက သတင်းရတယ်။ ဒီကောင်တွေ ဟိုက်ပါမှာ အခြေပြုပြီး မိုင်းရှူး၊ မိုင်းနောင် လမ်းပေါ်မှာ တပ်ကို တစ်ခုခု ဒုက္ခပေးဖို့ ကြံနေတယ်။ လူစုပြီးတော့ တပ်ရင်းမှူးရဲ့ မုန်းစမ်းလှုပ်ရှားလည်း တိုက်ဖို့ရှိတယ်လို့ ကြားတယ်"

"ဟုတ်ရဲ့လား ကိုတိုနီရယ်"

"ဟုတ်ပါတယ် တပ်ရင်းမှူး။ ဟိုက်ပါဈေးနေ့ကို ဈေးသွားရောင်းတဲ့ ကျွန်တော့် သကဆဖ အထောက်တော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က သူတို့ကိုယ်တိုင်တွေ့လာခဲ့တာ။ ဒီကောင်တွေက တပ်နဲ့ဝေးမှန်းသိတော့ သေနတ်တွေနဲ့ ဈေးထဲမှာ လျှောက်သွားနေကြတာတဲ့''

''ဘယ်မှာနေတာတဲ့လဲ''

''ဟိုက်ပါက အစုလေး သုံးစုလောက်ရှိတယ်။ ဈေးက ရွာမကြီးမှာရှိတာ။ ဒီကောင်တွေက ရွာအရှေ့ဘက်က ချောင်းစပ်မှာ တဲလေးငါးဆယ်လုံးနဲ့ ယာယီစခန်းချနေတယ်လို့ ပြောတယ်။ ကျွန်တော့်လူတွေက မယောင်မလည်နဲ့ တဲတွေလည်း သွားကြည့်လာခဲ့တယ်''

''ဟာ ... တယ်ဟုတ်ပါလား ကိုတိုနီရာ။ ဒပိုင်းနုက မိုင်းရှူးကို ဆက်ကြေးပေးဖို့ စာပို့တဲ့ကောင် မဟုတ်လား။ ဦးစပ်ပြင်ဖတို့ ကိုသောင်းစိန်တို့လည်း ပြောဖူးတယ်''

''ဟုတ်တယ် တပ်ရင်းမှူး ... ဒီကောင်ပဲ။ အဲဒီတော့ တပ်ရင်းမှူး ဘာလုပ်မလဲ။ ဘာလုပ်ရင် ကောင်းမလဲ''

''ဘာလုပ်ရမှာလဲဗျာ။ ဒီလောက်သေချာနေတာ သွားချကြတာပေါ့။ ခင်ဗျားဆီကသာ သတင်းဆက် မပြတ်ပါစေနဲ့။ ခင်ဗျားလူ ၂ ယောက်လည်း အသင့်ပြင်ခိုင်းထား

မြရတနာစာပေ



ဗျာ။ နက်ဖြန်လောက်ကို သွားလုပ်ကြတာ ပေါ့။ သတင်းတော့ မပေါက်စေနဲ့နော်''

''စိတ်ချပါ တပ်ရင်းမှူးကြီး''

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းမောင်သည် ဂေါက်ကွင်းမှ ပြန်လာပြီးနောက် ထိုရန်သူ့သတင်းကို ဦးစီးအရာရှိများနှင့် တွေ့ဆုံတိုင်ပင်၏။ ထိုအချိန်က ဗိုလ်မှူးကြီးသိန်းမောင်သည် ခလရ (၆) မှ အခြားတပ်တစ်တပ်သို့ တပ်ပြောင်းမိန့်ထွက်နေပြီဖြစ်၏။ သို့ရာတွင် သူသည် တိုက်စိတ်ခိုက်စိတ်ရှိသူဖြစ်၍ ရန်သူ့သတင်းရသည် နှင့် တိုက်ဖို့ခိုက်ဖို့ ချက်ချင်း ပြင်ဆင်တော့၏။

''ကဲ ... ဗိုလ်ကြီးထန့်ကျင်ထောင်းရေ ... ငါ မပြောင်းခင် **S.S.A** နဲ့ နှုတ်ဆက်ပွဲလေး လုပ်သွား မယ်ကွာ။ ဒီမှာ အသင့်ရှိတဲ့ မောင်ကိုတိုးနဲ့အဖွဲ့ကို လွှတ်ပြီး သွားရှင်းခိုင်းမယ်။ **S.R.P** ပေါ့ကွာ။ မြေပုံပေါ်မှာ ကြည့်လိုက်စမ်း။ ဒီကနဲ့ ဘယ်လောက်လောက်ဝေးမလဲ''

''တပ်ရင်းမှူး ဆယ့်လေးငါးမိုင်တော့ အနည်းဆုံးရှိမယ်''

''မင်း ဘယ်လိုသဘောရသလဲ။ မောင်ကိုတိုးနဲ့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ့မလား။ မင်း ထည့်ပေးလိုက်ရအောင်လည်း လောလောဆယ် ငါ့ရုံးမှာ မင်းတစ်ယောက်တည်းရှိတယ်။ ဗိုလ်သန့်ဇင်အောင်က မိန်းမယူဖို့ကိစ္စနဲ့ အကြံရှိရင် ပြန်ထည့်ပေးဖို့ သူ့အဖေကြီးက ငါ့ပြောထားတယ်ကွာ''

(ဗိုလ်သန့်ဇင်အောင်မှာ ရန်ကုန်တိုင်း ဒုတိုင်းမှူး ဗိုလ်မှူးကြီးသန့်ဇင်၏သား ဖြစ်ပါသည်။ ဤကား စကားချပ်)

''မောင်ကိုတိုးက တွေးတာခေါ်တာတော့ နည်းနည်းလိုတယ် တပ်ရင်းမှူး။ သူချည်းပဲတော့ မဖြစ်ဘူးထင်တယ်။ ကျွန်တော် လိုက်သွားလို့ရရင်ရ၊ မရရင်တော့ ဒီနားမှာ နီးနီးနားနား မြင်တာတော့ ဖားခီးစခန်းက ဗိုလ်ကြီးသိန်းထွန်းပဲ ရှိတယ်။ သူလည်း ဒီတပ်မှာ အများကြီးအတွေ့အကြုံရှိပါတယ်။ အလောင်း၊ လက်နက်အများကြီးရဖူးထားပါတယ်။ စစ်ကျောင်းနည်းပြလည်း လုပ်ဖူးတယ်။ သူနဲ့သင့်တော်ပါတယ်''

''အေး ...ကောင်းပြီ။ ဒါဆိုရင် ဖားခီးက ဗိုလ်ကြီးသိန်းထွန်းနဲ့ သူ့တပ်ခွဲက လက်ရွေးစင် ၁၄/ ၅ ယောက် အသင့်လုပ်ခိုင်းထား။ စီမံချက်ကို ဘာမှမပြောနဲ့ မနက်ဖြန်ညနေ ငါနဲ့လာတွေ့လို့ ပြောလိုက်။ ဆုံရပ်ကို





ဖားခီးလမ်းခွဲတစ်ဝိုက်ပေးလိုက်ကွာ။ ပေါ့ပေါ့ပါးပါး **Light Equipment** နဲ့ လာခဲ့လို့ပြောလိုက်။ စစ်ဆင်ရေး စီမံချက်ကို လူချင်းတွေ့ပြီးမှ ငါပြောမယ်''

''ဟုတ်ကဲ့ပါ တပ်ရင်းမှူး''

ရန်သူနှင့်တွေ့ဆုံရန်ချိတက်ခြင်း

နောက်တစ်နေ့ ဇူလိုင်လ ၃ ရက်နေ့တွင် တပ်ရင်းမှူးသည် တပ်ခွဲ တပ်ကြပ်ကြီးမောင်ကိုတိုးနှင့် ကွန်မန်ဒိုတပ်စုအား ခေါ်ယူတွေ့ဆုံ၍ စစ်ဆင်ရေးစီမံချက်ကို သဲမြေပုံများဖြင့် ရှင်းပြသည်။ တိုက်ရခိုက်ရ ပိတ်ဆို့ရမည့် နေရာများကို ပြသည်။

''ဒါက ဟိုက်ပါ၊ ရွာမကြီး၊ စိုင်းနုတို့နေတာ။ ဟောဒီ နန့်ပန်ချောင်းစပ်က တဲတွေ၊ မင်းတို့က မြောက်ဘက်ကို တစ်ဖွဲ့ပိတ်၊ တောင်ဘက်ကို ဖွင့်ပေးထား။ ပိတ်ဆို့ရေးအဖွဲ့က ပိတ်ပြီးရင် ချေမှုန်းရေးအဖွဲ့က တဲတွေကို တဖြည်းဖြည်းချဉ်းကပ်၊ ပိုင်မှလုပ်၊ မြင်မှလုပ်။ လပြည့်ကျော်သုံးလေးရက်ဆိုတော့ လက ည ၁၀ နာရီ ၁၁ နာရီ ထွက်မယ်။ လရောင်ရမှ စုရပ်ကနေ မင်းတို့ထွက်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေးနာရီ ငါးနာရီလောက်မှာ တိုက်နိုင်အောင် လုပ်။ လရောင်ရှိတော့ မီးသုံးစရာမလိုပါဘူး။ ဗိုလ်ကြီးသိန်းထွန်းနဲ့ ဆက်သွယ်ရေးစက်တစ်လုံး ထည့်ပေး လိုက်မယ်''

''ကဲ ... မင်းတို့ ဘာမေးစရာရှိသလဲ''

''မရှိပါဘူး တပ်ရင်းမှူး''

''အဲဒါဆိုရင် ကနေ့ညနေ မှောင်စပျိုးချိန် ဒို့ ဒီက ထွက်မယ်။''

''ဗိုလ်ကြီးထန့်ကျင်ထောင်းက အရပ်ကားနှစ်စီး စီစဉ်ထားကွာ။ တပ်ရင်းမှူး ဖားခီးကို ညအိပ်စခန်းစစ် သွားတယ်လို့ ပြောထား။ တကယ်လို့ သတင်းပေါက်ရင် လည်း အဲဒီလို သတင်းလွှင့်ထားလိုက်ပါ''

ထိုနေ့ညနေတွင် တပ်ရင်းမှူးသည် မိုင်းရှူးမှ ညနေ နေဝင်ချိန်တွင် ထွက်ခွာသွားခဲ့သည်။ တပ်ခွဲ တပ်ကြပ်ကြီး မောင်ကိုတိုးနှင့် လက်ရွေးစင်ကွန်မန်ဒို စစ်သည် ၁၂ ယောက်ကို ခေါ်သွား၏။ မိုင်းရှူး သကာဆေ မှ ရန်သူ့စခန်းကို မြင်တွေ့လာခဲ့သူ ၂ ဦးကိုလည်း တစ်ပါတည်း ခေါ်သွားသည်။ ထို့နောက် ဖားခီးစခန်းမှ ခွဲ (၂) ခွဲမှူး ဗိုလ်ကြီးသိန်းထွန်းနှင့် လက်ရွေးစင်တပ်စိတ်





နှစ်စိပ်ကို လှမ်း၍ခေါ်ယူခဲ့သည်။ ထိုနေ့ည ခုနစ်နာရီ အချိန်ခန့်တွင် တပ်ရင်းမှူးနှင့် ဗိုလ်ကြီးသိန်းထွန်းအဖွဲ့ ဆုံရပ်၌ တွေ့ဆုံကြ၏။ တပ်ရင်းမှူးက ဗိုလ်ကြီးသိန်းထွန်း အား ရန်သူချေမှုန်းရေး စီမံချက်ကို စစ်သုံးမြေပုံဖြင့် အသေးစိတ် ရှင်းပြသည်။

''ကဲ ... ဗိုလ်ကြီးသိန်းထွန်း ... မင်းက ဒို့တပ် ဂုဏ်ဆောင်မယ့်သူ။ သတင်းကလည်း သိပ်သေချာတယ်။ ပြမယ့်လူရှိတယ်။ သူတို့ပြလိမ့်မယ်။ စိုင်းနုနဲ့ အင်အား တစ်ဆယ့်လေးငါးယောက်ထက် မပိုဘူး။ အဲဒီတော့ မင်း လက်ရွေးစင်နဲ့ ငါ့ဆီက မောင်ကိုတိုး အဖွဲ့ပေါင်းရင် လူ သုံးဆယ်လောက်တော့ ရှိမှာပေါ့ကွာ။ ဒီကနေ့ ခြေလုံ လက်လုံချီတက်။ မင်း အနည်းဆုံး သုံးလေးနာရီတော့ သွားရမယ်။ ဒီတော့ ဒီနေရာကနေ ဒီည ၁၂ နာရီလောက် ထွက်ပေါ့။ ထိတွေ့မှုရှိပြီးလို့ တိုက်ပွဲပြီးရင် အားလုံး မိုင်းရှူး ခဏပြန်ဝင်။ လမ်းမကြီးပေါ် ပြန်တက်ခဲ့၊ ကားကြိုလွှတ်ပေး မယ်။ လမ်းလုံခြုံရေးလည်း ယူထားပေးမယ်။ ကဲ ... မင်းဘာမေးစရာရှိလဲ''

''ဘာမှမရှိပါဘူးခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"မရှိရင်။ စီမံချက်အတိုင်း ဆက်လုပ်တော့။ ငါ ပြန်မယ်။ စိတ်ချနေမယ်နော်။ မင်းအောင်မြင်တဲ့ သတင်းကို စောင့်နေမယ်"

"စိတ်ချပါတပ်ရင်းမှူး"

ဗိုလ်ကြီးသိန်းထွန်းသည် အတန်းပညာ သိပ်မရှိသော်လည်း စစ်ရေးစွမ်းရည်ရှိသူဖြစ်၏။ ထို့ကြောင့် အထက်တပ်မှူးများ ထောက်ခံချက်ဖြင့် အကြပ်ကြီးမှ ဗိုလ်သင်တန်းတက်ကာ အရာရှိဖြစ်လာသူဖြစ်သည်။ သူနှင့် တိုက်ပွဲကြီးတစ်ပွဲ ကျွန်တော် တိုက်ခဲ့ဖူးသည်။ ထိုတိုက်ပွဲတွင် သူသည် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့၏။ ထိုဖြစ်စဉ်ကို ဤဝတ္ထု၏နိဂုံးချုပ်အပိုင်း၌ ထည့်သွင်းဖော်ပြပေးပါမည်။

## ရန်သူနှင့်ထိတွေ့ပြီ

ဇူလိုင်လ ၃ ရက်နေ့ည၏ လဆုတ်ပက္ခ လကွက်ပြူစဖြစ်နေပြီ။ အချိန်က ည ၁၂ နာရီ၊ လထွက်သည်မှာ တစ်နာရီကျော်ရှိပြီ။ မိုးတွင်းမို့ ကောင်းကင်၌ တိမ်တောင်တိမ်လိပ်များက ကွက်ကျားကွက်ကျား ရှိနေသည်။ ဗိုလ်ကြီးသိန်းထွန်း ဦးဆောင်သော လက်ရွေးစင်





ကွန်မန်ဒိုတပ်စု၌ အားလုံး လူ ၂၈ ယောက် ပါ၏။ ဖားဒီး လမ်းခွဲမှ ဟိုက်ပါသို့ လူသွားလမ်းမကြီးရှိသည်။ ဤလမ်းမကြီးအတိုင်း လျှောက်ပါက ရည်မှန်းချက်သို့ ၂ နာရီကျော်ကျော်တော့ လျှောက်ရပေမည်။

"ကဲ ... သွားကြစို့။ အသံမပြည်စေနဲ့။ မီးမသုံးနဲ့။ လမ်းမကြီးအတိုင်း မြောင်ပြီး ဆရာကြီးမောင်ကိုတိုး အဖွဲ့က ရှေ့ကသွား။ ရွာနားရောက်ရင် ပြော။ အဲဒီကျရင် ဒို့သုံးဖွဲ့ ခွဲမယ်။ အဖွဲ့ (၁)၊ (၂)၊ (၃) ပေါ့ကွာ။ ထိပ်ပိတ်နှစ်ဖွဲ့နဲ့ ချေမှုန်းရေးတစ်ဖွဲ့ အဲဒီလိုလုပ်လိုက်မယ်"

ထိုသို့ တာဝန်ခွဲပြီး စုရပ်မှ ခြေလုံလက်လုံဖြင့် ချီတက်ခဲ့ကြသည်။ ည ၁၂း၃၀ နာရီတွင် ချီတက်ခဲ့ကြခြင်း ဖြစ်၏။ တစ်လမ်းလုံး စကားမပြောဘဲ ညချီတက်မှုဖြင့် ချီတက်လာကြရာ ဟိုက်ပါရွာအနီးသို့ မနက် လေးနာရီထိုးမှ ရောက်ရှိတော့၏။

"တပ်ခွဲမှူး ... အဲဒါ ဟိုက်ပါရွာပဲ"

ပွိုင့်က ဆရာကြီးမောင်ကိုတိုးက သတင်းပို့သည်။

"ဒီကောင်တွေက ဘယ်မှာနေတာတဲ့လဲ"

"ရွာအရှေ့ဘက်က ချောင်းဘေးမှာနေတယ်ရှို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်''

''ကောင်းပြီ။ အဲဒါဆိုရင် ဆရာကြီးမောင်ကိုတိုးက မြောက်ဘက်ထိပ်ကို ပိတ်ထားမယ်။ တပ်စိတ် တစ်စိတ်နဲ့ လူ ၁၀ ယောက် အပြည့်ခေါ်သွား။ ကျွန်တော်နဲ့ ကျန်တဲ့ လူတွေ အကုန်လုံးက အလယ်ခေါင် ဝင်ချမယ်။ လိုရင် တစ်ဖွဲ့ကို တောင်ဘက်ပိတ်ခိုင်းထား။ ကဲ ... ရွာရှောင် ပြီး ချောင်းကိုကပ်ကြစို့''

ဟိုက်ပါရွာမှာ အစု သုံးစုခန့်ဖြစ်နေသည်။ တစ်စု လျှင် အိမ်လေးငါးဆယ်လုံးစီ ရှိနေ၏။ အားလုံးက တဖြောက် ဖြောက်ရွာနေသော မိုးအောက်တွင် အိပ်မောကျနေကြ၏။ ခြေလုံလက်လုံ အသံလုံစနစ်ဖြင့် ချဉ်းကပ်သွားကြရင်း ကိုက် ၁၀၀၀ ကျော်အကွာအဝေးအား တစ်နာရီနီးပါး ချဉ်းကပ်ရ သည်။

''တပ်ခွဲမှူး ... အဲဒါ စိုင်းနုတို့တဲတွေပဲ''

ပါလာသည့် လမ်းပြ သကဆဖ ၂ ဦးက ပြော၏။

ချောင်းစပ်၌ ခြေတံရှည်တဲလေးငါးခြောက်လုံးအား ခပ်ကျဲကျဲ တွေ့ရသည်။ တစ်လုံးနှင့်တစ်လုံး ကိုက် သုံးလေး ငါးဆယ် ကွာ၏။ မိမိ ကွန်မန်ဒိုတပ်စုက တရွေ့ရွေ့





ချဉ်းကပ်သွားရာ တဲများနှင့် ကိုက် နှစ်ဆယ်ခန့်ကွာ အရောက်တွင် ...

''အဖွဲ့စံ''

ရှမ်းလိုလှမ်းမေးလိုက်ခြင်း ဖြစ်၏။

''ဘယ်သူ့အဖွဲ့လဲဟေ့''

ထိုသို့ အသံထွက်လာသည်နှင့် ဗိုလ်ကြီးသိန်းထွန်း က တိုက်ပွဲဝင်ဖို့ တပ်ဖွဲ့များအား ပစ်မိန့်ပေးလိုက်တော့ သည်။

''ပစ်''

''ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ... ဒက်''

''ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း''

မနက် ၅း၂၀ နာရီတွင် စတင်၍ မိမိချေမှုန်းရေး တပ်ဖွဲ့မှ အနီးကပ် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ တဲ အသီးသီးမှ ရန်သူများ ရုတ်တရက် အံ့အားသင့်ကာ တဲများ ပေါ်မှ ခုန်ချ ထွက်ပြေးကြ၏။ အရှေ့ဘက်တွင် ချောင်းခံ နေသဖြင့် ရန်သူများသည် မြောက်ဘက်နှင့် တောင်ဘက်သို့ နှစ်ဖွဲ့ခွဲပြီး ဒရောသောပါး ထွက်ပြေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးမောင်ကိုတိုး ခင်ဗျားဘက်ကို တစ်ဖွဲ့ ဆုတ်ပြေးသွားပြီ။ ဆီးပစ် ... ဆီးပစ်။ တို့အဖွဲ့က တောင်ဘက်ဆုတ်တဲ့ကောင်တွေကို ဆက်လိုက် ... ဆက်လိုက်"

တောင်ဘက်ဆုတ်သည့်အဖွဲ့မှာ ခေါင်းဆောင် စိုင်းနုကိုယ်တိုင် ပါသွားသည်။ ဒဏ်ရာပြင်းထန်စွာ ရသွားကြ၍ လမ်းတစ်လျှောက် သွေးကွက်ကြီးများ အများအပြား တွေ့နေရ၏။

"ဒီကောင်တွေ မပြေးနိုင်ဘူးကွ။ လိုက်ထား ... လိုက်ထား။ ဟော့ ... ရှေ့က ချောင်းစပ်ကို ၇၉ လေးငါးဆယ်လုံး ပစ်ကွာ"

ဗိုလ်ကြီးသိန်းထွန်းက အော်ဟစ် အမိန့်ပေးသည်။

ချောင်းစပ်အတိုင်း ပြေးနေကြသည့် ရန်သူများကို အတိုင်းသား မြင်နေရ၍ ချေမှုန်းရေးအဖွဲ့က အဆက်မပြတ် လိုက်ပစ်သည်။ ဒဏ်ရာရနေသော ရန်သူများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်တော့၏။ ထက်ကြပ်လိုက် စစ်ဆင်မှုမှာ နာရီဝက်ခန့်အကြာတွင် လုံးဝ ပြီးသွားတော့၏။ လမ်းတစ်လျှောက် နောက်မှ လိုက်လံပစ်ခတ်မှုကြောင့် ရန်သူ လေးငါးဦး ထပ်မံကျဆုံးသွား၏။ လက်နက်များပါ





သိမ်းဆည်းရမိ၏။ ကျဆုံး လူများထဲ၌ အသားဖြူဖြူ ချောချော. S.S.A ယူနီဖောင်းနှင့် လေးဆယ့်ငါးမို့ ပစ္စတို တစ်လက်ကိုင်ထားသူ တစ်ယောက်ကို တွေ့ရသည်။

"ဗိုလ်ကြီး ... သူ စိုင်းနုပဲ"

သကဆဖတစ်ဦးက ပြောလာသည်။

"ဟေ ... ဟုတ်လား။ ကောင်းတာပေါ့ကွာ"

မိုးစင်စင်လင်းပေပြီ။ တိုက်ပွဲသံများလည်း ငြိမ်သွားပြီ။ တိုက်ပွဲချိန်က တစ်နာရီကျော်သာ ကြာ၏။ ရွာသားတွေလည်း သေနတ်သံများကြောင့် ပုန်းအောင်းနေရာမှ ထွက်လာကြ၏။ တိုက်ပွဲဖြစ်ရာ တဲစုသို့ ပြန် ရောက်လာရာ တဲပေါ်တွင် လူ ၄ ယောက် အသက်ပျောက်နေ၏။ လက်နက်ငယ်လေးလက် တဲပေါ်မှ ရလိုက်သည်။ လိုက်စစ်ဆင်စဉ် ရန်သူ့ထံမှ လက်နက်ငယ် ၅ လက် ထပ်မံရခဲ့သည်။

"ကဲ ... ဆရာကြီးမောင်ကိုတိုး ရတာတွေ အကုန်သိမ်းဗျာ။ သေနတ်က ခင်ဗျားဆီက လေးလက်၊ ကျွန်တော်က ငါးလက် ပေါင်း ကိုးလက်ပေါ့။ လူက ကျွန်တော့်ဘက်က ၇ ယောက်၊ ဒီတဲပေါ်မှာ ၄ ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း ၁၁ ယောက်ဖြစ်မယ်။ ခင်ဗျားဘက်က လွတ်သွားတဲ့ လူ ရှိသေးလား''

''တစ်ယောက်တော့ လွတ်သွားတယ် ဗိုလ်ကြီး''


''ကျွန်တော့်ဘက်ကလည်း အစွန်ဆုံးတဲက သုံးယောက်တစ်ဖွဲ့ လွတ်သွားတယ်။ ကျွန်တော်တို့တစ်ဖွဲ့လုံး ဘာမှအထိအခိုက်မရှိဘူးဆိုတော့ ပြီးတာပါပဲ။ ကဲ ရွာခဏဝင်ပြီး သွားကြစို့''

ဟိုက်ပါရွာသို့ရောက်သောအခါ မနက် ဝရး၀၀ နာရီကျော်ပေပြီ။ ရွာလူကြီးကို ခေါ်တွေ့ပြီး ...

''ကဲ ... ပူကျယ် ရွာသူရွာသားတွေ မကြောက်ဖို့ ပြောပေးပါဗျာ။ ကျွန်တော်တို့ မိုင်းရှူးတပ်ကပါ။ စိုင်းနုနဲ့အဖွဲ့ သတင်းရလို့လာတိုက်တာ။ စိုင်းနုတော့ ကျသွားပြီ။ အားလုံး ၁၁ ယောက်။ အဲဒါ ပူကျယ်ကြီး သင်္ဂြိုဟ်ပေးပါ။ ရော့ ဒီမှာ သင်္ဂြိုဟ်စရိတ်။ ဗုဒ္ဓဘာသာဆိုတော့ ဆွမ်းလေး ဘာလေးလည်း သွတ်ပေး လိုက်ပါဗျာ။ အလုပ်သဘောမို့ လုပ်ရတာ။ အချင်းချင်း စိတ်မကောင်းပါဘူး''

''ဘယ်တတ်နိုင်မလဲ ဗိုလ်လုံရယ်။ ကျွန်တော် ကောင်းကောင်းသင်္ဂြိုဟ်ပေးလိုက်ပါ့မယ်''


မြရတနာစာပေ



၁၉၉၀ ပြည့်နှစ်က လှိုင်ကော်ရောက် စာရေးသူနှင့် ရတခလရ(၆) စစ်ကြောင်း (၁)မှ အရာရှိများ
နောက်တန်း ဘယ်မှညာ နံပါတ်(၅) မြောက် အရာရှိမှာ
ဟိုက်ပါတိုက်ပွဲကို အနီးကပ်ကြီးကြပ်ခဲ့သည့် ဗိုလ်ကြီးသိန်းထွန်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





လွန်ခဲ့သည့် အနှစ် (၂၀) ခန့်က စာရေးသူ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့
အမှတ် (၆) ခြေလျင်တပ်ရင်း (ရွှေပြည်သာ)



မနက် ဝ၈း၀၀ နာရီတွင် ဗိုလ်ကြီးသိန်းထွန်းနှင့် ခလရ (၆) ကွန်မန်ဒိုတပ်စုသည် ဟိုက်ပါရွာမှ လျင်မြန်စွာ ထွက်ခွာလာခဲ့လေတော့သည်။

မိုးစဲသွားပြီဖြစ်၍ အရှေ့ဘက်မှ ဖြာကျလာသော နေခြည်များက တောတောင်များနှင့် စိမ်းလန်းစိုပြည် နေသော ဟိုက်ပါပတ်ဝန်းကျင်တစ်ခုလုံး ထွန်းလင်းလျက် ရှိပါသတည်း။

### တိုက်ပွဲသုံးသပ်ချက်များ

ဤတိုက်ပွဲများနှင့် ပတ်သက်ပြီး ဦးစွာပထမ အထက်ဌာနချုပ်များ၏ တိုက်ပွဲသုံးသပ်ချက်များကို ဖော်ပြပါမည်။

ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်မှ ကွပ်ကဲမှုအောက်တပ်များသို့ အောက်ပါအတိုင်း ကြေးနန်းဖြင့် မှတ်ချက်ပြုကာ ရတခလရ (၆) အား ချီးကျူးခဲ့သည်။

"ရှမ်းသကာသ ရင်း (၈၀၁) မှ အိုက်နုဦးစီးခင်အား ၁၅ ယောက်သည် ဟိုက်ပါတစ်ဝိုက်တွင် အောင်းလျက်ရှိကြောင်း သတင်းအရ ရတခလရ



www.burmeseclassic.com

www.burmeseclassic.com



(၆) ရင်းမှူးသည် လက်ရွေးစင် အရာရှိစစ်သည် ၂၈ ယောက်အား ရွေးချယ်ဖွဲ့စည်းပေးပြီး ညချီတက်မှုဖြင့် သတင်းဖော်ထုတ် ချေမှုန်းရေး ဆောင်ရွက် စေခဲ့ရာ ၈၈ ၌ ၀၄၀၄၅၅ အချိန် ရသ နှင့် ထိတွေ့မှုဖြစ်ပြီး မိမိ ထိခိုက်မှုလုံးဝမရှိဘဲ အိုက်နုအပါအဝင် ရသ အလောင်း ၁၁ လောင်းနှင့် လက်နက်ငယ် အမျိုးစုံ ၉ လက် သိမ်းဆည်းရမိခဲ့''

''ရင်းမှူးသည် ရသ သတင်းရလျှင်ရချင်း ၄င်းရသသတင်းအား အကျိုးရှိစွာ စီမံဆောင်ရွက်မှု ကောင်းမွန်ခြင်း၊ ပြင်ဆင်ဖွဲ့စည်း လေ့ကျင့်မှု ကောင်းမွန်ခြင်း၊ တိုက်ပွဲဝင်အရာရှိစစ်သည်များ၏ အပင်ပန်းခံပြီး ညချီတက်မှုပြုလုပ်၍ ရန်သူကို လျှပ်တစ်ပြက် အငိုက်ရယူ တိုက်ခိုက်ချေမှုန်းနိုင်ခြင်းတို့ကြောင့် အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်''

''စီမံမှုကောင်းမွန်သည့် ရင်းမှူးကြည်း ၉၄၄၆ ဒုမှူးကြီး သိမ်းမောင် တပ်ခွဲမှူးကြည်း ၁၆၀၈၈ ဗလ သိန်းထွန်းနှင့် တိုက်ပွဲဝင်အကြပ်စစ်သည်များ၏ လုပ်ဆောင်ချက်များအား တပ်မမှူးမှ ချီးကျူးဂုဏ်ပြု





မှတ်တမ်းတင်ကြောင်း အကကပါသည်''

အလားတူပင် ရပခခေါ် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှလည်း ကွပ်ကဲမှုအောက်တပ်များသို့ အောက်ပါအတိုင်း ကြေးနန်းပို့ကာ ရတခလရ (၆) အား ဟိုက်ပါတိုက်ပွဲနှင့် ပတ်သက်ပြီး မှတ်ချက်ပြု ချီးကျူးခဲ့ပြန်ပါသည်။

''အက်စ်အက်စ်အေ ရင်း (၈၀၁) မှ ခွဲမှူးအဆင့်ရှိ အိုက်နုခေါင်းဆောင်သည့် အင်အား ၁၅ ယောက်ခန့်သည် ဟိုက်ပါရွာအနီးတွင် ခိုအောင်းနေကြောင်း သတင်းအရ ရတခလရ (၆) ရင်းမှူးသည် ခွဲတကက မောင်ကိုတိုး ဦးစီးအင်အား ၁၂ ယောက်၊ မိုင်းရှူး သကဆဖ ၂ ယောက်နှင့်အတူ မိုင်းရှူးမှ ၁၈ ၌ ၀၃၁၇၀၀ ချိန်တွင် ဖားခီးစခန်းမှ ဗကသိန်းထွန်း ဦးစီး ၄ ယောက်နှင့် လမ်းတွင် တွေ့ဆုံပြီး ပူး ပေါင်းခဲ့''

''ရင်းမှူးသည် ရန်သူသတင်းနှင့် ကျင့်သုံးရသည် စစ်နည်းဗျူဟာများကို တိုက်ပွဲဝင်တပ်ဖွဲ့သို့ အသေးစိတ် ညွှန်ကြားပြီး မိုင်းရှူးသို့ ပြန်လည်ချီတက်ခဲ့၊ ဗကသိန်းထွန်း၊ ဦးစီးအဖွဲ့သည် ၌ ၀၄၀၀၃၀



www.burmeseclassic.com

www.burmeseclassic.com



ချိန် ဆုံရပ်မှ လူနေတဲများကို ရှောင်ကွင်း၍ ရည်မှန်းချက်အား ချဉ်းကပ်ခဲ့ရာ ဟိုက်ပါအနီး နမ့်ပန်ချောင်းစပ်၌ ရသအဖွဲ့အား တဲများတွင် ဖြန့်ခွဲ အခြေပြုလျက်ရှိသည်ကို တွေ့ရှိ၍ အတင်းဝင်ရောက် တိုက်ခိုက်ခဲ့၊ ရသမှ အပြင်းအထန် ခုခံပြီး ၀၅၂၀ ချိန် မြောက်နှင့်တောင်သို့ အဖွဲ့ခွဲကာ ဆုတ်ခွာထွက်ပြေး သွားခဲ့၊ ဖြစ်စဉ်တွင် ရသ ၄ ယောက်ကျ (အလောင်းရ)၊ ဘီအေ ၆၄ တစ်လက်၊ အမ် ၇၉ တစ်လက်၊ အမ် ၂၁ နှစ်လက် လက်နက်ငယ် ၄ လက် သိမ်းဆည်းရမိခဲ့''

''ဆုတ်ခွာသွားသော ရန်သူနောက်သို့ ထက်ကြပ်လိုက်လံ ရှင်းလင်းရာ လမ်းတွင် တိုက်ပွဲများ အဆင့်ဆင့် ထပ်မံဖြစ်ပွားပြီး ၀၆၃၀ ချိန် တိုက်ပွဲပြီးဆုံးသွားခဲ့။ ဒုတိယဖြစ်စဉ်တွင် ရန်သူခေါင်းဆောင် အိုက်နူ အပါအဝင် ၇ လောင်းရ၊ ပို့င့် ၄၅ ပစ္စတို တစ်လက်၊ အမ် ၂၁ နှစ်လက်၊ အမ် ၂၂ တစ်လက် ဘီအေ ၇၂ တစ်လက်၊ ပေါင်း လက်နက်ငယ် ၅ လက် သိမ်းဆည်းရမိခဲ့''





''ဖြစ်စဉ်အားလုံးတွင် မိမိထိခိုက်မှု မရှိဘဲ ရသ ၁၁ လောင်းကျ၊ အလောင်းရ၍ လက်နက်ငယ် ၉ လက်နှင့် ခဲယမ်း အမြောက်အမြား သိမ်းဆည်းရမိခဲ့''

''ဖြစ်စဉ်တွင် ရသ သတင်းထောက်လှမ်း ဖော်ထုတ်မှုနှင့် ရရှိသည့်သတင်းကို မှန်ကန်စွာ တည်ဆောက်နိုင်ခဲ့ခြင်း၊ မိမိတပ်နှင့် နယ်မြေခံ သကဆဖ အဖွဲ့အား စနစ်တကျ ပူးပေါင်းဖွဲ့စည်းခဲ့ခြင်း၊ ရင်းမှူး ကိုယ်တိုင် ရှေ့တန်းကျကျသွားရောက်၍ တိုက်ပွဲဝင်စစ်သည်များကို ညွှန်ကြားခဲ့ခြင်း၊ ညချီတက်မှုကို အကျိုးရှိစွာ အသုံးချပြီး လုံခြုံမှု၊ ဖုံးကွယ်မှု၊ လျှို့ဝှက်မှုများ ရယူကာ အပင်ပန်းခံ၍ စစ်နည်းဗျူဟာမြောက် ချီတက်ခဲ့ခြင်း၊ ခေါင်းဆောင်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အုပ်ချုပ်မှု၊ စီမံကွပ်ကဲမှု၊ ပစ်ခတ်မှုဆိုင်ရာ ထိန်းသိမ်းမှုများ ထိရောက်ကောင်းမွန်ခြင်း၊ ရည်မှန်းချက်တာဝန်ကို ရာနှုန်းပြည့်နီးပါး အကောင်အထည် ဖော်နိုင်ခြင်းတို့ကြောင့် စနစ်တကျ စီမံခန့်ခွဲ ညွှန်ကြားခဲ့သည့် ရင်းမှူး ကြည်း ၉၇၄၅ ဒုမှူးကြီးသိမ်းမောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်ခွဲမှူး ကြည်း ၁၆၀၈၈ ဗကာသိန်းထွန်း အပါအဝင် တိုက်ပွဲဝင် စစ်သည်များနှင့် မိုင်းရှူး သကဆဖ ၂ ဦးတို့အား တိုင်းမှူးမှ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း အကကပါသည်။''

အထက်ဌာနချုပ်များဖြစ်သည့် တိုင်းနှင့် တပ်မက အထက်ပါအတိုင်း သုံးသပ်ကာ ချီးကျူးသည့် ကြေးနန်းများ ထုတ်ပြန်ပေးခဲ့ပါသည်။

အထက်ပါ သုံးသပ်ချက်များမှာ ယေဘုယျသုံးသပ်ချက်များဟု ရှုမြင်ပါသည်။ ကျွန်တော်၏ ရှုမြင်သုံးသပ်ချက်များနှင့် အနည်းငယ် ကွာခြားပါသည်။ ကျွန်တော်၏ သုံးသပ်ချပ်များက လူပုဂ္ဂိုလ်များ၏ စိတ်နေ စိတ်ထားနှင့် ပိုမိုနီးစပ်ပါသည်။ သို့ဖြစ်၍ ကျွန်တော် ရှုမြင်သုံးသပ်ချက်ကို လေ့လာဖတ်ရှုကြည့်ရန် ဖြစ်ပါသည် ခင်ဗျား။

**စာရေးသူ၏သုံးသပ်ချက်**

ကျွန်တော်၏ သုံးသပ်ချက်မှာ ဤတိုက်ပွဲအောင်မြင်မှုသည် စိတ်မြန် ကိုယ်မြန်နှင့် လုပ်ချင် ကိုင်ချင်စိတ်ရှိသော ဗိုလ်မှူးကြီးသိန်းမောင်မှ စသည် ထင်ပါသည်။





ရန်သူသတင်းရသည့် ၁၉၈၈ ခုနှစ် ဇူလိုင် လ ၂ ရက်နေ့တွင် သူသည် ခလရ (၆) ရွှေပြည်သာမှ နမ့်စမ်တပ်သို့ တပ်ပြောင်းမိန့် ထွက်နေပြီဖြစ်ပါသည်။ ဤတိုက်ပွဲကို မတိုက်ဘဲနေ၍လည်း ရပါသည်။ အသာလှို့ထား၍ရပါသည်။ သို့ရာတွင် သူသည် ရန်သူ့သတင်း ရသည်ဆိုလျှင်ပင် တိုက်ဖို့ခိုက်ဖို့ ပြင်သည်။ သားကောင်အနံ့ရသည့် ကျား၊ ခြင်္သေ့များနှယ် ရန်သူ့သတင်းကို အနံ့ခံကာ သေချာသည်နှင့် အသင့်စုဖွဲ့ထားသည့် သူ့လက်ရင်းတပည့်ကြီးမောင်ကိုတိုးနှင့် လက်ရွေးစင် ကွန်မန်ဒိုစစ်သည်များကို တာဝန်ပေးတော့၏။

ရန်သူက မိုင်းရှူးဒေသတွင် နာမည်ကြီး **Fighter** ဖြစ်နေ၍ လက်ရည်တူအရာရှိတစ်ဦးလိုနေရာ ဗိုလ်ကြီးသိန်းထွန်းကို သူ ရွေးချယ်ခဲ့သည်။ လူရွေးမှန်သွားပါသည်။ ဗိုလ်ကြီးသိန်းထွန်းသည် အနီးကပ်တိုက်နည်း နည်းပြတပ်ကြပ်ကြီးဘဝမှ ဗိုလ်ဖြစ်လာသူဖြစ်သည်။ ရန်သူနှင့် ထွေးလုံးရစ်ပတ်တိုက်ခိုက်ရာတွင် အထူးကျွမ်း ကျင်သည်။ ဤတိုက်ပွဲတွင်လည်း ချေမှုန်းရေးတပ်ဖွဲ့ကို သူကိုယ်တိုင် အနီးကပ်ကွပ်ကဲကာ ရန်သူ့တဲများကို ချဉ်းကပ်၍ သူက



www.burmeseclassic.com

www.burmeseclassic.com



စပြီး ပစ်ခိုင်းခြင်းဖြစ်သည်။

ဤနေရာတွင် ဗိုလ်ကြီးသိန်းထွန်းနှင့် ပတ်သက်သည့် ကျွန်တော်၏ အမှတ်တရတစ်ခုကို တင်ပြလို ပါသည်။

၁၉၉၀ ခုနှစ်ကဖြစ်သည်။ တပ်ရင်းမှူးတာဝန်နှင့် ပဋ္ဌမအကြိမ် စစ်ဆင်ရေး ကျွန်တော် ထွက်လာခဲ့ ခြင်းပါပင်။ ဒီတပ်နဲ့ ငါးကြိမ်မြောက် ရှေ့တန်းသို့ထွက်ခဲ့ခြင်းဖြစ်ရာ အားလုံးနှင့် ရင်းနှီးနေပါပြီ။ ဗိုလ်ကြီးသိန်းထွန်းနှင့်လည်း ရင်းနှီးနေပြီ။ သူသည် အသားညိုညို၊ ကိုယ်လုံးတောင့်တောင့်၊ ထောင်ထောင်မောင်းမောင်း။ အသက်က သုံးဆယ်ကျော်ကျော်။ တကယ့် ဂျူဒိုသမားပုံ။ စကားနည်း၏။ ထွေလီကာလီ သိပ်မပြောတတ်။ သူနှင့်ပတ်သက်၍ ထူးခြားချက်တစ်ခုမှာ ထိုစဉ်က ခလရ (၆) တပ်ရင်း အရာခံဗိုလ် ဆရာကြီးမျိုးအောင်နှင့် ဒေါ်မြင့်မြင့်တို့သည် သူ့ယောက္ခမများဖြစ်နေခြင်းပင်။ သူတို့သည် လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဗထူးရှိ တပ်ကြပ် သင်ကျောင်း၌ အတူနေခဲ့ဖူးရာ အသက် ၂၀ ကျော်ကျော် တပ်ကြပ်ကြီးသိန်းထွန်းဘဝမှာ ဒုအရာခံဗိုလ်မျိုးအောင်၏ သမီးအကြီး ဝတ်ရည်နှင့် ရလာခဲ့ခြင်းဖြစ်၏။ ထို့နောက် ဗိုလ်ကြီးသိန်း





ထွန်းက ကလေး ၃ ယောက်အဖေ အရာရှိ၊ ဆရာကြီးမျိုးအောင်က ပ အရာခံဗိုလ်ဘဝနှင့် ခလရ (၆) တွင် ပြန်လာဆုံကြခြင်းဖြစ်သည်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပေါ့ ခင်ဗျာ။ ဗိုလ်ကြီးသိန်းထွန်းနှင့် ပတ်သက်ပြီး ကျွန်တော် အမှတ်ရနေသည့် ရှေ့တန်း အတွေ့အကြုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၉၀ အောက်တိုဘာ သီတင်းကျွတ်အပြီး၌ ကျွန်တော်နှင့် တပ်ခွဲသုံးခွဲသည် မဲနယ်တောင်တန်းကြီးပေါ်၌ လှုပ်ရှားနေရ၏။

တစ်ရက်တွင် ကျွန်တော့်အထက်ဌာနဖြစ်သော နမ့်စမ်ဗျူဟာမှ ဗျူဟာမှူးက မိုးဖြဲကိုကယန်းဗိုလ်ပုံနှင့် အင်အား ၂၀၀ လောက် ဝင်တိုက်သွားကြောင်း၊ ထို့ကြောင့် မဲနယ်တောင်တန်းပေါ်ရှိ ကျွန်တော့်စစ်ကြောင်း ဌာနချုပ်နှင့် တပ်ခွဲသုံးခွဲ မိုးဖြဲသို့ အပြန် ဝင်လာခဲ့ရန် ညွှန်ကြားပါတော့သည်။ မဲနယ်တောင်တန်းပေါ်က တပ်ခွဲ ၂ ခွဲနှင့် အပြေးဆင်းချသွားသည်။ ခရီးလွန်နေသည့် တစ်ခွဲကို နောက်မှ လိုက်လာခိုင်းလိုက်၏။ ညကိုးနာရီတွင် ကျွန်တော်နှင့် ၂ ခွဲ မိုးဖြဲရောက်သွား၏။ ဗျူဟာမှူး ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



ကြီးလှိုင်ထွန်းအား မသာယာသောမျက်နှာနှင့် မိုးဖြိုးရေကာတာမှ ဆည်မြောင်းညှိရိပ်သာကြီးတွင် တွေ့ရတော့၏။ ကျွန်တော်နှင့်တွေ့တော့ ဗျူဟာမှူးက ရန်သူများ အနောက်ဘက် ဆုတ်သွားကြောင်း၊ ချက်ချင်းလိုက်စေလိုကြောင်း၊ ဒို့ကို လာမထိနဲ့၊ ထိရင် မင်းတို့မှတ်လောက်သားလောက်အောင် လက်တုံ့ပြန်မယ်ဆိုတာကို ရန်သူတွေ သဘောပေါက်စေလိုကြောင်း မှာကြားပါတော့သည်။

ဗျူဟာညွှန်ကြားချက်အရ ကျွန်တော်နှင့် တပ်ခွဲနှစ်ခွဲသည် မိုးဖြိုးမှ အနောက်ဘက် ပီကင်းလွယ်ယိမ်းဘက်သို့ ညတွင်းချင်း ထွက်ခဲ့ရ၏။ မိုးက ကောင်းစွာ မပြတ်သေး။ ထိုညက မိုးတဖြောက်ဖြောက်၊ မြေပုံမပါဘာမပါနှင့်၊ မိုးဖြိုးက အနောက်ဘက်ကို ရမ်းတုတ် မှန်းတုတ် ညမှောင်မှောင် လမှောင်မှောင်ဖြင့် ချီတက်ခဲ့ရ၏။ တပ်ခွဲမှူးများမှာ ဗိုလ်ကြီးသိန်းထွန်းနှင့် ဗိုလ်လွင်ဦးတို့ ဖြစ်ကြ၏။ ဗိုလ်ကြီးသိန်းထွန်းက စီနီယာကြီးမို့ ရှေ့ကသွားခိုင်းရသည်။ ဗိုလ်လွင်ဦးက ဂျူနီယာမို့ ကျွန်တော့်စစ်ကြောင်းနှင့် တွဲထားသည်။

ထိုနေ့ညက လမ်းက ပဒေါင်ရွာကလေးတစ်ရွာမှာ





အိပ်လိုက်သည်။ အိပ်တော့ ည ၁၂ နာရီကျော်ပေပြီ။ နောက်တစ်နေ့ မိုးလင်းမှာ ဆက်ထွက်ကြသည်။ လမ်းတွင် ကောင်းဆောင်းဆိုသည့် ပဒေါင်ရွာကလေး၌ ရန်သူ့နောက် လိုက်နေသည်။ ရွှေညောင်တပ်မှ စစ်ကြောင်းကို သွားတွေ့သည်။ စစ်ကြောင်းမှူး ဗိုလ်မှူးခင်မောင်ဝင်းနှင့်တွေ့၍ သတင်းမေးတော့ ...

"ရန်သူအင်အား ၂၀၀ ခန့် မနေ့က ဒီရွာကို ဖြတ်ပြီး တောင်ဘက်က လွယ်ပါရင်းတောင်ကြီးပေါ် တက်သွားတယ်" ဟု သတင်းပေးတော့၏။

အချိန်က မနက် ကိုးနာရီကျော် ဆယ်နာရီ။

ကျွန်တော်နှင့် တပ်ခွဲ ၂ ခွဲ ရန်သူရှိမည်ထင်ရသော လွယ်ပါရင်းတောင်ကြီးကို ဆက်ထွက်ခဲ့ကြ၏။ ရွာနှင့် တောင်ခြေရင်းမှာ တစ်မိုင်ခန့်ရှိပါမည်။ သတင်းထောက် အနက်ကောက်ရင်း တောင်ပေါ်ကို ဖြည်းဖြည်း တက်သွားကြရာ ဗြုန်းဆို စစ်ကြောင်းကြီး တောင်ခါးလယ်အရောက်၌ ရန်သူအတိုက်ခံရတော့၏။ လွယ်ပါရင်းမှာ ကျောက်တောင်ကြီးဖြစ်၍ အတော်မတ်ပါသည်။ ကျွန်တော်တို့အပေါ် မိုးနေ၏။ ရန်သူက တောင်ပေါ် နေရာကောင်းများ၌



www.burmeseclassic.com

www.burmeseclassic.com



ဆီးပစ်နေရာ ကျွန်တော့်စစ်ကြောင်းမှာ Pin Down မိသွားသည်။ ရန်သူပစ်သမျှ ခေါင်းငုံ့ခံနေရ၏။ ဗိုလ်ကြီး သိန်းထွန်း၏ တပ်ခွဲပို့ုင့်တပ်စုမှ စက်လက် G-4, G-3 များဖြင့် တဝေါဝေါ ပြန်ပစ်နေ၏။ သို့ရာတွင် ရန်သူက အပေါ် ကျွန်တော်တို့က အောက်၊ ကြာရင်တော့ အထိ အနိုက်အရှအနာတွေ ရှိလာနိုင်၏။ ရန်သူ့ ကျည်ဆန်များ သည် ကျွန်တော်တို့ ခေါင်းပေါ်ရှိ အင်ပင်၊ ကညင်ပင်များကို တဖြိုးဖြိုး တဖြောက်ဖြောက် လာမှန်နေ၏။ တိုက်ပွဲကို ကြာကြာစိမ်ထား၍ မရ။ ထို့ကြောင့် လှုပ်ရှားစစ်ကစားရန် ဆုံးဖြတ်လိုက်၏။

"ဟေ့ . . . ဗိုလ်တင်ကိုကို . . . ဗိုလ်ကြီးသိန်းထွန်း ခေါ်ကွာ"

ရန်သူနှင့် ကျွန်တော်တို့မှာ နည်းနည်းတော့ အလှမ်းဝေးပါသည်။ ကျွန်တော့်နေရာနှင့်ဆိုက ကိုက် ၄၀၀ ကျော် ၅၀၀ ခန့် ဝေး၏။ ဗိုလ်ကြီးသိန်းထွန်း၏ ပို့ုင့် တပ်ခွဲနှင့်ဆိုက ကိုက် ၂၀၀၊ ၃၀၀ ဝေးသည်။ သူ့ ပို့ုင့် တပ်ခွဲမှာ အင်၊ ကညင်ပင်များနှင့် ကျောက်တောင်ကျောက် ခက်များကို နေရာယူထားရ၏။ သိပ်တော့ မလုံခြုံပါ။





တစ်လုံးပြီးတစ်လုံး ကျလာသည့် ရန်သူ၏ M-79 ဗုံးသီးများ ထိသွားနိုင်သည်။ ကျောက်တောင်ကြီးမို့ ယခုအချိန်မှ ကျင်းလည်းတူး၍မရပါ။ အပေါ်စီးရထားသော ရန်သူမှ . . .

"ဟေ့ . . . စစ်ခွေးတွေ သတ္တိရှိရင် တက်လာ စမ်း။ လွတ်မြောက်ရေးတပ်ပေါင်းစုအကြောင်း သိသွားမယ်။ မိုးခြဲမှာ သေကုန်ကြတာ မမှတ်သေးဘူးလား"

ဟု အဆက်မပြတ်အော်နေသည်။

"ဗိုလ်ကြီးသိန်းထွန်း ရောက်ပါပြီ တပ်ရင်းမှူး"

"ကိုင်း . . . ဗိုလ်ကြီးသိန်းထွန်း ဒီပုံအတိုင်းဆို တပ်ဖြန့်လို့လည်း မရ။ အပေါ်လည်း မတက်နိုင်နဲ့ ထိ ကုန်မယ်။ လက်ရွေးစင်လူထုတ်ပြီး ဘယ်ဘက်တောင် စောင်းက ကုတ်ခြစ်တက်ပြီး အတင်းဝင်လုံးကွာ။ သိပ် အချိန်ဆွဲလို့မရဘူး။ ကြာရင် တို့နာသွားနိုင်တယ်။ ဒီက လက်နက်ကြီး ပစ်ကူပေးမယ်။ ၇၅ တော့ မပါဘူး။ ဒါပေမဲ့ ၆၀ မမနဲ့ ဘီအေ ၈၄ ကူပစ်ပေးမယ်။ ဘယ်နဲ့လဲ လုပ်ရဲ တယ်မဟုတ်လား"

ဗိုလ်ကြီးသိန်းထွန်းက တပ်ကြပ်ကြီးမှ တိုက်ရည် ခိုက်ရည်ကြောင့် ဗိုလ်ဖြစ်လာသူဖြစ်ပြီး စစ်ရေး အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြဲ့များလှ၏။ ထို့ကြောင့် . . .

"လုပ်ရဲပါတယ် တပ်ရင်းမှူး။ လက်ရွေးစင်အဖွဲ့ကို ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး တက်လုံးပါ့မယ်"

ဟု ရဲရဲတောက် အာမခံ၍ ချက်ချင်းလူရွေးကာ တက်သွား၏။

အားလုံး အကြပ်ချည်း တစ်စိတ်အပြည့်၊ G-3, G-4 နှင့် M-79 သုံးလက်ပါသွား၏။ ၃၆ လက်ပစ်ဗုံးများ တစ်ယောက်သုံးလုံးစီ ယူသွား၏။ ကျွန်တော်တို့က ရန်သူကို ယောင်ပြဖိပစ်ပေးနေစဉ်မှာပင် ဗိုလ်ကြီး သိန်းထွန်း၏ လက်ရွေးစင်အဖွဲ့က ဘယ်ဘက်တောင်ခါးပန်းမှ ကျောက်ဆောင်များကို ကုတ်ခြစ်တွယ်ကပ် တက်သွားကြ၏။ အပေါ်နှင့်အောက် သူပစ် ကိုယ်ပစ်ဖြင့် ၁၅ မိနစ်ခန့် "ဖောင်းခနဲ ဖောင်းခနဲ" ပစ်နေစဉ်မှာ ပင် . . .

"ဟေ့ . . . တပ်မတော်ကွ" ဆိုသည့် အော်သံဟစ်သံများနှင့်အတူ "ဒိုင်း . . . ဒိုင်း . . . ဒိုင်း" "ဒက် . . . ဒက် . . . ဒက်" "ဝုန်း . . . ဝုန်း . . . ဝုန်း"ဆိုသော လက်နက်ငယ်မျိုးစုံ၏အသံကို ကြားရ ၏။ ဗိုလ်ကြီးသိန်းထွန်းတို့၏ လက်ရွေးစင်အဖွဲ့ ပစ်ခတ်သံများ





ပါပေ။ အသံများမှာ ၁၀ မိနစ်ထက် ပိုမကြာပါ။ တောင်ပေါ်သို့ မော့ကြည့်၍ အခြေအနေကို စောင့်နေရ၏။

ထိုစဉ် ရုတ်ခြည်း အသံဗလံများ တိတ်သွားပြီး မီးကျည်အစိမ်းသုံးချက် "ဖောက် ဖောက် ဖောက်" ဟု မြည်ကာ အပေါ်သို့ ထောင်တက်လာ၏။

"ဟေး . . . ရန်သူတွေ ဆုတ်ပြီဟေ့။ တက်ကြကွ"

ရဲဘော်များက သံပြိုင်အော်လိုက်ကြ၏။

မီးကျည်အစိမ်းသုံးချက်မှာ ဗိုလ်ကြီးသိန်းထွန်းထံမှ အောင်ချက်ပြလိုက်ခြင်း ဖြစ်၏။ ကျွန်တော်တို့လည်း တောင်ပေါ်လမ်းအတိုင်း အမောတကော တက်သွားကြ၏။ ၁၅ မိနစ်သာ တက်ရ၏။ တောင်ပေါ်ရောက်သွား ၏။ တောင်တက်လမ်းအဆုံး ထိပ်တည့်တည့်တွင် ကျောက်ဂူကြီး တစ်လုံးကို စတွေ့ရ၏။ အောက်မှ လှမ်းမြင်နေရသည့် ဂူကြီးပင်ဖြစ်၏။ ခပ်လှမ်းလှမ်းတွင် ဂူငယ်လေးများလည်း ရှိသေး၏။ ရန်သူများက ထိုဂူကြီးထိပ်မှ ခံချနေခြင်း ဖြစ်၏။ ဗိုလ်ကြီးသိန်းထွန်းတို့က ဘယ်ဘက်မှတက်ပြီး ဘေးတိုက် ဝင်ပစ်လိုက်သည်နှင့် အနောက်ဘက်သို့ ဒရောသောပါး



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ပြေးသွားခြင်း ဖြစ်၏။


"ကဲ ... ဗိုလ်ကြီးသိန်းထွန်း အခြေအနေ ပြောပါဦး"

"ကျွန်တော်တို့ ၁၅ မိနစ်လောက် ကုတ်ခြစ်တက်ပြီး ဂူနားချဉ်းကပ်လာတာ သူတို့ကင်းနဲ့တိုးပြီး ကိုက် ၁၀၀ လောက်မှာ စပစ်ရတာ။ အလောင်း၊ လက်နက်မရပေမယ့် ဒီကောင်တွေ ကျွန်တော်တို့အဖွဲ့ ရုတ်ခြည်းရောက်လာတော့ တအားလန့်ပြီး အနောက်ဘက် ဒရောသောပါး ဆုတ်သွားတာ တပ်ရင်းမှူးကြီး။ အင်အားက လူတစ်ရာကျော်တော့ ရှိပါမယ်"

ကျွန်တော်သည် ဗိုလ်ကြီးသိန်းထွန်းပြောသည်ကို နားထောင်၍ ခေါင်းညိတ်ပြလိုက်သည်။ တိုက်ပွဲအဆုံးအဖြတ်ကို ဗိုလ်ကြီးသိန်းထွန်းက မိုက်မိုက်ကန်းကန်းနှင့် ရဲရဲဝံ့ဝံ့လုပ်ဆောင်ရယူပေးလိုက်ခြင်း ဖြစ်၏။ ဗိုလ်ကြီးသိန်းထွန်းကား ထိုကဲ့သို့သော လူစားမျိုးပါတည်း။

ထိုတိုက်ပွဲပြီးကတည်းက ဗိုလ်ပုံနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု ကျွန်တော့်စစ်ကြောင်းကို လုံး၀ ခံ မတိုက်တော့ပါ။ ပီကင်းလွှယ်ရင်းအနောက်ခြမ်း ကင်းလိုက်







ဟိုက်ပါတိုက်ပွဲပြ မြေပုံကြမ်း

www.burmeseclassic.com

www.burmeseclassic.com




မိုင်းရှူးပတ်ဝန်းကျင်ဒေသပြမြေပုံ
(တောင်ဘက်မိုင် ၃၀ အကွာတွင် မှန်းစန်းစခန်းရှိသည်)



တောင်တန်းသို့ အပြီးရှောင်တိမ်းသွားခဲ့ပါသည်။ ဤသည်မှာ ကျွန်တော်ပြောချင်သော ဗိုလ်ကြီးသိန်းထွန်းအကြောင်း ပါခင်ဗျား။

ဆက်လက်၍ တိုက်ပွဲဝင် ကွန်မန်ဒိုစစ်သည်များ အကြောင်း အနည်းငယ် သုံးသပ်ပြောကြားလိုပါသည်။ ခလရ (၆) သည် တပ်ဟောင်းတပ်ကောင်းဖြစ်၏။ သမိုင်းဝင်တိုက်ပွဲများတွင် ပါဝင်ခဲ့၏။ ၁၉၆၆ ခုနှစ် တပ်မ (၇၇) ဖွဲ့တော့ (၇၇)၏ ကွပ်ကဲမှုအောက် ရောက်သွားသည်။ တပ်မမှူး ဗိုလ်မှူးကြီးတင့်ဆွေက ကွန်မန်ဒိုကို အလွန်အားသန်သူဖြစ်သည်။ သင်တန်းကျောင်းများတွင် အထက်တန်း နည်းပြ လက်ထောက်ကျောင်းအုပ်၊ နည်းပြချုပ်များဘဝတွင် လက်ရွေးစင် ကွန်မန်ဒိုသင်တန်းများ ဖွင့်လှစ်လာသူဖြစ်သည်။ ထို့ကြောင့် တပ်မမှူးဘဝ၌ ကွပ်ကဲမှုအောက် တပ်ရင်းများမှ လူထုတ်နှုတ်၍ လက်ရွေးစင် ကွန်မန်ဒိုများဖြင့် ခရီးရှည်ထိုးဖောက်တိုက်ခိုက်ခြင်းများကို လုပ်ခဲ့သည်။ ရှီးမဗကပခေါင်းဆောင်အတော်များများ ပြောရမည်ဆိုက အားလုံးလိုလို ပင် တပ်မ (၇၇) ကွန်မန်ဒိုတပ်ဖွဲ့များ၏ လက်စတုံးချေမှုန်းခြင်းကို

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခံသွားခဲ့ကြရ၏။ ခလရ (၆) သည် ဗကပ ဗိုလ်ဇေယျ၊ ဗဟိုဆေးမှူးဒေါက်တာနတ်၊ ဒေါက်တာအောင်မြင့် စသည်တို့ကို ကွန်မန်ဒိုနည်းဖြင့် ချေမှုန်းနိုင်ခဲ့သည်။ ထိုကတည်းက ခလရ (၆) သည် ကွန်မန်ဒိုအထုံပါခဲ့ရာ ကျွန်တော် တပ်ရင်းမှူးဖြစ်တော့လည်း ထိုအဖွဲ့များကို ဆက်လက်ပြုစုပျိုးထောင်ခဲ့ပါသည်။ ယခု ဟိုက်ပါတိုက်ပွဲတွင် အောင်မြင်မှုရခဲ့သော တိုက်ပွဲဝင် တပ်ခွဲတပ်ကြပ်ကြီး မောင်ကိုတိုးနှင့် ကွန်မန်ဒိုတပ်စုသည်လည်း တပ်မ (၇၇) မှ အသက်သွင်းပေးခဲ့သည့် ကွန်မန်ဒိုမျိုးဆက်များသာ ဖြစ်ကြပါသည်ခင်ဗျား။

## နိဂုံးချုပ်ဖော်ပြချက်

ဤဟိုက်ပါတိုက်ပွဲကို နိဂုံးချုပ် ဖော်ပြရမည်ဆိုပါက ခလရ (၆) ကွန်မန်ဒိုတပ်ဖွဲ့သည် မိုးထဲ လေထဲ၌ ညချီတက်မှုဖြင့် S.R.P လျှောက်ကာ ရန်သူကို မမျှော်လင့်သည့်အချိန်၊ မမျှော်လင့်သည့်အင်အားဖြင့် အငိုက်ဖမ်းကာ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အနီးကပ် ဝင်ရောက်ထွေးလုံးရစ်ပတ် တိုက်ခိုက်ခဲ့ရာ ရန်သူတို့ အငိုက်မိသွားပြီး ရန်သူ ခေါင်းဆောင်အပါအဝင် တစ်ဖွဲ့လုံးနီးပါး တစ်လုံးပြုတ်



BURMESE CLASSIC .com



လက်စတုံး အချေမှုန်းခံလိုက်ရသည်ဟု သုံးသပ်ရရှိပါသည် ခင်ဗျား။

## မှီငြမ်းကိုးကားသောစာအုပ်များ

၁။ စစ်သားဘဝအမှတ်တရများ အတွဲ - ၃၊ သောင်းဝေဦး။

၂။ ကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များ။



www.burmeseclassic.com